


# အဘိဓမ္မာ အခါတော်နေ့
# အသံလွှင့်တရားတော်များ

၃

အဂ္ဂမဟာပဏ္ဍိတ မူလပဌာန်းဆရာတော်ဘဒ္ဒန္တနာရဒ
အဂ္ဂမဟာပဏ္ဍိတ ဒေဝသာဂရ သိမ်ကုန်းဆရာတော်
အဂ္ဂမဟာပဏ္ဍိတ ဆရာလင်း

ဓမ္မဒါန






ဒိတ္ထုန်းသားပြန်ပွားရေးဦးစီးဌာန
စာကြည့်တိုက်
ခဘေး - ရန်ကုန်

# အဘိဓမ္မာ အခါတော်နေ့

# အသံလွှင့်တရားတော်များ

အဂ္ဂမဟာပဏ္ဍိတ မူလပဋ္ဌာန်းဆရာတော်ဘဒ္ဒန္တနာရဒ

အဂ္ဂမဟာပဏ္ဍိတ ဒေဝသာဂရ သိမ်ကုန်းဆရာတော်

အဂ္ဂမဟာပဏ္ဍိတ ဆရာလင်း

ဓမ္မဒါန

# ပုံနှိပ်မှတ်တမ်း

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ ၁၉၈၈-ခု၊မေလ
၁၃၅၀-ပြည့်နှစ်၊ကဆုန်လ။

**အုပ်ရေ**

သုံးထောင် (၃၀၀၀)

**တန်ဖိုး**

ဓမ္မဒါန

**အဖုံးပန်းချီ**

မောင်အေးမြင့်(မြန်မာ့ရိုးရာဒီဇိုင်း)

**အတွင်းအဆင်အပြင်**

ကျော်ဖြူစံ၊ကျော်တင့်(ဆိပ်ကမ်း)

**စာအုပ်ချုပ်**

မဟော်သုခ(၃၂လမ်း)

**ခွင့်ပြုချက်**

မျက်နှာဖုံး(၇၀)
စာမူကြိုတင် [ ၉၇/၈၈(၂) ]

**ထုတ်ဝေသူ**

ဦးသန်းတင်(ကင်းလွတ်ခွင့်-၂၃)၊ အကျိုးဆောင်ချုပ်
အဘိဓမ္မာပြန့်ပွားရေးအသင်း၊ ဆူးလေစေတီတော်၊ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဦးကြည်(မြ-၀၂၄၀၉)၊ပညာ့ဗိမာန်ပုံနှိပ်တိုက်၊အမှတ်-၄၁၊
၄၄-လမ်း၊ ရန်ကုန်မြို့။

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# နိဒါန်း

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးမှ ကြီးမှူး၍ သီတင်းကျွတ် လပြည့်နေ့ကို "အဘိဓမ္မာ အခါတော်နေ့" အဖြစ်သတ်မှတ်ကာ၊ ၁၃၁၁-ခုနှစ်မှစ၍ အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲများကို ရန်ကုန်မြို့၌သာမက၊ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပခဲ့ပါသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာန၊ မြန်မာ့အသံမှလည်း သီတင်းကျွတ် လပြည့် အဘိဓမ္မာအခါတော်နေ့တိုင်းတွင် အထူးအသံလွှင့်အစီအစဉ်ဖြင့် အသံသွင်းခွင့်ပြုခဲ့ရာ ၁၃၁၆-ခုနှစ်၊ (၆) ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့တွင် အသင်းကြီး၏ ပထမနာယကကြီးဖြစ်သူ အဂ္ဂမဟာပဏ္ဍိတ ဆရာကြီး ဦးလင်းကလည်းကောင်း၊ ၁၃၁၇-ခုနှစ် (၇)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့တွင် အသင်းကြီး၏ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဒေဝသာဂရသိမ်ကုန်း ဆရာတော်ဘုရားကြီးကလည်းကောင်း၊ ၁၃၁၈-ခုနှစ် (၈) ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့မှ ၁၃၄၃-ခုနှစ် (၃၃) ကြိမ်မြောက် အဘိဓမ္မာ အခါတော်နေ့အထိ အသင်းကြီး၏ ပထမ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ မူလပဋ္ဌာန်း ဆရာတော်ဘုရားကြီးကလည်းကောင်း၊ (၂၈)ကြိမ်တိုင်တိုင် အဘိဓမ္မာဒေသနာတော်များ အသံလွှင့် ဟောကြားခဲ့ပါသည်။

ထိုအသံလွှင့်အဘိဓမ္မာဒေသနာတော်များကို မပျောက်ပျက်စေရန် တစ်ကြောင်း၊ အဘိဓမ္မာအခါတော်နေ့ပူဇော်ပွဲကျင်းပသောပြည်နယ်နှင့် တိုင်းအသီးသီးရှိ အဘိဓမ္မာပြန့်ပွားရေးအသင်းခွဲများ၊ အသင်းသူ အသင်းသားများနှင့် ဘာသာရေးအသင်းအဖွဲ့ အသီးသီးရှိသူတော်စင်များ ထပ်မံဖတ်ရှုခြင်းဖြင့် ကုသိုလ်တရားပွားများနိုင်ကြစေရန် တစ်ကြောင်း၊ ရည်ရွယ်လျက် "ဤ အဘိဓမ္မာအခါတော်နေ့ အသံလွှင့် တရားတော်များ" စာအုပ်ကို ဓမ္မဒါနအဖြစ် ပုံနှိပ်ထုတ်ဝေ ဖြန့်ချိအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ရန်ကုန်မြို့

၁၃၄၇-ခုနှစ်၊ ပထမ ဝါဆိုလဆန်း (၄) ရက်။

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏
ဩဝါဒါစရိယဆရာတော်ကြီး



အဂ္ဂမဟာပဏ္ဍိတဒေဝသာဂရသိမ်ကုန်းဆရာတော်
ဘဒ္ဒန္တရေဝတဓမ္မမဟာထေရ်

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏
ဩဝါဒါစရိယဆရာတော်ကြီး



အဂ္ဂမဟာပဏ္ဍိတမူလပဋ္ဌာန်းဆရာတော်
ဘဒ္ဒန္တနာရဒမဟာထေရ်

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏
ပထမဦးနာယကကြီး



မဟာဝိဇ္ဇာ၊ ဒီလစ် (စာပေပါရဂူ)
အဂ္ဂမဟာပဏ္ဍိတဆရာကြီးဦးလင်း

# အဂ္ဂမဟာပဏ္ဍိတ စာပေပါရဂူ ဆရာကြီး ဦးလင်း

## ၏ အတ္ထုပ္ပတ္တိအကျဉ်း

နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့တွင် ပိဋကတ်တော် မြန်မာပြန် ဌာန၏ အယ်ဒီတာချုပ်ကြီး အဂ္ဂမဟာပဏ္ဍိတ စာပေပါရဂူ ဆရာကြီး ဦးလင်း ကို ၁၃၁၁-ခု၊ တန်ခူးလဆုတ် ၁၂ ရက် (၂၄-၄-၁၉၄၉)၌ ကွယ်လွန်ခဲ့ရာ ပြန့်ပွားရေးအသင်းကြီး၏ ပထမဦး နာယကကြီး အဖြစ် တင်မြှောက်ခဲ့ကြပါသည်။

အဂ္ဂမဟာပဏ္ဍိတ ဆရာကြီး ဦးလင်းသည် သက္ကရာဇ် ၁၂၃၇-ခု၊ ဝါဆိုလဆုတ်(၁၉)ရက် သောကြာနေ့တွင် မန္တလေးမြို့ မဟာနွယ်စင်ရပ်၌ ဆွေတော်မျိုးတော် အနွယ်မှ ဖွားမြင်ခဲ့၏။ အသက် ၁၂-နှစ်ရောက်သောအခါ သာမဏေဝတ်၍ မန္တလေးမြို့ တောင်ပြင် မိုးကောင်းတိုက် သာသနာပိုင် မိုးတားဆရာတော်ကြီးနှင့် စာချဆရာတော်ဦးဉာဏ၊ ဦးသုန္ဒရတို့ထံ၌ စာပေသင်ယူ ဆည်းပူးရာ၊ မိုးတားဆရာတော်ကြီး ထံမှ သဒ္ဒတ္ထဘေဒစိန္တာသံဒ္ဒါငယ်ကို အသက် ၁၅-နှစ်မှာပင် စာလိုက်သံဃာ ၁၅၀-တွင် စာဆိုပုဂ္ဂိုလ်ပြု၍ သင်ယူခဲ့၏။ ထို သဒ္ဒတ္ထဘေဒစိန္တာ ကို အခြား ကိုရင်ငယ်များအား တစ်ဖန်ပြန်၍ စာချပေးရာ စာလိုက်ကိုရင် များစွာရှိသော ဟူ၏။ ထိုစဉ်ကပင် "ဘေဒစိန္တာကိုရင်လေး"ဟု ကျော်ကြားခဲ့သည်။ မိုးတားဆရာတော်ကြီးထံမှာပင် ပဋ္ဌာန်းကုသလတိက် ကုန်သည်အထိ ညဝါထား၍ ကိုယ်တိုင်ဆိုကာ သင်ယူခဲ့ပြီး၊ သာမဏေဘဝမှာ "သံဝါသာဒိ ဝိနိစ္ဆယ" ဝိနည်းကျမ်းငယ်ကို ရေးခဲ့၏။

၁၂၅၈-ခု၊ ကဆုန်လတွင် သက်ရှယ်ပြည့်သဖြင့် မိုးတားဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြုလျက် မြင့်မြတ်သော ရဟန်းဘောင်သို့ တက်ခဲ့၏။ မိုးတားတိုက်၏ စာချအဖြစ်သာမက မန္တလေးမြို့ ပရိယတ္တိ သာသနာ့ဟိတအသင်းကြီး၏ အကိုးကွယ်ခံ စာချအဖြစ် ရွေးချယ်ခံရလျက် နေ့စဉ် သံဃာအပါး ၆၀-ကျော်ကို စာချပေးရသည်။

၁ ၆ -ခုနှစ် တန်ဆောင်မုန်းလတွင် ရဟန်းသိက္ခာချလျက် ရန်ကုန်မြို့သို့ ဆင်းကာ၊ ဟံသာဝတီ ပုံနှိပ်တိုက်၌ ၃-နှစ်၊ ကဝိမျက်မှန် ပုံနှိပ်တိုက်၌

၁၀-နှစ်၊ ပါဠိ စာပြင်ဆရာကြီး ဘဝဖြင့် ပိဋကတ်ပါဠိတော် အဋ္ဌကထာတို့ကို ကြည်းဖြတ် ပြင်ဆင် ရိုက်နှိပ်ပေးခဲ့၏။ ထို့နောက် ပညာမင်းကြီးရုံး၌ မြန်မာစာ အယ်ဒီတာအဖြစ်လည်းကောင်း၊ အစိုးရပထမပြန်ကော်မတီဝင် အဖြစ်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန နည်းပြဆရာကြီး အဖြစ်လည်းကောင်း အမှုထမ်းရွက်ရာ၊ ဆရာကြီး၏ ပညာဂုဏ်ကို အလေး အမြတ်ပြုသည့်အနေဖြင့် သက္ကရာဇ် ၁၂၈၇-ခု (၁၉၂၅-ခု)တွင် အင်္ဂလိပ် အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကို နှင်းအပ်ခဲ့၏။ ရန်ကုန် တက္ကသိုလ် ကလည်း အမ်-အေ ခေါ် မဟာဝိဇ္ဇာဘွဲ့နှင့် ဒီလစ်ခေါ် စာပေပါရဂူဘွဲ့တို့ ဖြင့် အဆင့်ဆင့်ချီးမြှင့်ခဲ့၏။ သက္ကရာဇ် ၁၃၁၃ ခု (၁၉၅၁-ခု)၌နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ချုပ်၏ ပိဋကတ် မြန်မာပြန် ဌာနတွင် အယ်ဒီတာချုပ်ကြီး အဖြစ် တာဝန်ယူ ထမ်းရွက်ပြန်ပါသည်။

အဂ္ဂမဟာပဏ္ဍိတ ဆရာကြီး ဦးလင်းသည် မိမိ၏ တာဝန်ဝတ္တရား မြား မြောင်လှသည် မှန်သော်လည်း ဤ အဘိဓမ္မာပြန့်ပွားရေး အသင်းကြီးကို ကား အထူး ဂရုထားလျက် ထိုက်သင့်သော လမ်းညွှန်မှုများကို အတန် တန်ပေး၍ အားသစ်စေခဲ့၏။ အဘိဓမ္မာတရားတော်နှင့် ဆိုင်သော အဆုံး အဖြတ်များကို တောင်းခံရာတွင်လည်း တိကျပြတ်သားစွာ ဆုံးဖြတ်ပေးခဲ့ ၏။ အဘိဓမ္မာ ဒေသနာတော်မြတ်ကို ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့ခြင်း မဟုတ်ဟု ပုတ်ခတ်ရေးသားသာသော ကိုရင်စက္ကိန္ဒ၏ ပြဿနာတွင်လည်း ဆရာကြီး ဦးလင်းသည် သင်္ဂါယနာ သုံးတန် အခါအခါပါဖြစ်သော မဟာ နိဒ္ဒေသ ပါဠိတော်ကြီးလာ ပါဠိတော်တို့ကို ထုတ်ပြလျက် ရှင်းလင်းပေးခဲ့ ပေသည်။

သက္ကရာဇ် ၁၃၁၆-ခု (၁၉၅၄-ခုနှစ်) ၆-ကြိမ်မြောက် အဘိဓမ္မာ အခါတော်နေ့ ဓမ္မာမဟာသဘင်ကြီးတွင် အဂ္ဂမဟာပဏ္ဍိတ ဆရာကြီး ဦးလင်းသည် မြန်မာ့အသံမှနေ၍ တိုင်းပြည်သို့ အဘိဓမ္မာ တရားတော် အကြောင်းကို အသံလွှင့် မိန့်ကြားခဲ့ပါသည်။ ထို အသံလွှင့် တရားတော်ကို ဤစာအုပ်၌ ထည့်သွင်း ဖော်ပြထားပါသည်။

အဂ္ဂမဟာပဏ္ဍိတ စာပေပါရဂူ ဆရာကြီး ဦးလင်းသည် ဤအသင်းကြီး နှင့်တကွ လောကအကျိုး, သာသနာ့အကျိုးတို့ကို ကျေပွန်စွာ ရွက်ဆောင် လျက် ၁၃၁၆-ခု၊ နတ်တော်လဆန်း ၁၁-ရက် (၆-၁၂-၅၄)နေ့၊ အသက်(၈၀)ပြည့်အချိန်တွင် စုတိကမ္မဇရုပ် ချုပ်ခဲ့ရလေ၏။

# အဂ္ဂမဟာပဏ္ဍိတ
# ဒေဝသာဂရ သိမ်ကုန်း ဆရာတော်ဘုရားကြီး

## ထေရုပ္ပတ္တိအကျဉ်း

ရန်ကုန်မြို့၊ စတော့ကိတ်လမ်း (သိမ်ဖြူလမ်း)ရှိ ဒေဝသာဂရသိမ်ကုန်း၊ ဓမ္မိကာရုံ ပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီးကို အာဒိကမ္မိက တည်ထောင်တော်မူသော အဂ္ဂမဟာပဏ္ဍိတသိမ်ကုန်းဆရာတော်ဘုရားကြီးအား ၁၃၁၇-ခု၊ တော်သလင်းလဆန်း (၇)ရက် (၂၃-၉-၁၉၅၅)နေ့တွင် ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ သြဝါဒါစရိယ မဟာထေရ်မြတ်ကြီး အဖြစ်သို့ တင်မြှောက်ခဲ့ကြပါသည်။

သိမ်ကုန်း ဆရာတော်ဘုရားကြီးသည် မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ဇောင်းကျမ်းကန်မြဲရွာ၌ ၁၂၄၅-ခု၊ နတ်တော်လဆန်း (၅) ရက်၊ ဗုဒ္ဓဟူးနေ့နံနက် (၈) နာရီတွင် ခမည်းတော် ဦးသာဖြူ၊ မယ်တော် ဒေါ်လုဘူးတို့မှ မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါ၏။ သက်တော် (၁၅) နှစ်တွင် မြို့ဘကျောင်းတိုက်၊ ဂိုဏ်းအုပ်ဆရာတော် ဦးကလျာဏကို ဥပဇ္ဈာယ်ပြု၍ သာမဏေဘောင်သို့ ရောက်ရှိတော်မူခဲ့၏။ သက်တော် (၂၀) ပြည့်မြောက်သော် ကျုံရစ်ဂိုဏ်းအုပ် ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုလျက် မြင့်မြတ်သော ရဟန်းဘောင်သို့ လှမ်းတက်တော်မူခဲ့ပါသည်။

ရှင်သာမဏေဘဝမှာပင် ဋီကာကျော်ကျမ်းကြီး၏ အောက် ၅-ပိုင်း (ဘုံပိုင်း)အထိ နှုတ်တက်ရွရွ ဝါစုဂ္ဂက ရွက်ဆောင်တော်မူနိုင်ခဲ့၍၊ မန္တလေးမြို့၊ ရွှေရေးဆောင်တိုက် ဆရာတော်အရှင် အာဒိစ္စရံသိ (ဦးကြည်) ထံ၌ ဓမ္မသင်္ဂဏိပါဠိတော်ကို အဋ္ဌကထာ၊ မူလဋီကာ၊ အခြံအရံကျမ်းများနှင့်တကွ သင်ယူရာတွင် ဆရာတော်ကြီးက "ရှင်ကျော်"ဟု နှုတ်မြွက် ချီးမြှောက်သမှုပြုခြင်းကို ခံယူတော်မူခဲ့ရပါ၏။

ရွှေရေးဆောင် ဆရာတော်ကြီးထံ၌ (၄)ဝါ၊ ပခုက္ကူမြို့ အရှင်ဂန္ဓသာရ မဟာထေရ်ကြီးနှင့် တိုက်စာချ ဆရာတော် ဦးပညာ၊ ဦးနန္ဒဝံသတို့ထံ၌ (၃)ဝါ၊ နိကာယ်ငါးရပ်ကို အကြွင်းအကျန်မရှိ နည်းနာကျကျ ဆည်းပူးသင်ယူတော်မူခဲ့ပါ၏။

ရဟန်း (၉)ဝါအရတွင် ညောင်တုန်းမြို့၊ ကျုံရစ်ရွာကျောင်း၌စာလိုက် သံဃာ (၅၀)ကျော်အား (၂)နှစ်တိုင်တိုင် စာပေပို့ချတော်မူခဲ့ပြီး၊ဇာတိ ရပ်ရွာ တောင်သာနယ်သို့ ရွှေ့ပြောင်းသီတင်းသုံးတော် မူပြီးလျှင် သံဃာ (၁၀၀) အား စာဝါပို့ချ ပေးတော်မူ၏။ သက္ကရာဇ် ၁၂၈၄-ခုတွင် ညောင်တုန်းမြို့၊ မဟာဝိသုတာရာမတိုက်ကြီးကို တည်ထောင်ဖန်ဆင်းတော်မူ၍ (၂၈)နှစ် ကာလပတ်လုံး နေ့ညစာဝါမပြတ် ပို့ချသီတင်းသုံးနေတော် မူခဲ့ပါ၏။

ရန်ကုန်မြို့တွင်လည်း စတော့ကိတ်သမ်း (သိမ်ဖြူလမ်း)၊ ဒေဝသာဂရ သိမ်ကုန်း ဓမ္မိကာရုံပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီးကို စာလိုက်သံဃာ ၁၅၀-ကျော်နှင့် စာသင်တိုက်ကြီးတစ်တိုက် တည်ထောင်ဖန်ဆင်းတော်မူခဲ့ ပါ၏။ ဆရာတော်ကြီးသည် ဇလုံရပ်၊ အောင်မင်္ဂလာ ပါဠိတက္ကသိုလ်၊ ဇမ္ဗုရတနာ ပါဠိတက္ကသိုလ်၊ တာမွေနန္ဒဝန် ပါဠိတက္ကသိုလ်စသည့် ပါဠိ တက္ကသိုလ်ကြီးများကို အကြီးအမှူးပြုလျက် စီမံအုပ်ချုပ် ပေးတော်မူခဲ့ ပါ၏။

သိမ်ကုန်း ဆရာတော်ကြီးသည် နိုင်ငံတော် ဩဝါဒါစရိယ၊ တိပိဋကရေ ရွေးချယ်ရေးအဖွဲ့ နာယက၊ ဝိနိစ္ဆယ အက်ဥပဒေပြင်ဆင်ရေးကော်မတီဝင်၊ ဓမ္မဒူတဝိဇ္ဇာလယ အုပ်ချုပ်ရေးနာယက၊ ဆဋ္ဌသင်္ဂီတိပါဠိ ပဋိဝိသောဓက အဖွဲ့ဝင်–စသော သာသနာ့တာဝန် အရပ်ရပ်ကို အားသွန်ကြိုးပမ်းရွက်ထမ်း တော်မူရာဝယ်၊ ၁၃၁၆-ခုနှစ်၌ နိုင်ငံတော်အစိုးရက "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်ကို လှူဒါန်းခြင်း ခံယူရတော်မူပေ၏။

၁၃၁၇-ခုနှစ်၊ (၇) ကြိမ်မြောက် သီတင်းကျွတ်လပြည့် အဘိဓမ္မာ အခါတော်နေ့မဟာဓမ္မသဘင်ပွဲကြီးတွင်မြန်မာ့အသံလွှင့်ဌာနမှနေ၍ဩဝါဒ ကထာ မိန့်ကြားတော်မူခဲ့ပါ၏။ ထိုအသံလွှင့် ဩဝါဒကထာတရားစာကို ဤစာအုပ်၌ ပြန်လည်ရိုက်နှိပ် ဖော်ပြထားပေ၏။ ဆရာတော်ကြီးသည် သာ သနာ့အကျိုးသယ်ပိုးရွက်ဆောင်တော်မူလျက် သက်တော်(၈၀)၊ ဝါတော် (၆၀)ပြည့် အခါဝယ် ၁၃၂၅-ခု၊ တန်ခူးလဆန်း (၆)ရက် (၁၈-၃- ၁၉၆၄)ခုတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါ၏။ ဤ အဘိဓမ္မာပြန့်ပွား ရေးအသင်းကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးအဖြစ်ဖြင့် ၁၃၁၇-ခုနှစ် မှ ၁၃၂၅-ခုနှစ်အထိ (၈)နှစ်ကျော်မျှ အဘိဓမ္မာဒေသနာ ပြန့်ပွားရေး ကို အားသစ်ကြိုးပမ်း ရွက်ဆောင်တော်မူခဲ့ပါ၏။

# အဂ္ဂမဟာပဏ္ဍိတ မူလပဋ္ဌာန်းဆရာတော်ဘုရားကြီး

## ထေရုပ္ပတ္တိအကျဉ်း

ရန်ကုန်မြို့၊ ပြည်လမ်း၊ ပဋ္ဌာန်းကျောင်းတိုက်ကို အဝိဒိကမ္မိက ဦးစွာတည်ထောင်တော်မူသော အဂ္ဂမဟာပဏ္ဍိတ မူလပဋ္ဌာန်းဆရာတော် ဘုရားကြီးအား ၁၃၁၈-ခုနှစ်၊ သီတင်းကျွတ်လဆုတ်၃-ရက်(၁၃-၁၀-၁၉၄၆) နေ့တွင် ရန်ကုန်မြို့ အဘိဓမ္မာ ပြန့်ပွားရေး အသင်းကြီး၏ ပထမဦးဆုံး ဩဝါဒါစရိယ မဟာထေရ်မြတ်ကြီး အဖြစ်သို့ တင်မြှောက် ခဲ့ကြပါသည်။

မူလပဋ္ဌာန်းဆရာတော်ဘုရားကြီးသည် ကြို့ပင်ကောက်မြို့၊ လမ်းမတော်လမ်းနေ ခမည်းတော် စပါးအဝယ်တော် စာရေးကြီး ဦးစိန်၊ မယ်တော် ဒေါ်မေတို့မှ၊ သက္ကရာဇ် ၁၂၅၉-ခု၊နတ်တော်လဆန်း(၄)ရက်၊ စနေနေ့၊ နေ့တစ်ချက်တီးကျော် အချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။ ဦးစိန်၊ ဒေါ်မေတို့၌ သားသမီး (၇)ဦးရှိသည့်အနက် ဆရာတော်ဘုရားသည် ကား ဆဋ္ဌမမြောက် သားရတနာဖြစ်၍ "မောင်စိန်ထွန်း" ဟူသောအမည်ဖြင့် ထင်ရှားခဲ့ပါသည်။

သက်တော် (၁၀)နှစ်အရွယ်တွင်၊ကြို့ပင်ကောက်မြို့ရှိ (အာရ်-စီ-အမ်) သာသနာပြု အင်္ဂလိပ်ကျောင်း၌ ခေတ်ပညာကိုသင်ယူခဲ့၏။ အသက် (၁၆) နှစ်အရွယ်တွင် သတ္တမတန်းအောင်မြင်ခဲ့ပါသည်။ သတ္တမတန်းအောင်လျှင် ကိုရင်တစ်ဝါဝတ်မည်ဟု အဓိဋ္ဌာန်ထားခဲ့သည့်အတိုင်း ပြည်မြို့ အင်ကြင်းမြောင်တောရ ပထမဆရာတော် ဘုရားကြီးအား ဥပဇ္ဈာယ်ပြု၍ (၅) လကြာမျှ ကိုရင်ဝတ်ခဲ့၏။ ကိုရင်ဝတ်စဉ်အခါ ဂုဏ်တော်ကို ပုတီးစိပ်ရာ စိပ်ပုတီးပတ်တစ်ကုဋေကျော်ရခဲ့၏။ ကြို့ပင်ကောက်မြို့မှရန်ကုန်မြို့သို့ရွှေ့ပြောင်းခဲ့ပြီး၊ ရန်ကုန်မြို့ ဘုရားလမ်းရှိ ဘားနဒ်ပိဋကတ်တိုက်မှ ဇာတ်တော် ဘာသာပြန်များ၊ အိမ်၌အသင့်ရှိသော မဟာဝင်၊ ဇိနတ္ထပကာသနီ၊ မဏိကုဏ္ဍလစသော စာအုပ်များကို ဖတ်ရှု၍သာ နေခဲ့၏။ မယ်တော်ကြီးသည် တစ်နှစ်လျှင် ငါးလခန့် အင်ကြင်းမြောင် တောရသို့ တရား အားထုတ်ရန် သွားသောအခါ အတူလိုက်ပါခဲ့၍ အင်ကြင်းမြောင်ဆရာတော်ကြီးနှင့်မယ်တော်ကြီးတို့၏ ဝေယျာဝစ္စကို ပြုစုခဲ့သည်။ ထိုစဉ်က အာနာပါနကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်ရာ ထိုက်သင့်သော သမာဓိရခဲ့၏။

တောရနေထိုင်သော အလေ့အထရခဲ့သောကြောင့် ရဟန်းဝတ်လိုစိတ် ပြင်းပြခဲ့၏။ တစ်သက်တာပက်လုံး ဝတ်နိုင်လိမ့်မည်ဟု မဆုံးဖြတ်နိုင်ဘဲရှိရာ တွင် တစ်ညသ၌ စူးရှလှသောကလေးငိုသံတစ်သံကို ကြားမိသောအခါလူဝတ် ကြောင်ဖြင့် အိမ်ရာထောင်ပါက ထိုသို့သော ဒုက္ခမျိုး ကြေနပ်တွေ့ရမည်ဟု သံဝေဂဖြစ်လျက် သက်ထက်ဆုံး ရဟန်းဝတ်ရန် သန္နိဋ္ဌာန်ချနိုင်ခဲ့၏။

သက္ကရာဇ် ၁၂၇၊ -ခု၊ တန်ခူးလပြည့်ကျော် (၇)ရက်၊ နံနက် (၆) နာရီခွဲ၌ ခရွဲဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ သာမဏေဝတ်ပြီး၊ ထိုနေ့ (၇)နာရီတွင် ထိုဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ စစ်ကိုင်း ဆရာတော်က ကမ္မဝါဆရာပြုလုပ်သော ကြွင်းသော အုတ်ဖိုဆရာတော်၊ နိဗ္ဗိန္ဒ ဆရာတော်၊ ဓမ္မိကာရာင် ဆရာတော် စသော သံဃာ(၁၅)ပါး တို့က ကာရကသံဃာ တော်ဖြစ်ကြလျက်၊ မယ်တော်ကြီး၏ ပစ္စယာနုဂ္ဂဟဖြင့် အင်ကြင်းမြောင် တောရ ခဏ္ဍသိမ်မြတ်ဝယ် မြင့်မြတ်သော ရဟန်းဘောင်သို့ ဆက်လှမ်း တော်မူခဲ့၏။ ရဟန်းဘွဲ့တော်မှာ း "အရှင်နာရဒ"ဟု တွင်တော်မူခဲ့ပါ၏။

တရားအားထုတ်ရန် ရည်ရွယ်၍ ရဟန်းဝတ်ခဲ့သော်လည်း "အသက် ငယ်ပါသေးသည်၊ စာသင်ပါဦး"ဟု စာသင်ရန်တိုက်တွန်းကြသဖြင့်(၅) ဝါခန့်စာသင်ဦးမည်ဟု ကြံရည်လျက်၊ ပြည်မြို့ခေမာရုံ (ယခုဂန္ဓာရုံ)တိုက် ၌ ရှေးဦးစာသင်ယူတော်မူ၏။ ရဟန်းသိက္ခာ တစ်ဝါအရမှာပင် ပြည်မြို့၌ ပထမငယ်တန်းကို ဝင်ရောက်ဖြေဆိုရာ အောင်မြင်တော်မူခဲ့၏။ ပထမလတ် ဝင်ရန် ယမိုက်ကိုသင်ရာ၊ သင်ပေးပို့သသောမကျလှဘဲ ရှိနေ၏။ ကနောင် က ဦးပဉ္စင်းတစ်ပါးလက်ဆောင်ပေး၍ တောင်မြို့ ဦးအုံးရေးသော "ဓာတု ကထာ ဥဒ္ဒါနသင်္ဂဟနိဿယကျမ်း"လာ ယမိုက်အကျဉ်းချုပ်မှတ်ပုံကိုကြည့် ရသဖြင့် မူလခန္ဓအာယတနယမိုက်များကို အတော်သဘောပေါက် သွား၏။ ဥပ္ပာဒမိဿကဝါရများကိုလည်း ဆက်လက်ကြံဆသောအခါ အထူးမခက် တော့ဘဲ နားလည်ခဲ့၏။ သစ္စယမိုက်သို့ရောက်သောအခါ ကြံဆ၍ မရဘဲရှိ နေသဖြင့်၊ ရန်ကုန်မြို့ ဘင်္ဂလားတိုက် မစိုးရိမ် ကျောင်းသို့ ပြောင်းရွှေ့ ခဲ့ပြီး သစ္စယမိုက်ကိုသင်ယူ၍ ပထမလတ်တန်းကို ဖြေဆိုအောင်မြင်ခဲ့၏။ ပထမကြီးတန်းဖြေဆိုရန် မန္တလေးမြို့၌ ခေတ္တသီတင်းသုံးခဲ့၍ စာမေးပွဲကို မုံရွာမြို့၌ ဝင်ရာ ပထမကြီးတန်းကိုလည်း အောင်မြင်တော်မူခဲ့၏။

မစိုးရိမ်တိုက် ဒုတိယမစိုးရိမ်ဆရာတော် ပထမကျော် ဦးဉာဏထံ အာယ တနယမိုက်နှင့် ပဋ္ဌာန်းဘက်ခဲ့စဉ်က အားမရမကျေနပ်ဘဲ နိုင်ခဲ့ခြင်းကြောင့် မန္တလေးမြို့၊ ရွှေရေးဆောင်တိုက်အုပ် ဆရာတော် ဦးကြည်(ခေါ်)ဦးအာဒိစ္စ

ရှိသီ၊ ဘုရားကြီးတိုက်စာချ ဦးဇာဂရ၊ ဦးဝိမလ၊ မြင်းဝန်တိုက်နှင့် အမရပူရမြို့၊ ပခုက္ကူမြို့စသည်တို့မှ စာချ အကျော်အမော်ဆရာတော်များထံပါး၌ အဌကထာ၊ ဋီကာ၊ နေ့၊ ညစာဝါများကို ရဟန်းသိက္ခာ(၁၂)ဝါရသည် အထိသင်ယူခဲ့ပါသည်။

ရဟန်းသိက္ခာ (၁၂)ဝါအရတွင် မန္တလေးမြို့ မစိုးရိမ်တိုက်၌ ခေတ္တသီတင်းသုံးတော်မူစဉ် ရွှေဘိုခရိုင်မြောက်ဘက်ရှိ ခင်ဦးမြို့သို့ ပထမဦးဆုံးနှင့် အလည်အပတ်အဖြစ် ရောက်ရှိခဲ့၏။ ခင်ဦး၌ (၇)ရက်နေစဉ် ညနေချမ်းအချိန် ပတ်ဝန်းကျင်သို့ လှည့်လည်သွားရာ၊ ရွှေဘောကင်း ေ ာရတွင် ဝါးကပ်မိုး၊ ဝါးကပ်ခင်း ထရံကာနှင့် လေးတိုးတပ် ကျောင်းငယ်တစ်ခုကို တွေ့သော်၊ မိမိရဟန်းဝတ်စဉ်က တောရ ဆောက်တည်လိုသော နေက္ခမစိတ်အကြံတို့သည် တဖွားဖွား ပေါ်ပေါက်ခဲ့၍ ထိုကျောင်းငယ်ကို ပိုင်ဆိုင်သော အော င်ဘိုဆရာတော်ထံ ခွင့်ပန်၍ နေခဲ့၏။

ခင်ဦး၌ သီတင်းသုံးတော်မူစဉ် ရှေးဦးသုံးနှစ်ခန့်တွင် တရား အားထုတ်ခြင်း၊ အတူလိုက်ပါခဲ့သော စာသင်သား ရဟန်းများကို ဝိနည်း စာဝါပို့ချပေးခြင်းတို့ဖြင့် အချိန်ကုန်ခဲ့ရ၏။ ထိုကာလအတွင်း ခင်ဦးသူ ခင်ဦးသားတို့ကို တရား ဟောပြောရာ မှတ်မိမှုမရှိကြဘဲ မေ့ကုန်ကြကြောင်းကို သိလျှင်၊ ဘာသာရေး အခြေခံစာအုပ်များကို သင်ပေးမှ သင့်မည်ဟု အကြံဖြစ်လျက်၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ ဓမ္မစကြာ အမေးအဖြေ စာအုပ်ကို ပြဋ္ဌာန်းစာအုပ်ပြုကာ သင်ပေးခဲ့၏။ နှစ်လခန့် ကျက်စေ၍ စာမေးပွဲအတွက် သင်္ဂြိုဟ်ဆက်၍ သင်ပေး၏။ ထို့နောက်တွင် အခြေခံ ဖြစ်စေရန် တိကမာတိကာကို ဇယားများပြု၍ သင်ပေးထားပြီးမှ ပဋ္ဌာန်းကို သင်ပေး၏။ ပဋ္ဌာန်းပစ္စယနိဒ္ဒေသ၊ ဆဝါရဝိဘင်္ဂ၊ ပဥှာဝါရဝိဘင်္ဂနှင့် ဆဝါရသင်္ချာတို့ကို ဆက်တိုက်သင်ပေးရ၏။ ပဋ္ဌာန်းပဥှာဝါရ အနုလုံသဘာဂ ဃဋ္ဋနာခန်းသို့ ရောက်သော် အလွယ်ကူဆုံး ဖြစ်စေမည့်နည်းကို ရှာဖွေ ဖော်ထုတ်ရာ (၇)ရက်တိုင်ကြာအောင် နေ့ရောညပါ ကြံဆ၍ မရဘဲရှိခဲ့၏။ ဃဋ္ဋနာတို့ကို ဟေတုအာရမ္မဏ စသည့် ပစ္စည်းစဉ်အတိုင်း မဟုတ်ဘဲ၊ သဟဇာတအကြီး၊ အလတ်၊ အငယ် စသည်ဖြင့် မျိုးစဉ်အတိုင်း ဇယားပြုလုပ်ကြည့်သော် ပါဠိတော် အရကောက်စာအုပ်တို့ နှင့် တူညီ မှန်ကန်နေကြောင်း တွေ့ခဲ့ရ၏။ တစ်ဖန် ဆက်၍ သဒ္ဓပက်ဏ္ဏက ဃဋ္ဋနာကို ကြံဆ ရာ (၁၀)ရက်ခန့် ကြံဆရ၏။ တစ်ဖန် မိဿကပကိဏ္ဏဃဋ္ဋနာကိုလည်း ခဲယဉ်းငြိုငြင်စွာ ကြံဆရ၏။ ဃဋ္ဋနာရလျှင် သဘာဂမှာ ခက်ခဲဖွယ်မရှိတော့ပြီဖြစ်၍ နည်းပေးကာမျှဖြင့် ဆိုနိုင်စေခဲ့၏။

ပဥ္စဝါဂျ ပစ္စနိတ်သချ်ာခန်းသို့ ရောက်သောအခါ နေ့ရက်များစွာကြာသည်အထိ ဇယားပေါင်းအဖုံဖုံပြုလုပ်၍ ကြံဆသော်လည်း မရသည့်အတွက် မန္တလေးမြို့သို့တက်ခဲ့၍ တတိယမစိုးရိမ်ဆရာတော် (အဘိဓဇဆရာတော်) ထံ ချဉ်းကပ်သော်လည်း ကူညီရလောက်သော စကားကို မကြားခဲ့ရ၍၊ ခင်ဦးတောရသို့ ပြန်၍သာ တစ်ကိုယ်တည်း အလွန်အမင်းခဲယဉ်းပင်ပန်းစွာ ကြံဆခဲ့ရ၏။ (၁၅)ရက်ခန့်ကြာလျှင် သံပေါက်ပုဒ်ရေ (၈၀)ခန့် ရေး၍ ကျက်မှတ်စေခဲ့ရ၏။ နောင်အခါ (၁၁)ပုဒ်မျှဖြင့် ပေယျာလတို့ကိုပါ အကြွင်းမရှိ ဖော်ထုတ်နိုင်ခဲ့၏။

ခင်ဦးတောရ၌ တူမဖြစ်သူ ဒေါ်ခင်မြင့်အား (၇)ရက်ဖြင့် ပဋ္ဌာန်းကုသလတိက်ကိုအပြီး အငြိမ်းပို့ချတော်မူပြီးလျှင် ဒေါ်ခင်မြင့်၏ တိုက်တွန်းမှုကြောင့် တိက်ကုန်သဘာဂ ဃဋနာများကို ဖော်ထုတ်တော်မူခဲ့၏။

ဆရာတော် ဘုရားသည် ဒုတိယ ကမ္ဘာစစ်ကြီးမဖြစ်မီတွင် အလယ်တောရ ဆရာတော်ကြီး၏ တိုက်တွန်းချက်အရ အလယ်တောရ၌လည်းကောင်း၊ မန္တလေးမြို့ မစိုးရိမ်ဆရာတော်ဘုရားကြီး၏ တိုက်တွန်းချက်အရ မစိုးရိမ်တိုက်၌လည်းကောင်း၊ စစ်ကြီးအတွင်း ချပ်သင်းသူဌေး ဦးဘတင်၏ ပင့်လျှောက်ချက်အရ စစ်ကိုင်းတောင်ရိုး၌ လည်းကောင်း၊ ပဋ္ဌာန်းသင်တန်းများဖွင့်လှစ်ပို့ချ သင်ကြားပေးတော်မူခဲ့ပါသည်။

ရန်ကုန်မြို့၌ ပဋ္ဌာန်းချတော်မူစဉ် စာတိုက်ဝန် ဦးသွယ်သည် ''ပဋ္ဌာန်းဆရာတော်'' ဟုသုံးစွဲ၍ စာရေး လျှောက်ထားလေ၏။ ထိုအခါပဋ္ဌာန်းဆရာတော်ဟု မိမိကိုယ်ကို အခေါ်ခံထိုက်ပြီလောဟု ဝေဖန်ခဲ့ပြီးလျှင် ဤမျှသော အစဉ်ဖြင့် ပဋ္ဌာန်းဒေသနာကို ပို့ချရုံမျှနှင့် အခေါ်မခံထိုက်သေးပေ၊ ပဋ္ဌာန်း ၂၄-ကျမ်းလုံးကို ကုန်စင်အောင် နားလည်ပြီးမှ အခေါ်ခံထိုက်၏ဟု ဆုံးဖြတ်ကာ ပဋ္ဌာန်း (၂၄) ကျမ်းလုံးကုန်အောင် အားထုတ်မည်ဟု ဆန္ဒပြုတော်မူခဲ့၏။

ထိုဆန္ဒရှိတော်မူသည့်အတိုင်း ခင်ဦးတောရ၌ပင်လျှင် တိကပဋ္ဌာန်းကဲ့သို့ပင် ဒုကပဋ္ဌာန်းတို့ကို မကြွင်းမကျန်ရစေရန် ပေယျာလများဖော်တော်မူ၏။ ဓမ္မအနုလုံ(၆)ကျမ်းကို ပေယျာလဖော်မှု မခက်သော်လည်း ဓမ္မပစ္စနိက်စသော ကျမ်းတို့သည်ကား ပေယျာလဖော်မှု အလွန်ခက်လှ လေသည်။ အရကောက်ကျမ်းတို့၌ လုံးဝမရှိသော သချ်ာများကိုမြတ်စွာဘုရားပေးတော်မူသောနည်းကိုသာ မှီ၍ ဖော်ထုတ်ရသဖြင့် အလွန်အခက်ကြီး ခက်လျက် သာသနာတော်၌ မည်သည့်ပုဂ္ဂိုလ်မျှ မထုတ်ဖော်ဖူးသည့် ပေယျာ

လ တစ်သိန်းကျော်ကို အောင်အောင်မြင်မြင် ဖော်ထုတ်တော် မူနိုင်ခဲ့ပေသည်။

ပဋ္ဌာန်းကျမ်းနှင့် စပ်၍ ပြုဖွယ်ကိစ္စပြီးစီးသော် ယမိုက်(၁၀) ကျမ်း၏ ပါဠိတော်အရကောက်များကို ပဋ္ဌာန်းကဲ့သို့ပင် အရကောက်များကိုပြုလုပ်ပေးခဲ့၏။ ဆရာတော်၏ ယမိုက်ဇယားများကြောင့်အထူးကျက်မှတ်စရာမလိုပဲ အာဂုံဆောင်နိုင်ခဲ့ကြ၍၊ သာသနာတော်၌ အလွန် ကျေးဇူးများနေပေသည်။

မူလပဋ္ဌာန်းဆရာတော် ဘုရားသည် ဆဋ္ဌသင်္ဂါယနာ ဓမ္မသဘင်ပွဲကြီးကာလ၌မှာပင် အင်္ဂလိပ်၊ အမေရိကန်၊ ဂျာမနီ၊ သီဟိုဠ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား စသော နိုင်ငံခြားသားတို့အား သင်္ဂြိုဟ် ပဋ္ဌာန်းစသည့် ကျမ်းများကို သင်ကြားပေးခြင်းဖြင့် အဘိဓမ္မာ သာသနာတော်ကို ကမ္ဘာအနှံ့ ပြန့်ပွားစေတော်မူခဲ့ပါ၏။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည် လန်ဒန်ပါဠိဒေဝီအားအကူအညီပေးလျက် လန်ဒန်မြို့ပါဠိကျမ်းစာတော်အသင်းအား ဖွံ့ဖြိုးကြီးပွားအကျိုးများစေသကဲ့သို့ မူလပဋ္ဌာန်းဆရာတော် ဘုရားသည်လည်း လန်ဒန်မြို့ ပါဠိကျမ်းစာတော် အသင်း၏ ဥက္ကဋ္ဌ မစ္စအိုင်ဗီတော်နာအားမိမိတီထွင် ကြိုးပမ်းထားခဲ့သော ဓာတုကထာသင်နည်းဇယားများ၊ ယမိုက်သင်နည်း ဇယားများ၊ ပဋ္ဌာန်းသင်နည်း ဇယားများတို့ကို ပေးပို့၍ ချီးမြှောက်တော် မူခဲ့ပါ၏။

အဘိဓမ္မာပါဠိတော်တို့ကို ဘာသာပြန်ဆိုခြင်းသည် အနှစ် ၄၀-ခန့်ပြတ်လပ်ခဲ့၏။ ဘာသာပြန်ဆိုရန် ရှိနေသော အဘိဓမ္မာပါဠိတော်တို့တွင် ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်း စသော ပါဠိဘာသာကို တတ်ကျွမ်းရုံမျှဖြင့် ဘာသာပြန်၍ မဖြစ်နိုင်ပေ။ ထိုပါဠိတော်တို့၏ ရသင့်သော အကောက်တို့ကိုပါ သိမှပြန်ဆိုနိုင်မည်ဖြစ်ရာ အရကောက်ကျမ်းများ မတည်ထွန်းသော ဥရောပတိုက်၌ ထိုပါဠိတော်တို့ကို ဘာသာပြန်ရန် ခက်ခဲလျက်ရှိနေခဲ့၏၊

မူလပဋ္ဌာန်းဆရာတော်ဘုရားသည် ခရစ်နှစ် ၁၉၆၁-ခုတွင် ဓာတုကထာပါဠိတော် အင်္ဂလိပ် ဘာသာပြန်ကျမ်းကို တပည့် ဦးသိန်းညွန့် အကူအညီဖြင့် ပြုစုတော် မူခဲ့ပါသည်။ ထို့နောက် ခရစ်နှစ် ၁၉၆၉-ခုတွင် ပဋ္ဌာန်းပါဠိတော်ပထမအုပ်ကို မစ္စအိုင်ဗီဟော်နာ၏ တောင်းပန်ချက်အရ အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ ခရစ်နှစ် ၁၉၇၀-ပြည့်တွင် ပဋ္ဌာန်းဟောပုံနည်းမျိုးစုံလမ်းညွှန်ကျမ်း ပထမပိုင်းကိုလည်းကောင်း၊ ခရစ်နှစ် ၁၉၇၁-ခုတွင် ပဋ္ဌာန်းပါဠိတော်ဒုတိယအုပ်ကိုလည်းကောင်းပြန်ဆိုပြုစုတော်မူခဲ့ပါသည်။

ဆဋ္ဌသင်္ဂါယနာတင် မဟာဓမ္မသဘင်အတွက် အရေးကြီးသည့် ပါဠိဝိသောဓက ပဋိဝိသောဓက ဩသာန သောဓက စသော လုပ်ငန်းတို့ကိုလည်း တာဝန်ယူဆောင်ရွက်တော်မူခဲ့ပါသည်။ မူလပဋ္ဌာန်းဆရာတော်ဘုရား တာဝန်ကျသော ကျမ်းတို့မှာ သုတ်သီလက္ခန်၊ ယမိုက်၊ ပဋ္ဌာန်း ပါဠိတော်များနှင့် ပဥ္စပကရဏ အဋ္ဌကထာကျမ်း များဖြစ်ပါသည်။ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၏ လျှောက်ထားတောင်းပန်ချက်အရ "ယမိုက် အရကောက်ကျမ်းကြီး"ကို နှစ်လအတွင်း တည်းဖြတ်ပြင်ဆင်ပေးတော်မူခဲ့ပါ၏။

ဤသို့အားဖြင့် သာသနာ့ဝန်ကို သယ်ပိုးကြိုးပမ်း ထမ်းရွက်တော်မူခဲ့သော မူလပဋ္ဌာန်းဆရာတော် ဘုရာကြီးအား၊ ၁၃၄၀-ပြည့် နှစ်၊ ဝါတော် ၆၂-ဝါအရတွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော် ကောင်စီသည် "ပိဋကတ္တယဆေက၊ ဂန္ထဓူရာဝဟ၊ မဟာဘာရ၊ ပရိယတ္တိ ဝိသာရဒ၊ လဇ္ဇီပေသလ သိက္ခာကာမ" စသည့်ဂုဏ်တို့နှင့် ကုံလုံပြည့်စုံတော်မူသောကြောင့် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းကို ခံယူရရှိတော်မူခဲ့ပါသည်။

မူလပဋ္ဌာန်းဆရာတော်ဘုရားကြီးသည် သက်တော်(၈၀)ကျော်အရွယ်သို့ ဆိုက်ရောက်တော်မူငြားသော်လည်း၊ ကျမ်းဂန်ပို့ချခြင်း အမှုကိုကား မလျှော့ဘဲ တိုးတက်၍သာ ပို့ချမြဲ ပို့ချနေတော် မူခဲ့ပါသည်။ ဂန္ထဓူရကို နောက်ဆုံးဖြည့်ဆည်းတော်မူသည့် အနေဖြင့် ပိဋကတ်ဘာသာပြန် စာပေဖြန့်ချိရေးအဖွဲ့တွင် တွဲဖက်ဥက္ကဋ္ဌ ဆရာတော်အဖြစ်ဖြင့်ယမိုက်ပါဠိတော် (၃)အုပ်ကို အင်္ဂလိပ်ဘာသာသို့ ဦးဆောင်၍ ပြန်ဆိုပေးတော် မူခဲ့ပါ၏။

ဆရာတော်သည် သက်တော် ၈[illegible]-နှစ်၊ သိက္ခာတော် ၆[illegible]-ဝါအရ ၁၉၈၃-ခုနှစ်၊ ဇန်နဝါရီလ ၁-ရက် စနေနေ့တွင် ရန်ကုန်မြို့ ပြည်လမ်း၊ မူလပဋ္ဌာန်းကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသည်။

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း

၁၃၁၆-ခု၊ (၆)ကြိမ်မြောက်

အဘိဓမ္မာအခါတော်နေ့တွင်

## နာယကကြီး အဂ္ဂမဟာပဏ္ဍိတ ဆရာလင်း၏

## အသံလွှင့် ဟောပြောချက်

မြတ်စွာဘုရားသခင်သည် အရှင်အာနန္ဒာအား "အာနန္ဒာ ငါဘုရားသည် သင်တို့အား တရားဓမ္မကိုလည်း ဟောအပ်ပြီ၊ သင်တို့အား ဆုံးမခြင်းတည်းဟူသော ဝိနယကိုလည်း ပညတ်အပ်ပြီ၊ ထိုဓမ္မနှင့် ဝိနယနှစ်ပါးသည် ငါဘုရား ပရိနိဗ္ဗာန်စံလွန်သည့်နောက် ငါ၏ကိုယ်စား ဘုရားပင်ဖြစ်တော့သည်"ဟူ၍ ဟောတော်မူခဲ့ပါသည်။

ဤသို့ ဟောတော်မူရာတွင် "ဓမ္မကို ငါဟောအပ်ပြီ"ဟူသော စကားသာပါ၍ "အဘိဓမ္မာကို ငါဟောအပ်ပြီ"ဟူသော စကားမပါ၊ အဘယ့်ကြောင့်မပါသနည်းဟု စဉ်းစားလျှင် မြတ်စွာဘုရားသည် ရဟန်းများအား ပညတ်အပ်သော ဝိနယမှတစ်ပါး ရဟန်းရှင်လူ အပေါင်းတို့အား လေးဆယ့်ငါးဝါ ကာလပတ်လုံး နေ့ရောညပါ ဟောကြားတော် မူအပ်သော တရားစုသည် ဓမ္မချည်းသာဖြစ်၏။ အဘိဓမ္မာမပါပါ။ အဘိဓမ္မာကို တာဝတိံသာမှာသာ ဟောပါသည်။ ရှင်အာနန္ဒာသည် လူသားပင်ဖြစ်၍ "သင်တို့အား ငါဘုရားသည် ဓမ္မကိုဟောအပ်ပြီ"ဟူ၍သာ အမိန့်တော်ရှိကြောင်းကို သိမြင်လာပါလိမ့်မည်။

မြတ်စွာဘုရားဟောချည်း ဖြစ်ပါလျက် လူ့ပြည်မှာ ဟောသမျှတရားကို ဓမ္မဟူ၍သာခေါ်ကာ တာဝတိံသာ၌ ဟောသောတရားကိုမူ အဘိဓမ္မာဟု အဘယ့်ကြောင့်ခေါ်ပါသနည်းစဉ်းစားပြန်သော်၊ အဘိဓမ္မာဟုခေါ်ဝေါ်ရာ၌ အဘိဟူသောစကားက ပိုမိုလွန်ကဲခြင်း အနက်နှင့် ထူးခြားခြင်း အနက်နှစ်မျိုးကို ပြနိုင်ပါသည်။ လူ့ပြည်ဟောတရားတို့ထက် နတ်ပြည်ဟောတရားက ပိုမိုလွန်ကဲခြင်း၊ ထူးခြားခြင်း ရှိသောကြောင့် နတ်ပြည်ဟောတရားကိုသာ အဘိဓမ္မာဟုခေါ်ရပါသည်။ လူ့ပြည်မှာ ခန္ဓာငါးပါး

တရားကိုသာ အဘိဓမ္မာဟု ခေါ်ရပါသည်။ လူ့ပြည်မှာ ခန္ဓာငါးပါး တရားကို ဟောတော် မူသောအခါ ခန္ဓာတရားနှင့်စပ်၍ သိအပ် သမျှ နည်းအလုံးစုံ ကုန်စင်အောင်မဟောပါ။ တာဝတိံသာမှာကား ကုန်စင်အောင်ဟောပါသည်၊ အာယတနတရားစသည်ကို ဟောရာ၌လည်း ဤနည်းအတိုင်းပင်ဖြစ်ပါသည်။

မည်သည့် တရားကိုမဆို လူ့ပြည်မှာဟောသောအခါ ဟောသင့်သမျှ နည်းအလုံးစုံ ကုန်စင်အောင်မဟောဘဲ နတ်ပြည်မှာသာ ကုန်စင်အောင် ဟောခြင်းသည် လူသားနှင့်နတ်ဗြဟ္မာ အဆင့်အတန်းချင်းကွာကြ၍မျက်နှာ လိုက်တော် မူလေသလောဟူ၍ တွေးတောယုံမှားခြင်း မရှိကောင်းပါ။ လူ့ပြည်မှာ မြတ်စွာဘုရားသည် ပရိသတ်များနှင့်ဆုံမိလျှင်ပင် ဟောချင်ရာ တရားကို ကောက်၍ ဟောတော်မူသည် မဟုတ်။မေးမြန်းလျှောက်ထားခြင်း စသော အကြောင်းထူး တစ်စုံတစ်ရာ ပေါ်ပေါက်လာမှသာ အကြောင်းနှင့် တိုက်ဆိုင်ရာ တရားကို ဟောကြားတော် မူသည်။ ဟောရာတွင် ထိုအကြောင်းထူးနှင့်စပ်၍ ဟောအပ်သမျှ အလုံးစုံကုန်စင်အောင် ဟောလိုက်ချင်သော်လည်း တရားနာ ပရိသတ်ထုက ကျွန်တော်တို့လို လူသားတွေ ဖြစ်၍ မကြာခင် ညောင်းညာကာ တရား ကောင်းစွာ မနာနိုင်ဘဲ ရှိကြမည်ကို သိမြင်တော်မူသဖြင့် သင့်လျော်ရာဘွင် တရား ပြီးဆုံးလိုက်ရသောကြောင့် ကုန်စင်အောင် မဟောရဘဲ ရှိနေပါသည်။

နတ်ပြည်မှာကား မယ်တော်ဖြစ်ခဲ့သော သန္တုသိတနတ်သားကို အမှူးပြုသည် ဆိုသော်လည်း ထိုနတ်သား အလိုစရိုက် စသည့် တစ်စုံတစ်ရာကိုမျှ မငဲ့ကွက်၊ မယ်တော် ဖြစ်ခဲ့ဖူးသည့်အတွက် သက်သက် စိတ်တော်ထဲမှာသာ အခြား တရားနာ ပရိသတ်တို့ထက် ဂရုစိုက်ရုံစိုက်၍ ဖြစ်ထိုက် ရှိထိုက်သမျှသော တရားစုကို နည်းအစုံအလင်ဖြင့် ကုန်စင်အောင် ဟောတော်မူပါသည်။ တရားနာ ပရိသတ်ကလည်း နတ်ဗြဟ္မာအပေါင်းဖြစ်၍ ညောင်းညာမည်ကို မစိုးရိမ်ရ။ လူ့ပြည်က နှစ်ပေါင်းတစ်ရာမှ တာဝတိံသာ၌ တစ်ရက်ဖြစ်၍ လူတို့၏အရေအတွက် ဝါတွင်း သုံးလတာ အချိန်သည် တာဝတိံသာနတ်တို့မှာ တစ်ခဏကလေးမျှ ရှိမည်ကိုလည်း သတိပြုပါ။

ဤအတိုင်းဆိုလျှင် ယခုလူ့ပြည်မှာ အထင်အရှားရှိနေသော အဘိဓမ္မာ ခုနစ်ကျမ်းကို မည်သူ ဟောပါသနည်းဟု မေးဖွယ်ရှိ၏။ မြတ်စွာဘုရားသည် နတ်ပြည်မှာ ကျယ်ဝန်းစွာ ဟောအပ်သောတရားကို ရှင်သာရိပုတ္တရာအား အကျဉ်းဆုံးသော နည်းဖြင့် ညွှန်ပြ ဟောကြားတော်မူသည်။ ဤသို့ ဟောကြားတော်မူစဉ် အခါကပင် သာရိပုတ္တရာသည် ယခု ငါဟောသော

ဤ ကျဉ်းချုပ်ကို အခြေခံထားကာ လူသားတို့ ဆောင်ရွက်နိုင်ရန် မှန်ကန်စွာ အဘိဓမ္မာကို ချဲ့ထွင်စီစဉ်၍ သင်ကြား ပေးလိမ့်မည်ဟု သိမြင်တော်မူပြီး ဖြစ်၏။ ရှင်သာရိပုတ္တရာသည် မြတ်စွာဘုရား သိမြင်တော်မူသည့် အတိုင်း သူ့တပည့်ရဟန်း ငါးရာတို့အား လူသားများ လေ့လာ အားထုတ် ဆောင်ရွက်နိုင်ရုံ အဘိဓမ္မာတရားကို ဝေဒဂ် ရစေနိုင်သည့် ဉာဏ်ပညာ တော်ဖြင့် မကျဉ်းမကျယ် ဝေဖန်စီစဉ်ကာ သင်ကြားပေးတော်မူလေသည်။ ထိုသင်ကြားပေးသော အဘိဓမ္မာသည်ပင် ယခုအခါ ထင်ရှားရှိတော်မူသော အဘိဓမ္မာ ခုနစ်ကျမ်း ဖြစ်ပါသည်။

ဤအကြောင်းကိုထောက်ကာ ယခုရှိနေသည့် အဘိဓမ္မာသည် ဘုရား ဟောမဟုတ်၊ ရှင်သာရိပုတ္တရာဟောသာ ဖြစ်သည်ဟူ၍လည်း မဆိုအပ်ပါ။ အကြောင်းမှာ ရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားက လူသားတို့နှင့် လျော်ကန်ရုံဝေဖန်စီစဉ်ရန် ရည်သန်ပေးအပ်တော်မူသော နည်းဖြင့် စီစဉ် ရင်းဖြစ်သည်တစ်ကြောင်း၊ ထိုရှင်သာရိပုတ္တရာ၏ အဘိဓမ္မာ အစီအစဉ်ကို ပင် သုံးဆယ့်ရှစ်ဝါတိုင်တိုင် မြတ်စွာဘုရား အသိအမှတ်ပြုထားတော်မူခဲ့ သည် တစ်ကြောင်း တို့ကြောင့်ဖြစ်၏။ မြတ်စွာဘုရား တာဝတိံသာမှာ ဟောကြားတော်မူသောအချိန်နှင့် ရှင်သာရိပုတ္တရာက တပည့်များအား သင်ကြားပေးသောအချိန်သည် တစ်ချိန်တည်းပင်ဖြစ်၏။ မြတ်စွာဘုရား ခုနစ်ဝါမြောက် အချိန်ပင်တည်း။ မြတ်စွာဘုရားသည် လေးဆယ့်ငါးဝါ ကာလပတ်လုံး သီတင်းသုံးနေတော်မူသဖြင့် အဘိဓမ္မာကို ဟောတော်မူပြီး နောက်ဆုံး ဆယ့်ရှစ်ဝါတိုင်တိုင် တည်ရှိတော်မူကြောင်းထင်ရှားလေသည်။

ယခုလူ့ပြည်ရှိ အဘိဓမ္မာ ခုနစ်ကျမ်းသည်ပင် မြတ်စွာဘုရား လူ့ ပြည်ဟောတရား ဓမ္မထက် ဟောနည်းစုံလင် ပိုမိုထူးခြားလျက် ရှိသည်။ ထူးခြားဟူသည်မှာ ဟောနည်းပိုလွန်သည်ကိုပင် ထူးခြားသည် ဟူ၍လည်း ဆိုနိုင်၏။ ပြခဲ့ပြီးသောအတိုင်း လူ့ပြည်မှာ ဟော၍ မဖြစ်နိုင်ဘဲ တာဝတိံ သာမှာသာ သုံးလပတ်လုံး မရပ်မနား ဟောကြားရခြင်းသည်လည်း ထူး ခြားခြင်းဖြစ်၏။ ထိုပိုလွန် ထူးခြားသည့် ဒေသနာကို အဘိဓမ္မဟုခေါ်၍ ဓမ္မစုကို သုတ္တန်ဟု ခေါ်ကာ ဝိနည်းသုတ္တန်အဘိဓမ္မာဟူ၍ ပိဋကတ် သုံးပုံ သတ်မှတ်ပြန်လေသည်။ ကျယ်ဝန်း နက်နဲခက်ခဲလှသော အဘိဓမ္မာကို သင်လိုသူတို့ လွယ်ကူနိုင်သမျှ လွယ်ကူကြပါစေရန် သီဟိုဠ်ကျွန်းရှင်အနုရုဒ္ဓာ က အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို ရေးသားတော်မူခဲ့၏။ ဤ သင်္ဂြိုဟ်ကျမ်း သည် ကျမ်းငယ်ပင်ဖြစ်သော်လည်း အဘိဓမ္မာခုနစ်ကျမ်း၏ အကျဉ်းချုပ်

သို့မဟုတ် အဘိဓမ္မာခုနစ်ကျမ်းသို့ဉာဏ်တက်လှမ်းကျက်စားနိုင်ရန်အကောင်းဆုံး နည်းလမ်းပြကျမ်းဖြစ်၏။

ရှေးမြန်မာမင်းတို့ လက်ထက် ရဟန်းတော်ကျောင်းများမှာသာ ပညာသင်ကြားကြရစဉ်အခါ အောက်ပိုင်း စာငယ်ကလေးများကုန်လျှင် ဦးစွာ ကစ္စည်း သဒ္ဒါကြီးကျမ်းကို သင်ပြီးနောက် သင်္ဂြိုဟ်ကျမ်းကိုပင် ဆက်လက်သင်ကြားကြရမြဲ ထုံးစံဖြစ်၏။ သင်ကြားတတ်မြောက်ကြသော အခါ သဒ္ဒါတတ်လျှင်ဆော့သည်၊ သင်္ဂြိုဟ်တတ်လျှင် ပျော့သည်ဟူ၍ ရှေးဆရာ့ဆရာ အဆက်ဆက် ပြောစမှတ်ပြုလုပ်တော်မူခဲ့ကြ၏။ သဒ္ဒါတတ်သောအခါ သူတစ်ပါးတို့အား မေးချင် မြန်းချင်စမ်းသပ်ချင်သော စိတ်တက်ကြွခြင်းမြန်းလေ့ရှိကြသဖြင့် နှုတ်ဆော့သည်ဟု ဆိုလို၏။ သင်္ဂြိုဟ် ကျမ်းမှာပါသည့်အတိုင်း ကောင်းမှုကံနှင့် မကောင်းမှုကံတို့အကြောင်း၊ ကောင်းမှုကံကသာ ကောင်းမြတ်သော စည်းစိမ်သုခ ပြေငြိမ်းချမ်းမှုကို ဖြစ်စေနိုင်၍မကောင်းမှုကံများကမူကား ဆိုးဝါးလှစွာသော ဆင်းရဲဒုက္ခဘေး မအေးချမ်းမှုတွေကိုသာ ဖြစ်စေနိုင်ကြောင်းများကို သိမြင်လျက် စိတ်ခက်ထန်ကြမ်းကြုတ်ခြင်းမရှိတော့ဘဲ၊ ပျော့ပျောင်း၍ သွားသည်ဟု ဆိုလိုပါသည်။ သင်္ဂြိုဟ်ကျမ်းက ဤမျှလောက် တတ်နိုင်လျှင် အဘိဓမ္မာခုနစ်ကျမ်းမှာ ပြောဆိုဖွယ်ရာမရှိ၊ သာ၍ပင် စိတ်နှလုံးကို နူးညံ့ပျော့ပျောင်းစေနိုင်မည်ဖြစ်၏။ လောက၌ ဒုက္ခဘေးမအေးချမ်းမှု ဟူသမျှသည် စိတ်ခက်ထန် ကြမ်းကြုတ်သူတို့ကိုသာ စွဲ၍ဖြစ်၏။ စိတ်နူးညံ့ပျော့ပျောင်းသူကို စွဲ၍မဖြစ်နိုင်ပါ။ အဘိဓမ္မာတရားကို တစ်အိမ်သားလုံး လေ့လာပါလျှင်ထိုအိမ်သည် အိမ်အေးအိမ်ကောင်း၊ တစ်ရပ်ကွက်လုံး လေ့လာပါလျှင်ရပ်ကွက်အေး ရပ်ကွက်ကောင်း၊ တစ်မြို့ရွာလုံး လေ့လာပါလျှင် မြို့ရွာအေးမြို့ရွာကောင်း၊ တစ်နိုင်ငံလုံး လေ့လာပါလျှင် နိုင်ငံအေးနိုင်ငံကောင်း၊ တစ်ကမ္ဘာလုံး လေ့လာပါလျှင် ကမ္ဘာအေး ကမ္ဘာကောင်းကြီးဖြစ်သွားမည်မှာ မလွဲနိုင်တော့ပါ။ သို့ဖြစ်၍ ရန်ကုန်မြို့၊ ဆူးလေစေတီတော် ရင်ပြင်ရှိ ကျွန်တော်များ၏ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးက တစ်ကမ္ဘာလုံးသို့ပင် အဘိဓမ္မာပြန့်ပွား သွားစေရန် ရည်သန်အားထုတ်လျက် ရှိကြပါသည်။ သူတော်ကောင်းအများတို့က အားပေးဝိုင်းဝန်းကူညီကြပါလျှင် ထမြောက်အောင်မြင်လိမ့်မည်ဟူ၍ ယုံကြည်ပါသည်။

ဥပမာ တစ်ခုပြောလိုသည်မှာ နတ်သုဒ္ဓါ ဘောဇဉ်ကို ပရိသတ်များအား ကျွေးမည်ဟု စီရင်ရာ အချိန်မမီ၍ မကျွေးလိုက်ရဘဲ မွှေးကြိုင်သော အနံ့မျှကိုသာ ပရိသတ်တို့အား ရရှိစေနိုင်သကဲ့သို့ အဘိဓမ္မာအဆီအနှစ်ကို

ကားတစ်စိတ်တစ်ဒေသမျှ ထုတ်ပြခွင့်အချိန် မရှိသဖြင့် အဘိဓမ္မာဟုခေါ် ရခြင်း၏ အခြေခံမျှကိုသာ အစီရင်ခံရပါတော့သည်။ အနံ့မျှကိုပင်ခံကာ နတ်သုဒ္ဓါ၏ အရသာကို ချင့်ချိန်သိရှိနိုင်သကဲ့သို့ ယခုလည်း အခြေခံကြား ရရုံနှင့်ပင် အဘိဓမ္မာ၏ အရသာကိုသိရှိလေ့လာကြကာ ကျွန်ုပ်တို့မြန်မာ နိုင်ငံတော်ကြီးနှင့် တကွ တစ်ကမ္ဘာလုံးအေးချမ်းသာယာသွားပါစေဟူ၍ ဆုတောင်းလိုက်ပါသည်။ ။

## ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်း၏
## ၁၃၁၇-ခုနှစ် (၇)ကြိမ်မြောက်
## အဘိဓမ္မာ အခါတော်နေ့တွင်
## ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ
## ဒေဝသာဂရ သိမ်ကုန်းဆရာတော်ဘုရားကြီး၏
## အသံလွှင့် ဟောပြောချက်

အဘိဓမ္မာ အခါတော်နေ့နှင့် စပ်လျဉ်းပြီး အဘိဓမ္မာ ဒေသနာတော်ကြီး ရဲ့ အကြောင်းကို ယနေ့ ဟောကြားခွင့်ရတဲ့အတွက် အင်မတန် ဝမ်းမြောက်ပါတယ်။

မာတရံ ပမုခံ ကတွာ၊ တဿာ ပညာယ တေဇသာ၊
အဘိဓမ္မကထာမဂ္ဂံ၊ ဒေဝါနံ သမ္ပဝတ္တယိ။ ။

ဤ ဒေသနာတော်အရ ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ရှေးက မယ်တော် ဖြစ်ဖူးတဲ့ သန္တုသိတနတ်သားကို အကြောင်းပြု အမှူးထားပြီး ၍ မယ်တော်အား ကျေးဇူးဆပ်သောအနေဖြင့် တာဝတိံသာ နတ်ပြည်မှာ ဝါတွင်းသုံးလကြာမျှအထိ ဓမ္မဒေသနာတော်ကြီးကို ဟောကြားတော်မူခဲ့ပါတယ်။

ဤလို ဟောကြားတဲ့ အဘိဓမ္မာ ဒေသနာတော်ဟာ သီတင်းကျွတ် လပြည့်နေ့မှာ (၇)ကျမ်းစလုံး ပြီးဆုံး အောင်မြင်သည့် အတွက်ကြောင့် သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာ အခါတော်နေ့ အဖြစ် သတ်မှတ်ပြီး လျှင် ပြည်ထောင်စု မြန်မာနိုင်ငံတော် တစ်ဝန်းလုံးမှာ ကျင်းပကြတယ်။ ကျင်းပကြတဲ့ အကြောင်းကတော့ အဘိဓမ္မာ ဒေသနာတော်ကြီးကို ဟောကြားတော်မူတဲ့ ဘုရားရှင်ကိုလည်းကောင်း၊ အဘိဓမ္မာဒေသနာတော်ကြီးကို လည်းကောင်း အမှတ်တရ ပူဇော်သောအားဖြင့် ကျင်းပကြခြင်း ဖြစ်ပေတယ်၊ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင် ပိဋကတ်သုံးပုံကို ဒေသနာတော်အားဖြင့် ဝေဖန်ပြီးကြည့်မယ် ဆိုလျှင်....

(၁) အာဏာ ဒေသနာ
(၂) ဝေါဟာရ ဒေသနာ
(၃) ပရမတ္ထ ဒေသနာ
ရယ်လို့ သုံးမျိုးသုံးစား ဖြစ်လာပါတယ်။

(၁) နံပါတ်ဖြစ်တဲ့ ဝိနည်း ပိဋကတ်တော်ကို အာဏာ ဒေသနာလို့ ခေါ်ဆိုရတယ်၊ ဘာ့ကြောင့် ဝိနည်း ပိဋကတ်တော်ကို အာဏာဒေသနာလို့ ခေါ်ဆိုရသလဲဆိုလျှင် အာဏာတော်ကို အမြောက်အမြားသုံးပြီး ရဟန်းတော်များကို ပညတ် ဟောကြားတော်မူတဲ့အတွက်ကြောင့် ဝိနည်း ပိဋကတ်တော်ကို အာဏာဒေသနာလို့ ခေါ်ဆိုရတယ်။

(၂) နံပါတ်ဖြစ်တဲ့ သုတ္တန်ပိဋကတ်တော်ကို ဝေါဟာရ ဒေသနာတော်လို့ ခေါ်ဆိုရတယ်။ဘာ့ကြောင့်လဲဆိုလျှင် ဝေါဟာရကို များသော အားဖြင့် ဟောကြားတော် မူတဲ့ အတွက် ကြောင့် သုတ္တန်ပိဋကတ်ကို ဝေါဟာရ ဒေသနာလို့ ခေါ်ဆိုရတယ်။

(၃) နံပါတ်ဖြစ်တဲ့ အဘိဓမ္မာ ပိဋကတ်တော်ကို ပရမတ္ထဒေသနာတော်လို့ ခေါ်ဆိုရတယ်။ ဘာ့ကြောင့် အဘိဓမ္မာ ပိဋကတ်ကို ပရမတ္ထဒေသနာတော်လို့ ခေါ်ဆိုရသလဲ ဆိုလျှင် ရုပ်နာမ် နှစ်ပါး ပရမတ္ထတရားတွေကိုသာ ဟောကြားတော် မူသောကြောင့် အဘိဓမ္မာ ပိဋကတ်ကို ပရမတ္ထ ဒေသနာတော်လို့ ခေါ်ဆိုရတယ်။

ဒေသနာတော် သုံးမျိုးထဲမှာ အဘိဓမ္မာခေါ်တဲ့ ပရမတ္ထဒေသနာတော်ဆိုတာ အလွန်ပင် ကျယ်ဝန်း နက်နဲ ခက်ခဲ သိမ်မွေ့ပေတယ်။ ဤလို ကျယ်ဝန်း နက်နဲ ခက်ခဲ သိမ်မွေ့တဲ့အတွက်ကြောင့် ပိဋကတ် သုံးပုံကို ဖွင့်ဆို ရေးသားတော်မူတဲ့ အရှင် မဟာ ဗုဒ္ဓဃောသ မထေရ်မြတ်ဟာ သည့်ပြင် အဋ္ဌကထာတွေ ဖွင့်ဆို ရေးသားတဲ့ အခါက လွယ်လင့်တကူ ဖွင့်ဆို ရေးသားနိုင်ခဲ့သော်လဲ အဘိဓမ္မာဒေသနာတော်ဖြစ်တဲ့ပဋ္ဌာန်သမုပ္ပာဒ်ဝိဘင်းကို ဖွင့်ဆိုရေးသားတဲ့အခါမှာ–

ဝတ္တုကာမော အဟံအဇ္ဇ၊ ပစ္စယာကာရဝဏ္ဏနံ၊
ပတိဋ္ဌံနာဓိဂစ္ဆာမိ၊ အဇ္ဈောဂါဠှော ဝသာဂရံ။

ဟူ၍ "သမုဒ္ဒရာအလယ်မှာ ယုန်သူငယ်သည် ထောက်တည်ရာ ရှာမရနိုင်သလို ငါသည် ထောက်တည်ရာမရ ဖြစ်နေရချေပြီတကား" ဟု ညည်းတွားတော်မူခဲ့ရဖူးသေးတယ်။

ဤမြတ်စွာဘုရားရှဲ အလိုဒတော်ကို တစ်လုံး မကျန် အကုန်သိတော်မူသဖြင့် (ဗုဒ္ဓမတ္တညူ)အမည်ရတဲ့ အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်ကြီးသည်ပင် ညည်းတွားတော်မူရ၍ အဘိဓမ္မာ ဒေသနာတော်၏ ကျယ်ဝန်းနက်နဲ ခက်ခဲ သိမ်မွေ့ပုံတွေနှင့် စပ်လျဉ်းပြီး ဘုရားရှင်ကိုယ်တော်တိုင်ကလဲ သာဂရ လေးပါးတို့ဖြင့် ပိုင်းခြား၍ ဟောတော်မူခဲ့သေးတယ်။

သာဂရ လေးပါးမှာ-

(၁) သံသာရ သာဂရ
(၂) ဇလ သာဂရ
(၃) နယ သာဂရ
(၄) ဉာဏ သာဂရတို့ ဖြစ်ပါသည်။

ဤလေးပါးထဲမှာ သံသာရသာဂရဆိုတာ ယခု ကမ္ဘာကြီးထဲမှာ ရှိနေတဲ့ သတ္တဝါတွေရှဲ ဖြစ်ပျက်နေပုံတွေကို အနှစ်တစ်ရာ အနှစ်တစ်ထောင် အနှစ်တစ်သိန်း စသည်ဖြင့် မရေမတွက်နိုင်အောင် မည်သည့်ဘဝ၌ ဖြစ်ခဲ့ပြီ၊ မည်သည့်ဘဝ၌ဖြစ်ဆဲ၊ မည်သည့်ဘဝ၌ ဖြစ်လတ္တံ့ ဟု ကာလသုံးပါးတို့ဖြင့် မည်သူမျှ ဝေဖန်ပြီး မသိနိုင်ဘူး၊ ဤလို မသိနိုင်တဲ့အတွက်ကြောင့် သတ္တဝါတွေရှဲ ဘဝဖြစ်ပုံတွေတို့ သံသာရသာဂရ ဟု ခေါ်ဆိုရတယ်။

မဟာသမုဒ္ဒရာကြီးကို ဇလသာဂရ လို့ ခေါ်ဆိုရတယ်။ ဘာ့ကြောင့်လဲ့ဆိုလျှင် မဟာသမုဒ္ဒရာကြီးဟာ ယူဇနာပေါင်း ရှစ်သောင်းလေးထောင် ကျယ်ဝန်းနက်ရှိုင်းတယ်၊ မဟာသမုဒ္ဒရာကြီးအတွင်းမှာ ရှိတဲ့ ရေစိုင်ရေထုတွေကို ခွက်ကြီးခွက်ငယ် အသွယ်သွယ်တို့ဖြင့် ယန္တရားစက်များပင် တပ်ဆင်ပြီးသော့ အကြိမ်ပေါင်း အသင်္ချေ အနန္တ တိုင်အောင် ထုတ်ဆောင်ငြားသော်လဲ ထုတ်ဆောင်၍ မကုန်နိုင်ဘူး။ ဤလို မကုန်ခန်းနိုင်တဲ့အတွက်ကြောင့် မဟာသမုဒ္ဒရာကြီးကို ဇလသာဂရလို့ ခေါ်ဆိုရတယ်။

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ရှိသော ပိဋကတ်သုံးပုံကို နယသာဂရလို့ ခေါ်ဆိုရတယ်၊ ဘာ့ကြောင့်လဲဆိုလျှင် မြတ်စွာဘုရား ဟောကြားတော်မူတဲ့တရားတော်တွေဟာ အလွန်ပင် နက်နဲလှသဖြင့် မြတ်စွာဘုရားမှတစ်ပါး ဘယ်လူ ဘယ်နတ်ဗြဟ္မာမျှပင် အနည်းဆုံး စိတ်ကလေး တစ်ခု၏ ဖြစ်စဉ်ကိုမျှ မဟောနိုင်ဘူး၊ မြတ်စွာဘုရားသာလျှင် ဟောပြောနိုင်တဲ့အတွက်ကြောင့် ပိဋကတ်သုံးပုံကို နယသာဂရလို့ ခေါ်ဆိုရတယ်။

ဉာဏသာဂရဆိုတာ သဗ္ဗညုတရွှေဉာဏ်တော်ကြီးကို ခေါ်ဆိုတယ်၊ ဘာ့ကြောင့်လဲဆိုလျှင် ရှေးဦးစွာပြောခဲ့တဲ့ သာဂရသုံးပါးရဲ့ ကျယ်ဝန်း နက်နဲပုံတွေကို မြတ်စွာဘုရားမှတစ်ပါး မည်သူမျှ အကုန်အစင်မသိနိုင်ဘူး၊ မြတ်စွာဘုရားသာလျှင် သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် လုံးဝဥဿုံအကုန်အစင်သိနိုင်သောကြောင့် သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးကို ဉာဏသာဂရလို့ ခေါ်ဆိုရတယ်။

ဤဆိုအပ်ခဲ့ပြီးတဲ့ သာဂရ တရားလေးပါးထဲမှာ ဇလသာဂရ ခေါ်တဲ့ မဟာသမုဒ္ဒရာကြီးရဲ့ ကျယ်ဝန်းနက်နဲပုံတွေနှင့် နယသာဂရခေါ်တဲ့ အဘိဓမ္မာ ပဋ္ဌာန်းကျမ်းကြီးရဲ့ ကျယ်ဝန်း နက်နဲပုံတွေကို ရှေးက အရှင်မဟာဂတိဂမိယတိဿဒတ္တဆိုတဲ့ မထေရ်မြတ်တစ်ပါးဟာ နှိုင်းယှဉ်ဝေဖန်၍ကြည့်ရင်း တရားထူးကို ရခဲ့ဖူးတယ်။

အဲဒီ အရှင် မဟာ ဂတိဂမိယ တိဿဒတ္တဆိုတဲ့ မထေရ်မြတ်ဟာ ဇမ္ဗူဒိပကျွန်းသို့ သင်္ဘောဖြင့် သမုဒ္ဒရာကြီးကို ကြည့်ပြီး (ဩော်) အလွန်ပင် ကျယ်ဝန်းလှတဲ့ ဤသမုဒ္ဒရာကြီးနှင့် မြတ်စွာဘုရား ဟောကြားတော်မူတဲ့ အဘိဓမ္မာပဋ္ဌာန်းကျမ်းကြီးဟာ မည်သူက ပိုပြီး ကျယ်ဝန်းနက်နဲပါသလဲလို့ စဉ်းစားတဲ့အခါမှာ ဤ မဟာသမုဒ္ဒရာကြီးသည်ကား အောက်က မဟာပထဝီမြေကြီးဖြင့် ပိုင်းခြားပြီး အထက်ကမူ ကောင်းကင်ဖြင့် ပိုင်းခြားလျက် တစ်ဖက်ကသော် စကြဝဠာတောင်ဖြင့် ပိုင်းခြား၍ တစ်ဖက်ကမူ ကမ်းစွန်းဖြင့် ပိုင်းခြားလျက် ရှိသောကြောင့် မဟာ သမုဒ္ဒရာကြီးသည် မည်သို့ ကျယ်ဝန်းတယ် လို့ ဆိုစေကာမူလည်း ထိုအပိုင်းအခြားတို့ထက် ပိုလွန်ပြီး မကျယ်ဝန်းနိုင်ဘူး၊ မြတ်စွာဘုရားဟောကြားတော်မူတဲ့အဘိဓမ္မာပဋ္ဌာန်းကျမ်းကြီးသည်ကား ဆိုလျှင် ထိုကဲ့သို့သော အပိုင်းအခြားကို မရ ဟောင်းသည့်အတွက်ကြောင့် အလွန်ပင် ကျယ်ဝန်းနက်နဲလှပါတကားလို့ ဆင်ခြင်စဉ်းစား ဝမ်းမြောက် ဝမ်းသာ ပီတိသောမနဿတွေ ဖြစ်ပေါ်လာတယ်။ ဤသို့ ဖြစ်ပေါ်လာတဲ့ ပီတိသောမနဿတွေကိုပယ်ပြီး ဝိပဿနာ ပွားများလိုက်တဲ့အခါ အရှင်မဟာဂတိ ဂမိယ တိဿဒတ္တ မထေရ်မြတ်ဟာ လောဘ ဒေါသ မောဟ အစရှိတဲ့ ကိလေသာ တရားဆိုး တရားညစ်တွေ ကုန်ခန်း၍ ရဟန္တာ ဖြစ်သွားတော်မူတယ်။ အပြီးအပိုင် ဘဝ ငြိမ်းချမ်းရေးကြီးကို ရရှိတော်မူတယ်။

ဤကဲ့သို့ ကျယ်ဝန်း နက်နဲသိမ်မွေ့၍ တကယ့်ဘဝငြိမ်းချမ်းရေးကြီးကို ပေးစွမ်းနိုင်တဲ့ အဘိဓမ္မာ ဒေသနာတော်ကြီးဟာ ယခု တစ်ကမ္ဘာလုံးက

အလိုရှိနေတဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးအစစ်အမှန်ကြီးကိုလဲ တကယ်ပင် ပေးစွမ်းနိုင်ပါတယ်။

ကမ္ဘာ့ငြိမ်းချမ်းရေးအစစ်အမှန်ကို မရရှိနိုင်ဘဲဟာ လောဘ၊ ဒေါသ၊ မောဟ အစရှိတဲ့ ကိလေသာ တရားဆိုး၊တရားညစ်တွေကြောင့် ဖြစ်တယ်။ ဒီတရားကိုသာ ပယ်စွန့်နိုင်ကြမယ် ဆိုလျှင် ကမ္ဘာ့ ငြိမ်းချမ်းရေးသာ မက ဘဝသံသရာ ငြိမ်းချမ်းရေးကိုပါ ရရှိနိုင်တယ်။

ဤငြိမ်းချမ်းရေးရဲ့ ရန်သူဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟ အစရှိတဲ့ ကိလေသာ တရားဆိုးတရားညစ်တွေကိုပယ်စွန့်ဖို့နည်းလမ်းဟာလဲ အဘိဓမ္မာ ဒေသနာတော် နည်းနဲ့ ပယ်မှသာလျှင် အောင်မြင် ထမြောက်တဲ့ အတွက် ဒီကနေ့ ဆရာတော် ဟောကြားခဲ့တဲ့ အဘိဓမ္မာဒေသနာတော်မြတ်ကြီးရဲ့ ကျယ်ဝန်းနက်နဲသိမ်မွေ့ပုံ၊ကမ္ဘာ့ငြိမ်းချမ်းရေး ဘဝသံသရာငြိမ်းချမ်းရေး အထိ ရရှိနိုင်ပုံ တွေကို နှလုံးသွင်းကာ အဘိဓမ္မာ ဒေသနာ မြတ်ကို ဝမ်းမြောက် ဝမ်းသာ လိုက်နာကျင့်သုံးပြီးလျှင် အဘိဓမ္မာ အခါတော်နေ့ကြီးကိုလဲ အစဉ်အလာမပျက် ကျင်းပပူဇော်ကြရန် တိုက်တွန်းနှိုးဆော်လျက် မေတ္တာရေသွန်းပြီး နိဂုံးချုပ်လိုက်ပါတယ်။ဆတက်ထမ်းပိုး တိုး၍ကြိုးစားအားထုတ်၍ အထူးပွားများကာ တကယ့်ကမ္ဘာ့ငြိမ်းချမ်းရေးကို ရယူနိုင်ပါစေသတည်း။ ။

သာသနာ့ဆော်တွန်းအားဖြန့်ပွားရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာ့အေး - ရန်ကုန်။

# ရန်ကုန်မြို့၊ အဘိဓမ္မာ ပြန့်ပွားရေးအသင်း၏
# ၁၃၁၈–ခုနှစ်(၈)ကြိမ်မြောက်
# အဘိဓမ္မာအခါတော်နေ့တွင်
# ဩဝါဒါစရိယ မူလပဋ္ဌာန်း ဆရာတော်ဘုရား၏
# အသံလွှင့် ဟောပြောချက်

ကတမံ တထာဂတဿ သဗ္ဗညုတဉာဏံ သဗ္ဗံသင်္ခတာသင်္ခတ အနဝ သေသံဇာနာတီတိ သဗ္ဗညုတဉာဏံ–ဟူသော ပဋိသမ္ဘိဒါမဂ်ပါဠိတော် အရ ခန္ဓာငါးပါးဖြစ်တဲ့ စိတ်စေတသိက် ရုပ်ဆိုတဲ့ သင်္ခတတရားတွေကို အနိစ္စ ဒုက္ခအနတ္တစသောအခြင်းအရာတို့ဖြင့်လည်းကောင်း၊အသင်္ခတဖြစ်တဲ့ နိဗ္ဗာန် တရားတော်မြတ်ကို သုညတ အနိမိတ္တ အပ္ပဏိဟိတစသောအခြင်းအရာတို့ဖြင့် လည်းကောင်း၊ အကြောင်းတရားတွေ မပြုပြင်အပ်လို့ အကြောင်းတရား တွေကြောင့်ဖြစ်တာ မဟုတ်လို့ အသင်္ခတလို့ပင်ခေါ်ဆိုရမယ့် အထူးထူး အပြားပြားများလှတဲ့ ပညတ်တရားတွေကိုလည်းကောင်း၊ အကြွင်းအကျန် အတားအဆီး အပိတ်အပင်မရှိ အကုန်အစင်သိမြင်နိုင်တဲ့ ဉာဏ်တော်ကို သဗ္ဗညုတဉာဏ်ရယ်လို့ ဆိုရတယ်။ အဲဒီသဗ္ဗညုတဉာဏ်တော်၏ အရှင် ဖြစ်တော်မူတဲ့ မြတ်စွာဘုရားဟာ ဘုရားဖြစ်တော်မူပြီး (၇) ဝါမြောက် မှာ သာဝတ္ထိပြည်အနီး ကဏ္ဍမ္ဗသရက်ဖြူပင်ရင်း မှာ တိတ္ထိတွေကို နှိမ်နင်းတော်မူရန်အတွက် ရေမီးအစုံစုံသော တန်ခိုး ပြာဋိဟာကို ပြတော်မူတယ်။

ဒီလိုတန်ခိုးပြာဋိဟာ ပြတော်မူတဲ့အတွင်းမှာပဲ နိမ္မိတဘုရားရှင် တစ်ဆူ ကို ဖန်ဆင်းပြီး အမေးအဖြေပြုလုပ်တော်မူသော ဒေသနာတော်ကို ကြား နာကြရတဲ့အခါမှာ ကုဋေနှစ်ဆယ်သော ဝေနေယျသတ္တဝါတွေ အကျွတ် တရားရသွားကြတယ်၊ ဒီလိုတန်ခိုးပြာဋိဟာပြတော်မူပြီးတဲ့အခါ ရှေးရှေး ပွင့်တော်မူကြတဲ့နောင်တော်မြတ်ဘုရားတို့ ဘယ်နေရာဘယ်ဌာနမှာ ဝါကပ် တော်မူကြပါသလဲလို့ ဆင်ခြင်တော်မူတယ်၊ ဘုရားရှင်တိုင်းတို့ရဲ့ဓမ္မ တာ အတိုင်း တာဝတိံသာနတ်ပြည်မှာ ဝါကပ်ပြီး မယ်တော်မိနတ်သားအား

## အဘိဓမ္မာအခါတော်နေ့

အဘိဓမ္မာတရားဟောတော်မူကြောင်း မြင်တော်မူတာနဲ့ လက်ယာခြေတော်ကို ကြွကာယုဂန္ဓိုရ်တောင်ထိပ်မှာ ချတော်မူတယ်၊ ဝဲ ခြေတော်ကို မြင်းမိုရ်တောင်ထိပ်မှာ ချလိုက်တော့ ၂-လှမ်း၊ ၃-ဖဝါးဖြင့် တာဝတိံသာ နတ်ပြည်သို့ ကြွတော်မူပြီး ပင်လယ်ကသစ်ပင်ရင်းမှာ ခင်းထားတဲ့ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာထက်မှာ တင့်တယ်စွာ နေထိုင်တော်မူပြီး မယ်တော်ဖြစ်ခဲ့ဖူးတဲ့ သန္တုဿိတနတ်သားကို အကြီးအမှူးပြုပြီး စကြဝဠာတိုက်တစ်သောင်းက စည်းဝေးရောက်လာကြတဲ့ နတ်ဗြဟ္မာအပေါင်းအား လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်တဲ့ အဘိဓမ္မာပရမတ္ထတရားတွေကို မရေမတွက်နိုင် များပြားလှတဲ့ နည်းနာနယတွေနဲ့ တန်ဆာဆင်ပြီး ပိုင်းခြားဖော်ပြဖန်ကာ ရှေးဦးစွာ ဓမ္မသင်္ဂဏီကျမ်းကို "ကုသလာ ဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ" စသည်ဖြင့် မာတိကာကိုလည်းကောင်း၊ ပဒဘာဇနီ၌ "ကတမေ ဓမ္မာကုသလာ၊ ယသ္မိံသမယေ ကာမာဝစရံ ကုသလံစိတ္တံ ဥပ္ပန္နံဟောတိ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ ရူပါရမ္မဏံဝါ ဂန္ဓာရမ္မဏံဝါ ရသာရမ္မဏံဝါ ဖောဋ္ဌဗ္ဗာရမ္မဏံဝါ ဓမ္မာရမ္မဏံဝါ ယံယံဝါပနာရဗ္ဘ တသ္မိံသမယေ ဖဿောဟောတိ ဝေဒနာဟောတိ သညာဟောတိ စေတနာဟောတိ စိတ္တံဟောတိ" စသည်ဖြင့် အာရုံ (၆)ပါး ရှိတဲ့အနက် တစ်ပါးပါးကို အာရုံပြုပြီး မဟာကုသိုလ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်တစ်ခု ဖြစ်ပေါ်လာတဲ့အခါမှာ ဒီစိတ်တစ်ခုသာ ဖြစ်တာ မဟုတ်ဘဲ ဒီစိတ်နဲ့ယှဉ်ဘက်ဖြစ်တဲ့ ဖဿစတဲ့ (၅၆)ပါးသော တရားတွေဟာ တစ်ပြိုင်နက် အတူတကွ ဖြစ်ပေါ်လာကြတယ်၊ တရားကိုယ် တူတာချင်း ပေါင်းလိုက်ရင်တော့ စေတသိက် (၃၃)ပါးလို့ ဆိုနိုင်ပါတယ်၊ ဒီလိုယှဉ်ဘက်တရားစုတွေမှာလဲ ၎င်းတို့ဆိုင်ရာ သဘာဝလက္ခဏာအသီးသီးရှိကြလေတော့ ဟောဒီသဘောကဲ ဖဿ၊ ဒီသဘောက ဝေဒနာစသည်တွေ ဖြစ်ကြတယ်လို့ "ကတမော တသ္မိံ သမယေ ဖဿော ဟောတိ" စသည်ဖြင့် ထပ်မံ၍ ဟောပြန်လေတော့ ဒီအဘိဓမ္မာ ဒေသနာတော်ကြီးဟာ သဗ္ဗညုတဉာဏ်တော်ရှင် မြတ်ဘုရားတို့ရဲ့ကျက်စားရာ အာရုံပြုရာသာဖြစ်ကြောင်း ထင်ရှားလှပါတယ်။

ဒီဖဿဝေဒနာတွေထဲက ကမ္ဘာ့သူ ကမ္ဘာ့သားတွေရဲ့ ခံတွင်းအတွေ့ဆုံး၊ အနှစ်သက်ဆုံး၊ အမြတ်နိုးဆုံးဖြစ်တဲ့ သောမနဿ ဝေဒနာရဲ့ အကြောင်းကို နည်းနည်း ပြောပြဦးမယ်၊ ဝေဒနာဟာ စိတ်တိုင်းမှာပါပြီး ခံစားတတ်တဲ့ သဘောလက္ခဏာတစ်ခုသာရှိပေမယ့် ခံစားကြပုံ အခြင်းအရာတွေကတော့ ကွဲပြားကြတယ်၊ အာရုံငါးပါး ကာမဂုဏ်တရားတွေကို ခံစားတာဟာ လောဘမူမှာရှိတဲ့ သောမနဿဝေဒနာနဲ့ သုခသဟဂုတ်ကာယဝိညာဉ်မှာရှိတဲ့

ဝေဒနာဖြစ်တယ်၊ သတ္တဝါတွေရဲ့ သန္တာန်မှာ ကာမဂုဏ်နှင့် မပတ်သက်ဘဲ နောက်ကျမှုကင်းကွာပြီး စိတ်ကြည်လင် အေးမြချမ်းသာ၍ နေမှုဟာ ကုသိုလ်မှာရှိတဲ့ သောမနဿဝေဒနာရဲ့ သတ္တိပါပဲ။ ဈာနလာဘီ ပုဂ္ဂိုလ်တို့ ဈာန်ဝင်စားတဲ့အခါ ထိုထိုနီဝရဏစတဲ့ ကိလေသာအညစ်အကြေးကင်းစင်ပြီး အာရုံတစ်ခုတည်းမှာ စွဲမြဲပြီး ချမ်းသာ၍နေမှုဟာ ဈာန် နှင့် ယှဉ်တဲ့ သောမနဿဥပေက္ခာဝေဒနာများဖြစ်တယ်၊ စိတ်နှလုံး လွန်စွာ ငြိမ်သက်ပြီး ရုပ်နာမ်ဓမ္မသင်္ခါရတွေရဲ့ ဖြစ်ပျက်ပုံကို ဟုတ်မှန်တဲ့အတိုင်း ရှုမြင်၍နေတဲ့ ယောဂီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ လူနတ်တို့ရဲ့ ချမ်းသာထက် လွန်မြတ်သော ဓမ္မရသကို ခံစားနေရမှုဟာ မဟာကုသိုလ် သောမနဿမှာရှိတဲ့ ဝေဒနာရဲ့ စွမ်းရည်ဖြစ်တယ်။

ဘုရားအစရှိတဲ့ အရိယာပုဂ္ဂိုလ်များ ဖိုလ်ဝင်စားတော်မူကြတဲ့အခါမှာ ဖိုလ်စိတ်က လောကုတ္တရာစိတ်ဖြစ်ပြီး သန္တိသဘာဝရှိတဲ့ နိဗ္ဗာန်အာရုံတစ်ခုထဲသာ ရှိလေတော့ ကိလေသာအပူအလောင်ဟူသမျှ ငြိမ်းနေတယ်၊ လွန်စွာတင့်တယ်မြင့်မြတ်တယ်၊ ငြိမ်သက်တယ်၊ တဏှာတရားတွေ ယှဉ်ခွင့်မရဘူး၊ အမြိုက်ဆေးနဲ့ ရောစပ်ထားတဲ့ ပျားရည်များလို လွန်စွာသြဇာရှိပြီး စင်ကြယ်တယ်။ ဈာန်ချမ်းသာ မဂ်ချမ်းသာထက် လွန်ကဲတဲ့ ချမ်းသာဖြစ်လေတော့ အသက်ရှိစဉ် ပရိနိဗ္ဗာန်ပြုတော်မမူကြခင် အထွတ်အထိပ်ခံစားအပ်သော ချမ်းသာဖြစ်တယ်၊ ဤချမ်းသာဆိုတဲ့ ဝေဒနာဟာ ဖိုလ်စိတ်မှာယှဉ်တဲ့ ဝေဒနာ ဖြစ်တယ်။ အဲဒီလို ဝေဒနာဟာ ခံစားမှုလက္ခဏာတစ်ပါးတည်း ရှိပေမယ့် ခံစားပုံ အခြင်းအရာကတော့ ကွဲပြားကြောင်း သိစေလိုမှု ဖြစ်တဲ့အပြင် ဤအဘိဓမ္မာအခါတော်နေ့၌ မည်သည့် ချမ်းသာမှုမျိုးနှင့်မှ မယှဉ်နိုင်တဲ့ ချမ်းသာတကာတို့ရဲ့ အထွတ်အထိပ်ဖြစ်တဲ့ ဤဖလသမာပတ် ချမ်းသာအစစ်အမှန်ကို မရ,ရအောင်ယူမည်ဟု ကောင်းမြတ်သော နှလုံးသွင်းကာ မလျှော့သောလုံ့လ ဝီရိယဖြင့် အားထုတ်ကြရန် ဓမ္မသင်္ဂဏီဟောတော်မူရပုံနဲ့ စပ်လျဉ်းပြီး တိုက်တွန်း နှိုးဆော်ခြင်းပြုလိုက်ပါတယ်။

ဒီနေရာမှာ တချို့က လူ့ပြည်မှာ ဘုရား အဘိဓမ္မာကို မဟောဘူးလို့ ထင်ကြတယ်။ မဟုတ်ပါဘူး၊ အကျယ်အားဖြင့်သာ မဟောတာပါ၊ အကျဉ်းအားဖြင့်တော့ တစ်ဝါတွင်းလုံး အရှင်သာရိပုတ္တရာအား နေ့စဉ်ပင် ဟောကြားခဲ့ပါတယ်။ အကျယ်မဟောမှုကတော့ အထက်က ပြောပြခဲ့တဲ့ ဓမ္မတာအကြောင်းက တစ်ပါး ဝါတွင်းသုံးလပတ်လုံး လူသားဖြစ်တဲ့ ပုဂ္ဂိုလ်တွေဟာ ဣရိယာပထတစ်ခုတည်းနဲ့ တစ်ထိုင်တည်းနဲ့ အဘိဓမ္မာ

(၃)ကျမ်းလုံးကို အစအဆုံး သဘောပေါက်အောင် ကြားနာခြင်းငှာ စွမ်းနိုင်မှုမရှိကြတာကအကြောင်းတစ်ပါး၊ ဤအကြောင်း (၂)ပါးကြောင့် တာဝတိံသာ နတ်ပြည်သို့တက်၍ ဟောတော်မူရခြင်းဖြစ်ပါတယ်။

တာဝတိံသာနတ်ပြည်မှာတော့ လူတို့ရဲ့ အနှစ်တစ်ရာဟာ တာဝတိံသာနတ်တို့မှာ တစ်ရက်ဆိုလေတော့၊ ဒါကိုတွက်ကြည့်မယ်ဆိုရင် နတ်တို့၏ နာရီအားဖြင့်၁၄-မိနစ်နဲ့ ၂၄-စက္ကန့်မျှသာရှိပါတယ်။ ဒီအဘိဓမ္မာတရားတော်ကြီးဟာ ပရမတ္ထတရားတွေကို အများဆုံး ဟောထားသဖြင့် ဒေသနာအားဖြင့် ပရမတ္ထဒေသနာ မည်တယ်။ သတ္တဝါတွေရဲ့အလို သတ္တဝါတွေရဲ့မျက်နှာကို လုံးဝ ကြည့်တော်မမူဘဲ ပရမတ္ထအားလျော်စွာ ဆုံးမတော်မူရာဖြစ်လို့ သာသနာအားဖြင့် ယထာဓမ္မ သာသနာ ရယ်လို့ ခေါ်ဆိုရတယ်။

ဓမ္မာသင်္ဂဏီကိုဟောတော်မူပြီးသည့်နောက် ဝိဘင်းကျမ်းမှ ပဋ္ဌာန်းကျမ်းကြီးတိုင်အောင် အာကာသ ဝဂ်မှ ကျဆင်းလာသော ရေတံခွန်ကြီးကဲ့သို့ ဟောကြားတော်မူတဲ့အခါ ကုဋေ ၂၀-သော နတ်ဗြဟ္မာတွေလဲ အကျွတ်တရား ရကြ၊ မယ်တော်မာယာလဲ သောတာပန် ဖြစ်သွားတယ်။ဒီအဘိဓမ္မာဒေသနာတော်ကြီးကို ဟောကြားတော်မူတဲ့ အခါ မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်စွမ်းသတ္တိ သုံးပါးဖြင့် ဟောကြားတော်မူတယ်။သတ္တိသုံးပါးကတော့ (၁)သိသင့် သိထိုက်တဲ့ ညေယျဓမ္မ ဟူသမျှကို အကုန်အစင် အကြွင်း အကျန်မရှိ အတိအကျ ဟုတ်မှန်တဲ့ အတိုင်း သိမြင်တော်မူမှု၊ (၂) ထိုညေယျဓမ္မတွေကို ဖွင့်ဆိုဟောကြားတဲ့နေရာမှာ ဒေသနာနည်းအမျိုးမျိုးတွေကိုလဲ ဟုတ်မှန်တဲ့အတိုင်း အကြွင်းမဲ့ သိမှု၊ (၃) ဆုံးမထိုက်ကျွတ်ထိုက်တဲ့ သတ္တဝါတွေရဲ့ အာသယ အဇ္ဈာသယ အနုသယ အဓိမုတ္တိ ဝါသနာစရိုက် ရှေးကံ ရှေးပါရမီတွေကို အကြွင်းအကျန်မရှိ ဟုတ်မှန်တဲ့ အတိုင်း သိမှုရယ်လို့ သုံးပါးရှိခဲ့တယ်။

ဘုရားအလောင်းတော်တို့ဟာ သာမန်ပုဂ္ဂိုလ်တို့ စိတ်မကူးဝံ့လောက်အောင် လွန်စွာပြုနိုင်ခဲ့လှတဲ့ ပါရမီတွေကို လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းစသော ကာလပတ်လုံး ဆန္ဒာဓိပတိ စသော ပစ္စည်းတည်ကာ ငြိုငြိုငြင်ငြင် ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲ ဖြည့်ဆည်းပူဇော် မူကြခြင်းရဲ့ အကြောင်းကို ရှာရင် ဘုရားဖြစ်လိုမှု အာသာဆန္ဒတော်ကို တွေ့ရပေလိမ့်မယ်။တစ်ဖန် ဘာကြောင့် ဘုရားဖြစ်ချင်ရတာလဲလို့ အကြောင်းရှာပြန်ရင် အထက်က ပြောခဲ့တဲ့ သဗ္ဗညုတဉာဏ်တော်ကို ရလိုတဲ့ ပဓာနအကြောင်းသာ ဖြစ်ကြောင်းကို–

ကိံ မေအညာတ ဝေဒသနံ၊ မွေသစ္စိက တေနိဓ၊
သဗ္ဗညုတံ ပါပုဏိတွာ၊ ဗုဒ္ဓေါ ဟောသိ သ ဒေဝကေ—

ရယ်လို့ ဗုဒ္ဓဝင်ပါဠိတော်မှာ ဟောထားတယ်။ ဘုရားဖြစ်တော်မူပြီး နောက် သဗ္ဗညုတဉာဏ်တော်ကြီးကိုအသုံးချတော်မူတဲ့နေရာမှာလဲ အဘိဓမ္မာ ကျမ်းများတွင် နောက်ဆုံးဖြစ်တဲ့ ပဋ္ဌာန်းကျမ်း ပဋ္ဌာန်းတရားတော်ကြီးမှာ သာ အသုံးချတော်မူတယ်။ ပဋ္ဌာန်းတရားတော်ကြီးကလဲ အနန္တ ကျယ်ဝန်း သဗ္ဗညုတဉာဏ်တော်ကြီးကလဲ အနန္တ ဖြစ်လေတော့ ဤပဋ္ဌာန်းတရားတော် ကြီးကို ရတနာဃရသတ္တာဟမှာ သုံးသပ် ဆင်ခြင် တော် မူ တဲ့ အခါ တာဝတိံသာ နတ်ပြည်မှာ ဟောကြားတော်မူတဲ့အခါများမှာ ကျယ်ကျယ် ဝင့်ဝင့် သဗ္ဗညုတဉာဏ်တော်စွမ်းကို အလိုတော်ရှိတိုင်း ကျက်စား ဟော ကြားတော်မူနိုင်ခဲ့တယ်။

ပဋ္ဌာန်းတရားတော်ကြီးဆိုတာ နေ့တိုင်း နာရီတိုင်း မိနစ်တိုင်း စက္ကန့် တိုင်း ကမ္ဘာသူ ကမ္ဘာသားတို့ရဲ့ သန္တာန်နဲ့တကွ သက်မဲ့ ဝတ္ထုတွေမှာ အမြဲဖြစ်ပျက်နေကြတဲ့သဘောတရားတွေ အကြောင်းအကျိုး တရားတွေကို ၂၄-ပါးသော ပစ္စည်းတို့ဖြင့် ဝေဖန်ပြီး ဟောထားတော်မူတဲ့ဒေသနာဖြစ် တယ်၊ လောကဓာတ်ထွန်းကားတဲ့ ဤကမ္ဘာလောကကြီးမှာ မိမိတို့နှစ်သက် ရာဝါဒတွေ၊ ဘာသာတွေအမျိုးမျိုးအဖုံဖုံရှိကြ၊ ယုံကြ၊ ကိုးကွယ်ကြပေ မယ့်လည်း အကြောင်းအကျိုးကိုတော့ လက်မလွှတ်နိုင်ကြပါဘူး၊အားလုံး ပဲ လက်ခံကြပါလိမ့်မယ်၊ ကမ္ဘာလောကကြီးဟာ အေးချမ်းနေရင် ဘာ ကြောင့်လဲ၊ ဆူပူနေရင် ဘာကြောင့်လဲ စသည်ဖြင့် အကျိုးတရား တစ်ခုပေါ်ပေါက်လာရင် ဒီပေါ်ပေါက်လာတဲ့ အကျိုးရဲ့အကြောင်းတရား များကို ဟောထားတဲ့ တရားကြီးဖြစ်ပါတယ်။

ကံ၊ ကံရဲ့အကျိုးကို ယုံကြည်ကြတဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်များ အတွက် အကြောင်းအကျိုးဆက်သွယ်ပုံ ပဋ္ဌာန်းနည်းကို အနည်းငယ်ပြောပြ မယ်၊ (၁) ယခုလူ့ပြည်မှာ ရှိကြတဲ့ လူတွေဟာ လူတိုင်း လူတိုင်းချမ်း မင်္ဂလာ တရားများကို ရချင်လှန်းတဲ့ အသာသာဆန္ဒအတိုင်း ရကြောင်းတရား တွေကို အားထုတ်ရင်ရနိုင်ကြပါ့မလား၊ (၂) ဒီလူတွေဟာ ဘာကြောင့် လူဖြစ်လာရသလဲလို့ ပုစ္ဆာ ၂-ချက်အနက်၊ အဖြေကတော့ လွန်ခဲ့သော အတိတ်ဘဝကလူဖြစ်ကြောင်း ဒါန သီလ ဘာဝနာ စတဲ့ ကုသိုလ်ကောင်း မှုတွေကို ပြုကြတဲ့ ဇောအခိုက်မှာ ထင်ပေါ်ကျော်ကြားလိုမှု၊ နာမည်ရလို မှု၊ အိမ်နားနီးချင်း ရှိသေစေလိုမှု၊ အားနာသဖြင့် ပြုလိုက်ရမှု စတဲ့ ဉာဏ် မပါတဲ့ ဉာဏ်ကင်းတဲ့ ဉာဏ်မယှဉ်တဲ့ကိစ္စကြောင့် ဒီဇောအခိုက်မှာအလော

ဘ အဒေါသဆိုတဲ့ ဟိတ် ၂-ပါး ရခဲ့တယ်၊ အဲဒီဟိတ် (၂) ပါး ဟာ တက္က ဖြစ်ဘက် ကုသိုလ်စေတနာအား သဟဇာတပစ္စည်းဖြင့် ကျေးဇူးပြု တယ်။ ဆိုင်ရာဖြစ်တဲ့ ဟေတု၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ပစ္စည်းတွေ့ရသင့်ပေမယ့် ထင်ရှားတဲ့ သဟဇာတ ပစ္စည်းကိုသာ ပါဠိ တော်အတိုင်း ပြောပြနေခြင်း ဖြစ်တယ်၊ ဒီလိုအလောဘ၊ အဒေါသ ကုသိုလ် စေတနာအား ကျေးဇူးပြုတဲ့ အခါ ပဋ္ဌိစ္စသမုပ္ပာဒ်နည်းအားဖြင့် ''ကုသလ မူလပစ္စယာ ဝိသင်္ခါရာ''လို့ ဆိုနိုင်ပါတယ်။ ကုသိုလ်စေတနာက အလော ဘ၊ အဒေါသကို ပြန်၍ ကျေးဇူးပြုတဲ့အခါ ''သင်္ခါရပစ္စယာ ပိကုသလ မူလာနိ'' လို့လဲဆိုနိုင်ပါတယ်။ တစ်ဖန်မိမိပြုခဲ့တဲ့ ဇနကကံက၊ ပဋိသန္ဓေ ကျိုးပေးဖို့ရာအတွက် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးပါးမှာ တစ်ပါး ထင် ပြီး ဘဝကို နှစ်သက်တောင့်တာတဲ့ အခိုက်မှာ လောဘဟိတ်၊ မောဟဟိတ် (၂)ပါးကိုရခဲ့ပါဘယ်။ ဒီအခါမှာ လောဘဟိတ်၊ မောဟဟိတ် ၂-ပါး က အကုသိုလ် စေတနာအား ပြောခဲ့တဲ့ အတိုင်း သဟဇာတ သတ္တိနဲ့ ကျေးဇူးပြုပြန်ပါတယ်။ တစ်ဖန်အတိတ်ဘဝက ပြုခဲ့တဲ့ ကုသိုလ်ကံ စေတ နာရဲ့ သတ္တိကြောင့် လူ့ဘုံလူ့ဘဝမှာ ပဋိသန္ဓေစိတ်ကလေး ပေါ်လာတဲ့ အခိုက်မှာ အလောဘ၊ အဒေါသဆိုတဲ့ အဗျာကတဟိတ် ၂-ပါး ဖြစ်လာ တယ်။အဲဒီဟိတ် ၂-ပါးက ဝိပါက်အဗျာကတ စေတနာအား သဟဇာတ သတ္တိနဲ့ ကျေးဇူးပြုတယ်။

ဒီတော့ လူ့ဘဝမှာ လူလာဖြစ်ရမှုဟာ အတိတ်ဘဝကပြုတဲ့ စေတနာ အခိုက်မှာ ကုသိုလ်ဟိတ် ၂-ပါး၊ ပဋိသန္ဓေအခိုက်မှာ အဗျာကတဟိတ် ၂-ပါးရယ်လို့ အကြောင်းဟိတ် ၆-ပါးကြောင့် လူဖြစ်လာရတဲ့သတ္တဝါမှာ အမောဟဟိတ်ဆိုတဲ့ ပညာမပါလာလေတော့ ဒွိဟိတ်ပုဂ္ဂိုလ်သာ ဖြစ်တယ်။ ဒီလိုဒွိဟိတ်ပုဂ္ဂိုလ်များမှာ ဈာန်တောင် ရနိုင်ခွင့်မရှိလေတော့ မဂ်ဖိုလ်ဆိုတာ ထည့်ပြီး စဉ်းစားစရာတောင် မလိုပါဘူး။ တိဟိတ်ပုဂ္ဂိုလ်များမှာတော့ အတိတ်ဘဝက ကုသိုလ်ပြုခဲ့တဲ့ စေတနာနဲ့ ပဋိသန္ဓေအခိုက်မှာပါ အမောဟ ဆိုတဲ့ ပညာပါလာလေတော့ အကြောင်းဟိတ်(၈)ပါးကြောင့် လူဖြစ်လာ ရတယ်။ ဒီလိုပုဂ္ဂိုလ်တွေဟာ ဘဝ ဘဝက ဆည်းပူးခဲ့တဲ့ သတိ၊ ပညာ စတဲ့ ဣန္ဒြေတွေဟာ မဂ်ဖိုလ် ရနိုင်လောက်အောင် ရင့်ကျက် ပြည့်စုံလဲ့ လာမယ်။ ထိုဣန္ဒြေတွေ ရင့်ကျက်ရလေအောင် အချိန်ပြည့် အားထုတ်မှုလဲ့ ရှိမယ်ဆိုရင်တော့ မဂ်ဖိုလ်တရားကို ရနိုင်ပါတယ်။ အချိန်ပြည့် ဆိုတာ ၁၀-နှစ်လုံးလုံး အားထုတ်မှ ရမယ့်ပုဂ္ဂိုလ်ဟာ ၉-နှစ်၊ ၁၁-လသာသာ အားထုတ်ရင် မရနိုင်ပါဘူး။ ဒီဣန္ဒြေတွေ ချက်ချင်းရင့်ကျက်ပြီး ချက်ချင်း မဂ်ဖိုလ် ရအောင်ကိုတော့ မြတ်စွာဘုရားများ သော်မှ မစွမ်းနိုင်ပါဘူး။

ပြောပေါဖွယ်တွေ များလှပေမယ့် အချိန်မရှိ၍ ဤမျှနဲ့ ရပ်နားပြီးနောက် နှစ်ပေါင်း ၂၅၃၀-နှစ်က တာဝတိံသာ နတ်ပြည်မှာ ဘုရား အဘိဓမ္မာ ဟောနေပုံကလေးကို ဆက်ကာ ပြောဦးမယ်။ မျက်စိထဲ မြင်လာအောင် စိတ်ကူးပြီး ကြည့်ကြစမ်း။ ယခုနေ့ ယခု အချိန်မျိုးမှာ မြတ်စွာဘုရားသည် အလျား ယူဇနာ ၆၀၊ အနံ ယူဇနာ ၅၀၊ အမြင့် ၁၅-ယူဇနာ ရှိတဲ့ ပင်လယ်ကသစ်ပင်ရင်းမှာ ခင်းထားတဲ့ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာကြီး ပေါ်မှာ နတ်ဗြဟ္မာတို့ရဲ့ အရောင်ကျက်သရေ စသည်တို့ကို လွှမ်းမိုးတော်မူပြီး အထူးသဖြင့် တင့်တယ်လှစွာ ကျက်သရေ ရှိလှစွာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူတယ်။

နတ်ဗြဟ္မာအပေါင်းကလဲ ယနေ့ယခုအချိန်မှာ ပဋ္ဌာန်း ၂၄-ကျမ်းအနက် နောက်ဆုံးဖြစ်တဲ့ ဓမ္မပစ္စယာ နုလောမဒုကဒုက ပဋ္ဌာန်းတရားတော်ကြီးကို ရိုရိုသေသေ သမာဓိရရနဲ့ နာနေကြတယ်။ အကျယ်ဟောပုံ ပါဠိတော်ကြီး ကတော့ "နဟေတုံ နသဟေတုကံ ဓမ္မံ ပဋိစ္စ ဟေတု သဟေတုကော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ ပဋိသန္ဓိက္ခဏေ ဝတ္ထုံ ပဋိစ္စဟေတု၊ နဟေတုံ နသဟေတုကံ ဓမ္မံ ပဋိစ္စ နဟေတု သဟေတုကော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ ၊ပဋိသန္ဓိက္ခဏေ ဂတ္ထုံ ပဋိစ္စ နဟေတု သဟေတု ကာခန္ဓာ။ နဟေတုံ နသဟေတုကံ ဓမ္မံ ပဋိစ္စ ဟေတု သဟေတုကောစ နဟေတု သဟေတုကောစ ဓမ္မာ ဥပ္ပဇ္ဇန္တိ ဟေတုပစ္စယာ။ ပဋိသန္ဓိက္ခဏေ ဝတ္ထုံ ပဋိစ္စဟေတုသမ္ပယုတ္တကာစ ခန္ဓာ။ နနဟေတုံ နသဟေတုကံ ဓမ္မံ ပဋိစ္စ နဟေတု သဟေတုကော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ဝိစိကိစ္ဆာသဟဂတံ ဥဒ္ဓစ္စသဟဂတံ မောဟံ ပဋိစ္စ သမ္ပယုတ္တာခန္ဓာ။ ဟေတုယာ စတ္တာရိ၊ အာရမ္မဏေ စတ္တာရိ၊ အနန္တရေ၊ သမနန္တရေ၊ သဟဇာတေ၊ အညမညေ၊ နိဿယေ၊ ဥပနိဿယေ စတ္တာရိ၊ ပုရေဇာတေ ဒွေ၊ အာသေဝနေ ဒွေ၊ ကမ္မေစတ္တာရိ၊ ဝိပါကေ တီဏိ၊ အာဟာရေ၊ ဣန္ဒြိယေ၊ ဈာနေ၊ မဂ္ဂေ၊ သမ္ပယုတ္တေ၊ ဝိပ္ပယုတ္တေ၊ အတ္ထိယာ၊ နတ္ထိယာ၊ ဝိဂတေ၊ အဝိဂတေ စတ္တာရိ" စသည်ဖြင့် အဘိဓမ္မာ(၇)ကျမ်းလုံးကိုဟောတော်မူရာဝယ် ဤသီတင်းကျွတ် လပြည့်နေ့မှာ ပြီးဆုံးသဖြင့် ပြီးဆုံးသည့်နေ့ကို အကြောင်းပြု၍ သတ်မှတ် အပ်သော အဘိဓမ္မာ အခါတော်နေ့ဝယ် ကိုယ်စိတ်ချမ်းသာမှုကို ရကြပြီး အိုနာသေရေး ဒုက္ခဘေးတို့မှ ကင်းဝေးရာမှန် မြတ်နိဗ္ဗာန်ကို ရရာရကြောင်း သူတော်ကောင်းတရားကို ရှင်အားရရ အားထုတ်နိုင်ကြစေကုန်သတည်း။

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏
၁၃၁၉-ခုနှစ် (၉)ကြိမ်မြောက်
အဘိဓမ္မာ အခါတော်နေ့တွင်

## ဩဝါဒါစရိယ မူလပဋ္ဌာန်း ဆရာတော်ဘုရား၏

## အသံလွှင့် ဟောပြောချက်

သဗ္ဗညုမြတ်စွာဘုရား ဆုံးမတော်မူခဲ့တဲ့ တရားတော်တွေဟာ အဘိဓမ္မာဖြစ်ဖြစ်၊ ဝိနည်းမှာ ဖြစ်ဖြစ်၊ သုတ္တန်မှာဖြစ်ဖြစ်၊ သိစရာ မှတ်စရာ နားလည်စရာ ကျင့်ကြံအားထုတ်စရာ လောကသံသရာ နှစ်ဖြာလုံးအတွက် တကယ်အားကိုးစရာတွေဟာ အကျဉ်းချုပ်အားဖြင့် ဘာတွေလဲဆိုရင်၊ သီလ သမာဓိ ပညာသုံးမျိုးသာဖြစ်ကြောင်းကို တွေ့ကြရလိမ့်မယ်။ အဲဒီသုံးမျိုးထဲမှာ သီလဆိုတာ သာမညသီလ အဓိသီလရယ်လို့ နှစ်မျိုးရှိတယ်။ သာမညသီလဆိုတာကတော့ ငါးပါးသီလ၊ ဆယ်ပါးသီလများ ဖြစ်ကြတယ်။ ဒီငါးပါးသီလ၊ ဆယ်ပါးသီလဟာ မြတ်စွာဘုရားရှင်တို့ပွင့်တော်မူတဲ့အခါမှာဖြစ်ဖြစ်၊ ပွင့်တော်မမူတဲ့အခါမှာ ဖြစ်ဖြစ်၊ ဓမ္မနိယာမသဘောမျိုးနဲ့ အမြဲတည်ရှိနေတဲ့ သီလမျိုးဖြစ်တယ်။ ဘုရားမပွင့်တဲ့အခါမှာ ရသေ့ ပရိဗိုဇ်ဘုရားလောင်း စကြဝတေးမင်းတို့က ပညတ်ကြတယ်။ ဘုရားပွင့်တော်မူတဲ့အခါမှာ ဘိက္ခုသံဃာ၊ ဥပသကာ ဥပသိကာမများက ပညတ်ထားကြတယ်။

ငါးပါးသီလဆိုလို့ တော်ရုံရှော်ရုံ ပေါ့ပေါ့ ဆဆ သာမညအစားထဲက ပဲရယ်လို့ မထင်လိုက်ကြပါနဲ့။ ဒီငါးပါးသီလကို မလေးစားကြရင် လုံခြုံအောင်မစောင့်ထိန်းကြရင် ကမ္ဘာကြီးမှာ ဘယ်လို အပြစ် မျိုးတွေ၊ ဘယ်လိုဆင်းရဲဒုက္ခမျိုးတွေ ဖြစ်ပွားလာသလဲ ဆိုရင်သတ်ဖြတ်မှုတွေ၊ ခိုးမှု တိုက်မှုတွေ၊ ခြစားမှုတွေ၊ ပြန်ပေးဆွဲမှုတွေ၊ မုဒိန်းကျင့်မှုတွေ၊ ပုန်ကန်မှုတွေစတဲ့ ဒုစရိုက်မှုမျိုးတွေစုံအောင် ဖြစ်ရုံမက ကမ္ဘာစစ်ကြီးပါ ဖြစ်လာနိုင်တယ်။ ကမ္ဘာ့နိုင်ငံအသီးသီးမှာ ပါလီမန်တွေထားပြီး ဥပဒေအမျိုးမျိုး ပြုကြရတာတွေက တရားရုံးတွေ ထောင်ကြီး တန်းကြီးတွေ စစ်တပ်တွေ

ရဲတွေ့ထားကြရရုံမက ကိစ္စရှိလို့ ခရီးသွားချင်တဲ့အခါ အန္တရာယ်မကင်းမှု တွေကြောင့် ထိတ်ထိတ်လန့်လန့် ကြောက်ကြောက်ရွံ့ရွံ့နဲ့ သွားရတာတွေ လွတ်လွတ်လပ်လပ်မသွားဝံ့တာတွေ ကုန်ကုန်ပြောရရင် ညည ပူအိုက်ပေ တယ်လို့ တိုက်တွေ အိမ်တွေကို တံခါးပိတ်အိပ်ရတာတွေ မိမိတို့ပိုင်ဆိုင်ကြ တဲ့ ရွှေငွေစတဲ့ ဥစ္စာပစ္စည်းတွေကို သိမ်းသိမ်းဆည်းဆည်း ရတာတွေ ဟူသမျှ အကြောင်းရင်းကို ရှာလိုက်ရင် ဒီငါးပါးသီလ မလုံခြုံမှုကြောင့် ဖြစ် ကြောင်းကို ထင်ထင်ရှားရှား တွေ့နိုင်ကြပါတယ်။

ဗုဒ္ဓသာသနာ လွန်စွာထွန်းကားတယ်ရယ်လို့ ကမ္ဘာမှာကျော်ကြား၊ ကမ္ဘာ့ကဘာသာရေးအနေနဲ့ လေးစားကြတဲ့ မြန်မာနိုင်ငံမှာ ဝမ်းနည်း ဖွယ် ရှက်ကြောက်ဖွယ်ရာ စိတ်နှလုံး မချမ်းမြေ့ဖွယ်ရာ နှစ်စဉ် လစဉ်နေ့စဉ် နာရီစဉ် မိနစ်စဉ်နဲ့အမျှ သတ်ဖြတ်တိုက်ခိုက်မှုတွေစတဲ့ ဆင်းရဲအမျိုးစုံကို ခံစားနေကြရတာလဲ ဒီငါးပါးသီလ မလုံခြုံလို့သာဖြစ်တယ်။ ဒီနေရာမှာ စဉ်းစားစရာကလေးတစ်ခုက ဘာကြောင့် ကမ္ဘာသူ ကမ္ဘာသား တွေဟာ ဒီလိုသတ်ဖြတ်မှုစတဲ့ ဒုစရိုက်ကိုပြုနေကြသလဲလို့ ပြုခြင်းရဲ့ အကြောင်းကို စဉ်းစားစရာရှိတယ်။ ဒါကတခြားမဟုတ်ဘူး။ သူတစ်ပါးရဲ့ ဝတ္ထုပစ္စည်း မြို့ရွာ တိုင်းပြည်စသည်ကို လိုချင်တဲ့လောဘရယ်၊ ဒီပုဂ္ဂိုလ်ဟာ ငါတို့ရဲ့ အကျိုးစီးပွားကို ကြီးပွားမှုတွေကို မလိုသားဘူး၊ အကျိုးမဲ့ကိုသာလိုလား တယ်၊ ပြုကျင့်တယ် စသည်ဖြင့် ဖြစ်တဲ့ ဒေါသရယ်၊ သတ် ဖြတ် မှု စသည်ကို ပြုတဲ့အခါမှာ ကျရောက်လတ္တံ့ ဖြစ်တဲ့အပြစ်ကို မမြင်အောင် ဖုံးလွှမ်းထားတဲ့ မောဟရယ်၊ သူတို့မှ သတ်ဝံ့ခိုးဝံ့သလား၊ ငါကောဘာဖြစ် လို့ မသတ်ဝံ့ မခိုးဝံ့ရမှာလဲ။ သူတို့မှ အကျမြူဗုံး ဟိုက်ဒရိုဂျင်ဗုံး ကြဲဝံ့ သလား၊ ငါတို့ကောဘာဖြစ်လို့ မကြဲဝံ့ရမှာသလဲဆိုတဲ့မာနရယ်။ သူ့အသက် ကို သတ်မှု စသည်ပြုပေမယ့်လို့ အပြစ်မရှိပါဘူးဆိုတဲ့ အမြင်မှားမှုဒိဋ္ဌိရယ်။ ဒီကိစ္စသာပြီးစီးအောင်မြင်မယ်ဆိုရင် အသင်နတ်မင်းအား ဤအမည်ရှိတဲ့ ဗလိနတ်စာဖြင့် ပူဇော်ပါ့မယ်ဆိုတဲ့ နတ်ထံမှာ တောင့်တမှုစတဲ့ပတ္ထနာရယ် လို့ အကြောင်းတွေကို တွေ့ရလိမ့်မယ်။ အဲဒီရာဂ-ဒေါသ-မောဟ-မာန-ဒိဋ္ဌိ- ပတ္ထနာဆိုတဲ့အားကြီးတဲ့ အကြောင်းခံတရားသာရခဲ့လို့ရှိရင် သတ်မှု၊ ခိုးမှု စတဲ့ ဒုစရိုက်ငယ်ကလေးတွေကို မဆိုထားနဲ့၊ အမေကိုလဲသတ်ဝံ့၊ အဖေကို လဲသတ်ဝံ့စတဲ့ ပဉ္စာနန္တရိယကံကြီး တွေကိုသော်မှ ပြုဝံ့ ပြုနိုင်ကြတဲ့ အကြောင်းကို ပဋ္ဌာန်းပါဠိတော်ကြီးမှာ "အကုသလော ဓမ္မော အကုသ လဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ ပကတူပနိဿယော။ ရာဂံ ဒေါသံ မောဟံ မာနံ ဒိဋ္ဌိံ ပတ္ထနံ ဥပနိဿာယ ပါဏံ ဟနတိ။ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊ ပိသုဏံ ဘဏတိ၊ ဖရုသံ ဘဏတိ၊ သမ္ဖံ ပလ

ပတိ၊ သဒ္ဒိံ ဆိဒ္ဒတိ၊ နိဇ္ဇလ္လာပံ ဟရတိ၊ ကောဂါရိတံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ပရဒါရံ ဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ၊ မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိတရံ ဇီဝိတာ ဝေါရောပေတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ သံဃံ ဘိန္ဒတိ”လို့ ဟောတော်မူတယ်။

အဲဒီတော့ကာမြန်မာပြည်နဲ့တကွကမ္ဘာကြီးမှာလူနစ်စွာအလိုရှိအပ်၊စောင့်ထိန်းအပ် လိုခြုံအပ်တဲ့ ဒီငါးပါးသီလကို အင်တိုက် အားတိုက် မဖြစ်မနေ ဘယ်လိုနည်းလမ်းမျိုးနဲ့ဖြစ်ဖြစ်လုံခြုံအောင်စောင့်ထိန်းကြမယ်ဆိုရင်အထက်ကပြောခဲ့တဲ့ ဆင်းရဲဒုက္ခဟူသမျှ ကင်းရှင်းရုံသာမက ရွာတိုင်းမြို့တိုင်းနိုင်ငံတိုင်း သာယာမှုတွေ၊ ဝပြောမှုတွေ၊ချမ်းသာမှုတွေ၊ငြိမ်းချမ်းမှုတွေ ဆိုတဲ့ အကျိုးတရားတွေ ပေါ်ပေါက်တဲ့ အပြင် သေပြန်ရင်လဲ နတ်ပြည်မှာ နတ်သား၊ နတ်သမီးတွေ ဖြစ်ဖို့ရာ ကျိန်းသေတဲ့အတွက် ဒီငါးပါးသီလကို မိမိအကျိုး၊ မိမိတို့ရဲ့ လူမျိုးအကျိုး၊ တိုင်းပြည်အကျိုး၊ ကမ္ဘာ့ အကျိုးကို မျှော်၍ လုံခြုံအောင် စောင့်ထိန်းကြဖို့ရာအတွက် ၁၃၁၉-ခုနှစ်၊အဘိဓမ္မာ အခါတော်နေ့တွင် ဤနေရာမှနေ၍ အားလုံးသောပုဂ္ဂိုလ်အပေါင်းတို့အား တိုက်တွန်း နှိုးဆော်လိုက်ပါတယ်၊ မေတ္တာရပ်ခံလိုက်ပါတယ်။

ငါးပါးသီလမြဲရင် နတ်ပြည်ရောက်ဖို့ သေချာတယ် ဆိုတာကတော့ မြောက်ကျွန်းသူ မြောက်ကျွန်းသားတွေကို ကြည့်ပါ။ သူတို့ဟာ အသက်တစ်ထောင်နေရတယ်။ ဘာကြောင့်လဲ၊ သူတို့ဟာ အမြဲ သီလ ရှိကြတယ်။ ငါးပါးသီလဟာ သူတို့မှာ ခါးဝတ်ပုဆိုးလိုမြဲတဲ့ သဘာဝသီလဖြစ်တယ်။ သူတို့ဟာ ငါ့မယား၊ ငါ့သား၊ ငါ့သမီး၊ ငါ့ကျေးကျွန်၊ ငါ့ရွှေ ငွေ၊ ငါ့ လယ်ယာရယ်လို့ သိမ်းပိုက်မှုမရှိကြ။ စောင့်ထိန်းမှုမရှိကြဘူး။လယ်ထွန်ရမှု စိုက်ပျိုးရမှု ကိစ္စမရှိကြဘူး။ စားချင်တဲ့ အခါမှာ အလိုလိုပေါက်နေတဲ့ သလေးနှံက ဖွဲကြမ်း ဖွဲနု ကင်းစင်တဲ့ သခလ ဆန်ကိုယူ ရွှေခွက်ထဲထည့်ပြီးတော့ ဇောတိပါသာဏခေါ်တဲ့ ပတ္တမြားကျောက် သုံးလုံးကို ဖိုခနောက် လုပ်ပြီး တင်ထားလိုက်တာပဲ။ ထင်း မီး ကိစ္စ ဘာမျှ မရှိဘူး။ ဒီအခါ ဇောတိပါသာဏပတ္တမြားကျောက်မှ မီးဖြစ်လာပြီး ထမင်းကိုကျက်အောင် ချက်ပေးပြီးတော့ ငြိမ်းသွားတာပဲ။ မီးငြိမ်းတာ မြင်လို့ ထမင်းကျက်မှန်း သိတဲ့အခါ ဒီထမင်းကိုယူပြီး စားကြတယ်။စားကြတဲ့အခါမှာလဲ ဟင်းမှ မလိုပါဘူး။ မိမိတို့ စားချင်တဲ့ အရသာဟာ ဒီထမင်းထဲမှာ တစ်ခါတည်း ပါလာတော့တာပဲ။ ဒါကြောင့်—

''အကဏံ အတုလံ သုဒ္ဓံ၊ သုဂန္ဓံ တဏ္ဍုလပ္ဖလံ
တုဏ္ဍိကိရေ ပစိတွာန၊ တတော ဘုဉ္ဇန္တိဘောဇနံ''

လို့ မိန့်ဆိုကြတယ်။ ဒီလိုမှ ချက်မစားချင်ကြဘူးဆိုရင် ပဒေသာပင်က ခူးပြီး စားကြတယ်။ ပဒေသာပင်မှာ ချက်ပြီးသားတွေ တွဲလဲဆွဲထားသလား ဆိုရင် မဟုတ်ပါဘူး။ ထမင်းစသည်ကိုစားချင်ကြပလားဆိုရင် ပဒေသာပင် အနီး သွားပြီး သစ်ပင်ရင်းမှာဖြစ်ဖြစ်၊ သစ်ခက်ကြားမှာဖြစ်ဖြစ် လက်ဆန့် လိုက်ရင် ဟင်းပေါင်းစုံ အရသာပေါင်းစုံ အပြည့်အဝ ပါတဲ့ ထမင်း ဖြစ်ပေါ်လာတယ်။ အဲဒီ ထမင်းကို ယူပြီး သုံးဆောင်ကြတယ်။

ထမင်းအတွက်သာ မဟုတ်သေးပါဘူး၊ သူတို့ အလိုရှိတဲ့ လျက်ဖွယ်တွေ သောက်ဖွယ်တွေ ခဲဖွယ်တွေ စားဖွယ်တွေနဲ့တကွ အဝတ်ပုဆိုးပန်းတန်းဆာ အိပ်ရာ နေရာတွေဟာလဲ သူတို့အလိုရှိတိုင်း ပြည့်စုံကြပါတယ်။ ဒီပဒေသာပင် ကြီးဟာ အလျား အနံ အမြင့် ယူဇနာ တစ်ရာစီ ရှိပြီး လုံးပတ်ကတော့ ယူဇနာသုံးရာရှိတယ်။ အဲဒီလို မြောက်ကျွန်းသူ မြောက်ကျွန်းသားတွေဟာ စားကြ သောက်ကြ၊ အလိုရှိတဲ့ ပန်း စသည် ပန်ကြ။ အမွှေးနံ့သာတွေကို လိမ်းကြပြီး ကကြ သီချင်းဆိုကြ တီးမှုတ်ကြပြီး အလိုရှိသလို ချမ်းသာ သုခကို ခံစားနေနိုင်ကြတယ်။

ဒီလို ပျော်ပျော်ပါးပါး ပူပန်စရာမရှိဘဲ အနှစ်တစ်ထောင်လုံးလုံး နေ ထိုင်ကြပြီး စုတိကျပြန်တော့လဲ အပါယ်ကျရိုး ထုံးစံမရှိဘဲ ဒီမြောက်ကျွန်း မှာပဲ ထပ်ဖြစ်ရင်ဖြစ်၊ မဖြစ်ရင် နတ်ပြည်မှာ သွားဖြစ်တယ်၊ ဒါတွေဟာ အကြောင်းရင်း ဘာလဲလို့ စဉ်းစားရင် တခြား မဟုတ်ပါဘူး၊ ငါးပါး သီလကို စင်စင်ကြယ်ကြယ် စောင့်ထိန်းကြလို့သာ ဖြစ်တယ်။ ယခု ပြောခဲ့တဲ့ အတိုင်း မြန်မာပြည်သူပြည်သားတွေကော ငါးပါးသီလ မြဲကြမယ်၊ စင် ကြယ်အောင် စောင့်ထိန်းကြမယ်ဆိုရင် သေတဲ့အခါ နတ်ပြည်ရောက်ဖို့တော့ သေချာတာပဲလို့ ပြောခဲ့ပါတယ်။ ဒါထက်အလွန် ဆယ်ပါးသီလကို စောင့် ထိန်းကြရင်တော့ ပြောစရာမလိုပါဘူး၊ အထူးပင် မွန်မြတ်လှပါတယ်။ အဲ ဒါက သာမည သီလမျိုး ဖြစ်ပါတယ်။

အဓိသီလဆိုတာကတော့ သီလဟူသမျှတို့ထက် မြတ်တဲ့ ပါတိမောက္ခ သံဝရသီလကို ခေါ်တယ်။ ဒီ အဓိသီလကတော့ မြတ်စွာဘုရားများ ပွင့် တော်မူတဲ့အခါမှာမှ ဖြစ်နိုင်တယ်။ ဘုရားမပွင့်တဲ့ခေတ်မျိုးမှာ မရှိနိုင်ဘူး။ ဘာ ကြောင့် လဲ ဆို တော့ ဘုရားရှင်တို့သာ ဒီပါတိမောက္ခသံဝရသီလကို ပညတ်တော်မူနိုင်ကြတယ်။ ဒီလိုတွေ့မျိုးကို လွန်ကျူးရင် ဒီလို အပြစ်မျိုး သင့်စေ ကျရောက်စေရယ်လို့ ပညတ်တော်မူမှုဟာ သာမညပုဂ္ဂိုလ်စားတွေ

ကို မပြောနဲ့၊ ရှင်သာရိပုတ္တရာအရှင်မြတ်ကြီးရဲ့ အရာသော်မှ မဟုတ်ပါဘူး၊ မြတ်ဘုရားများရဲ့အရာ၊ မြတ်ဘုရားများရဲ့စွမ်းရည်သာ ဖြစ်ပါတယ်။

စိတ္တလို့ခေါ်တဲ့ သမာဓိဟာလဲ သာမညစိတ္တ အဓိစိတ္တလို့ နှစ်မျိုးရှိတယ်။ ဝဋ္ဋဟုရားရဲ့ အခြေခံဖြစ်တဲ့ လောကီသမာပတ် ရှစ်ပါးကို သာမညစိတ္တလို့ခေါ်တယ်။ ဒီလောကီသမာပတ်ရှစ်ပါးဟာလဲ ဘုရားပွင့်သည်ဖြစ်စေ၊ မပွင့်သည်ဖြစ်စေ ကမ္ဘာမှာ ဖြစ်နိုင်ရှိနိုင်ပါတယ်၊ ဘယ်သူတွေကဖြစ်စေနိုင်သလဲဆိုရင် သိလက ပြောခဲ့တဲ့အတိုင်း ရသေ့ပရိဗိုဇ်၊ ဘုရားလောင်း၊ စကြဝတေးမင်းတို့က ဖြစ်စေနိုင်ပါတယ်။ ဘုရားပွင့်တော်မူတဲ့အခါမှာလဲ ရူပ အရူပဘဝဆိုတဲ့ အကျိုးထူးကို အလိုရှိတော်မူကြတဲ့ ရဟန်းတော်စသည်တို့က ဖြစ်စေကြတယ်။

ဝိပဿနာရဲ့အခြေဖြစ်တဲ့ သမာပတ်ရှစ်ပါးကတော့ စိတ်ဟူသမျှတို့ထက် လွန်ကဲလို့ အဓိစိတ္တလို့ ခေါ်ဆိုရတယ်။ ဒီအဓိစိတ္တကတော့ မြတ်စွာဘုရားတို့ ပွင့်တော်မူမှသာ ဖြစ်နိုင်တယ်။ ဘုရားရှင်တို့သာ ပညတ်တော်မူနိုင်တယ်။

ပညာမှာလဲ သာမညပညာ၊ အဓိပညာရယ်လို့နှစ်မျိုးရှိရာ ကမ္မဿကတာဉာဏ်ကို သာမညပညာရယ်လို့ ဆိုရတယ်။ ကမ္မဿကတာဉာဏ် ဆိုတာဟာ တစ်စုံတစ်ခုသော အမှုကိစ္စကို ပြုလုပ်လိုက်တဲ့အခါမှာ ဒီအမှုကိစ္စဟာဖြင့် ငါပိုင် ငါ့ဥစ္စာပဲ။ ဒီအမှုဟာဖြင့် ငါပိုင် ငါ့ဥစ္စာ မဟုတ်လို့ ပိုင်းခြားသိမြင်တတ်တဲ့ဉာဏ်ကို ခေါ်တယ်။ ဒါဖြင့် ကိုယ်ပိုင်ဥစ္စာဟာ ဘာလဲ၊ ကိုယ်ပိုင်ဥစ္စာ မဟုတ်တာက ဘာလဲလို့ဆိုရင် ဒုစရိုက်ဆယ်ပါးဟာ ကိုယ်ပိုင်ဥစ္စာ မဟုတ်ဘူး။သုစရိုက်ဆယ်ပါးဟာ ကိုယ်ပိုင်ဥစ္စာဖြစ်တယ်။ကိုယ့်သန္တာန်မှာပဲဖြစ်ဖြစ်၊ သူတစ်ပါးရဲ့ သန္တာန်မှာပဲ ဖြစ်ဖြစ် အကုသိုလ်တရား ဟူသမျှ အကျိုးစီးပွားကို ဖျက်ဆီးတတ်၊ အကျိုးစီးပွားကို ပြစ်စေတတ်လို့ ကိုယ်ပိုင်ဥစ္စာမဟုတ်ဘူး။ ကုသိုလ်ဟူသမျှကတော့ အကျိုးစီးပွားကို မဖျက်ဆီးတတ်တဲ့အပြင် အကျိုးစီးပွားကို ဖြစ်စေတတ်လို့ ကိုယ်ပိုင် ဥစ္စာလို့ ဆိုရတယ်။ အဲဒီ ကမ္မဿကတာဉာဏ်မှာ တည်ပြီး များလှစွာသော ဒါနတွေကို ပြု၊ ငါးပါး ဆယ်ပါး သီလတွေ ဖြည့်ကျင့်၊ ဥပုသ်ကျင့်သုံးကြတဲ့ အတွက် ချမ်းသာ အဆင့်ဆင့် စည်းစိမ်အဆင့်ဆင့်ကို ခံစားကြပြီး နိဗ္ဗာန်သို့ ရောက်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ အရေအတွက် အပိုင်းအခြား မရှိယောက် အောင်ပင် များပြားလှပါတယ်။ဥပမာပြောရမယ်ဆိုရင် ပစ္စည်းချမ်းသာတဲ့ ယောကျ်ားတစ်ယောက်ဟာ လှည်းငါးရာပေါ်မှာ ထောပတ် ပျားရည် တင်လဲ စသည်တို့ကို လည်းကောင်း၊ ဆီဆား စသည်တို့ကိုလည်းကောင်း၊ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက်တင်ပြီး ကန္တာရ ခရီးခဲကြီးသို့ ခရီး

သွားတဲ့ အခါမှာ အကြောင်း တင်စုံတစ်ရာ ပေါ်ပေါက် လာပေ ယ့် စားသောက်ဖွယ် ပြည့်ပြည့်စုံစုံ ပါလာလေတော့ ဘာမျှ ကြံစည်တွေးတော နေစရာ စိုးရိမ်ကြောက်လန့်နေစရာ မရှိဘဲ ချမ်းသာ ဘေးကင်းရာ ဌာန၊ မိမိရောက်လိုရာ ဌာနသို့ ရောက်ရသလို ဒီကမ္ဘာကတညာဏ်မှာ တည်ပြီး ဒါန စသည်ကို ပြုကြတဲ့ပုဂ္ဂိုလ်များလဲ နိဗ္ဗာန်တိုင်အောင် ရောက်နိုင်ကြ ပါတယ်။

အဲဒီ ကမ္မဿကတညာဏ်ဟာလဲ ဘုရားပွင့်တော်မူတဲ့ အခါမှာဖြစ်ဖြစ် ပွင့်တော် မမူတဲ့အခါမှာဖြစ်ဖြစ် ဖြစ်နိုင်ကြပါတယ်။ ဘုရား မပွင့်တော် မူတဲ့ အခါမှာ ဝေလာမ ပုဏ္ဏားကြီးရဲ့ လှူဒါန်းပုံ၊ ဝေဿန္တရာမင်းကြီးရဲ့ လှူဒါန်းပုံ ဒါန စသည်တို့ရဲ့အစွမ်းဖြင့် ဖြစ်ကြတယ်။ ဘုရားပွင့်တော်မူတဲ့ အခါမှာလဲ ဒီကမ္မဿကတညာဏ်ဖြင့် မဟာ ဒါနကြီးတွေကို ပြုလုပ်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ မရေတွက်နိုင်ပါဘူး။

အဓိပညာဆိုတာကတော့ ပညာဟူသမျှတို့ထက် လွန်ကဲတဲ့ မဂ်ဖိုလ်နှင့် ယှဉ်တဲ့ပညာကို ခေါ်တယ်။ ဒီအဓိပညာဟာ မြတ်စွာဘုရားတို့ပွင့်ထွန်းတော် မူတဲ့ အခါမှာသာ ပျံ့နှံ့နိုင်၊ ဖြစ်နိုင်တယ်။ မြတ်ဘုရားတို့ ပွင့်တော်မမူရင် ဒီပညာဟာ မဖြစ်နိုင်ပါဘူး။ ယခု ပြဆိုခဲ့တဲ့ သာမည သီလ အဓိသီလ၊ သာမညစိတ္တ အဓိစိတ္တ၊ သာမညပညာ အဓိပညာ ခြောက်မျိုး လုံးပင် ကျင့်ကြံ အားထုတ်ကြရမည့် တရားများ ဖြစ်ကြရာ သာမည ဖြစ်သော ငါးပါးသီလကို ရှေးဦးစွာ လုံခြုံအောင် ကျင့်ကြံအားထုတ်ကြ ပြီးလျှင် အဆင့်ဆင့် အဓိပညာကို ရသည့် တိုင်အောင် ကောင်းမြတ် စင်ကြယ်သော နှလုံးသားဖြင့် ကြိုးစား အားထုတ်နိုင်ကြပါစေသတည်း။

## ရန်ကုန်မြို့၊ အဘိဓမ္မာ ပြန့်ပွားရေးအသင်း၏
## ၁၃၂၀-ခု၊ (၁၀)ကြိမ်မြောက်
## အဘိဓမ္မာအခါတော်နေ့တွင်
## ဩဝါဒါစရိယ မူလပဋ္ဌာန်း ဆရာတော်ဘုရား၏
## အသံလွှင့်ဟောပြောချက်

ကမ္ဘာလောကကြီးမှာ ရှိနေကြတဲ့ လူတွေနတ်တွေ ဗြဟ္မာတွေနဲ့တကွ အပါယ် လောကမှာရှိကြတဲ့ သတ္တဝါတွေဟာ ဆန္ဒအမျိုးမျိုး၊ ဝါဒအမျိုးမျိုး၊ အဇ္ဈာသယအမျိုးမျိုး၊ ပုံပန်းသဏ္ဌာန်အမျိုးမျိုး၊ စိတ်ဓာတ်အမျိုးမျိုးရှိကြလေတော့ တစ်ဦးရဲ့သဘောအယူအဆနဲ့ တစ်ဦးရဲ့သဘောအယူအဆဟာ မတူကြပါဘူး၊ ကွဲပြားကြပါတယ်။ ဒါပေမယ့်လို့ အားလုံး မကွဲမပြားကြတဲ့ တူညီမှုကတော့ ချမ်းသာကို ရလိုကြမှု၊ ချမ်းသာကိုခံစားလိုမှုဖြစ်ကြတယ်။ ရှိရှိသမျှသတ္တဝါတွေဟာ ဒီချမ်းသာကို ရဖို့ရာအတွက် နည်းအမျိုးမျိုး၊ အကြံအမျိုးမျိုးတွေနဲ့ ရှာကြကြံကြ အားထုတ်ကြပါတယ်။ ဒီလိုရှာကြံကြ အားထုတ်ကြတဲ့ အခါ မှန်တဲ့အကြောင်း၊ မှားတဲ့ အကြောင်းရယ်လို့ နှစ်မျိုးရှိပါတယ်။ မျက်မြင်အားဖြင့် လူ့ပြည်လောကကြီးမှာ မိမိတို့လူမျိုး၊ မိမိတို့ တိုင်းပြည်အတွက်၊ မိမိတို့အဖွဲ့အတွက်၊ မိမိ ကိုယ်ကျိုး သက်သက်အတွက် စစ်ဖြစ်နေကြတာတွေ၊ သူပုန်ထနေကြတာ တွေ၊ ဓားပြတိုက်နေကြတာတွေ၊ ခိုးနေကြ လုနေကြတာတွေ၊ လာဘ်စား နေကြတာတွေ၊ မုဒိန်းကျင့်နေကြတာတွေဟာ ချမ်းသာ လိုချင်ကြလို့သာ ဖြစ်ပါတယ်။ ဒါပေမယ့် လောဘ ဒေါသစတဲ့ အကြောင်းခံ တရားဖြစ် လေတော့ ယခုဘဝမှာ ယိုက်သင့်တဲ့ ချမ်းသာကို ရပေမယ်လို့ တမလွန် လောကမှာ ဘယ်နည်းနဲ့မှ ချမ်းသာရကြောင်း မဟုတ်လို့ မှားနေတဲ့ အကြောင်းဖြစ်ပါတယ်။

လူတစ်ယောက်ဟာ နောက်ဘဝမှာ သိကြားမင်းကြီး၊ နတ်မင်းကြီး နတ်မိဖုရားကြီးတွေ ဖြစ်ချင်လို့ မြတ်တဲ့အကျင့်ကို ကျင့်နေတယ်။ ဒါပေ မယ့် သူ့ရဲ့အယူဝါဒကတော့ ချွတ်ယွင်းဖောက်ပြန် မမှန်ကန်တဲ့ သဿတ ဝါဒ၊ ဥစ္ဆေဒဝါဒဆိုတဲ့ အယူရှိနေမယ်။ ကာမဂုဏ်တွေကိုသာ ကြံစည်နေမှု

သူတစ်ပါးရဲ့ သေကြေပျက်စီးမှု၊ သူတစ်ပါးကိုညှဉ်းဆဲနှိပ်စက်ဖို့ရာအတွက်ကိုသာ ကြံစည်နေတဲ့ မှားယွင်းတဲ့အကြံအစည်ရှိနေမယ်။ လိမ်တတ် ကုန်းတိုက်တတ် ကြမ်းတမ်းတဲ့စကားမျိုးကို ပြောတတ်၊ ပြိန်းဖျင်းတဲ့စကားမျိုးကို ပြောဆိုတတ်တဲ့ စေတနာရှိနေမယ်။ သူတစ်ပါးအသက်ကို သတ်တတ်၊ ခိုးတတ်၊ သူတစ်ပါးရဲ့သားမယားကို ပြစ်မှားတတ်တဲ့ စေတနာရှိနေမယ်။ အသက်မွေးမှုကလဲ မမှန်ကန်ဘူး၊ အားထုတ်မှုမျိုးကလဲ အကုသိုလ်နဲ့ ယှဉ်နေမယ်။ သတိတရားရဲ့ ဆန့်ကျင်ဘက် အကုသိုလ်စိတ္တုပ္ပာဒ် မျိုးသာဖြစ်နေမယ်၊ မမှန်တဲ့ အကုသိုလ်နဲ့ ယှဉ်တဲ့တည်ကြည်မှုမျိုးရှိနေမယ်လို့ ဆိုရင်ဒီလူဟာ မိမိလိုလား တောင့်တတဲ့ အကျိုးကို မရနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့အကြောင်းခံက တဏှာဆိုတဲ့ လောဘဖြစ်နေလေတော့ ဒီလောဘက မြတ်သော အကျင့်ကို ဖျက်ဆီးနေ၍ လျောက်ပတ် မှန်ကန်တဲ့ အကြောင်းခံ မဟုတ်ပါဘူး။

ဥပမာအားဖြင့် ဆီကိုလိုချင်တဲ့လူဟာ သဲကို ခွက်ထဲထည့်ပြီး ရေဖျန်းကာ ဖျန်းကာ ဆီထွက်ပါစေ ဆီထွက်ပါစေလို့ လိုချင်လောဘကြီးပြီး ကြိတ်ပေမယ်လို့ အကြောင်းခံက မှားနေသော့ ဆီမရနိုင်ပါဘူး။ ထို့အတူ နွားနို့လိုချင်တဲ့လူဟာ သားငယ်ရှိတဲ့ နွားမရဲ့ဦးချိုကို သွားညှစ်လို့ နို့မရနိုင်ပါဘူး။ ဆီဦးကိုလိုချင်တဲ့လူဟာလဲ အိုးထဲမှာ ရေတွေထည့်ပြီး ကြိုးနဲ့ဆွဲလို့ ရနိုင်ပါ့မလား၊ မရနိုင်ပါဘူး။ ထို့အတူ မီးလိုချင်တဲ့လူဟာ စိုကလဲစို၊ အစေးတွေကလဲများလှတဲ့ထင်းကို မီးပွတ်ခုံမှာ ပွတ်လို့ မရနိုင်ပါဘူး။ ဒါတွေဟာ ဘာလဲဆိုရင် လုပ်ပုံကိုင်ပုံ အားထုတ်ပုံတွေဟာ ကံအကြောင်းမမှန်လေတော့ သေသည့်တိုင်အောင် မရမနေ ကြိုးစား အားထုတ်ပေမယ်လို့ သေသာ သေသွားလိမ့်မယ်၊ မိမိတို့ လိုလားတောင့်တတဲ့ အကျိုးတရားအမှန်တွေကို ဘယ်တော့မှမရနိုင်ပါဘူး။

ဒီလိုမဟုတ်ဘဲ အကြောင်းခံတရားတွေဟာ မှန်ကန်မယ် ဖြူစင်ဖြောင့်မတ်မယ်ဆိုရင်တော့၊ လိုလားတောင့်တတဲ့ အကျိုးတရားတွေ ချမ်းသာမှုတွေကို ရနိုင်ပါတယ်။ အကြောင်းခံမှန်ပုံကတော့ လူတစ်ယောက်ဟာ မြတ်သော အကျင့်ကို ကျင့်တဲ့အခါ သူ့မှာ ဖြူစင်ဖြောင့်မတ် မှန်ကန်တဲ့ ကမ္မဿကတာ စသော အယူဝါဒမျိုး ရှိရမယ်။ ကာမမှ ထွက်မြောက်လိုမှု၊ သူတစ်ပါးရဲ့ သေကြေပျက်စီးခြင်းမှ ကင်းဝေးစေလိုမှု၊ မညှဉ်းဆဲလိုမှုဆိုတဲ့ ဖြောင့်မှန်သော အကြံအစည်တွေ ရှိနေမယ်၊ မှန်ကန်တဲ့စကား အလုပ်အကိုင် အသက်မွေးမှုတွေ အောက်မေ့မှုတွေ မှန်ကန်တဲ့တည်ကြည်မှုတွေ ရှိနေမယ်ဆိုရင် မူလအကြောင်းခံတရားက မှန်ကန်လေတော့ အလိုရှိအပ် တောင့်တအပ်တဲ့ အကျိုးတရားတွေကို ရနိုင်ပါတယ်။

ဥပမာအားဖြင့် ဆီကိုလိုချင်တဲ့လူဟာ နှမ်းကို ဆုံထဲထည့်ပြီးရေဖျန်းကာ ဖျန်းကာ ကြိတ်ရင် ဆီရ၏။ နွားနို့ကို လိုချင်ရင်လဲ သားရှိနွားမရဲ့နို့က နို့ ရည်ကိုညှစ်ရင် ရတာပဲ၊ ဆီဦးကိုလိုချင်ရင် နို့ဓမ်းခေါ်တဲ့ ဒိန်ကို အိုးထဲထည့် ပြီးကြိုးနဲ့ဆွဲရင် ရတာပဲ။မီးကိုလိုရင် ခြောက်သွေ့နေတဲ့ထင်းကို မီးပွတ်ခုံမှာ ယူပြီး ပွတ်ရင် ရတာပဲ။ဒါတွေဟာ အကြောင်းခံမှန်လို့ပဲ၊ အကြောင်းခံမှန် ပါမှ မိမိတို့လိုချင်တဲ့အကျိုးတရားတွေကိုရနိုင်ပါတယ်။ယခုပြောပြခဲ့တဲ့တရား သဘောရဲ့လိုရင်းအချုပ်ကတော့ ယခုဘဝမှာပဲဖြစ်ဖြစ် နောင်ဘဝအတွက်မှာ ပဲဖြစ်ဖြစ် အကြောင်းခံတရားက မိစ္ဆာမဂ္ဂင်ဆိုင်ရာ အကုသိုလ် စိတ္တုပ္ပာဒ်တွေ အကုသိုလ်စေတနာတွေဖြစ်နေခဲ့လို့ရှိရင် လိုချင် တောင့်တတဲ့ ကောင်းကျိုး ကို မရရုံမက မကောင်းကျိုးကိုသာ ဖြစ်စေနိုင်ပါတယ်။ သမ္မာမဂ္ဂင်ဆိုင်ရာ ကုသိုလ်စိတ္တုပ္ပာဒ်တွေ ကုသိုလ်စေတနာတွေဖြစ်ရင် လိုချင်တောင့်တတဲ့ ကောင်းကျိုးများကိုပေးနိုင်ပါတယ်။ ပဋ္ဌာန်းတရားတော်ကြီးမှာလဲ "ကုသ လာစေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာဇရူပါနံ ကမ္မပစ္စယေန ပစ္စယော" ရယ်လို့ အကြောင်းခံ မှန်၍ ကောင်းကျိုးရပုံကို လည်းကောင်း၊ "အကု သလာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာဇ ရူပါနံ ကမ္မပစ္စယေန ပစ္စယော"ရယ်လို့ အကြောင်းခံမကောင်း၊ မမှန်ကန်၍ မကောင်းကျိုးပေး ပုံကို လည်းကောင်း ဟောထားပါတယ်။

ထိုမှတစ်ပါး ယခုလူ့ပြည်လောကမှာ ရှိကြတဲ့လူတိုင်းကို မေးကြည့်ပါ၊ မင်းတို့အသက်ရှည်ရှည် နေချင် ကြသလား၊ မြန်မြန် သေချင်ကြသလား၊ ရောဂါတွေများလှထူလှပြီး အိပ်ရာကပင် မထနိုင်တဲ့လူနာကြီး ဖြစ်နေချင် သလား၊ မင်းတို့လူတကာငေးကြည့်ရအောင် ရုပ်ဆင်းသဏ္ဌာန်လှပချင်ကြ သလား၊ ဒါမှမဟုတ် သူများမကြည့်ချင်အောင် အရုပ်ဆိုးဆိုးကြီး ဖြစ် ချင်ကြသလား။ အခြွေအရံ ပရိသတ်တွေနဲ့ သိုက်သိုက်ဝန်းဝန်း နေချင်ကြ သလား၊ တစ်ကိုယ်တည်းအထီးကျန် နေချင်ကြသလား၊ တိုက်ကြီး အိမ် ကြီး မော်တော်ကားကြီးတွေစီးပြီး ကမ္ဘာကိုလှည့်၊ ထင်သလိုသုံးဖြုန်း သည့်တိုင်အောင် မကုန်ခန်းအောင် ပစ္စည်းပေါများတဲ့သူဌေးကြီး သူကြွယ် ကြီး ဖြစ်ချင်ကြသလား။ ဒါမှမဟုတ် စားရမဲ့ သောက်ရမဲ့ ဆင်းဆင်း ရဲရဲ နေချင်ကြသလား၊ အထက်တန်းကျတဲ့ အမျိုးမှာဖြစ်ချင်ကြသလား၊ အောက်တန်းကျတဲ့ ဒွန်းစဏ္ဍာလအမျိုးမှာ ဖြစ်ချင်ကြသလား၊ လောကကြီး မှာ လောကီ လောကုတ္တရာ ပညာတတ်ကြီး တစ်ဆူဖြစ်ချင်သလား၊ ဘာ မှ မသိနားမလည်တဲ့လူပြိန်း, လူအ, လူန ဖြစ်ချင်ကြသလားလို့ မေးကြည့် စမ်းပါ။

ဒီလိုမေးတဲ့အခါမှ လူတိုင်းရဲ့ အဖြေကတော့ အသက်ရှည်ရှည် နေချင်ပါတယ်၊ နာခေျတဲ့ ရောဂါကလေးတောင် မခံစားချင်ဘဲ လုံးဝ ကျန်းမာချင်ပါတယ်၊ ဘယ်နေရာမှာမှ အပြစ်ပြောစရာမရှိဘဲ အချိုးကျကျလှပချင်ပါတယ်။ အခြွေအရံပရိသတ်အခိုင်းအစေတွေနဲ့တကွ သိုက်သိုက် ဝန်းဝန်းနေချင်ပါတယ်။မတောင့်မတ မကြောင့်ကြရဘဲ ချမ်းချမ်း သာသာနေချင်ပါတယ်။အမြတ်ဆုံး အမျိုးမှာ ဖြစ်ချင်ပါတယ်၊ လောကီလောကုတ္တရာ ပညာရှိကြီးတစ်ဆူဖြစ်ချင်ပါတယ်-ရယ်လို့ကလေးကအစ ဖြေဆိုကြမှာပဲ။ ဘာကြောင့်လဲဆိုတော့ အကောင်းဆိုရင် မကြိုက်တဲ့လူမရှိလို့ပါဘဲ။ ဒီလို အကောင်းတွေကြိုက်ကြ လိုချင်ကြတဲ့အတိုင်း ရအောင် ဘယ်လိုလုပ်ကြမလဲ၊ နည်းလမ်းကို ရှာကြရလိမ့်မယ်။ ရလာတဲ့နည်းလမ်းအတိုင်း ကျင့်ကြံအားထုတ်ကြရလိမ့်မယ်။

နည်းလမ်းကတော့ အသက်ရှည်ချင်ရင် သူတစ်ပါးအသက်ကို မသတ်ရပေဘူး၊ လက်နက်မစွဲကိုင်ရဘူး၊ သနားတတ်ရမယ်၊ သူတစ်ပါးရဲ့ စီးပွားမှုကြီးပွားမှုကို စောင့်ရှောက်ရမယ်။ အနာရောဂါမရှိ ကျန်းကျန်းမာမာ ဖြစ်ချင်ရင် သူတစ်ပါးကို လက်နဲ့ တုတ်နဲ့ ခဲနဲ့ လှံနဲ့ လက်နက်နဲ့ မညှဉ်းဆဲမနှိပ်စက်ရပေဘူး။ လှချင်ရင် စိတ်မဆိုးနဲ့၊ ဒေါသမကြီးနဲ့၊ သူတစ်ပါးက မိမိကို အပြစ်မရှိပါဘဲနဲ့ အပြစ်တင်မယ် ရှုတ်ချမယ်၊ မဟုတ်မဟတ်တာတွေ ပြောပေမယ်လို့ သည်းခံရလိမ့်မယ်။ ဒေါသမထွက်ရပေဘူး။ခြွေရံပရိသတ် ပေါများချင်ရင် သူတစ်ပါး ကြီးပွား ကောင်းစားနေတာကို လူအပေါင်းက ရှိသေမြတ်နိုး လေးစားနေတာကို မငြူစူရဘူး၊ မနာလိုမရှိရဘူး၊ မပြစ်မှားရဘူး၊ စည်းစိမ်ဥစ္စာ ပေါများလုတဲ့ သူဌေးကြီး သူကြွယ်ကြီး ဖြစ်ချင်ရင် ရဟန်းပုဏ္ဏား သက်ကြီးဝါကြီး ပုဂ္ဂိုလ်များအား ဆွမ်းထမင်း အဝတ်ပုဆိုး စသည်ကို ပေးလှူရပေမယ်။ အမျိုးမြတ်ချင်ရင် နှိမ့်ချတဲ့ မာန်မာနရှိရမယ်၊ ရှိခိုးထိုက်တဲ့ ဘုရားစသည်ကို ရှိခိုးရမယ်။ ခရီးဦးကြိုဆိုရမယ်၊ နေရာထိုင်ခင်း ပေးရမယ်။ ခရီး ရင်ဆိုင်တွေ့ရင် လမ်းဖယ်ပေးရမယ်၊ ရိုသေလေးစားထိုက်သူကို ရိုသေလေးမြတ်ရမယ်၊ မြတ်နိုးပူဇော်ထိုက်သူကို မြတ်နိုးပူဇော်ရမယ်၊ ပညာရှိ ဖြစ်ချင်ရင် တတ်သိနားလည်တဲ့ ရဟန်းတော်စသည်တို့ထံသို့လည်းကောင်း၊ လူကြီးမိဘ စသည်တို့ထံသို့လည်းကောင်း ချဉ်းကပ်ပြီး ကုသိုလ်ဆိုတာ ဘယ်တရားပါလဲ၊ အကုသိုလ်ဆိုတာ ဘယ်တရားပါလဲ၊ ဘယ်သဘောတရားဟာ အပြစ်ရှိပါသလဲ၊ ဘယ်သဘောတရားမှာ အပြစ်မရှိပါသလဲ၊ ဘယ်တရားကို မှီဝဲရပါမလဲ၊ ဘယ်တရားကို ရှောင်ကြဉ်ရပါမလဲ၊ ဘယ်လိုကျင့်ကြံခဲ့လို့ရှိရင် ကြာရှည်လေးမြင့်စွာ စီးပွားမဲ့ခြင်း ဆင်းရဲခြင်း

ဖြစ်ပါသလဲ၊ ဘယ်လိုကျင့်ကြံရင် ကြာရှည်လေးမြင့်စွာ စီးပွားဖြစ်ခြင်း ချမ်းသာခြင်း ဖြစ်နိုင်ပါသလဲလို့ လျှောက်ထား မေးမြန်းကြရမယ်။

ယခုပြောခဲ့တာတွေကို စဉ်းစားကြည့်ရင် လိုရင်းအကျဉ်းချုပ် ဘာတွေ တွေ့ရမလဲ။ နောက်နောင် ဘဝများက အသက် တိုကြောင်း ဖြစ် တဲ့ အကျင့်အကြံတွေကို ကျင့်ကြံခဲ့ကြတဲ့ လူများဟာ ယခုဘဝမှာ သူလုပ်ခဲ့တဲ့ အကြောင်းခံအတိုင်း အသက်တိုမှုဆိုတဲ့ အကျိုးတရားတွေ ဖြစ်လာတယ်။ အသက်ရှည်ရှည်နေကြရတဲ့လူများမှာလဲ အသက်ရှည်ကြောင်းကို ကျင့်ခဲ့ကြလို့ ဖြစ်တယ်၊ ကျန်းမာမှု အနာရောဂါများမှု စသည်တွေမှာလဲ ဒီသဘော အတိုင်း အကြောင်းအားလျော်စွာ အကျိုး ဖြစ်မှုပါပဲ။ ခုဘဝ ဖြစ်နေ ကြတဲ့ ကောင်း မကောင်း အကျိုး တရားတွေဟာ နောက်ဘဝများက မိမိတို့ ပြုလုပ်ခဲ့ကြတဲ့ ကောင်း မကောင်း အကြောင်းခံတရားတွေကြောင့် ဖြစ်ကြတယ်။ နိဗ္ဗာန်ရသည်အထိ နောက်နောင်ဘဝတွေမှာ အကောင်း တွေသာ ကြိုက်ကြ၊ အကောင်းတွေသာ ဖြစ်ချင်ကြရင်တော့ ပြောပြခဲ့တဲ့ အကျင့်ကောင်းတွေကို ကျင့်ကြရပေလိမ့်မယ်။ ကျင့်ကြံတယ်ဆိုတာကတော့ ကိုယ်ရေး ကိုယ်တာ ကိုယ်ပိုင်သဘောသာ ဖြစ်ပါတယ်။ မိတ် ဆရာများ ဆိုတာကတော့ ကောင်းတဲ့နည်းလမ်းကိုသာ ညွှန်ပြပေးနိုင်ပါတယ်။ အတု မရှိ မြတ်စွာဘုရားသော်မှ နည်းလမ်းကိုသာ ညွှန်ကြားတော်မူနိုင်ပါတယ်။ ညွှန်ကြားတော်မူတဲ့အတိုင်း ကျင့်ကြသူတွေမှာ ဆင်းရဲကင်းကြပြီး မွန်မြတ် လှတဲ့ ချမ်းသာကို ရကြပေပြီ။ မကျင့်တဲ့ သူတွေမှာတော့ ဆင်းရဲ ကျော်စ မတုံးနိုင် ဖြစ်နေပါတယ်။ ဒီလို မကျင့်တဲ့ပုဂ္ဂိုလ်တွေအတွက် မြတ်စွာဘုရား သော်မှ မတတ်နိုင်ပါဘူး။ ဒီတော့ ကိုယ့်ကိုယ်သာ ကိုယ့်ရဲ့ ကိုးကွယ်ရာ ဆိုတဲ့အတိုင်း မိမိတို့ ကိုယ်ကို မိမိတို့ သနားကြတယ်၊ ချစ်ကြတယ်၊ ကောင်းတာတွေချည်းသာ ဖြစ်ချင်ကြတယ် ဆိုရင် အထက်က ပြောပြခဲ့တဲ့ ပဋ္ဌာန်းတရားတော်အရ "ကုသလာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော" ဟူသော ကောင်းကျိုးတွေ ရဖို့ရာအတွက် ယခုဘဝမှစ၍ ဘဝသံသရာတစ်လျှောက်မှာ ဖိုလ်တည်းဟူသောအကျိုးကို ရနိုင်သည်အထိ ကျင့်ကြံ အားထုတ် နိုင်ကြပါစေဟု ဆယ်ကြိမ်မြောက် အဘိဓမ္မာ အခါတော်နေ့တွင် ပထမ အကြိမ် တိုက်တွန်း နှိုးဆော်လိုက် ပါသည်။

အဘိဓမ္မာ ဆိုတဲ့ သဘောကတော့ ယခု ပြောခဲ့တဲ့ အသက်ရှည်မှုမှာ တချို့က အသက်ရှည်တယ်၊ တချို့က ကိုးဆယ် တစ်ရာကျော်အောင်ပင် အသက်ရှည်ကြလေတော့ အသက်ရှည်မှုချင်းမတူပါဘူး။ ဘာကြောင့်လဲဆို အသက်သတ်မှုမှ ရှောင်ကြဉ်တဲ့နေရာမှာ စိတ်နေစိတ်ထားချင်း မတူကြဘူး။

နှလုံးသွင်းလဲ ကွဲပြားကြတယ်၊ သတ္တိချင်းလဲ ထူးထွေကြတယ်၊ စိတ်ရဲ့ သတ္တိအားလျော်စွာ ဖဿစေတနာ စတဲ့ ယှဉ်ဖက်တရားတွေရဲ့ သတ္တိတွေ ဟာလဲ အကုဉ်းချုပ်အားဖြင့် အယုတ် အလတ် အမြတ်ရယ်လို့ ကွဲပြား လာကြပါတယ်။ ဒီလိုအကြောင်းသတ္တိ ကွာခြားလေတော့ အကျိုးပေးမှာ ကွာခြားကြခြင်း ဖြစ်ပါတယ်။

ဓမ္မသင်္ဂဏီ ပါဠိတော်မှာ"ယသ္မိံသမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံဟောတိ၊ သောမနဿ သဟဂတံဉာဏသမ္ပယုတ္တံ" စသည်ဖြင့် ဟော ကုသိုလ် ပထမစိတ်ဖြစ်တဲ့ နေရာမှာ ဖြစ်ပုံချင်း သဘောတူရာကိုပေါင်း၍ စိတ်တစ်ခုဟု ဟောထားခြင်းဖြစ်ပါတယ်။

ဥပမာအားဖြင့် မိုးကုတ်က ထွက်တဲ့ ပတ္တမြားကို ကြည့်ပါ။ ပတ္တမြား ဆိုတဲ့ အမည်ကတော့ အတူတူပါပဲ။ ဒါပေမယ့် အရည်အရောင် စသည်တွေ အမျိုးမျိုး အဖုံဖုံ ကွဲပြားကြ ကွာခြားကြသလောက် တန်ဖိုးမှာလဲ များစွာ ကွာခြားကြပါတယ်။ ပြည်တန်တယ်ဆိုတဲ့ ပတ္တမြားရဲ့ အသွေးအရောင်ဟာ အပြစ်အနာအဆာ စသည်မှ ကင်းစင်သဖြင့် လွန်စွာ နှစ်သက် မြတ်နိုးဖွယ် ရှိသလို မိမိတို့ရဲ့ စိတ်ဓာတ်ကိုလည်း လောဘ၊ ဒေါသ စတဲ့ အပြစ်အနာ အဆာတွေကို တစ်ဆင့်ထက် တစ်ဆင့် အထက်တန်းကျကျ သန့်ရှင်းစေ၍ အသန့်ရှင်းဆုံး ဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ် အထိ ရအောင် အားထုတ်နိုင်ကြပါစေဟု ဒုတိယ အကြိမ် တိုက်တွန်း နိုးဆော်လိုက်ရပါ သတည်း။ ။

## ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏
## ၁၃၂၁-ခု (၁၁) ကြိမ်မြောက်
## အဘိဓမ္မာ အခါတော်နေ့တွင်
## သြဝါဒါစရိယ မူလ ပဌာန်း ဆရာတော်ဘုရား၏
## အသံလွှင့် ဟောပြောချက်

ကိလေသာ အာသဝေါတရားတွေ၊ အနုသယဓာတ်တွေ အကြွင်းမဲ့ ချုပ်ငြိမ်းတော်မူကြတဲ့ ရဟန္တာမဖြစ်သေးသ၍၊ သေသည်၏အခြားမဲ့ တမလွန် လောကမှာ ပဋိသန္ဓေနေကြရလိမ့်ဦးမည်။ ရဟန္တာအရှင်မြတ်ရဲ့ စုတိစိတ် တော်ကတော့ ပဋိသန္ဓေစိတ်အား အနန္တရသတ္တိနဲ့ ကျေးဇူးပြုမှုမရှိလေတော့ ဒုက္ခချုပ်ငြိမ်း ဘဝဇာတ်သိမ်းတော်မူကြပါတယ်။ ရဟန္တာမှတစ်ပါး သော တာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်နှင့်တကွ ပုထုဇဉ်များရဲ့ စုတိစိတ် က ပဋိသန္ဓေစိတ်အား အနန္တရ စသော သတ္တိဖြင့် ကျေးဇူးပြုကြောင်းကို ပဌာန်းပါဠိတော်မှာ "စုတိစိတ္တံ ဥပပတ္တိစိတ္တဿ" ဟု ဟောတော်မူပါတယ်။

အနုသယယမိုက် ခဏ္ဍဝါရမှာလဲ "ကာမဓာတုယာ စုတဿ ကာမဓာတုံ ဥပပဇ္ဇန္တဿ ကဿစိ သတ္တ အနုသယာ အနုသေန္တိ ကဿစိ ပဉ္စအနုသယာ အနုသေန္တိ အနုသယာ ဘင်္ဂါနတ္ထိ" စသည်ဖြင့် အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ပြည်ခြောက်ထပ်ဆိုတဲ့ ကာမ (၁၁)ဘုံမှာ သေကြတဲ့ပုဂ္ဂိုလ်များဟာ ကာမ(၁၁)ဘုံမှာ ပဋိသန္ဓေနေနိုင်ကြောင်း၊ ဈာန်ရတဲ့ ကာမသုဂတိ(၇) ဘုံက ပုဂ္ဂိုလ်သေလျှင် ရူပ၊ အရူပဘုံမှာဖြစ်နိုင်ကြောင်း စသည်ဖြင့် ကျယ် ဝန်းစွာ ဝေဖန်၍ ဟောထားပါတယ်။ အထက်က ပြခဲ့တဲ့ ပါဠိရဲ့ အကျဉ်း ချုပ် ဆိုလိုရင်းကတော့ ယခု အပါယ်လေးပါးမှာ ဖြစ်နေကြတဲ့ ပုဂ္ဂိုလ်တွေ ဟာ အပါယ်လေးဘုံမှာလဲ ထပ်၍ ဖြစ်နိုင်တယ်။ လူ့ပြည်မှာလဲ ဖြစ်နိုင် တယ်။ နတ်ပြည်ခြောက်ထပ်မှာ နတ်တွေလဲ ဖြစ်နိုင်တယ်၊ ထိုနည်းတူစွာ ယခု လူ့ပြည်နတ်ပြည်မှာ ရှိနေကြတဲ့ လူတွေနတ်တွေဟာ လူတွေလဲ ထပ်၍ ဖြစ်နိုင်တယ်၊ နတ်တွေလဲ ထပ်၍ဖြစ်နိုင်တယ်၊ ခွေး, ဝက်, ကြက်, ငှက် စတဲ့ တိရစ္ဆာန်တွေ ပြိတ္တာတွေ အသုရကာယ်တွေလဲ ဖြစ်နိုင်တယ်။ ငရဲငယ်တွေမှ အဝီစိတိုင်အောင်သော ငရဲကြီးတွေမှာ ဖြစ်နိုင်တယ်။ လူ့ပြည်မှာ တိုးတက်

နေတဲ့လူဦးရေကိုကြည့်ရင် တိကောင်စတဲ့ ပြိတ္တာဘဝကလဲ လာနိုင်တယ်။ အပါယ်ငရဲ နတ်ပြည် ဗြဟ္မာပြည်ကလဲလာပြီး လူ ဖြစ် နိုင် တယ်၊ အကျဉ်းချုပ်ကတော့ ယခု ကာမ(၁၁) ဘုံမှာ ရှိနေကြတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်တွေဟာ သေကြတဲ့အခါ အကုသိုလ်ကံအကျိုးပေးခွင့်ရရင် အပါယ်လေးပါးမှာ ဖြစ်ကြလိမ့်မယ်၊ ကုသိုလ်ကံ အကျိုးပေးခွင့်ရရင် လူ့ပြည် နတ်ပြည်မှာ ဖြစ်ကြရမယ်။ သူတို့ဟာ ပုထုဇဉ်ဖြစ်လေတော့ သူတို့ရဲ့သန္တာန်မှာ အနုသယ (၇) ပါး ကိန်းအောင်းနေတယ်။ လူ့ပြည် နတ်ပြည်မှာရှိကြတဲ့ သောတာပန်၊ သကဒါဂါမ်များသေတဲ့အခါ လူ့ပြည်၊ နတ်ပြည်မှာသာဖြစ်ကြတော့မယ်။ ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာနုသယ နှစ်ပါးကို အကြွင်းမဲ့ ပယ်ထားလေတော့ အပါယ်လေးဘုံမှာ ဖြစ်ခွင့်မရ တော့ဘူး၊ အနုသယလဲ ငါးပါးသာ ကိန်းတယ်။

ဒီနေရာမှာ ရဟန္တာပုဂ္ဂိုလ်မှတစ်ပါးသော ပုဂ္ဂိုလ်တွေဟာ သေပြီးရင် ကိုစွမတုံးရသေးဘဲ ဘာဖြစ်လို့ တစ်ဖန် ပဋိသန္ဓေနေရသလဲဆိုရင် မျက်မြင်အားဖြင့် သတ္တဝါတွေရဲ့ သန္တာန်မှာ နေ့စဉ်ရက်စဉ် နာရီစဉ် မိနစ်စဉ်နှင့် အမျှ ကာယကံမှုတွေ၊ ဝစီကံမှုတွေ၊ မနောကံမှုတွေ အမြဲဖြစ်နေကြတယ်။ ဒီလိုပြုတိုင်း ပြောတိုင်း ကြံစည်တိုင်း ကာယကံမှု စသည်တွေမှာ ကောင်း မကောင်း အားလျော်စွာ ကုသိုလ်အကုသိုလ်စေတနာတွေပါလာကြတယ်။ အဲဒီစေတနာတွေဟာဥပါဒ်ဌီဘင် စေ့လို့ချုပ်ကွယ် သွားကြပြီဆိုရင်လည်း ဘာတစ်ခုမျှ အစအနမကျန်အောင် ချုပ်ကွယ်သွားကြတာ မဟုတ်ဘဲ နောင်အခါ ပဋိသန္ဓေစတဲ့အကျိုးကို ပေးဖို့ရာအတွက် ၎င်းတို့ရဲ့သတ္တိကို ထားခဲ့တယ်။ ဒီစေတနာတို့တွင် လောကီကုသိုလ် အကုသိုလ် စေတနာက ပဋိသန္ဓေကျိုး ပဝတ္တိကျိုး နှစ်မျိုးလုံးကို ပေးတယ်။ မဂ်စေတနာက ပဝတ္တိအခါမှာသာ အကာလိက အခါမလင့် အကျိုးကိုပေးတယ်။ ထိုသို့ပေးကြောင်းကို ပဋ္ဌာန်းပါဠိတော်မှာ "ကုသလာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော၊ အကုသလာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော"လို့ဟောတယ်။

ဒီကံတရားတွေနှင့်တကွ ဝိပါက်တရားတို့၏ ထူးခြားပုံများကို ပဋိသမ္ဘိဒါ မဂ်ပါဠိတော်၌ "အဟောသိကမ္မံ အဟောသိကမ္မ ဝိပါကော အဟောသိကမ္မံ န အဟောသိကမ္မဝိပါကော"စသည်ဖြင့်ကမ္မကထာရယ်လို့ တစ်သီးတခြား အကျယ် ဝေဖန်ကာ ဟောထားပါတယ်။ ဒီကမ္မကထာကို မဟောခင် ရှေးဦးစွာ သိထားရမှာက ဇော(၇)ကြိမ် စောတဲ့ ဝီထိတစ်ခုမှာ ကုသိုလ် အကုသိုလ် ပထမ ဇော စေတနာကို ဒိဋ္ဌဓမ္မဝေဒနီယကံလို့ ခေါ်တယ်။ ဒီပထမဇောစေတနာဟာ ယခုဘဝ အကျိုးပေးရင်ပေး မပေးရင်

အဟောသိကံဖြစ်သွားတယ်။ အဆုံးသတ္တမဇော စေတနာဟာ ဒုတိယဘဝမှာ အကျိုးပေးရင်ပေး၊ မပေးရင်အဟောသိကံဖြစ်သွားတယ်။ အလယ်ဇောငါးချက် စေတနာကိုတော့ အပရာပရိယကံလို့ခေါ်တယ်။ တတိယဘဝကစ၍ နိဗ္ဗာန်ရသည်တိုင်အောင် သံသရာမပြတ်သေးသရွေ့ အခွင့်ရတိုင်း အကျိုးပေးတယ် အဟောသိကံဖြစ်မသွားဘူး၊ အထက်က ပြောခဲ့တဲ့ ကံ ၁၂ ပါးဆိုတာ—

၁။ အတိတ်ဘဝက ပြုခဲ့ကြတဲ့ ဒိဋ္ဌဓမ္မ ဝေဒနီယကံ၊ ဥပပဇ္ဇ ဝေဒနီယကံ၊ အပရာပရိယ ဝေဒနီယကံတွေဟာ အတိတ်ဘဝမှာပဲ အကျိုးပေးဖို့ရာ ရင့်ကျက်ခဲ့ကြပြီးဖြစ်၍ အတိတ်ဘဝမှာပင် အကျိုးပေးခဲ့ကြပြီး၊ ယခု ပစ္စုပ္ပန်ဘဝ အနာဂတ်ဘဝကို လိုက်၍ အကျိုးပေးစရာ မလိုတော့ပြီ။ ဒီလိုကံမျိုးကို "အဟောသိ ကမ္မံ အဟောသိ ကမ္မဝိပါကော" ကံလည်းဖြစ်ခဲ့ပြီး ဒီကံရဲ့ အကျိုးတရားလည်း ဖြစ်ခဲ့ပြီးရယ်လို့ ဆိုရတယ်။

၂။ အတိတ်ဘဝက ပြုခဲ့တဲ့ ဒိဋ္ဌဓမ္မဝေဒနီယကံ၊ ဥပပဇ္ဇဝေဒနီယကံများဟာ အဟောသိကံ ဖြစ်မှုစတဲ့ အကြောင်းချို့တဲ့လေတော့ အတိတ်ဘဝမှာ အကျိုးမပေးနိုင်တော့ဘူး။ တိုမှတစ်ပါး ပုဂ္ဂိုလ်တစ်ယောက်ဟာ အတိတ်ဘဝမှာ ဒိဋ္ဌဓမ္မ ဝေဒနီယကံ၊ ဥပပဇ္ဇ ဝေဒနီယကံ၊ အပရာ ပရိယကံတွေ ရှိပေမယ့်လို့ ဒီပုဂ္ဂိုလ်က ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံသွားတော့ ဒီကံတွေဟာ အကျိုးပေးခွင့် မရတော့ဘူး။ ဒီလိုကံမျိုးကို "အဟောသိကမ္မံနာဟောသိကမ္မ ဝိပါကော" ကံတော့ဖြစ်ပါရဲ့၊ ကံရဲ့ အကျိုးတော့ မဖြစ်တော့ဘူးလို့ဆိုရတယ်။

၃။ အတိတ်ဘဝက ပြုခဲ့တဲ့ကံဟာ မရင့်ကျက်သေးလို့ အတိတ်ဘဝမှာ အကျိုးမပေးနိုင်ဘဲ ပစ္စုပ္ပန်ဘဝမှာမှ အကြောင်းပြည့်စုံလို့ အကျိုးလာပေးတယ်။ ဒီကံမျိုးကို "အဟောသိ ကမ္မံ အတ္ထိ ကမ္မ ဝိပါကော" ကံလည်းဖြစ်ခဲ့ပြီး၊ ကံ၏အကျိုးလည်း ရှိတယ်လို့ဆိုရတယ်။

၄။ အတိတ်ဘဝကပြုခဲ့တဲ့ကံဟာ အတိတ်ဘဝ ပစ္စုပ္ပန်ဘဝတွေမှာ အကျိုးပေးဖို့ရာအတွက် အထက်ကပြခဲ့တဲ့အတိုင်း သူ့အပိုင်းအခြားကာလကို လွန်နေလို့ အကျိုးမပေးတော့ဘဲ အဟောသိကံ ဖြစ်သွားတဲ့ ကံမျိုး၊ ပစ္စုပ္ပန်ဘဝမှာလည်း ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ပြုသွားသဖြင့် အကျိုးမပေးလိုက်ရတဲ့ကံမျိုး၊ ဒီလိုကံမျိုးတွေကို "အဟောသိကမ္မံ နတ္ထိ ကမ္မဝိပါကော" ကံတော့ဖြစ်ခဲ့ပါရဲ့၊ ကံရဲ့ အကျိုးကတော့ မရှိဘူးလို့ဆိုရတယ်။

၅။ အတိတ်ဘဝက ပြုခဲ့တဲ့ကံတွေဟာ အကျိုးပေးထိုက်တဲ့ ကံတွေ တော့ ဟုတ်ပါရဲ့၊ ဒါပေမယ့်အကျိုးပေးဖို့ရန် ဒီကံတွေဟာမရင့်ကျက်ကြ သေးလေတော့ အတိတ်ဘဝ ပစ္စုပ္ပန်ဘဝတွေမှာ အကျိုးပေးခွင့်မရကြဘူး၊ အနာဂတ်ဘဝမှာမှ အကြောင်းပြည့်စုံလို့ အကျိုးလာပေးတဲ့ ကံမျိုးကို "အဟောသိ ကမ္မံ ဘဝိဿတိ ကမ္မ ဝိပါကော" ကံဖြစ်ခဲ့ပြီး ကံရဲ့အကျိုး လည်း နောင်အခါဖြစ်လတ္တံ့လို့ ဆိုရတယ်။

၆။ အတိတ်ဘဝက ပြုခဲ့တဲ့ ကံတွေဟာ အကျိုးပေးဖို့ရာကာလကို လွန်သွားလေတော့ အနာဂတ်ဘဝမှာ အကျိုးမပေးတော့တဲ့ ကံမျိုးနှင့် အနာဂတ် ဘဝမှာလည်း အကျိုးမပေးခင် ပရိနိဗ္ဗာန် ပြုလတ္တံ့ ဖြစ်၍ အနာဂတ်ဘဝမှာ အကျိုးမပေးတော့တဲ့ ကံမျိုးတွေကို "အဟောသိ ကမ္မံ န ဘဝိဿတိ ကမ္မဝိပါကော" ကံကတော့ဖြစ်ခဲ့ပြီ၊ ကံရဲ့အကျိုး ကတော့ မဖြစ်တော့ဘူးလို့ ဆိုရတယ်။ ဤသို့လျှင် အတိတ်ဘဝက ပြုခဲ့ တဲ့ ကံများဟာ အတိတ် ပစ္စုပ္ပန် အနာဂတ် ဘဝများမှာ အကျိုးပေး မပေး ရယ်လို့ ခြောက်ပါးရှိတယ်။

၇။ ပစ္စုပ္ပန်ဘဝမှာပြုတဲ့ ဒိဋ္ဌဓမ္မ ဝေဒနီယ ကံဟာ ပစ္စုပ္ပန်ဘဝမှာ ပင် အကျိုးပေးတဲ့အခါ "အတ္ထိကမ္မံ အတ္ထိကမ္မ ဝိပါကော" ကံရှိတယ်၊ ကံရဲ့အကျိုးလည်းရှိတယ်လို့ ဆိုရတယ်။

၈။ ပစ္စုပ္ပန်ဘဝမှာပြုတဲ့ ဒိဋ္ဌဓမ္မ ဝေဒနီယကံမှ တစ်ပါးသော ကံ တွေဟာ အကြောင်းချို့တဲ့ကြလို့ ဒီဘဝမှာ အကျိုးမပေးတဲ့ကံမျိုး၊ ထိုမှတစ်ပါး ပစ္စုပ္ပန်ဘဝမှာပဲ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ပြုလေတော့ ပစ္စုပ္ပန်ဘဝမှာ အကျိုးမပေးတော့တဲ့ ကံမျိုးတွေကို "အတ္ထိကမ္မံ နတ္ထိကမ္မ ဝိပါကော" ကံကတော့ရှိပါရဲ့၊ ကံရဲ့အကျိုးတော့ မရှိဘူးလို့ ဆိုရတယ်။

၉။ ပစ္စုပ္ပန်ဘဝမှာပြုတဲ့ ဥပပဇ္ဇဝေဒနီယကံ၊ အပရာပရိယ ဝေဒနီယ ကံတွေဟာ အနာဂတ်ဘဝမှာ အကျိုးပေးလတ္တံ့ဖြစ်၍ "အတ္ထိကမ္မံ ဘဝိဿတိ ကမ္မဝိပါကော" ကံလည်းရှိတယ်၊ အကျိုးလည်းဖြစ်လတ္တံ့လို့ ဆိုရ တယ်။

၁၀။ ပစ္စုပ္ပန်ဘဝမှာပြုတဲ့ ဥပပဇ္ဇဝေဒနီယကံဟာ အကြောင်းချို့တဲ့ လို့ အကျိုးပေးခွင့်မရဘဲ အနာဂတ်ဘဝမှာ အကျိုးမပေးခဲ့သော ကံမျိုး၊ အနာဂတ်ဘဝမှာ အကျိုးပေးရမယ့် အပရာပရိယ ဝေဒနီယကံကလည်း အကျိုးမပေးခင် ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံခဲ့လို့ အကျိုးမပေးတဲ့ ကံမျိုး ကို "အတ္ထိကမ္မံ န ဘဝိဿတိ ကမ္မဝိပါကော" ကံကတော့ ရှိပါရဲ့၊

ကံရဲ့အကျိုးကတော့ မဖြစ်တော့ဘူးရယ်လို့ ဆိုရတယ်။ဤသို့ ပစ္စုပ္ပန်ဘဝမှာ ပြုတဲ့ ကံဟာ ပစ္စုပ္ပန်ဘဝ အနာဂတ်ဘဝများမှာ အကျိုးပေး, မပေးရယ်လို့ လေးပါး ရှိတယ်။

၁၁။ လာလတ္တံ့သော အနာဂတ်ဘဝမှာ ပြုလတ္တံ့ဖြစ်တဲ့ ကံဟာ အနာဂတ် ဘဝမှာပင် အကျိုးပေးလတ္တံ့ ဖြစ်လေတော့ "ဘဝိဿတိ ကမ္မံ ဘဝိဿတိ ကမ္မဝိပါကော" ကံလည်း ဖြစ်လတ္တံ့၊ ကံရဲ့အကျိုးလည်းဖြစ်လတ္တံ့ လို့ ဆိုရတယ်။

၁၂။ လာလတ္တံ့သော အနာဂတ်ဘဝမှာ ပြုလတ္တံ့ ဖြစ်တဲ့ ကံဟာ အကျိုးပေးလတ္တံ့ဖြစ်တဲ့ အကြောင်းချို့တဲ့လို့ အကျိုးမပေးလတ္တံ့သော ကံမျိုး၊ အနာဂတ် ဘဝမှာပဲ အကျိုးမပေးခင် ပရိနိဗ္ဗာန်ပြုလတ္တံ့ ဖြစ်၍ အကျိုးမပေးတော့လတ္တံ့သော ကံမျိုးကို "ဘဝိဿတိ ကမ္မံ န ဘဝိဿတိ ကမ္မဝိပါကော" ကံကတော့ ဖြစ်လတ္တံ့၊ ကံရဲ့အကျိုးကတော့ မဖြစ်လတ္တံ့လို့ ဆိုရတယ်၊ ဤသို့အနာဂတ် ကံဟာ အနာဂတ် ဘဝမှာ အကျိုးပေးလတ္တံ့၊ မပေးလတ္တံ့ရယ်လို့ နှစ်ပါး ရှိပါတယ်၊ အားလုံးပေါင်းယင် ကံအပြား (၁၂)ပါး ရှိပါတယ်။

ခုပြောသွားတဲ့ ကံမျိုးတွေနဲ့ ဒီကံတွေရဲ့ အကျိုးပေးပုံတွေကို ခုလို ခပ်ကျယ်ကျယ် စုံစုံနဲ့ ပြောပြမှုကတော့ ဒီကံကို ဝေဖန်တဲ့ နေရာမှာ လူတိုင်းလိုလို သိပြီးဖြစ်ကြပြီး ထင်ရှားတဲ့ နည်းမျိုးကတော့ ကြားနေကြရလို့ မထူးဆန်းလှပေမယ့် ယခုပြောခဲ့တဲ့ ကံဝေဖန်ပုံကတော့ ရပ်သူရွာသား အနေနဲ့ ကြားရ သိရဖို့ ခဲယဉ်းလို့ ကံတို့ဖြစ်ပုံတွေကို ဝေဝေဆာဆာ သိစေလိုတဲ့ သဘောနဲ့ ဟောလိုက်တာပဲ။ ကံဆိုတဲ့ သဘောဟာ သတ္တလောကကြီးမှာ ကေန် ရှိတဲ့ တရားတစ်ခုပဲ ရှိကြောင်းကိုလဲ ညာဏ်၊ ဝီရိယ စတဲ့ ဟခြားသော သဘောတွေနဲ့ စိစစ်လို့ မရတဲ့ ဖြစ်ရပ်မျိုး ကိစ္စမျိုးတွေမှာ ဒီကံရဲ့ သတိကို မယူရင် ဘာသဘောကို ယူကြမလဲ။

မျက်မြင်အားဖြင့် တစ်ဦးနဲ့တစ်ဦး ဖြစ်ပုံချင်း မတူတာတွေ၊ ကောင်းကျိုး ဆိုးကျိုး မတူတာတွေကို ကြည့်ခြင်း အားဖြင့် လည်းကောင်း၊ လူ့ဘဝ လူ့ဇာတ်နဲ့ မတူကြတဲ့ တိရစ္ဆာန်တွေကို ကြည့်ခြင်းအားဖြင့်လည်းကောင်း ကံဆိုတဲ့ သဘောတရားတစ်ခုဟာ ကေန် ရှိကြောင်း ထင်ရှားပါတယ်။ တစ်နည်းအားဖြင့် ယခုအခါမှာ လောကဓာတ် ပညာ လွန်စွာကြီးပွားနေလို့ ဂြိုဟ်တုကို ပြုလုပ်နိုင်စွမ်းတဲ့ လောကဓာတ် ပညာရှင်ကြီး တွေဟာ အသက်ရှိတဲ့သူဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ် သူတို့ရဲ့ လောကဓာတ်ပညာနဲ့

ပြုလုပ်ပေးနိုင်ကြရဲ့လား၊ ခုလဲမလုပ်နိုင်၊ နောင်လဲ ဘယ်တော့မှ လုပ်နိုင်မှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲ ဆိုရင် သက်ရှိ သတ္တဝါရဲ့ ဖြစ်မှု ကံဟာ ပဓာန အကြောင်းရင်းဖြစ်တယ်၊ ကံနဲ့ ကင်းလို့ မဖြစ်နိုင်ဘူး။ ရှေးခေတ်က အဘိညာဉ်ရ ပုဂ္ဂိုလ်များဟာ လူစတဲ့သတ္တဝါတွေကို အဘိညာဉ်တန်ခိုးနဲ့ ဖန်ဆင်းပေမယ့် ဒီဖန်ဆင်းအပ်တဲ့ သတ္တဝါတွေမှာအသက် မပါကြဘူး၊ အရုပ်တွေလိုပဲ၊ သူတို့ရဲ့ တန်ခိုးကြောင့် ပြောဆိုလှုပ်ရှားနေပေမယ့် သံပတ်ပေးထားတဲ့ အရုပ်တွေနဲ့ အတူတူပဲ၊ အသက်နဲ့ တူတာဆိုလို့ သန်း တစ်ကောင် ကြမ်းပိုး တစ်ကောင်တောင် မဖန်ဆင်း နိုင်ပါဘူး၊ ဒါကြောင့် သက်ရှိသတ္တဝါ ဖြစ်မှုဟာ ကံသာ အကြောင်းရင်း ဖြစ်ကြောင်း ထင်ရှားပါတယ်။ ယခုပြောခဲ့တဲ့ အကြောင်းတွေကို နက်နက်နဲနဲ စဉ်းစားကြည့်ရင် ကံကို တွေ့ရလိမ့်မယ်

ဒီကံတွေနဲ့ ၎င်းတို့ရဲ့ အကျိုးပေးပုံတွေကို ဟောပြနေတဲ့ ရည်ရွယ်ချက်ကတော့ လူရယ်လို့ ဖြစ်လာရရင် တစ်နေ့ သေရမှာ ကိန်းသေတယ်၊ သေတော့ ဘာပစ္စည်း တစ်ခုမှ ပါမသွားဘူး၊ ယူမသွားနိုင်တာဟာလဲ ကိန်းသေတယ်၊ ယူသွားနိုင်မှာ ပါမှာက မိမိတို့ နေ့တိုင်း နာရီတိုင်း မိနစ်တိုင်း ပြုလုပ်ပြောဆို ကြံစည်နေကြတဲ့ ကောင်း, မကောင်း ကံတရားတွေရဲ့ သတ္တိ ဖြစ်တယ်။ သာယာနှစ်သက်စရာ၊ ချမ်းသာသုခ လွန်စွာနည်းပါးလှပြီး ဆင်းရဲဒုက္ခ များပြားလှတဲ့ပြင် တိုတောင်းလှသော သက်တမ်းရှိတဲ့ လူ့ဘဝ လောကမှာ သူရော ငါပါ ယခုဘဝလည်းမကောင်း၊ နောင်ဘဝများမှာလည်း ဆင်းရဲကြောင်း ဖြစ်တဲ့ မကောင်းသော ပြုလုပ်မှု၊ ပြောဆိုမှု၊ ကြံစည်မှုတွေကို စွမ်းနိုင်သမျှ ရှောင်ရှား ပယ်စွန့်ကြ၍ နိဗ္ဗာန်ရသည်အထိ ကောင်းကျိုးချမ်းသာကို ပေးစွမ်းနိုင်သော ကောင်းမြတ်သော ပြုလုပ်ပြောဆို ကြံစည်မှုတို့ကိုပြုလုပ်, ပြောဆို ကြံစည်နိုင်ကြပါစေဟု ယခု (၁၁) ကြိမ်မြောက် အဘိဓမ္မာ အခါတော်နေ့တွင် မေတ္တာတရား ရှေ့ထား၍ တိုက်တွန်း နှိုးဆော်လိုက်ပါသတည်း။ ။

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏

၁၉၂၂-ခု၊ (၁၂) ကြိမ်မြောက်

အဘိဓမ္မာအခါတော်နေ့

# ဩဝါဒါစရိယ မူလ ပဋ္ဌာန်းဆရာတော်ဘုရား၏

## အသံလွှင့်ဟောပြောချက်

နမေဒိဋ္ဌော ဣတော ပုဗ္ဗေ၊ န သုတော ဥဒကဿစိ၊
ဧဝံ ဝဂ္ဂုဂတော သတ္ထု၊ တုသိတာ ဂဏိမာ ဂတော။

ဧဝံ ဝဂ္ဂုဂတော၊ ဤကဲ့သို့ ဘုန်းကျက်သရေကြီးမားစွာနှင့် ကြွလာတော်မူသော။ သတ္ထု၊ မြတ်စွာဘုရားကို။ ဣတော၊ တာဝတိံသာ နတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ ကြွဆင်းတော်မူရာ ဤအခါမှ။ ပုဗ္ဗေ၊ ရှေးဖြစ်သောကာလ၌။ မေ၊ ငါသည်။ န ဒိဋ္ဌော၊ မြင်လည်း မမြင် စဖူး။ ဥဒကဿစိ၊ တစ်စုံတစ်ယောက်သောသူ၏ အထံမှလည်း။ နသုတော၊ ကြားလည်းမကြားစဖူး။ တုသိတာ၊ လူ-နတ်-ဗြဟ္မာ- သတ္တဝါ အပေါင်းကို နှစ်သက် တော် မူစေ နိုင်သော။ ဂဏိမာ၊ လူအပေါင်း နတ်အပေါင်း ဗြဟ္မာအပေါင်းတို့၏ အရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဂတော၊ ကြွလာတော်မူခဲ့လေပြီ။

ဒီဂါထာဟာ နှောက် နှစ် ပေါင်း ၂၅၀၀ ကျော်က အရှင်သာရိပုတ္တရာရဲ့ သန္တာန်မှာ ပရိနိဗ္ဗာန် မစံမီ တစ်ဘဝလုံး တစ်ခါမှ မမြင်ဘူး၊ ဘယ်သူပြောသံမှလဲ မကြားဘူး၊ ယနေ့လို သီတင်းကျွတ်လပြည့်နေ့ ညနေချမ်းအချိန် မြတ်စွာဘုရား တာဝတိံသာ နတ်ပြည်မှာ အဘိဓမ္မာတရားတော် ဟောပြီး သင်္ကဿ နဂိုရ်ပြည်သို့ ကြွလာတော်မူတဲ့ အခါမှာ ချီးကျူးတဲ့ဂါထာ ဖြစ်ပါတယ်။

အကြောင်းကတော့ သီတင်းကျွတ်လပြည့်နေ့မှာ တာဝတိံသာနတ်ပြည်နဲ့ သင်္ကဿနဂိုရ်ပြည်ဟာ ရွှေ၊ ငွေ၊ ပတ္တမြား စောင်းတန်းသုံးသွယ်ဖြင့် ဆက်သွယ်ထားတယ်။ အထက် ဘဝဂ်၊ အောက် အဝီစိ ဖိလာအားဖြင့် စကြဝဠာတစ်သိန်းအတွင်းမှာ မြတ်စွာဘုရား၏ တန်ခိုးတော်

ကြောင့် ဟင်းလင်းအပြင်ကြီး ဖြစ်နေလေတော့ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေဟာ အချင်းချင်း မြင်နိုင်ကြတယ်။ ဒီအခါမှာ မြတ်စွာဘုရားဟာ ရောင်ခြည်တော်ခြောက်သွယ် လွှတ်ပြီး အလယ်ပတ္တမြား စောင်းတန်းဖြင့် ဆင်းတော်မူတယ်။ ဗြဟ္မာများက လက်ယာငွေစောင်းတန်း၊ နတ်များက လက်ဝဲ ရွှေစောင်းတန်းနဲ့ ဆင်းကြတယ်။ ဒီလို ဆင်းတဲ့အခါ ဗြဟ္မာမင်းကြီးက မြတ်စွာဘုရားအား ထီးဖြူတော်ကြီးဆောင်းပြီး လိုက်တယ်။ သုယာမနတ်သားက သားမြီးယပ်ကို ခတ်တယ်။ မာတလိနတ်သားက ပန်းနံ့သာများကိုပူဇော်တယ်။ ပဥ္စသိခနတ်သားက ဗေလုဝစောင်းကို တီးတယ်။

ဒီလို အနန္တ လောကဓာတ်တစ်ခုလုံးမှာ ရှိကြတဲ့ ကျက်သရေ အမျိုးမျိုးကို တန်ခိုးတော်ဖြင့် နှိမ်နင်းပြီး အဘိဓမ္မာတရားကိုဟောအပြီး တာဝတိံသာနတ်ပြည်မှ သက်ဆင်း ကြွလာတော်မူတဲ့ မြတ်စွာဘုရားကို သင်္ကာနဂိုရ်ပြည် စောင်းတန်းဦး က ခရီး ဦး ကြို ပြု နေ တဲ့ အရှင်သာရိပုတ္တရာ မြင်တော်မူတဲ့အခါ ပြိုင်ဘက်မရှိအောင် ကြီးကျယ်လှတဲ့ မြတ်စွာဘုရားရဲ့ ကျက်သရေတွေကို ဖူးမြင်ရတဲ့အတွက် လွန်စွာ ချီးမွမ်းအံ့သြပြီး အဃက်ပါ ထုတိဂါထာကို ရွတ်ဆိုခြင်း ဖြစ်ပေတယ်။ အရှင်သာရိပုတ္တရာသာမဟုတ်၊ ဖူးမြင်ကြတဲ့ ပုဂ္ဂိုလ်ဟူသမျှ ဒီလို ကျက်သရေတွေ ရချင်ကြလို့ ဘုရားဆုမတောင်းတဲ့ ပုဂ္ဂိုလ်တောင် မရှိကြဘူး။

တာဝတိံသာနတ်ပြည်မှာ မြတ်စွာဘုရား ဟော ကြား တော် မူ ခဲ့ တဲ့ အဘိဓမ္မာတရားတော်ထဲမှ (၁၂) ကြိမ်မြောက် အဘိဓမ္မာနေ့မှာ ပဋိစ္စသမုပ္ပါဒ်အကြောင်းကို အနည်းငယ် ဟောပြောလိုပါတယ်။ ပဋိစ္စသမုပ္ပါဒ်တရား တော် မှာ သုတ္တန္တဘာဇနီယနည်း၊ အဘိဓမ္မဘာဇနီယနည်းရယ်လို့ နှစ်မျိုး ရှိပါတယ်။ ''အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ''စသည်ဖြင့် အနမတဂ္ဂ သံသရာကြီးတစ်ခုလုံးကို ငုံမိအောင် ဘုံအမျိုးမျိုး၊စိတ္တက္ခဏ အမျိုးမျိုးဖြင့် ဝေဖန်၍ ဟောထားသော နည်းမှာ သုတ္တန္တဘာဇနီယနည်းဖြစ်တယ်။

''အဝိဇ္ဇာ ပစ္စယာ သင်္ခါရော'' စသဖြင့်လည်းကောင်း၊ ''ကုသလ မူလ ပစ္စယာ သင်္ခါရော''စသည်ဖြင့်လည်းကောင်း၊ သတ္တဝါတို့ရဲ့ စိတ်အစဉ်မှာ စိတ္တက္ခဏတိုင်း ဖြစ်ပေါ်နေတဲ့ တရားများကို ဝေဖန်၍ ဟောတဲ့ နည်းမှာ အဘိဓမ္မ ဘာဇနီယန ည်းဖြစ်ပါတယ်။ ယနေ့ စိတ္တက္ခဏတစ်ခုမှာ ဖြစ်နေတဲ့ ပဋိစ္စသမုပ္ပါဒ် အဘိဓမ္မဘာဇနီယနည်းကို ဟောပြပါမယ်။

ယခု ဟုန်းကြီးဟောနေတဲ့ တရားသံဆိုတဲ့ သဒ္ဒါရုံကို အာရုံပြုပြီး ဝမ်းမြောက် ဝမ်းသာ ဉာဏ်နှင့်ယှဉ်ပြီး တရားနာနေကြတဲ့ ပုဂ္ဂိုလ်များရဲ့ သန္တာန်မှာ ဓမ္မဿဝနကုသိုလ်ဆိုတဲ့ မဟာကုသိုလ် ဉာဏသမ္ပယုတ် ပထမစိတ်

ဖြစ်နေကြောင်းကို "ယတသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ၊ သောမနဿ သဟဂတံ ဉာဏသမ္ပယုတ္တံ၊ သဒ္ဒါရမ္မဏံ အာရဗ္ဘ" လို့ ဟောပါတယ်။ ဒီကုသိုလ်စိတ် ဖြစ်ပေါ်တဲ့အခါမှာ သူ့ သက်သက် ဖြစ်ပေါ်တာ မဟုတ်ပါဘူး၊ ယှဉ်ဖော် ယှဉ်ဘက် စေတသိက် (၃၃) ခုလဲ အတူတကွ ပါလာကြတယ်၊ ဒီ စေတသိက်တွေ ထဲမှာ အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ ကုသိုလ်မူလ တရားသုံးပါး ရှိပါတယ်။အဲဒီ ကုသိုလ် မူလတရား သုံးပါးအကြောင်းခံပြီး ကုသိုလ်မူလနှင့် တကွ ကုသိုလ်စေတနာဆိုတဲ့ "ပုညာဘိသင်္ခါရော" လို့ ဟောပါတယ်။ စိတ္တက္ခဏတစ်ခုမှာ စေတနာတစ်ခုသာရှိလို့ သင်္ခါရာလို့ ဗဟုဝုစ်နဲ့မဟောဘဲ သင်္ခါရော လို့ ဧကဝုစ်နဲ့ ဟောပါတယ်။

သုတ္တန္တဘာဇနီယနည်းမှာတော့အဝိဇ္ဇာကြောင့်ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဥ္ဇာဘိသင်္ခါရ ဖြစ်တယ်လို့ ဟောပါတယ်။ အဘိဓမ္မဘာဇနီယနည်းမှာတော့ အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရ၊ ကုသိုလ်မူသုံးပါး ကြောင့် ပုညာဘိသင်္ခါရ၊ အာနေဥ္ဇာဘိသင်္ခါရ-စသည်တို့ ဖြစ်တယ်လို့ ဟော ပါတယ်။ အကြောင်းကတော့ စိတ္တက္ခဏတစ်ခုအတွင်းမှာသာ ဟောလေ တော့ အဝိဇ္ဇာဆိုတဲ့ အကုသိုလ်တရားဟာ ပုညာဘိသင်္ခါရဆိုတဲ့ ကုသိုလ် တရားနဲ့ အတူတကွ မဖြစ်နိုင်ပါဘူး။ ပဋ္ဌာန်းနည်းနဲ့တော့ သမ္ပယုတ္တသတ္တိ မျိုး မဖြစ်နိုင်ပါဘူး။၊ သမ္ပယုတ္တသတ္တိမျိုး ဖြစ်နိုင်တဲ့ တရားတွေကိုသာ ဟောနေပါတယ်။ ဒီတော့ ယခု တရားနာနေတဲ့အခိုက် မိမိတို့ သန္တာန်မှာ ပုညာဘိသင်္ခါရခေါ်တဲ့ အကျိုး မဟာကုသိုလ် ဉာဏသမ္ပယုတ် စေတနာ ဖြစ် မှုဟာ အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ အကြောင်းကြောင့် ဖြစ်နေ တယ်လို့ သိကြရပါတယ်။ တစ်ဖန် ပုညာဘိသင်္ခါရ မဟာကုသိုလ် စေတနာ က အကြောင်း၊ ၎င်းနှင့်ယှဉ်တဲ့ မဟာကုသိုလ် ဉာဏသမ္ပယုတ် ဝိညာဉ်က အကျိုး ဖြစ်ကြောင်းကို "သင်္ခါရပစ္စယာ ဝိညာဏံ" လို့ ဟောပါတယ်။ ထို နည်းတူစွာ မဟာကုသိုလ် ဉာဏသမ္ပယုတ် ဝိညာဉ်က အကြောင်း၊ ၎င်းနှင့် ယှဉ်တဲ့ စေတသိက် ၃၃-ခုဆိုတဲ့ စေတသိက်နာမ်ခန္ဓာသုံးပါးက အကျိုးဖြစ် ကြောင်းကို "ဝိညာဏပစ္စယာနာမံ" ရယ်လို့ ဟောပါတယ်။ ဒီမှာလဲ စိတ္တက္ခ ဏ တစ်ခုထဲမှာသာ အကျုံးဝင်တဲ့ တရားဟူသမျှကို သိမ်းကျုံး၍ ယူလိုမှု စိတ် ဖြစ်နိုင်တဲ့ ကာမ၊ ရူပ၊ အရူပဘုံဘဝ အားလုံးနဲ့ ဆက်ဆံစေလိုမှုကြောင့် "ဝိညာဏပစ္စယာ နာမရူပံ" လို့မဟောဘဲ "ဝိညာဏပစ္စယာ နာမံ" လို့ ဟောပါတယ်။ ရူပံပါလျှင် အရူပဘုံ မရနိုင်တော့ပါ။

တစ်ဖန် ဒီစေတသိက် ခန္ဓာသုံးပါးက အကြောင်း၊ ဒီစေတသိက် ၃၃- ပါးနဲ့ ယှဉ်တဲ့ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်က အကျိုး ဖြစ်ကြောင်းကို

"နာမပစ္စယာ သဠာယတနံ"လို့ ဟောပါတယ်။ မဟာကုသိုလ် စိတ္တက္ခဏ တစ်ခုအတွင်းမှာ သဠာယတန ခေါ်တဲ့ မနာယတနသာ ဖြစ်နိုင်တယ်။ ကြွင်းကျန်တဲ့ ပဉ္စာယတန ဖြစ်လို့ မရဘူး။ ထို့အတူ "သဠာယတန ဟေ အကြောင်း၊ ၎င်းနှင့်ယှဉ်တဲ့ ဖဿာ အကျိုးဖြစ်ကြောင်းကို"သဠာယတန ပစ္စယာ ဖဿော"လို့ ဟောပါတယ်။ ဖဿက အကြောင်း၊ ဖဿနှင့်ယှဉ်တဲ့ ဝေဒနာ အကျိုး ဖြစ်ကြောင်းကို "ဖဿ ပစ္စယာ ဝေဒနာ"လို့ဟောတယ်။ ဝေဒနာက အကြောင်း၊ ဝေဒနာနှင့် ယှဉ်တဲ့ ကြည်ညိုခြင်း၊ ယုံကြည်ခြင်း သဒ္ဓါဆိုတဲ့ ပသာဒက အကျိုး ဖြစ်ကြောင်းကို "ဝေဒနာပစ္စယာ ပသာ ဒေါ"လို့ ဟောပါတယ်။ စိတ္တက္ခဏ တစ်ခုရဲ့ အခိုက်အတန့်ကလေးကို ဝေဖန်၍ ဟောတော်မူတဲ့ ဒေသနာဖြစ်သောတော့ တဏှာနှင့် မဟာကုသိုလ်ဟာ လုံးဝ သက်ဆိုင်မှု မရှိလို့ ပသာဒေါလို့ ဟောပါတယ်။ ဒီပသာဒဟာ တဏှာလိုပဲ အာရုံသို့ မြဲမြံစွာ သက်ဝင်မှုရှိတယ်၊ တင်ဖန် ယုံကြည်မှု ပသာဒ က အကြောင်းကို သဒ္ဓါနှင့်ယှဉ်တဲ့ အဓိမောက္ခက အကျိုး ဖြစ်ကြောင်းကို "ပသာဒ ပစ္စယာ အဓိမောက္ခော"လို့ ဟောပါတယ်။ တဏှာကဲ့သို့ပင် ဥပါ ဒါန်နှင့် မဆိုင်ပါဘူး။ ဥပါဒါန်ဟာ ဥပါဒါနိယ တရား တို့မှာ စွဲစွဲမြဲမြဲ ကျ ရောက်ဖြစ်ပွားသလို အဓိမောက္ခတရားဟာလဲ ကြည်ညို ယုံကြည်ဖွယ်ဖြစ်တဲ့ ပသာဒနိယ တရားတို့၌ စွဲစွဲမြဲမြဲ ကျွတ်ကျွတ်လွှတ်လွှတ် ကျရောက် ဖြစ်ပွား တတ်ပါတယ်။ ဒီလို သဘောချင်း တူလို့ ဥပါဒါန်နေရာမှာ အဓိမောက္ခ ကို ဟောပါတယ်၊

ထို့ပြင် ဒီအဓိမောက္ခက အကြောင်း၊ အဓိမောက္ခ ကြဉ်တဲ့ ကုသိုလ် နာမက္ခန္ဓာ ၄-ပါးက အကျိုး ဖြစ်ကြောင်းကို "အဓိမောက္ခ ပစ္စယာ ဘဝေါ" ရယ်လို့ ဟောပါတယ်။ ဘဝက အကြောင်း၊ မဟာကုသိုလ်နာမ် ၏ ဖြစ်မှု ဇာတိက အကျိုး ဖြစ်ကြောင်းကို "ဘဝ ပစ္စယာ ဇာတိ"လို့ ဟောတယ်။ ဇာတိက အကြောင်း၊ နာမ်တရားတို့ရဲ့ ရင့်ရော်မှု၊ချုပ်ဆုံးမှု၊ ဇရာမရဏက အကျိုး ဖြစ်ကြောင်းကို "ဇာတိပစ္စယာ ဇရာမရဏံ"လို့ ဟော ပါတယ်၊ သောကစတဲ့ တရားတွေဟာ စိတ္တက္ခဏ တစ်ခုထဲမှာ ဖြစ်ဘာ မဟုတ်ဘဲ အထူးထူးသော စိတ်မှာ ဖြစ်လို့ မဟောတော့ဘူး။ ဇာတိ ဇရာ မရဏ တို့ကိုတော့ စိတ္တက္ခဏ မဟုတ်ပေတဲ့ စိတ္တက္ခဏ ထဲမှာ အဟွင်းဝင် နေလို့ ဟောတယ်။

ယခု ပြောပြခဲ့တဲ့ "ကုသလမူလ ပစ္စယာသင်္ခါရော" စသည်ဖြင့် မိမိတို့ သန္တာန် စိတ္တက္ခဏ တစ်ခုထဲမှာ ဖြစ်နေတဲ့ ပဋိစ္စသမုပ္ပါဒ် သဘောတရားတွေ ဟာ ချမ်းသာမှု သုခဆိုလို့ လုံးဝ မရှိ၊ ဒုက္ခတုံး ဒုက္ခခဲကြီးတွေသာ ဖြစ်နေ တာပဲလို့ ပြဋ္ဌာန်းခြင်းငှာ "ဧဝ မေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမု

ဒယော ဟောတိ''လို့ ဟောတော်မူတယ်။ ယခု ပြောခဲ့တဲ့ မဟာကုသိုလ်စိတ္တက္ခဏ တစ်ခုရဲ့ အခိုက်အတန့်မှာ ပဋိစ္စသမုပ္ပါဒ် သဘော ဖြစ်ပေါ်ပုံကို ဟောတော်မူသလို အားလုံးသော ပုထုဇဉ် အရိယာတို့ရဲ့ သန္တာန်မှာ စိတ္တက္ခဏတိုင်း ဖြစ်ပေါ်နေကြတဲ့ လောဘ စတဲ့ အကုသိုလ် စိတ်တွေ' စက္ခုဝိညာဉ်စတဲ့ အဟိတ် စိတ်တွေ၊ ချမ်းနိုစိတ်တွေ၊ မဂ် ဖိုလ် စိတ်တွေမှာလဲ ဟောတော်မူပါတယ်။ စိတ် ၈၉-ခုလုံးမှာ တစ်ခုမှ အကြွင်းအကျန်မရှိ ဟောတော်မူပါတယ်။ ဒီလို ဟောတာကို စဉ်းစားကြည့်ရင် မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာက စီးဆင်းလာတဲ့ ရေတွေဟာ သမုဒ္ဒရာထဲရောက်တဲ့အခါ သမုဒ္ဒရာက ရေတစ်စက်ကို ယူပြီး ဟော်ဒါက ဂင်္ဂါမြစ်ကလာတဲ့ရေ၊ ဟောဒါက မည်သည့်မြစ်ငယ်ကလာတဲ့ရေရယ်လို့ အသီးသီးခွဲခြားပြီး ပြောပြဖို့ကလွယ်သေးတယ်။ ဥပမာပြဖို့ မလွယ်ကူလောက်အောင် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ကုဋေတစ်သိန်းမက ဖြစ်ပျက်နေကြတဲ့နာမ်တရားတွေထဲက စိတ္တက္ခဏတစ်ခုအတွင်းမှာပင် ဒါက အလောဘ စသည်၊ ဒါက စေတနာ၊ ဒါက ဖဿ၊ ဒါက ဝေဒနာစသည်ဖြင့် အသီးသီးသော မိမိတို့ဆိုင်ရာ ကိစ္စကို ဆောင်ရွက်နေပုံနှင့်တကွ ဒါက အကြောင်း တရား၊ ဒါက အကျိုး တရားလို့ ခွဲခြားဝေဖန်၍ ဟောတော်မူနိုင်မှုဟာ ဘယ်သူ ဘယ်နတ် ဘယ်ဗြဟ္မာရဲ့ အရာမှ မဟုတ်ပါဘူး။ လေးစားစွာ ယုံကြည်အပ်တဲ့ သဗ္ဗညုတ ဉာဏ်တော်ရှင် မြတ်စွာဘုရားရဲ့ အရာသာ ဖြစ်ပါတယ်။

ပြောပြခဲ့တဲ့ မဟာကုသိုလ် စိတ်တစ်ခု၊ စေတသိက် ၃၃-ခု ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်အရ အကြောင်းက အကျိုးကို ကျေးဇူးပြုတဲ့ ပဋ္ဌာန်းနည်းအရ၊ သူ့အကြောင်းနဲ့သူ အကျိုး တစ်ပါးစီ တစ်ပါးစီ အကျယ် ဝေဖန်၍ ပြောပြဖို့ အချိန်မရှိတာနဲ့ အကျဉ်းနည်း ပြောပြပါမယ်။ မဟာကုသိုလ် စိတ္တုပ္ပါဒ် ပဋိစ္စသမုပ္ပါဒ် ဖြစ်တဲ့ အထဲမှာ မူလတရား စေတနာ၊ စိတ်၊ ဖဿ၊ ဝေဒနာ စတဲ့ တရားတွေ ပါနေလေတော့ ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ပစ္စည်းတို့ဖြင့် ယထာရဟ ကျေးဇူးပြုကြပါတယ်။ အသီးသီး ကျေးဇူးပြုမှုအတွက်ကိုတော့ ပဋ္ဌာန်းဆရာများ ခွဲခြားဝေဖန်နိုင်ပါလိမ့်မယ်။ မခက်ပါဘူး၊ ဘဝက ဇာတိကို ကျေးဇူးပြုတဲ့ နေရာမှာတော့ ဇာတိဆိုတာ သင်္ခတလက္ခဏာ ဖြစ်လေတော့ သုတ္တန်နည်း၊ ဥပနိဿယသတ္တိဖြင့်သာ ကျေးဇူးပြု နိုင်ပါတယ်။ ဇာတိက ဇရာ,မရဏကို ကျေးဇူးပြုရာမှာလဲ ဥပနိဿယပင် ဖြစ်ပါတယ်။

ယခုပြောပြခဲ့တဲ့ ပဋိစ္စသမုပ္ပါဒ် တရားတော်ဟာ သဘာဝအားဖြင့် လွန်စွာ နက်နဲ သိမ်မွေ့သော်လည်းအဘိဓမ္မာ အခြေခံရရှိပြီး သူများရဲ့အဖို့

မှာ တော့ မ ခက် ခဲ လှ ပါ ဘူး၊ နားလည် ကြပါလိမ့်မယ်။ အဘိဓမ္မာ အခြေခံရမှုဟာ လွန်စွာ တန်ဖိုး ရှိလှပါတယ်။ မည်သည့်ပုဂ္ဂိုလ်က မည်သို့ပင် ဟောပြောစေကာမူ ဟုတ်တယ်၊ မဟုတ်ဘူး။ မှန်တယ်၊ မှားတယ် စသည်ဖြင့် ရွေ(စစ်, မစစ်)ကို မှတ်ကျောက်ပေါ်တင်ပြီး စမ်းသပ်တဲ့အခါ သိရသလို မိမိတို့အဘိဓမ္မာအသိဉာဏ်တည်းဟူသော မှတ်ကျောက်ပေါ်တင်၍ ဆုံးဖြတ်နိုင်ကြပါတယ်။ ယခုအခါ မြန်မာပြည်မှာ ပြည်ပမှ ဝါဒအမျိုးမျိုး ဝင်နေရုံမက ပြည်တွင်း၌လည်း ဝါဒအမျိုးစုံ ပေါ်ပေါက် နေရာ၊ ထို ဝါဒတွေကို လက်ခံယုံကြည်မှု၊ ဟုတ်များဟုတ်လေ သလားဟု တွေးတောမှုများမှာ အဘိဓမ္မာ အခြေခံ မရှိသူများသာ များပြားကြ ပေလိမ့်မယ်။

ယခုအခါ မြန်မာပြည်မှာ အဘိဓမ္မာ တရား တော်ကြီးဟာ နေ့လ အသွင် ထင်ရှား တည်ရှိဆဲ ဖြစ်ပါတယ်။ ဆူးလေရင်ပြင်တော် အဘိဓမ္မာ ပြန့်ပွားရေးအသင်းမှ အစ ထိုထိုမြို့ရွာများ၌ သင်ကြားပေးလျက် ရှိနေကြပါတယ်။ မဂ်ဖိုလ်ရမှုဆိုတာလဲ အဘိဓမ္မာရဲ့ သဘာဝကို မသိဘဲမရနိုင်ပါဘူး။ ပထဝီ အာပေါ စတဲ့ သဘာဝ၊ ဖဿ ဝေဒနာ စတဲ့ သဘာဝတွေကို သိရပါတယ်။ ပရမတ္ထ အစစ်အမှန် ဖြစ်တဲ့ ရုပ်နာမ် တရားကို သိရမယ်လို့ ဆိုပါတယ်။ ဒါကြောင့် ယခု ပစ္စက္ခဘဝမှာ ဝါဒအမျိုးမျိုးတို့၏ ဟုတ်မဟုတ်၊ မှန်မမှန်ကို တွန်းလှန် ပယ်ဖျက်ခြင်းငှာလည်း စွမ်းနိုင်ရုံမက မဂ်ဖိုလ်ရသည်အထိ ကျေးဇူးများလှသော ဤ အဘိမ္မာ တရားတော်ကြီးကို မိမိတို့ စိတ်အား ကိုယ်အား ရှိသလောက် အချိန်မှအောင်ယူကြ၍ ကြိုးစား အားထုတ်ကြစေလိုကြောင်း (၁၂) ကြိမ်မြောက် အဘိဓမ္မာ အခါတော်နေ့တွင် တိုက်တွန်း နှိုးဆော်ပါသတည်း။ ။

## ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏
## ၁၃၂၃-ခုနှစ်၊ (၁၃)ကြိမ်မြောက်
## အဘိဓမ္မာ အခါတော်နေ့တွင်

# ဩဝါဒါစရိယ မူလ ပဋ္ဌာန်း ဆရာတော်ဘုရား၏
# အသံလွှင့် ဟောပြောချက်

ယနေ့သည် (၁၃)ကြိမ်မြောက် အဘိဓမ္မာ အခါတော်နေ့ဖြစ်သည့်အား လျော်စွာ အဘိဓမ္မာ ပဋ္ဌာန်းတရားတော်ကြီးကို အနည်းငယ် ဟောပြပါ မယ်။ ပဋ္ဌာန်းတရားတော်ကြီးဆိုတာ ခက်ခဲနက်နဲ သိမ်မွေ့ နူးညံ့တယ်၊ သဗ္ဗညုတ ဉာဏ်စွမ်းဖြင့် မရေမတွက်နိုင်သော နည်းတို့ဖြင့် ဟောထား တယ်။ ဒီတော့ ငါတို့အရာမဟုတ်၊ ငါတို့နဲ့မဆိုင်၊ ဘာမှ နားလည်မှာ မဟုတ်ဘူးရယ်လို့၊ များစွာသော ပုဂ္ဂိုလ်တို့ ထင်မှတ်ကောင်း ထင်မှတ်ကြ ပေလိမ့်မယ်။ ပဋ္ဌာန်း တရားတော်ကြီးဟာ ခက်တယ် နက်တယ် ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် နားမလည် နိုင်လောက်အောင် မဟုတ်ပါဘူး။ ဘာဖြင့်လို့လဲဆိုရင် ဒီပဋ္ဌာန်းမှာ ဟောထားတဲ့ တရားတွေဟာ သတ္တဝါ တွေရဲ့ သန္တာန်မှာ နေ့စဉ် နာရီစဉ် မိနစ်စဉ် စက္ကန့်စဉ်နှင့်အမျှ ဖြစ်ပေါ်နေ ကြတဲ့ တရားသဘောတွေကို ဟောထားတာ ဖြစ်ပါတယ်။ထို့ပြင် အဘိဓမ္မာ ဆိုတာ အရိယာ ဖြစ်လာတဲ့အခါ ပဋိသမ္ဘိဒါဉာဏ်ရကြောင်းသာဖြစ်တယ်၊ သုတ္တန်တွေလို မဂ် ဖိုလ် ရကြောင်း မဂ် ဖိုလ် ရနိုင်တဲ့ တရား မဟုတ်ဘူးလို့ ချို့ ယူဆတတ်ကြတယ်၊ ဒီလိုလဲ မယူဆစေချင်ပါဘူး၊ဘာကြောင့်လဲလို့ သာဓကပြရရင် မိလိန္ဒပဉ္စာမှာ "အရှင်ဘုရား နာဂသေန၊ တပည့်တော်မ သည် အသက်အရွယ် ကြီးရင့်ခဲ့ပါပြီ၊ နက်နဲသော တရားဖြင့် တပည့်တော်မ အား အနုမောဒနာပြုတော်မူပါ"ဟုခွင့်တောင်းတဲ့အခါ အရှင်နာဂသေနက နက်နဲလှတဲ့ သုညတ မဂ်ဖိုလ်နိဗ္ဗာန်နဲ့ စပ်ယှဉ်တဲ့ အဘိဓမ္မာတရားကို ဟောတဲ့ အခါ ဥပါသိကာမကြီးဟာ သောတာပန် ဖြစ်ရုံမကဘဲ အရှင်နာဂသေနမှာလဲ မိမိဟောတဲ့ တရားကို ဆင်ခြင်၍ ဝိပဿနာ ပွားတဲ့အခါ သောတာပန် ဖြစ် သွားပါတယ်။ ထိုနည်းတူ ပါဠိလိပုတ် သူဌေးအား အဘိဓမ္မာ ဒေသနာကို

ဟောတဲ့အခါ သူဌေးလဲ သောတာပန် ဖြစ်သွားပါတယ်။ ယခု တွေ့ကြုံဆဲ အကြောင်းကို ဥပမာလို့ ပြောရမယ်ဆိုယင် ငွေနှစ်ကျပ် အကုန်ခံပြီး သိန်းထီ ထိုးတဲ့ ပုဂ္ဂိုလ်ဟာ အင်မတန် ကံကောင်းလှပါမှ နှစ်ကျပ်နဲ့ ရင်းနှီးပြီး ငွေ တစ်သိန်း ရနိုင်ပါတယ်။ ဒါပေမယ့် မသေချာပါဘူး၊ တစ်ပြားမှ မရဘဲ ရှုံး ထောင်လုံး ဆုံးရှုံးတဲ့ ပုဂ္ဂိုလ်တွေက များပြားကြပါလိမ့်မယ်။

ပဋ္ဌာန်းတရားတော်က ဒီလိုမဟုတ်ပါဘူး၊ ငွေတစ်ကျပ်ကို ဒါန်ပြုတဲ့ ပုဂ္ဂိုလ်ဟာ တစ်ကျပ်က တစ်ရာ ဖြစ်နိုင်တဲ့နည်း၊ တစ်ထောင် ဖြစ်နိုင်တဲ့နည်း၊ သိန်း၊ သန်း၊ ကုဋေ ဖြစ်နိုင်တဲ့ နည်း၊ ကုဋေပေါင်း များစွာ ဖြစ်နိုင်တဲ့ နည်း တွေ ဖြစ်ပါတယ်။ ဒီပဋ္ဌာန်း လှူဒါန်းနည်းကတော့ "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော၊ ဒါနံ ဒတွာ တံ ပစ္စဝေက္ခတိ" လို့ ဟောတဲ့ နည်းပါပဲ။ ဒါနဆိုတာ ကိုယ့်စိတ်ချမ်းသာမှုရဲ့အကြောင်း ဖြစ်တယ်။ စည်းစိမ်ချမ်းသာ ပြည့်စုံမှုရဲ့ မူလတရားဖြစ်တယ်။ ပစ္စုပ္ပန် တမလွန် လောကမှာ ဒါနနဲ့ တူတဲ့ မျိုးရာ၊ တည်ရာ၊ ဆွဲကိုင်ရာ၊ ကိုးကွယ် လဲလျောင်း ပုန်းအောင်းရာ၊ မှီခိုရာ မရှိ။ မျိုးရာ ဖြစ်၍ ရာနှာ (၇) ပါးဖြင့် စီခြယ်ထားတဲ့ သီဟာသန ပလ္လင်နဲ့တူတယ်၊ တည်ရာဖြစ်လို့ မဟာပထဝီ မြေကြီးနဲ့ တူတယ်၊ ဆွဲကိုင်ရာဖြစ်လို့ ကြိုးနဲ့ တူတယ်၊ဆင်းရဲမှ လွတ်မြောက် တတ်လို့ လှေနဲ့ တူတယ်၊ သက်သာရာကို ရစေနိုင်လို့ စစ်မြေပြင်မှ သူရဲ ကောင်းနဲ့ တူတယ်၊ ဘေးရန်အပေါင်း ကို ကာဆီးတတ်လို့ အင်မတန် ခိုင်ခံ့ ခံ့ခံ့ ဆောက်လုပ်ထားတဲ့ မြို့ရိုးနဲ့ တူတယ်။ မစ္ဆေရ အညစ်အကြေးတို့ လိမ်းကပ်မှု မရှိလို့ ပဒုမ္မာကြာရှက်နဲ့ တူတယ်၊ ထို အညစ်အကြေးတွေကို လောင်မြိုက်စေတတ်လို့ မီးနဲ့ တူတယ် စသည်ဖြင့်လည်းကောင်း၊ ဒါနဟာ လောကမှာ မင်းစည်းစိမ်၊ စကြဝတေးစည်းစိမ်၊ သကြား-မာရ်နတ်-ဗြဟ္မာ-စည်းစိမ်တို့ ပေးနိုင်တယ်။သာဝက ပါရမီဉာဏ်၊ပစ္စေက ဗောဓိဉာဏ်၊ သမ္မာသမ္ဗောဓိဉာဏ်ကို ပေးနိုင်တယ် စသည်ဖြင့်လည်းကောင်း၊ ငါသည် ယခုအခါ ဘုရားစသောသူတော်ကောင်းတို့ ဖြည့်ဆည်းပူးတော်မူကြတဲ့ ဒါန ပါရမီကို ဖြည့်ဆည်းပူးရပေပြီလို့ လှူဒါန်းလိုက်တဲ့ ဒါန စေတနာကို အာရုံပြုပြီး ဆင်ခြင်လိုက်မယ်ဆိုရင် လှူဒါန်းလိုက်တဲ့ ဒါနကုသိုလ်စေတနာ က အာရုံ အကြောင်းတရား ဖြစ်တယ်၊ ဆင်ခြင်တဲ့ ကာမကုသိုလ်က အာရမ္မဏိက အကျိုးတရား ဖြစ်တယ်။

ဒီပုဂ္ဂိုလ်ဟာ ဆင်ခြင်တိုင်း ဆင်ခြင်တိုင်း ကုသိုလ် အသစ်အသစ်တွေ ရနေတယ်၊ ၁၀ ကြိမ် ဆင်ခြင်ရင် ဆယ်ကြိမ်ရမယ်၊ အကြိမ်တစ်ရာ ထောင်၊ သောင်း၊ သိန်း၊ သန်း၊ ကုဋေ ဆင်ခြင်ရင် ကုဋေတိုင်အောင်ပဲ ရနိုင်ပါတယ်။ လှူတုန်းက တစ်ကျပ် လှူခဲ့ပေမယ့် ဆင်ခြင်တဲ့ အပရ စေတနာတွေကို

တိုးပွားသလောက် တိုးပွားနိုင်ပါတယ်။ တစ်နည်းအားဖြင့် ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တိုင်း ဒါနကို ပြုကြသေတော့ ဒါနကို ဘာ့ကြောင့် ပြုကြတယ်၊ ဘာရည်ရွယ်ချက်နဲ့ ပြုသင့်ကြဘယ်ဆိုတာကို သိနားလည်သင့်ကြပေတယ်။

လောကမှာ သတ္တဝါဟူသမျှ ဆင်းရဲတာကို မည်သူမျှ မကြိုက်ကြ မလိုချင်ကြဘူး၊ ကိုယ်ဆင်းရဲရ၊ စိတ်ဆင်းရဲရမယ်ဆိုရင် အင်မတန် တုန်လှုပ်ကြ၊ ကြောက်ကြတယ်၊ ဒါပေမယ်လို့ ရှောင်လို့ မရဘူး၊ ရင်ဆိုင်ကြရမှာပဲ။ ဒီဆင်းရဲတာ ဘာကြောင့် ဖြစ်ရသလဲလို့ အကြောင်းရှာရင် သမုဒယ လောဘကြောင့် ဖြစ်ရကြောင်း၊ သစ္စာဒေသနာတော်အရ တွေ့ရမယ်၊ လောဘ ကြီးလေ ဆင်းရဲလေသာလေပဲ၊ လူ့လောကမှာ လောဘဆိုတဲ့ သမုဒယ အကြောင်းခံပြီး ချမ်းသာနေကြ၊ ကြီးပွားနေကြတဲ့ ပုဂ္ဂိုလ်တွေဟာ မော်တော်ကားကြီး တဝီဝီနဲ့ နေရာဘာကာမှာ သူမပါရင် မပြီးသလောက် ဖြစ်နေပေမယ့်လို့ သူတွေကိုနေမှ ခံစားနေရတဲ့ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုတွေ မည်မျှ ထုထည် ကြီးမားနေသည်ကို သူကိုယ်တိုင် အသိဆုံး ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် သမုဒယာစွမ်း လောင်မြက်လှမှုကြောင့် လောဘက ဖုံးလွှမ်းထားမှုကြောင့် ဒီလိုပြုလုပ်နေရတဲ့ ဆင်းရဲကိုပင် သာယာမှုကြောင့် ဆင်းရဲကို ဆင်းရဲရယ်လို့ မသိဘဲ နေချင်နေပါလိမ့်မယ်။ ဒါနဆိုတာ အလောဘသရား ဖြစ်လေတော့ သမုဒယလောဘနဲ့ ဆန့်ကျင်ဘက် ဖြစ်ပါတယ်။ ဒီတော့ ဒါနပြုဘယ်ဆိုတာဟာ ဆင်းရဲမှုနည်းပါးသွားအောင် ဆင်းရဲကြောင်း ဖြစ်တဲ့ လောဘကို ပယ်သတ်မှု ဖြစ်ပါတယ်။

တစ်ဖန် ဆက်လက်၍ ပဋ္ဌာန်းပဋ္ဌာန်းတော်ကြီးမှာ "သီလံသမာဒိ ယိတွာ ဥပေါ်သထ ကမ္မံ ကတွာ တံ ပစ္စဝေက္ခတိ"လို့ ဟောပြန်ပါတယ်။ငါးပါးသီလ၊ ရှစ်ပါးသီလ ဆယ်ပါးသီလကို ဆောက်တည် ကျင့်သုံးပြီး မိမိတို့ ဆောက်တည်ထားတဲ့ သီလတွေကို တစ်ဖန် ပြန်၍ ဆင်ခြင်မယ်ဆိုရင် သီလ ကုသိုလ် အသစ်သစ် ထပ်မံ၍ တိုးပွားရှိမှာ ဆိုခဲ့တဲ့ လောဘကိုပဲ နည်းပါး စေနိုင်ပါတယ်။ ဆွမ်းကျွေးခြင်း စတဲ့ ဒါနက ပြုကြတဲ့အခါ သီလဆောက် တည်မှုဟာ ဗုဒ္ဓဘာသာဝင်အပေါင်းတို့ရဲ့ မဟာဘာသာတောကြီး ဖြစ်ပါတယ်။ ဒီသီလဟာလဲ သတ္တဝါတွေရဲ့ ကိုးကွယ် ပုန်းအောင်း လဲလျောင်း မှီခိုစရာကြီး ဖြစ်ပါတယ်။ သီလ တန်ဆာနဲ့တူတဲ့ တန်ဆာမျိုး၊ သီလဆိုတဲ့ ပန်းနဲ့ တူတဲ့ ပန်းမျိုး၊ သီလဆိုတဲ့ မွှေးကြိုင်တဲ့ အနံ့မျိုးနဲ့ တူတဲ့ အနံ့မျိုး၊ လောကမှာ မရှိပါဘူး။ သီလဆိုတဲ့ ပန်းတန်ဆာ ဆင်ယင်ပြီး သီလဆိုတဲ့ ပန်းကိုပန်လို့ သီလဆိုတဲ့ နံ့သာကို လိမ်းကျံထားမယ်ဆိုယင် ဒီလို ပုဂ္ဂိုလ် မျိုးကို နတ်လူအပေါင်း ကြည့်ရှုလို့ မငြီးငွေ့ရဲ မတင်းတိမ်နိုင်ပါဘူး။

ယခုအခါ ကမ္ဘာလောကကြီးဟာ ပြုတ်ပြုတ်ပြွန်းအောင်ပဲ ပျက်တော့မလား၊ အားလုံးပဲ သေကြေကုန်ကြတော့မလား စသည်ဖြင့် ကြောက်နေကြရ စိုးရိမ်နေကြရမှုဟာ သီလ မရှိကြလို့ သီလကို မစောင့်ထိန်းကြလို့ ဖြစ်ပါတယ်။ ကမ္ဘာသူ ကမ္ဘာသားတွေဟာ ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းနိုင်ကြရင် ကမ္ဘာဖျက် လက်နက်တွေ လူသတ်လက်နက်တွေကို ငွေအမြောက်အမြား အကုန်အကျခံပြီး ပြုလုပ်နေစရာ မလိုတော့ဘူး။ လက်နက်ပြိုင်ပွဲကြီး လုပ်စရာ မလိုတော့ဘူး။ 'အာဃာတ' ထားစရာ မလိုတော့ဘူး။ အချင်းချင်း ဆက်ဆံရေး ပြေပြစ်လာလိမ့်မယ်၊ အပြောအဆို နူးညံ့လာမယ်၊ ကြည်ကြည်သာသာ သဘောရိုးနဲ့ လက်တွဲလာနိုင်ကြမယ်။ ငြိမ်းချမ်းရေး ရမှု မရမှုဟာ သီလအပေါ်မှာ တည်နေပါတယ်လို့ အကျဉ်းချုပ် ပြောလိုပါတယ်၊

ထို့နောက် သမထဆိုင်ရာကို ဈာန်ရသည်အထိ "ဈာနာ ဝုဋ္ဌ ဟိတွာ ဈာနံ ပစ္စဝေက္ခတိ" လို့ ဟောပါတယ်။ ကသိုဏ်းအစရှိတဲ့ အာရုံတစ်ခုခုကို အာရုံပြုပြီး သမထတရားကို အားထုတ်နေသဖြင့် အဆင့်ဆင့် သမာဓိ အားကောင်းပြီး ဈာန်ရလာတဲ့ပုဂ္ဂိုလ်ဟာ မိမိရခဲ့တဲ့ ဈာန်ကို အာရုံပြု၍ ဆင်ခြင်တဲ့အခါ ဈာန်ဆိုတဲ့ မဟာဂ္ဂုတ်ကုသိုလ် အကြောင်းတရားက ဆင်ခြင်တဲ့ ကာမကုသိုလ် အကျိုးတရားကို အာရမ္မဏသတ္တိနဲ့ ကျေးဇူးပြုပါတယ်။ ဒီဈာန်ကို ရလာတဲ့အခါမှာ ကာမစ္ဆန္ဒတဲ့ နီဝရဏတရားတွေကို ပယ်ခွာထားလေတော့ ထိုပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ လောဘတရားတွေဟာ အတော်ကလေး ပါးလျားသွားပေမယ်လို့ အပြီးတိုင် မပယ်နိုင်သေးပါဘူး။

ပယ်နိုင်ဖို့ရာ ဝိပဿနာ အားထုတ်ဖို့ ဝိပဿနာ ဉာဏ်ဖြစ်ဖို့ကို ဆက်လက်၍ ဟောပြန်တယ်။ ဝိပဿနာဉာဏ် ဖြစ်ဖို့ ဆိုတာကတော့ ရုပ်နာမ်တရား အစစ်အမှန်ကို ထင်ထင်ရှားရှား ပိုင်းပိုင်းခြားခြား သိရပါလိမ့်မယ်။ ဒီရုပ်နာမ်ဆိုတဲ့ ပရမတ္ထ တရားကို မှ ထင်ရှားစွာ မသိဘဲနဲ့တော့ ဝိပဿနာဉာဏ် မဖြစ်နိုင်ပါဘူး။ အဘိဓမ္မာမှာ ဓမ္မသင်္ဂဏီအစ ပဋ္ဌာန်းအဆုံး ဟောတော်မူထားတာတွေဟာ ရုပ်နာမ်တရားတွေချည်း ဖြစ်ပါတယ်၊ ဒီရုပ်နာမ်တရားတွေကို မှန်မှန်ကန်ကန်သိဖို့၊ သိတဲ့အတိုင်း နည်းလမ်းမှန်မှန် အားထုတ်ကတ်ဖို့၊ ဘယ်သူ ဘာပြောပြော ဟုတ်-မဟုတ် မှန်-မမှန် ကိုယ်ပိုင်ဉာဏ်နဲ့ ချိန်ဆ ဆုံးဖြတ်နိုင်ဖို့ကို ရည်ရွယ်ပြီး အဘိဓမ္မာ ပြန့်ပွားရေး အသင်းကြီးက အဘိဓမ္မာတရားတော်များကို သင်ကြား ပို့ချပေးနေသည်မှာ (၁၅) နှစ်ကျော်ကာလ ကြာခဲ့ပါပြီ။

ပဋ္ဌာန်းမှာ ဝိပဿနာရဲ့ အာရုံဖြစ်တဲ့ ရုပ်တရားတွေကို စက္ခုံ သောတံ ဃာနံ ဇိဝှာ ကာယံ ရူပေ သဒ္ဒေ ဂန္ဓေ ရသေ ဖောဋ္ဌဗ္ဗေ ဝတ္ထုံ ဣတ္ထိန္ဒြိယံ ပုရိသိန္ဒြိယံ ဇီဝိတိန္ဒြိယံ အာပေါဓာတုံ ကဗဠီကာရံ အဟာရံ” ဟူ၍လည်းကောင်း၊ ဝိပဿနာရဲ့ အာရုံဖြစ်တဲ့ နာမ်တရားတွေကို ကုသလေ ခန္ဓေ၊ အကုသလေခန္ဓေ၊ ဝိပါကာဗျာကတေ ကြိယာဗျာကတေ ခန္ဓေ” စသည်ဖြင့်တိုက်ရိုက်အားလျော်စွာ ဟောထားပါတယ်။

ပရမတ္ထဖြစ်တဲ့ ရုပ်နမ်ကို ဒါဟာ ရုပ် တရားပဲ၊ နာမ်တရားပဲ၊ ပုဂ္ဂိုလ် သတ္တဝါ စသည် မဟုတ်လို့ မြင်လာ သိလာတဲ့အခါ နာမရူပ ပရိစ္ဆေဒဉာဏ် ဖြစ်ပေါ်လာပါတယ်။ တစ်ဖန် ထိုရုပ်နမ်တွေရဲ့ သဘာဝအတိုင်း ဖြစ်ပေါ် နေကြတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတရားတွေကို သမ္မသနဉာဏ်မှစ၍ သင်္ခါရုပေက္ခာဉာဏ်တိုင်အောင် ဝိပဿနာ ရှုဖို့ရာ ပဋ္ဌာန်းပါဠိတော်ကြီးမှာ “သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ”စသည်ဖြင့်လည်းကောင်း၊“အရဟာ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ” စသည်ဖြင့်လည်းကောင်း၊ ဟောတော်မူသဖြင့် ပုထုဇဉ်သာမဟုတ် အရိယာဖြစ်ကြတဲ့ သေက္ခပုဂ္ဂိုလ်တွေ ရဟန္တာအရှင် မြတ်တွေပါ ရုပ်နာမ်တရားတွေကို အနိစ္စ ဒုက္ခ အနတ္တရယ်လို့ ဝိပဿနာ ရှုတော်မူကြပါတယ်။ ငါအရိယာဖြစ်ပြီရယ်လို့ ပေါ့ပေါ့တန်တန် မနေ ကြဘူး။ ရဟန္တာဖြစ်လို့ ကိစ္စတုံးပြီး ပြုစရာ မရှိတော့ဘူးရယ်လို့ နှလုံး သွင်းတော်မမူကြပါဘူး။

ဒီလို တောဘူမက တရားတွေကို အကြိမ်ကြိမ် အထပ်ထပ် ရက်၊လ များစွာ အနိစ္စ ဒုက္ခ အနတ္တရယ်လို့ ဝိပဿနာရှုလို့ ဣန္ဒြေလဲ ရင့်သန် လာမယ်၊ မဂ်ရဖို့ အကြောင်းလဲ ပြည့်စုံမယ်ဆိုရင် “နာ၊ ဒါ၊ မာ၊ ပါ၊ ဥ၊ နု၊ ဂေါ၊ မဂ်၊ ဖိုလ်၊တွင်”ရယ်လို့ မဂ္ဂဝီထိစိတ် ဖြစ်ပေါ်လာပါတယ်။ ဒီအခါ အရိယာပုဂ္ဂိုလ်တွေဟာ မိမိတို့ ရခဲ့တဲ့ မဂ်ကို အသီးသီး ဆင်ခြင်ကြ ကြောင်းကို “သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခန္တိ၊ အရဟာ မဂ္ဂါ ဝုဋ္ဌာဟိတွာ မဂ္ဂံ ပစ္စဝေက္ခတိ” လို့ ဟောပါတယ်။ ဒီတော့ မဂ်ဖိုလ် အစစ်အမှန်ကို တကယ် အမှန်ရတဲ့ ပုဂ္ဂိုလ်ဟာ သူတစ်ပါးက မဂ်ရပြီလို့ ပြောမှ ဆုံးဖြတ်ပေးမှ သိရတာမျိုး မဟုတ်ဘဲ ကိုယ်တိုင် ကျကျနန မဂ်ရ ကြောင်းကို သိလို့ ကိုယ်ရခဲ့တဲ့ မဂ်ကို ဆင်ခြင်နိုင်ကြောင်း အလွန် ထင်ရှားပါတယ်။ မဂ်သာမက မိမိတို့ ရခဲ့တဲ့ ဖိုလ်ကို ဆင်ခြင်ကြကြောင်း ကိုလည်း “သေက္ခာဖလံ ပစ္စဝေက္ခန္တိ၊ အရဟာဖလံ ပစ္စဝေက္ခတိ” လို့ ဟောပါတယ်။

အရိယာပုဂ္ဂိုလ်တွေဟာ ဘာကြောင့် မိမိတို့ရတဲ့ မဂ်ဖိုလ်ကို မိမိတို့ ကိုယ်တိုင် အတိအကျ သိနိုင်ကြသလဲလို့ အကြောင်းကို စဉ်းစားရင်

အနမတဂ္ဂ သံသရာတစ်လျှောက်ဘယ်တုန်းကမှ မတွေ့ကြုံခဲ့ဘူး၊ မရမမြင်ခဲ့ဘူးကြတဲ့ သန္တိသဘာဝရှိတဲ့ နိဗ္ဗာန်တရားမြတ်ကို မဂ်ဖိုလ်စိတ်တွေက ထင်ထင်ရှားရှားကြီး အာရုံပြုလိုက်ရပါတယ်။ နိဗ္ဗာန်ဆိုတာ မဂ်ဖိုလ်တရားရဲ့ အာရုံဖြစ်ကြောင်း၊ နိဗ္ဗာန်က မဂ်ဖိုလ်တရားအား အာရမ္မဏသတ္တိနဲ့ ကျေးဇူးပြုကြောင်းကို "နိဗ္ဗာနံ မဂ္ဂဿ ဖလဿ အာရမ္မဏ ပစ္စယေန ပစ္စယော" လို့ ဟောပါတယ်။ ဟောပြောဖွယ် များစွာ ကျန်ရှိနေသေး သော်လည်း အချိန်စေ့ပြီဖြစ်၍ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့အား နိဂုံးချုပ် အနေနဲ့ သတိပေးလိုတာကတော့ အောက်အခြေခံ ဒါနကစ၍ မဂ်ဖိုလ်နိဗ္ဗာန်ရသည့်တိုင်အောင် ဟောပြောခဲ့သော ပဋ္ဌာန်းတရားတော်ကြီးအရ ဒါနပါရမီ သီလပါရမီတွေကိုလဲ ဖြည့်ကြပါ။ ဈာန်ရအောင် အားမထုတ်နိုင်သည့်တိုင်အောင် ဝိပဿနာရဲ့ အခြေခံဖြစ်အောင် သမာဓိကို ရအောင် အားထုတ်ပါ။ ထို့နောက် ဝိပဿနာဉာဏ်ကို အစစ်အမှန် ဖြစ်စေပြီး၊ မဂ်ဖိုလ်ရသည်အထိ အားထုတ်နိုင်ကြပါစေဟု (၁၃) ကြိမ်မြောက် အဘိဓမ္မာ အခါတော်နေ့ကို အကြောင်းပြု၍ တိုက်တွန်း နှိုးဆော်လိုက်ပါသတည်း။

## ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏

## ၁၃၂၄-ခုနှစ်၊ (၁၄)ကြိမ်မြောက်

## အဘိဓမ္မာအခါတော်နေ့တွင်

# သြဝါဒါစရိယ မူလပဋ္ဌာန်း ဆရာတော်ဘုရားကြီး၏

# အသံလွှင့်ဟောပြောချက်

မနှစ်က ကုသိုလ်ကြောင့် ကုသိုလ် ထပ်မံ ဖြစ်နိုင်ကြောင်း ပဋ္ဌာန်း အာရမ္မဏပစ္စည်းမှ ထုတ်နုတ်၍ ပြောပြခဲ့ပါပြီ၊ ဒီနှစ် (၁၄)ကြိမ်မြောက် အဘိဓမ္မာနေ့မှာ ကုသိုလ်ကြောင့် အကုသိုလ် ဖြစ်ပုံကို ပြောပြပါမည်။

မြတ်စွာဘုရားရဲ့ အဆုံးအမတော်ကို ယုံကြည်လေးစားကြတဲ့ ပုဂ္ဂိုလ်တိုင်း လှူဒါန်းမှု၊သီလ သီတင်းတည်ဆောက်မှု၊ဘာဝနာပွားမှု စတဲ့ ကုသိုလ်ကောင်းမှုတွေကို ပြုကြစမြဲ ဖြစ်ပါတယ်။ သတိပဋ္ဌာနသုတ်မှာ "စက္ခုံ လောကေ ပိယရူပံ သာတရူပံ၊ မနော လောကေ ပိယရူပံ သာတရူပံ၊ မနောဝိညာဏံ လောကေ ပိယရူပံ သာတရူပံ တွေ သာတတဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ"စသည်ဖြင့် ဟောထားလေတော့ မိမိတို့ ပြုခဲ့ ကျင့်ကြံခဲ့တဲ့ ဒါန, သီလ, ဘာဝနာ စတဲ့ ကာမတရားတွေဟာ ချစ်အပ် သာယာအပ်တဲ့ ပိယရုပ် သာတရုပ်များ ဖြစ်ကြပါတယ်။ ဒီ ပိယ သာတ သဘောရှိတဲ့ ကုသိုလ်ကို အာရုံပြုပြီး တဏှာ-မာန-ဒိဋ္ဌိ တို့ဖြင့် ငါပိုင် ဥစ္စာ ဖြစ်တယ်၊ ငါဖြစ်တယ်၊ ငါ့အတ္တဖြစ်တယ်လို့ ချစ်ခင်မယ်၊ သာယာမယ်၊ စွဲလမ်းမယ် ဆိုရင် ကာမကုသိုလ်ကြောင့် လောဘ ဒိဋ္ဌိ စတဲ့ အကုသိုလ်များ ဖြစ်ကြပါတယ်။ ထို့အတူ မဆုံးဖြတ်နိုင်လျှင် ဝိစိကိစ္ဆာ၊ ပြန့်လွင့်လျှင် ဥဒ္ဓစ္စ ဖြစ်ပါတယ်။ ငါဟာဖြင့် ဒီဒါနစတဲ့ ကုသိုလ်ကို မကောင်းသဖြင့် ပြုခဲ့လေပြီရယ်လို့ နှလုံးမသာမယာ ဖြစ်တဲ့အခါ ဒေါမနဿ ဖြစ်ပါတယ်။

ဒေါမနဿ ဖြစ်ပုံကို ထင်ရှားအောင် ပြောရမယ်ဆိုရင် ရွာတစ်ရွာမှာ လူတစ်ယောက်ဟာ ငါ့သားကလေးကို ရှင်ပြုလိုက်ရင် အကူငွေတွေ များများရပြီး အမြတ်ထွက်လိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ရှိစုမဲ့စု ငွေတို ငွေစကလေးတွေကို ရောင်းရုံမကသေးဘဲ သူရဲ့လုပ်ဖော်ကိုင်ဖက် နွားတစ်ရှဉ်းကိုပါ ရောင်းလိုက်ပြီး အလှူပြုခဲ့ပါတယ်။ ဒါပေမယ့် သူမျှော်လင့်သလို အကူငွေတွေ မရလေတော့ အမြတ်မထွက်တဲ့အပြင် လယ်လုပ်စရာ နွားတောင်မရှိတော့ဘူး။ ဟန်မပျက်အောင် စားကြပါ၊ သောက်ကြပါလို့ ဖိတ်ခေါ်ရပေမယ့် ဝမ်းထဲကတော့ အတော် မချိရှာတော့ဘူး၊ ဒါနဲ့ ရေစက်ချချိန်ကြလို့ ရေစက်ချတဲ့အခါ ငါတော့ ဒီအလှူလုပ်မိတာ အကျိုးနည်းခဲ့လေပြီလို့ နှလုံးမသာမယာ ဖြစ်နေတာနဲ့ ဘုန်းကြီးက ရေစက်ချပြီး သွားတာတောင် မသိလိုက်ဘူး။ ဘေးကလူများက "အလှူဒကာ အမျှဝေပါ အမျှဝေပါ" လို့ပြောတဲ့အခါ "အကျိုးကြီး နည်းပါခင်ဗျာ" လို့ ယောင်ယမ်းကာ အမျှဝေလိုက်သတဲ့။ ဒါဟာ ကုသိုလ်ကို အာရုံပြုပြီး ဖြစ်တဲ့ ဒေါမနဿ ဖြစ်ပါတယ်။

တစ်ဖန် ဈာန်ရတဲ့ ပုဂ္ဂိုလ်ဟာ မိမိရဲ့ ဈာန်ကို ဝင်စားပြီးနောက် ဈာန်မှထတဲ့အခါ ဝင်စားခဲ့တဲ့ ဈာန်ကို အာရုံပြုပြီး သာယာနှစ်သက်မှု စသည် ဖြစ်လျှင် လောဘစသည် ဖြစ်ပါတယ်၊ မိမိတို့ ပိုင်ဆိုင်နေကြတဲ့ သားသမီး၊ ရွှေငွေတိုက်တာ၊ အစ ဖောင်တိန် ခဲတံ ကလေးအဆုံးရှိတဲ့ သာမည ဥစ္စာ စည်းစိမ်ကိုသော်မှ အာရုံပြုပြီး သာယာမှု စသည် ဖြစ်ကြသေးလျှင် အလွန်မြတ်လှ အဆင့်အတန်း မြင့်လှတဲ့ ဈာန်တရားကိုလဲ အာရုံပြုပြီး သာယာမှုစသည် ဖြစ်နိုင်ပါတယ်။ ဈာန်တရားဟာလဲ ပီယရုပ် သာတရုပ်ပင် ဖြစ်ပါတယ်။ ပီယရုပ် သာတရုပ်ဆိုတာ လောကီစိတ် စေတသိက်ရုပ်များ ဖြစ်ကြပါတယ်။ ဒါပေမယ့် ဈာန်ကို အာရုံပြုပြီး ဒေါမနဿတော့ မဖြစ်နိုင်ဘူး။ ဖြစ်နိုင်တာကတော့ တစ်စုံတစ်ခု မလျောက်ပတ်တဲ့ မေ့လျော့မှု၊ နှစ်သက်မှု စတဲ့ အကြောင်းကြောင့် မိမိတို့ ရထားတဲ့ ဈာန်အဘိညာဉ်မှ လျှောကျ ဆုတ်ယုတ်တဲ့အခါ ငါ့အား အလွန်မွန်မြတ်တဲ့ တရားမှ ဆုတ်ယုတ်ရလေပြီ၊ ပျက်စီးရလေပြီလို့ နှလုံးမသာယာတဲ့အခါ ဒေါမနဿ ဖြစ်ပါတယ်။

ဒီဈာန်အဘိညာဉ်နဲ့စပ်လို့ နည်းနည်းပြောချင်တာကတော့ ခုကမ္ဘာမှာ ဂြိုဟ်တွေဆီသို့ သူ့ထက်ငါ အရင်ရောက်အောင် ဆန်းကြယ်လှတဲ့ လောကဓာတ်ပညာတွေနဲ့ အမျိုးမျိုး ကြိုးစားနေကြတယ်၊ ရောက်မရောက် အပထား၍ သူတို့ရဲ့ ရည်ရွယ်ချက် သူတို့ရဲ့ စိတ္တုပ္ပာဒ်တွေကို စဉ်းစားရင်

လောကကောင်းကျိုးအတွက် ပြောပလောက်အောင် ရှိလှမယ် မဟုတ်ဘဲ လောကကြီး ပျက်စီးဖို့ရာကသာ များလိမ့်မယ်လို့ ယူဆရတဲ့အပြင် အကုသိုလ် စိတ္တုပ္ပါဒ်တွေသာ အဖြစ်များကြ ပေလိမ့်မယ်။

ဈာန်အဘိညာဉ်ရဲ့ သဘောကတော့ ဘာယာဉ် ယန္တရားမှ မလိုတော့ဘဲ မိမိထိုင်နေတဲ့ နေရာက (လ-နေ) တို့ကို လှမ်း၍ သုံးသပ်နိုင်တယ်။ (လ-နေ)ဆီ ရောက်သွား လိုလဲသွားနိုင်တယ်၊ (လ-နေ) ထက် လွန်ပြီး သွားနိုင်တဲ့အပြင် စိတ္တုပ္ပါဒ်ကလဲ စင်ကြယ်လေတော့ လောကရဲ့ ကောင်းကျိုးကို ဆောင်ရွက်နိုင်ရုံမက ကမ္ဘာကြီးပါ ငြိမ်းချမ်းမှု ရနိုင်စရာ ရှိပါတယ်။ ယခုအခါ ကျန်းမာရေးပြည့်စုံပြီး သမ္ပဇာန် ဝီရိယကိစ္စတပ်ခါ အထက်ပါ ဈာန်အဘိညာဉ်များကို ရပြီး လက်တွေ့ အားဖြင့် ကောင်းကင်သို့ ပျံပြနိုင်အောင် တရား အားထုတ်ကြသူ တစ်ဦးဦးက ပြသနိုင်မယ်ဆိုရင် သူတော်ကောင်းတရားကြီး ထွန်းကားလာပြီး ကေန် ကမ္ဘာကြီး ငြိမ်းချမ်းဖို့ အလားအလာ များစွာ ရှိပေလိမ့်မည်ဖြစ်၍ တရားအားထုတ်နေကြသူများ ဤအချက်ကို သတိပြုကြစေလိုပါတယ်၊ ဈာန်အဘိညာဉ်တရားဟာ လောကီတရား ဖြစ်လေတော့ မဂ်ဖိုလ်ရမှုလောက် ခက်ခဲမယ်မဟုတ်ပါဘူး။

ဈာန် အဘိညာဉ်တွေဟာ လောကီတရားများ ဖြစ်လေတော့ အထက်က ပြောခဲ့တဲ့ မေ့လျော့မှုစတဲ့ အကြောင်းကြောင့် လျောကျနိုင်သေးတယ်။ ဈာန်အဘိညာဉ်ပါပါတဲ့အတွက် ကောင်းကင်ခရီးဖြင့် သွားလာနေတဲ့ ပုဂ္ဂိုလ်ဟာ အောက်က သာယာနှစ်သက်ဖွယ် သီဆိုနေတဲ့ သီချင်းသံကိုကြားရ၍ ဒီအသံကို သာယာမှု ဖြစ်တာနဲ့တစ်ပြိုင်နက် ကာမစ္ဆန္ဒနီဝရဏဆိုတဲ့ လောဘစိတ် ဖြစ်လာတယ်။ ဒီလောဘဖြစ်တာနဲ့ တစ်ပြိုင်နက်သူရနေတဲ့ တန်ခိုးဟာ ကွယ်ပျောက်သွားကာ အတောင်ကျိုးတဲ့ ကျီးကန်းလို ဆက်လက် သွားလာလို့ မရတော့ဘူး။ ဒါပေမယ့် လေယာဉ်ပျက်တဲ့အခါ ဗုံးမဟုတ် ထိုးဆင်းကြသလို မဟုတ်ဘဲ ငြိမ်သက်လှတဲ့ သမာပတ်စွမ်းရည်ကြောင့် လက်ပံလဲလုံးကြီး ကျလာသလို တအိအိသာ ကျလာတယ်။ ဒီဈာန်လျော့မှုနဲ့ ပတ်သက်လို့ အဘိဓမ္မာ အဋ္ဌကထာမှာ ပြထားတဲ့ ဝတ္ထုတစ်ခုကို ထုတ်ပြလိုပါတယ်။

ရဟန်းတော်သုံးကျိပ်ဟာ ကလျာဏီကျောင်း မဟာစေတီကို ရှိခိုးကြပြီး တောအုပ်လမ်းခရီးက ပြန်လာကြတယ်။ ခရီးလမ်းကြားမှာ မီးလောင်ပြင် လယ်ထဲက အလုပ်လုပ်ပြီး ပြန်လာတဲ့ လူတစ်ယောက်ကို တွေ့ကြတယ်။ ဒီလူရဲ့ တစ်ကိုယ်လုံးမှာ မီးသွေးတွေ ပေကျံနေရုံမက မီးသွေးတွေ ပေနေတဲ့ ပုဆိုးတစ်ထည်ကို ခါးတောင်းကျိုက် ထားလေတော့ ဒီလူဟာ မီး

လောင်ထားတဲ့ သစ်ပင်ငုတ်ကြီးနဲ့ တူနေတယ်။ ဒီလူဟာ နေ့အခါ အလုပ် လုပ်ပြီးတဲ့နောက် တစ်ဝက်မီးလောင်ထားတဲ့ ထင်းစည်းကို ပခုံးပေါ် ထမ်း ပြီး ကျောကုန်းပေါ်မှာ ကျနေတဲ့ ဆံပင်ဖရိုဖရဲနဲ့ လူသွားလမ်းကလေး က လာလိုက်တာ ရဟန်းတော်များရဲ့ ရှေ့ တူရူအရပ်သို့ ရောက်လာတယ်။

ကိုရင်များက ဒီလူကိုမြင်တော့ သူတို့အချင်းချင်း ကြည့်ပြီး "ကိုရင် ဒီလူကြီးဟာ ကိုရင့်အဖေပဲ၊ ဦးရီးပဲ"ရယ်လို့ ပြောင်လှောင် ရယ်မောကြ ရုံမက ဒီလူကြီးထံသွားပြီး ဒကာကြီး နာမည်ဘယ်လိုခေါ်သလဲလို့ မေး လိုက်ကြသေးတယ်။ ဒီလူကြီးက သူ့ကို နာမည် မေးလိုက်တယ်ဆိုရင်ပဲ နှလုံးမသာမယာဖြစ်ပြီး သူထမ်းတဲ့ ထင်းစည်းကို ဗုန်းဆို လွှတ်ချပြီး ခါး တောင်းကျိုက်ဖြုတ်၍ ပုဆိုးကို ပြင်ဝတ်ကာ မထေရ်များကို ရှိခိုးပြီး အရှင်ဘုရား-ခဏ ရပ်တော်မူပါဘုရားဟု လျှောက်ထားတာနဲ့ မထေရ်များ လဲ ရပ်နေတော်မူကြတယ်။ ကိုရင်များကတော့ မထေရ်ကြီးများရဲ့ မျက် မှောက်မှာတောင် နောက်ပြောင်ကြတုန်း ရှိသေးတယ်။

ဒကာက အရှင်ဘုရားတို့၊ အရှင်ဘုရားတို့ဟာ ဖန်ရည်စွန်းတဲ့ အင်္ကတ်ကို ဝတ်ရရုံနဲ့ ငါတို့ဟာ အထွတ်အထိပ်ကို ရောက်နေပြီလို့များ မှတ်ထင် ကြပါသလား၊ တပည့်တော်လဲ ရှေးအခါက အရှင်ဘုရားများလို ရဟန်း တော် ဖြစ်ခဲ့ပါတယ်။ အရှင်ဘုရားများမှာ စိတ်တည်ကြည်မှု သမာဓိသော်မှ မရှိခဲ့ပါ၊ တပည့်တော်ဟာ သာမည ပုဂ္ဂိုလ် မဟုတ်ဘူး၊ ဤသာသနာ တော်မှာ တန်ခိုးအာနုဘော် ကြီးမားတဲ့ ပုဂ္ဂိုလ်ဖြစ်ခဲ့ပါတယ်၊ ဘယ်လောက် တန်ခိုးကြီးခဲ့သလဲဆိုရင် ဟောဒီ ကောင်းကင်ကြီးကို မြေကြီးဖြစ်အောင် လုပ်နိုင်တယ်၊ မြေကြီးကို ကောင်းကင်ကြီးဖြစ်အောင် လုပ်နိုင်တယ်၊ ဝေးနေတာကို နီးအောင်၊ နီးနေတာကို ဝေးအောင် လုပ်နိုင်တယ်။ စကြဝဠာတစ်ထောင်ကို ခဏကလေးနဲ့ လှည့်ပတ်နိုင်ခဲ့တယ်၊ အရှင် ဘုရားတို့ တပည့်တော်ရဲ့လက်ကို ကြည့်စမ်းပါ၊ ခုတော့ မျောက်လက်နဲ့ တူနေတယ်၊ ဒါပေမယ့်တပည့်တော်ဟာ ဒီလက်များဖြင့်ပင် ဒီလူ့လောကမှ နေ၍ လ,နေကို သုံးသပ်နိုင်ခဲ့ပါတယ်၊ လ,နေတို့ကို တပည့်တော်ရဲ့ ခြေဖဝါးအောက် ထားကာ ခြေပွတ်အိုးချမ်း ပြုလုပ်နိုင်ခဲ့ပါတယ်။ ဤမျှ ကြီးမားလှတဲ့ တပည့်တော်ရဲ့ တန်ခိုးတွေဟာ မေ့လျော့မှုကြောင့် ယခု အခါ ကွယ်ပျောက် ပျက်စီးခဲ့ရပါပြီ။ အရှင်ဘုရားတို့ဟာ တပည့်တော်ကို အာရုံပြုပြီး မမေ့မလျော့ နေကြ၍ ဇာတိ၊ ဇရာ၊ မရဏရဲ့ အဆုံးကို ပြုကြ ပါလို့ ထိတ်လန့် သံဝေဂရစေကာ အဆုံးအမ ပေးလိုက်တယ်။ မထေရ် များလဲ ထိုဒါယကာ ပြောနေစဉ်ပင် သံဝေဂရကြကာ တရားအားထုတ် လိုက်ကြရာ မထေရ် သုံးကျိပ်လုံးပင် ဒီနေရာမှာ ရဟန္တာ ဖြစ်သွားကြ ပါတယ်။

အဲဒီလို မိမိတို့ ရထားတဲ့ မှန်မြတ်လှသော ဈာန်တရားမှ လျှောကျတဲ့ အခါ ငါ့အား မှန်မြတ်သောတရားသည် ပျောက်ပျက်ခဲ့လေပြီလို့ ရပြီးဈာန်ကို အားရုံပြု၍ ဒေါမနဿဖြစ်ကြောင်းကို "ဈာနေ ပရိဟိနေ ဝိပ္ပဋိသာရီဿ ဒေါမနဿံ ဥပ္ပဇ္ဇတိ" လို့ ပဋ္ဌာန်းမှာ ဟောထားပါတယ်။

အကျဉ်းချုပ် မှတ်သားစေလိုတာကတော့ ဒါနတဲ့ ကုသိုလ်တွေကို ပြုပြီးကြတဲ့ အခါမှာ ဒီဒါနစတဲ့ ကုသိုလ်တွေကို အာရုံပြုပြီး အကျိုးမရှိ အကျိုးမဲ့တဲ့ အကုသိုလ်တရားမျိုးတွေ ထပ်မံ မဖြစ်ပွားစေဘဲ အကျိုးရှိတဲ့ အပရစေတနာ ကုသိုလ်သစ်မျိုး ပေါ်လာအောင် မမေ့မလျော့ သင့်တင့်သော နှလုံးသွင်းနိုင်ကြပါစေသတည်း။ ။

## ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏

## ၁၃၂၅-ခုနှစ်၊ (၁၅)ကြိမ်မြောက်

## အဘိဓမ္မာအခါတော်နေ့တွင်

# ဩဝါဒါစရိယ မူလပဋ္ဌာန်း ဆရာတော်ဘုရားကြီး၏

# အသံလွှင့်ဟောပြောချက်

ယနေ့ (၁၅)ကြိမ်မြောက် အဘိဓမ္မာ အခါတော်နေ့မှာ ပဋ္ဌာန်းတရားမှ "နိဗ္ဗာနံ ဖလဿ" ဟူ၍လည်းကောင်း၊ "အနုလောမံ သုခါယ ဝေဒနာယ သမ္ပယုတ္တာယ ဖလသမာပတ္တိယာ" ဟူ၍လည်းကောင်း၊ ဟောတော်မူတဲ့ ဖိုလ်ဝင်စားမှုရဲ့ ချမ်းသာပုံကို ပြောပြပါမယ်။ လောကမှာ သတ္တဝါရယ်လို့ ဖြစ်လာကြရင် တိရစ္ဆာန် သတ္တဝါဖြစ်ဖြစ်၊ လူဖြစ်ဖြစ်၊ နတ်ဖြစ်ဖြစ်၊ ဗြဟ္မာဖြစ်ဖြစ် မည်သူမဆို ချမ်းသာမှုကို လိုလားကြပါတယ်။ ကိုယ်ဆင်းရဲရမှာ၊ စိတ်ဆင်းရဲရမှာကို ဘယ်သူမှမကြိုက်၊ ဘယ်သူမှ အလိုမရှိကြပါဘူး၊ ကိုယ်စိတ်ဆင်းရဲမှုကို တွေ့ရမယ်ဆိုရင် များစွာကြောက်ရွံ့ကြ၊ ထိတ်လန့်ကြ၊ တုန်လှုပ်ကြပါတယ်။

တိရစ္ဆာန်လောကမှာ ကြည့်ကြည့်၊ လူ့လောကမှာ ကြည့်ကြည့်၊ စက္ကန့်စဉ်၊ မိနစ်စဉ်၊ နာရီစဉ်၊ နေ့စဉ်၊ လစဉ် ကြိုးစား အားထုတ် ပြုလုပ်နေကြတဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတွေဟာ ရည်ရွယ်ချက်ဘာလဲလို့ မေးရင် ကိုယ်ချမ်းသာမှု စိတ်ချမ်းသာမှု ရဖို့ရာအတွက် ပြုလုပ်-ပြောဆို-ကြံစည်နေကြကြောင်း အဖြေတစ်ခုထဲပဲ ထွက်လာပါတယ်။

ဒီချမ်းသာတွေဟာ ဘာတွေလဲဆိုရင် (၁) ကာမဂုဏ် ချမ်းသာ၊ (၂) စျာန်ချမ်းသာ၊ (၃) မဂ်ချမ်းသာ၊ (၄) ဖိုလ်ချမ်းသာ၊ (၅) နိရောဓ သမာပတ်ချမ်းသာရယ်လို့ ခန္ဓာအသက်ရှိနေကြတဲ့ ပုဂ္ဂိုလ်များ ခံစားကြတဲ့ ချမ်းသာငါးမျိုး ရှိပါတယ်။

ကာမဂုဏ် ချမ်းသာဆိုတာ မိမိတို့ လွန်စွာ လိုလားတောင့်တ နှစ်သက်ချစ်ခင်နေကြတဲ့ မျက်စိဖြင့် မြင်နေရတဲ့ ရူပါရုံတွေ၊ သာသာယာယာကြားနေကြတဲ့ အသံတွေ၊ မွှေးမွှေးကြိုင်ကြိုင် ခံလိုတဲ့ အနံ့တွေ၊ ချို

မြိန်ကောင်းမွတ် အရသာရှိလှတဲ့ အရသာတွေ၊ နူးနူးညံ့ညံ့ တွေ့ထိ နေရတဲ့အတွေ့အထိတွေရယ်လို့ ငါးပါးရှိပါတယ်၊ ဒီအာရုံငါးပါးကို စွဲမှီ၍ ဖြစ်လာတဲ့ ချမ်းသာမှု ပမ်းမြောက်နှစ်သက်မှုတွေဟာ ကာမဂုဏ်ချမ်းသာ ဖြစ်ကြတယ်၊ ဒါပေမယ့် ဒီကာမဂုဏ်တွေကို လိုချင်လို့ အားကြိုးမာန် တက် ရှာဖွေလုပ်ကိုင်ငြားသော်လည်း ရည်ရွယ်ချက် မကိုက်လို့ မအောင် မြင်တဲ့အခါ၊ ရန်သူမျိုးငါးပါး ဖျက်ဆီးလို့ ပျက်စီးတဲ့အခါ ပူဆွေးရမှု၊ ငိုကြွေးရမှု၊ စိတ်မချမ်းမြေ့မှုတွေ ဖြစ်လာပါတယ်။

ဒါတင်မကသေးဘဲ မင်းအချင်းချင်း ငြင်းခုံမှုတွေ၊ သားအမိ အချင်းချင်း၊ သားအဖ အချင်းချင်း၊ ညီအစ်ကို မောင်နှမ အချင်းချင်း၊ အပေါင်းအချင်းချင်း ငြင်းခုံမှုတွေ၊ ရန်ဖြစ်မှုတွေ၊ သဘောကွဲလွဲမှုတွေ ဖြစ်ကြ ပြီး ရိုက်ကြနှက်ကြ၊ သတ်ကြ၊ တိုက်ခိုက်လုယက်ကြ၊ စစ်ဖြစ်လို့ သေ ကြေကြရတာတွေဟာ ဒီကာမဂုဏ်ကို အတည်ပြုပြီး ဖြစ်လာတဲ့ အပြစ် အနာအဆာတွေ ဖြစ်ပါတယ်။ ဒီတော့ ဒီကာမဂုဏ်ချမ်းသာ ဆိုတာ ချမ်းသာခံစားရမှုက မုန်ညှင်းစေ့လောက်၊ဆင်းရဲက ဟိမဝန္တာတောင်ကြီး လောက် ဖြစ်နေတော့ သာယာစရာ အင်မတန် နည်းပါးပြီး ဆင်းရဲ ဒုက္ခတွေ ပြင်းစွာ ပင်ပန်းရမှုတွေက အင်မတန် များပြားလေတော့ ချမ်းသာအစစ်ရယ်လို့ မဆိုနိုင်ဘူးပေါ့။

စေတောခိလသုတ်မှာ ဟောတဲ့ လျောင်းနေရတဲ့ ချမ်းသာ၊ တစ်ဖက် စောင်းလိုက်ရတဲ့ ချမ်းသာ၊ အိပ်ပျော်နေတဲ့ အဝေဒယိက သုခ ဆိုတဲ့ ၁၀ ချမ်းသာကိုလည်းကောင်း၊ လူတွေရဲ့ ကာမဂုဏ်ချမ်းသာနှင့် နှိုင်း ယှဉ်မယ်ဆိုရင် သမန်းမြက်ဖျားပေါ်မှာရှိတဲ့ ရေနှဲ့၊ သမုဒ္ဒရာမှာရှိတဲ့ ရေလောက်ကွာခြားတဲ့အပြင် အထူးသဖြင့်လည်း မွန်မြတ်လှ၊ ကာမဂုဏ် ငါးပါးဘက်ကလည်း အထက်တန်းကျလှတဲ့ နတ်တို့ရဲ့ ကာမဂုဏ် ချမ်း သာကိုလည်းကောင်း၊ နိဗ္ဗာန်တရားတွေ ကင်းဆိတ်နေသဖြင့် အဖော် မရှာဘဲ တစ်ကိုယ်တည်း အေးချမ်းလှစွာ ကသိုဏ်းစတဲ့ အာရုံတစ်ခုကိုသာ အာရုံပြုပြီး ခံစား စံစားနိုင်တဲ့ ထူးမြတ်လှသော ဈာန်ချမ်းသာများကို လည်းကောင်း အချိန်မရ၍ ချန်ထားခဲ့ပြီး မဂ်ချမ်းသာကို ဆက်လက် ပြော ပြပါမယ်။

## မဂ်ချမ်းသာ

မဂ်ဆိုတာ စိတ္တက္ခဏ တစ်ချက်တည်းဖြစ်လေတော့ ချမ်းသာကို ဘယ်လို မျှား ခံစားပါမလဲလို့ စဉ်းစားစရာ ဖြစ်ပါတယ်။ စိတ္တက္ခဏတစ်ချက်တည်း ဖြစ်ပေမယ်လို့ မဂ်က ဇောကိစ္စတပ်လေတော့ အရှိန်အဟုန် အလွန် ထက်

သန့်တဲ့အပြင် လွန်စွာလဲ သတ္တိ ထက်မြက်လှပါတယ်။ ဥပမာအားဖြင့် လူအပေါင်းရဲ့ ဦးခေါင်းကို ခွဲဝေပေးပို့ ကြောက်စရာ ပြင်းထန်လှတဲ့ အဟုန်ဖြင့် လျင်မြန်စွာ ကျလာတဲ့ မိုးကြိုးစက်ဟာ ကြီးကျယ်တဲ့ ကျောက်တောင်ကြီးကို ဖျက်ဆီးသလို၊ လေပင့်ပေးသဖြင့် အလွန် အရှိန် ကောင်းလှတဲ့ တောမီးဟာ တောအုပ်ကြီးကို ဖျက်ဆီးသလို၊ အရောင် ထွန်းလင်းလှတဲ့ နေမင်းဟာ အမိုက်မှောင်ကို ဖျက်ဆီးသလို သံသရာ တစ်လျှောက်လုံးက အကျိုးစီးပွားမဲ့ကို ပြုလာတဲ့ ကိလေသာကွန်ရက် ရှုပ်ကို စိတ္တက္ခဏ တစ်ချက်သာရှိတဲ့ မဂ်က ပယ်လိုက်နိုင်ပါတယ်။ ထို့ပြင် အစမထင် သံသရာတစ်လျှောက် ဘဝများစွာ နှိပ်စက်ညှဉ်းပန်း ခံလာခဲ့ရတဲ့ ကိလေသာ ဒုက္ခ၊ ခန္ဓာဒုက္ခဆိုတဲ့ ဝဋ်ဆင်းရဲဒုက္ခတွေ၊ ပြင်းထန်လှတဲ့ အပူမီးတွေဟာ စိတ္တက္ခဏ တစ်ချက်သာရှိတဲ့ မဂ်က နိဗ္ဗာန်ကို အာရုံပြုလိုက်တာနဲ့ တစ်ပြိုင်နက် ဒီဆင်းရဲတွေကို ပယ်လိုက်နိုင်ပါတယ်။ ဒီလို ပယ်လိုက်လို့ ဆင်းရဲငြိမ်းသွားတဲ့အခါ အေးမြလှတဲ့ ရေအိုးပေါင်း တစ်ထောင်ကို မ,၍ မိမိထိပ်ထက်၌ သွန်းလောင်းလိုက်သလို လွန်စွာ ငြိမ်းချမ်းမှု ရကြောင်းကို "သီတုဒက ဃဋသဟဿံ မတ္ထကေ အာသိဥ္စမာနာ ဝိယဉပ္ပဇ္ဇတိ" လို့မိန့်ဆိုပါတယ်။

ဒါတင်မကသေးပါဘူး၊ (၁) အလုံးစုံသော အပါယ် တံခါးကိုလဲ ပိတ်စေနိုင်ပါတယ်၊ (၂) သူတော်တရား ၇-ပါးကို မျက်မှောက်ပြုနိုင်တယ်၊ (၃) မိစ္ဆာမဂ္ဂင်ရှစ်ပါးကို ပယ်နိုင်တယ်၊ (၄) ပါဏာတိပါတ ကစတဲ့ ရန်သူ ငါးပါးကို ငြိမ်းစေနိုင်တယ်။ သောတာပန်ရယ်လို့ ဖြစ်လာရင် ဒီခြာလေးကို သတ်စမ်းပါ၊ ဒီအရက်လေးကို နည်းနည်းမြည်း စမ်းပါ၊ စကြာမင်းကြီး ဖြစ်ပါစေမယ်လို့ ဆိုပေမယ့် မသတ်၊ မသောက် ရင် မင်းကို သတ်ရလိမ့်မယ်ဆိုရင် အသေခံဖို့ရာ အသင့်ပါပဲ။ ဗလက္ကာရ အတင်းချုပ်ပြီး တိုက်ရင်လဲ ဝမ်းလဲတော့ အရက်မဝင်ပါဘူး၊ (၅) ထို့ပြင် ဘုရားသားတော်အစစ် ဖြစ်သာတယ်၊ (၆) ရတနာသုံးပါးကို မတုန် မလှုပ် ယုံကြည်လာတယ်၊ (၇) အကုသိုလ်ဆိုင်ရာတရား ၅၀-ကိုအကြွင်း မဲ့ ပယ်တဲ့အပြင် တနုကရအားဖြင့်လဲ (၂၇)ပါးကို ပယ်ခြင်းငှာ စွမ်း နိုင်လေတော့ မဂ်၏ သတ္တိဟာ လွန်စွာ တန်ခိုးကြီးလှပါတယ်။ မဂ်ဖြစ် ပေါ်လာတဲ့အခါ နိဗ္ဗာန်ဆိုတဲ့ သန္တိသုခကြီးကို အာရုံပြုပြီး ဒီအကျိုးတရား တွေ ဖြစ်လာတာကိုပင် မဂ်ချမ်းသာရယ်လို့ ခေါ်ရပါတယ်။

## ဖိုလ်ချမ်းသာ

ဖလသမာပတ် ဝင်စားနည်း စသည်တို့ကို အထူးမပြောတော့ပဲ ဝင်စား နေတဲ့အခါ ချမ်းသာပုံကိုသာ ပြောပြပါမယ်။ စည်းစိမ်ရှင် ဖြစ်ကြတဲ့

လူမင်း, နတ်မင်း, ဗြဟ္မာမင်းတွေဟာ မိမိတို့ ပိုင်ဆိုင်ကြတဲ့ ကာမဂုဏ် ချမ်းသာကို ခံစားကြပါတယ်။ အရိယာရယ်လို့ ဖြစ်လာရင် နိဗ္ဗာန်ဆိုတဲ့ သန္တိသုခကြီးကို အချိန်မရွေး အာရုံပြုပြီး ဖိုလ်ဝင်စားနိုင်လေတော့ နိဗ္ဗာန် ချမ်းသာကြီးရဲ့ ပိုင်ရှင်ရယ်လို့ ခေါ်ဆိုရပါတယ်။ ဈာန်ရတဲ့ အရိယာ ဖြစ်ဖြစ်၊ ဈာန်မရတဲ့ အရိယာဖြစ်ဖြစ်၊ နိဗ္ဗာန်ချမ်းသာကို မျက်မှောက် ပစ္စက္ခ အသက်ခန္ဓာ ထင်ရှားရှိနေစဉ် ချမ်းချမ်းသာသာ ခံစားစံစားပြီး နေထိုင်ဖို့ရာအတွက် ဖိုလ်ဝင်စားခြင်း ဖြစ်ကြပါတယ်။

ဒီဖိုလ်ဇောဟာ ဝိပါက်စိတ်ဖြစ်ပေမယ့် လောကီဝိပါက်များကို ဘဝင် ကိစ္စ စသည်နဲ့ မဖြစ်ဘဲ ဇောကိစ္စနဲ့ ဖြစ်ပါတယ်။ လောကီဝိပါက်များမှာ ကံအစွမ်းကြောင့် ဖြစ်ရလေတော့ ကာလကြာမြင့်မှ အကျိုးလာပေးမယ်၊ ဘဝကမ္ဘာခြားပြီးမှလဲ အကျိုးပေးနိုင်လေတော့ ဇောစေတနာဆိုတဲ့ အမွေ ကို အနန္တရသတ္တိများလို အပြည့်အစုံ မရနိုင်လေတော့ ဇောကိစ္စနဲ့ မဖြစ် နိုင်ကြ၊ ဖိုလ်ဇောကတော့ မဂ်ဇောက ပေးလိုက်တဲ့ ဇောစေတနာရဲ့ သတ္တိ ကို အပြည့်အစုံ လက်ခံ သိမ်းပိုက်နိုင်စွမ်းရှိတဲ့အတွက် ဇောကိစ္စနဲ့ ဖြစ် လာတယ်၊ ဒီဇောဟာ သာမည ဇောချိုး မဟုတ်ဘဲ သဟာဇာတာ ဓိပတိ၊ အာရမ္မဏာဓိပတိကော်နှိုက်တဲ့ ဇောဖြစ်တယ်။ ဇောဆိုရင် ဇောရဲ့သဘော၊ ဇောရဲ့ ကိစ္စအတိုင်း အာရုံကို ခံစားမှုရှိရပေမယ်။ ဒီတော့ ဖိုလ်ဝင်စား နေတယ်ဆိုတာဟာ နိဗ္ဗာန်ချမ်းသာကြီးကို အာရုံပြုပြီး အတွတ်အထိပ် အတုမရှိတဲ့ ဝေဒယိတသုခကို ခံစားနေခြင်းဖြစ်တယ်။

မဟာကမ္မဝိဘင်္ဂသုတ်မှာ "ယံသမာပတ္တိံ သမာပန္နော နကိဉ္စိဝေဒိယတိ" ဆိုတဲ့ ပါဠိကို ကိုးကားပြီး ဖိုလ်ဝင်စားနေတဲ့ ပုဂ္ဂိုလ်မှာ ဘာခံစားမှုမှ မရှိလို့ ဝေဒယိတသုခမဟုတ်၊ အဝေဒယိတသုခရယ်လို့ အယူအဆလွဲတတ် ပါတယ်။ ဒီပါဠိဟာ ဖလသမာပတ်ကို ဆိုလိုတာမဟုတ်၊ နိရောဓသမာပတ် ကို ဆိုလိုကြောင်းကို "နိရောဓသမာပတ္တိံ သန္ဓာယ အနုဇာနာတိ" ရယ် လို့ အဋ္ဌကထာမှာ အတိအလင်း ဆိုထားပါတယ်။ နိရောဓသမာပတ်များ မှာတော့ သင်္ခါရသုံးပါးချုပ်နေ၍ စိတ်စေတသိက်၊ စိတ္တဇရုပ်တွေ မရှိ ရကား "အဝေဒယိတသုခ" ရယ်လို့ဆိုရဘာယ်။

ထို့ပြင် စူဠဒုက္ခက္ခန္ဓသုတ်မှာ "သင်တို့ ဗိမ္ဗိသာရမင်းကြီးဟာ ကိုယ်ကို မလှုပ်ရှားဘဲ စကားမပြောဆိုဘဲ (၇)ရက်ကာလပတ်လုံး ချမ်းသာ သက် သက်ချည်း ခံစားနေရန် စွမ်းနိုင်ပါမည်လားလို့ မေးတော့ နိဂဏ္ဌက မစွမ်းနိုင်ကြောင်း ဖြေဆိုတယ်။ ဒါဖြင့် ၆-၅-၄-၃-၂-၁ ရက် လုံးလုံး ကော ချမ်းသာသက်သက်ချည်း ခံစားနေနိုင်ပါမည်လားလို့ မေးမြန်း

တော့ မစွမ်းနိုင်ပါလို့ဘဲ ဖြေပြန်တယ်။ ဒီတော့ ဘုရားက ငါ့ရှင်နိဂဏ္ဌ၊ ငါဘုရားဟာ ကိုယ်ကိုမလှုပ်ရှားဘဲ စကားမပြောဘဲ တစ်ရက်လုံးလုံးချမ်းသာသုခကို ခံစားနေရန်စွမ်းနိုင်တယ်။ ၂-၃-၄-၅-၆-၇ ရက် လုံး လုံး ချမ်းသာသုခကို ခံစားနေရန် စွမ်းနိုင်တယ်လို့ ဟောတဲ့နေရာမှာ၊အကြားအလပ်မရှိ၊ ဘာတရားကလေး တစ်ခုမျှ ခြားမနေဘဲ ကိုယ်တော်မြတ်ရဲ့ ကေန္တသုခဖြစ်တဲ့ ဖလသမာပတ်ကို ခံစားနေပုံကို ပြဆိုခြင်းဖြစ်တယ်။ ဖိုလ်ဝင်စားနေတဲ့ပုဂ္ဂိုလ်မှာ ဖိုလ်စိတ်တစ်ခုထဲသာ တစ်ခုချုပ်၊ တစ်ခုဖြစ်နေလေတော့ ချမ်းသာအစဉ်အဆက်ဟာ မပြတ်ဖြစ်နေပါတယ်။

ရထဝိနိတသုတ်မှာလဲ မြင်းယာဉ်ကတဲ့ သတ္တမရထားဖြင့် သာကေတမြို့နန်းတွင်းတံခါးသို့ ရောက်၍ သက်ဆင်းပြီး ပြာသာဒ်ထက်မှာ ဆွေမျိုးမိတ်ဆွေအပေါင်း ခြံရံကာ လွန်စွာ ချိုမြိန်ကောင်းမြတ် အရသာရှိလှတဲ့ ဘောဇဉ်ကို စားရသလို၊ ယောဂီမှာလဲ ဉာဏဒဿန ဝိသုဒ္ဓိဖြင့် ကိလေသာအားလုံးကို ကုန်ခန်းစေပြီးနောက် တရားတည်းဟူသော မြတ်သော ပြာသာဒ်ပေါ်သို့တက်ခါ(၅၆)ပါးသော ကုသိုလ်တရားတွေခြံရံပြီး နိဗ္ဗာန်လျှင် အာရုံရှိတဲ့ ဖလသမာပတ်ကို ဝင်စားပြီး နိဗ္ဗာန်ဆိုတဲ့အိပ်ရာ၌ လဲလျောင်း၍ လောကုတ္တရာချမ်းသာကို ခံစားတဲ့အခါနဲ့ တူတယ်လို့ပြဆိုတဲ့ နေရာမှာ "လောကုတ္တရ သုခါနုဘဝ န ကာလော"လို့ပြဆိုတယ်။

ဝေဒယိတသုခအပေါင်းတို့တွင် ဒီဖလသမာပတ်ရဲ့ ဝေဒယိတသုခဟာ ချမ်းသာတကာတို့ရဲ့ အထွတ်အထိပ် ဖြစ်လေတော့ ဘုရား ဟန္တာ အရိယာသူတော်ကောင်းများဟာ အချိန်ရတိုင်း ဖလသမာပတ်ကို ဝင်စားတော်မူကြပါတယ်။ မြတ်စွာဘုရားများမှာ တရားဟောတော်မူတဲ့ အခါ တရားနာသူများက သာဓုခေါ်တဲ့ အချိန်ကလေး၌ပင် အချိန်ကို အလဟဿမဖြုန်းဘဲ ဖလသမာပတ်ချမ်းသာကို ခံစားတော်မူပါတယ်။

အရှင်ဗာကုလမှာ အတ္တဟိတသမားဖြစ်လေတော့ ဖလသမာပတ် ချမ်းသာကို အများဆုံး ခံစားတဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။

ဒီလိုသမာပတ်ဝင်စားနေတဲ့ ပုဂ္ဂိုလ်ဟာ ကိလေသာအပူမီးဟူသမျှ ငြိမ်းအေးနေတဲ့ နိဗ္ဗာန်ကို အာရုံပြုရလေတော့ သူ့သန္တာန်မှာဖြစ်နေတဲ့ ဖိုလ်စိတ်ဟာလဲ ဝင်စားနေသမျှကာလပတ်လုံး ဘာကိလေသာအပူမီးမှ မရှိဘဲ ငြိမ်းအေးနေတယ်။ ကိလေသာအညစ်အကြေး ရှိကြတဲ့ပုဂ္ဂိုလ်တွေကို ကြည့်လိုက်ရင် မတင့်တယ်စရာတွေ များစွာတွေ့ရလိမ့်မယ်။ ဒီအညစ် အကြေးကင်းစင်နေတဲ့ ဖိုလ်ဝင်စားနေသူမှာတော့ လွန်စွာတင့်တယ် လှပေတယ်။ ကိုယ်နှုတ်လှုပ်ရှားမှုကလဲမရှိလေတော့ လွန်စွာငြိမ်သက်နေပါတယ်။အမြိုက်

ဆေးရောထားတဲ့ ပျားရည်များလို ဩဇာနဲ့လည်း ပြည့်စုံ လှပါတယ်။ ဈာန်ချမ်းသာတွေ မဂ်ချမ်းသာတွေထက် လွန်ကဲတဲ့ချမ်းသာဖြစ်လေတော့ လွန်စွာ မွန်မြတ်သောအရသာရှိပါတယ်။ ဖိုလ်ချမ်းသာ ခံစားနေတဲ့ပုဂ္ဂိုလ်မှာ ဒီဖိုလ်ချမ်းသာရဲ့ သတ္တိကြောင့် အချင်းခပ်သိမ်း စိုစွတ်နေပါတယ်။ ဤမျှမွန်မြတ်လှတဲ့အပြင် အတုမရှိလည်းဖြစ်၊ အရသာအရှိဆုံး အကောင်းဆုံးလည်း ဖြစ်တဲ့ အရသာအဆီအခဲကြီးကို ခံစားစံစားနိုင်ရန်မှာ မဂ်ဖိုလ်ရပါမှ ခံစားနိုင်ကြသည့်အတွက် မဂ်-ဖိုလ်ရကြောင်း သူတော်ကောင်းတရားများကို ကိုယ်စိတ်ချမ်းသာစွာနဲ့ ပွားများအားထုတ်နိုင်ကြပါစေဟု (၁၅)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့အတွက် ရည်ညွှန်း၍ တိုက်တွန်းနှိုးဆော်အပ်ပါသတည်း။ ။

## ရန်ကုန်မြို့၊ ဒဂုံဇာတိမြို့ဝန်ရှောင်းရေးအသင်း၏
## ၁၃၂၆-ခုနှစ်၊ (၁၆)ကြိမ်မြောက်
## အဘိဓမ္မာအခါတော်နေ့တွင်
## သြဝါဒါစရိယ မူလပဋ္ဌာန်း ဆရာတော်ဘုရားကြီး၏
## အသံလွှင့် ဟောပြောချက်

ယနေ့(၁၆)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့မှာ ပဋ္ဌာန်း အာရမ္မဏပစ္စည်း၌ ဟောတော်မူသော နိဗ္ဗာန်၏အကြောင်းကို အနည်းငယ် အမြွက်မျှ ပြောပြပါမယ်။ ဗုဒ္ဓဘာသာဝင်ဟူသမျှ ကလေးသူငယ်ပဲဖြစ်ဖြစ်၊ လူကြီးပဲ ဖြစ်ဖြစ် ဘုရားရှိခိုးကြတဲ့အခါ၊ ဒါနပြုတဲ့အခါ၊ သီလစသည် ဆောက်တည်ကြတဲ့အခါမှာ "နိဗ္ဗာန်ကိုရပါလို၏....နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏" ဟု ဆုတောင်းကြမြဲဖြစ်ကြတယ်။ဘာဖြစ်လို့ဆုတောင်းကြတာလဲ နိဗ္ဗာန်ဆိုတာ ဘယ်လိုတရားလဲ၊ နိဗ္ဗာန်မှာ ဘာချမ်းသာမျိုးတွေရှိသလဲ ဆိုတာကို ဆုတောင်းကြတဲ့ ပုဂ္ဂိုလ်များ ထိုက်သင့်သလို နားလည်ထားသင့်ပါတယ်။

နိဗ္ဗာန်ဆိုတာ ပရမတ္ထအားဖြင့် အမြဲထင်ရှားရှိနေတဲ့ လောကုတ္တရာ အာရုံတရားဖြစ်တယ်။ ဒါနိဗ္ဗာန်ကို မဂ်လေးပါးရှေ့နားမှာရှိကြတဲ့ ဂေါတြဘူ၊ ဝေါဒါန်နဲ့ မဂ်ဖိုလ်တို့က အာရုံပြုကြတယ်။ ဒီနိဗ္ဗာန်ကို မြင်ပြီးတဲ့ အရိယာပုဂ္ဂိုလ်များက ထိုနိဗ္ဗာန်ကို တစ်ဖန်ထပ်မံ၍ ဆင်ခြင်တဲ့အခါ မနောဒွါရာဝဇ္ဇန်းကလဲ အာရုံပြုနိုင်ကြောင်းကို ပဋ္ဌာန်းအာရမ္မဏပစ္စည်းမှာ "နိဗ္ဗာနံ ဂေါတြဘုဿ ဝေါဒါနဿ မဂ္ဂဿ ဖလဿ အာဝဇ္ဇနာယ အာရမ္မဏ ပစ္စယေန ပစ္စယော" ဟု ဟောတော်မူတယ်။

လောကီတရား၊လောကုတ္တရာတရား၊လောကီလဲမဟုတ်၊ လောကုတ္တရာလဲ မဟုတ်တဲ့ တရားရယ်လို့ တရားသုံးမျိုးရှိခဲ့ရာ လောကီစိတ် ၈၁၊ စေတသိက် ၅၂၊ ရုပ် ၂၈ ပါးမှာ ဒုက္ခသစ္စာဆိုတဲ့ လောကမှာအကျုံးဝင်လို့ လောကီ တရားများ ဖြစ်ကြတယ်။ လောကုတ္တရာစိတ်-၈ ခု၊ စေတသိက် ၃၆၊

နိဗ္ဗာန်များမှာ ဥပါဒါနက္ခန္ဓာဆိုတဲ့ လောကကိုမှီနေပေမယ့် လောကနဲ့ မလိမ်းကျံဘူး၊ ပဒုမ္မာကြာပန်းများဟာ ရွှံ့နှစ်ညွန်ရေကို မှီ၍ ဖြစ်ရပေမယ့် ဒီရွှံ့နှစ်စသည်နဲ့ မလိမ်းကျံဘဲ ရေပေါ်မှာ စွင့်စွင့်မြင့်၍တည်သလို ဥပါဒါနက္ခန္ဓာဆိုတဲ့ လောကမှလွန်မြောက်၍ တည်နေလို့ လောကုတ္တရာမည်တယ်။ အနာဂါမ်၊ ရဟန္တာများဝင်စားအပ်တဲ့ နိရောဓသမာပတ်ကတော့ သမာဓိ ဝိပဿနာ ဘာဝနာနှစ်ပါးရဲ့ အစွမ်းဖြင့် စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့ ချုပ်ခြင်း၊ ငြိမ်းခြင်း သဘာဝပညတ်တရားဖြစ်လို့ လောကီလဲမဟုတ်၊ လောကုတ္တရာလဲမဟုတ်လို့ ဆိုရတယ်။

ဒီနိဗ္ဗာန်ကို လူသာမန်တို့ ပညာမျက်စိနဲ့ မြင်ဖို့ရာ ထား၍ လေးကျွန်းလုံးကို အစိုးရတဲ့ စကြာမင်းဖြစ်ဖြစ် လောကဓာတ်တစ်သောင်းကို ကိုယ်ရောင်ဖြင့် ထွန်းလင်းစေနိုင်တဲ့ ဗြဟ္မာမင်းကြီးပင်ဖြစ်ဖြစ်၊ ပင်ကိုဖြစ်တဲ့ ပညာမျက်စိနဲ့ ကြည့်ရှုထင်မြင်နိုင်ကြတာမဟုတ်၊ မဂ်ဉာဏ်ရလာလို့ အရိယာဖြစ်တဲ့အခါမှာတော့ မျက်စိအမြင်ရှိကြတဲ့သူများဟာ လ၊ နေ စတဲ့ ရူပါရုံကို ထင်ထင်ရှားရှားကြီး မြင်ရသလို နိဗ္ဗာန်တရားကြီးကို ထင်ထင်ရှားရှားမြင်ကြရ မျက်မှောက်ပြုကြရပေတယ်။

ဇမ္ဗုခါဒသုတ်မှာ ဇမ္ဗုခါဒကပရိဗိုဇ်က "ငါ့ရှင်သာရိပုတ္တရာ နိဗ္ဗာန် နိဗ္ဗာန်လို့ ပြောကြပါတယ်၊ ဒီနိဗ္ဗာန်ဟာ ဘယ်တရားပါလဲ"လို့ လျှောက်ကြားတော့ အရှင်သာရိပုတ္တရာက "ငါ့ရှင်ဇမ္ဗုခါဒက၊ နိဗ္ဗာန်ဆိုတာ ရာဂ၊ ဒေါသ၊ မောဟတရားရဲ့ကုန်ကြောင်းတရား"လို့ ဟောသဖြင့် နိဗ္ဗာန်သည် ရာဂစသည်တို့၏ ကုန်ကြောင်းတရားဖြစ်တယ်။ မဂ်တရားများဟာ နိဗ္ဗာန်ဆိုတဲ့ အာရုံအကြောင်းတရားကို ရပါမှ ရာဂစတဲ့ ကိလေသာတို့ကို ပယ်သတ်နိုင်သဖြင့် မဂ်တရားများကို ကိလေသာစသည် ကုန်စေတတ်၊ ပယ်သတ်တတ်သောတရားဟုဆိုရ၏။ နိဗ္ဗာန်ကတော့ မဂ်ရဲ့ အာရုံဖြစ်လေတော့ ထိုရာဂစတဲ့ ကိလေသာတို့၏ ကုန်ဖို့ ပျက်စီးဖို့ အကြောင်းတရားများ ဖြစ်ပေတယ်။

အရဟတ္တဖိုလ်ကတော့ ရာဂစတဲ့ ကိလေသာတို့ ကုန်တဲ့ အဆုံးမှာ ဖြစ်တယ်။ အနမတဂ္ဂ သံသရာမှစ၍ သတ္တဝါတွေရဲ့ သန္တာန်မှာ ရာဂစတဲ့ ကိလေသာ အပူမီးတွေဟာ အမြဲ ပူလောင်ခဲ့ပါတယ်။ အရဟတ္တမဂ်ရလို့ ဒီအရဟတ္တမဂ်က နိဗ္ဗာန်ကိုအာရုံပြုလိုက်တာနဲ့ တစ်ပြိုင်နက် ရာဂစတဲ့ ကိလေသာ အပူမီးတွေဟာ နောက်တစ်ဖန် ပြန်၍ ဖြစ်ပေါ်မှု မရှိနိုင်အောင် အကြွင်းအကျန်မရှိစေဘဲ ကုန်ခန်းစေပါတယ်။ ဒီကိလေသာတွေဟာ အရဟတ္တမဂ်ရဲ့ခဏမှာကုန်ကြပြီး ဒီလိုကိလေသာ ကုန်တဲ့အဆုံးမှာ အရဟတ္တဖိုလ် ဖြစ်ပေါ်လာရခြင်းဖြစ်တော့ အရဟတ္တဖိုလ်ကို ရာဂ၊ ဒေါသ၊ မောဟ ကုန်ရာလို့ ဆိုရပါတယ်။

နိဗ္ဗာန်ဆိုတာ လွန်စွာ အလေးအမြတ်ပြုအပ်၊ လွန်စွာ သက်သာရာ ရစေအပ်သော တရားမျိုးဖြစ်တယ်။ ဥပမာအားဖြင့် အသက်အန္တရာယ်၊ စည်းစိမ်အန္တရာယ်၊ သားမယားစတဲ့ အန္တရာယ်တွေနဲ့ တွေ့ကြုံနေရလို့ ပြင်းပြစွာ စိုးရိမ်ကြောင့်ကြ ရှိနေရတဲ့သူမှာ ဒီအန္တရာယ်အပေါင်းက လွတ်ငြိမ်းချမ်းသာခွင့် ရတဲ့အခါ ကြီးစွာသော စိတ်၏သက်သာရာကို ရတဲ့ အပြင် ဒီအသက်စသည်တို့ကို လွန်စွာမြတ်နိုးကြပါတယ်။ ထို့အတူ ဘုံသုံး ပါးမှာ အဖန်ဖန် အိုရ၊ နာရ၊ သေရမှုစတဲ့ များပြားလှစွာသော ဘေးတွေကို မြင်ရလို့ ဒီဘေးတွေက ကင်းကွာပြီး ချမ်းသာစစ် ချမ်းသာမှန်ဖြစ်တဲ့ နိဗ္ဗာန်တရားကို မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်နဲ့ ရအပ် သိမြင်အပ်တဲ့ အခါ လွန်စွာစိတ်သက်သာရာ ရတဲ့အပြင် ဒီနိဗ္ဗာန်ကိုလဲ လွန်စွာရိုသေ လေးမြတ်ကြပါတယ်၊ အသက်ဘေးစသည်ကြောင့် စိုးရိမ်ကြောင့်ကြနေသူမှာ ထို စိုးရိမ်သောကကင်းတဲ့အခါ သက်သာရခြင်းထက် အဆရာ ထောင် သိန်း သန်း မက အလွန် မွန်မြတ်တဲ့ သက်သာရာကို ရလေတော့ နိဗ္ဗာန်နဲ့ တူတဲ့ သက်သာရာဖြစ်တဲ့ လေးမြတ်အပ်တဲ့တရား တစ်ခုမျှမရှိပါဘူး။

နိဗ္ဗာန်သည် အကြောင်းတရားတို့မပြုပြင်၊ မစီရင်အပ်တဲ့ အသခ်တ တရားဖြစ်တယ်၊ မိမိကိုပြီးစေတတ်တဲ့ တစ်စုံတစ်ခုသောအကြောင်းမရှိတဲ့ အပ္ပစ္စယတရားဖြစ်တယ်။ မဂ်တရားမှာ နိဗ္ဗာန်ကိုပြီးစေတတ်တဲ့ အကြောင်း မဟုတ်၊ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်သာဖြစ်တယ်၊ စိတ်စေတသိက် ရုပ်တရားများမှာ အကြောင်းကိုစွဲ၍သာဖြစ်ကြတဲ့ ပဋိစ္စသမုပ္ပန္နတရားများ ဖြစ်ကြတယ်။ နိဗ္ဗာန်မှာ အကြောင်းကိုမစွဲဘဲ သက်သက်သာ ဖြစ်တဲ့ အာဓိစ္စ သမုပ္ပန္နတရားဖြစ်တယ်။ စိတ်၊ စေတသိက်၊ ရုပ်တရားများဟာ မြဲတဲ့သဘောမရှိတဲ့ပြင် ဆင်းရဲတဲ့တရားများဖြစ်တယ်၊ နိဗ္ဗာန်မှာ ဆင်းရဲ လုံးဝမရှိတဲ့အပြင် အမြဲတည်ရှိနေတဲ့တရားဖြစ်တယ်။

နိဗ္ဗာန်သည် ချမ်းသာတကာတို့ထက် ကဲလွန်မွန်မြတ်တဲ့ ချမ်းသာထူး ဖြစ်တယ်။ ချမ်းသာတယ်ဆိုရတဲ့ သုခများမှာ ဝတ္ထုကာမကို ကိလေသာ ကာမနဲ့ သုံးဆောင်ခံစားလို့ ဖြစ်ပေါ်လာတဲ့ ချမ်းသာဆိုတဲ့ ကာမသုခ မဟဂ္ဂုတ်စျာန်များမှာဖြစ်တဲ့ စျာနသုခ၊ ဖိုလ်လေးပါးမှာဖြစ်တဲ့ ဖလသုခ၊ ဒုက္ခခပ်သိမ်းတို့ရဲ့ ချုပ်ကြောင်း ချမ်းသာစစ်ချမ်းသာမှန်ဖြစ်တဲ့ နိဗ္ဗာနသုခ ရယ်လို့ ရှိခဲ့တယ်။ ကာမသုခမှာ ယုတ်သောအကုသိုလ်တရားတို့ကို ဖြစ် စေတတ်၊ တိုးပွားစေတတ်ခြင်း၊ ကြီးစွာသော စိုးရိမ်ပင်ပန်းရမှု၊ ငိုကြွေး ရမှုစတဲ့ ဒုက္ခအပေါင်းတို့ရဲ့ အကြောင်းရင်းဖြစ်လေတော့ အလုံးစုံသော ချမ်းသာအပေါင်းတို့အောက် ယုတ်ညံ့တဲ့ ဟီန ချမ်းသာဖြစ်တယ်။ စျာန် ချမ်းသာမှာ ကာမ၊ လောကုတ္တရာချမ်းသာနှစ်ပါးရဲ့ အလယ်မှာဖြစ်လို့

မတ္တိမချမ်းသာဖြစ်တယ်။ ဖိုလ်ချမ်းသာဆိုတာကတော့ ဘာကိစ္စကိုမျှ မပြု လုပ်တော့ဘဲ တခ်နေ့လုံးဝင်စားနေပေမယ့် အားရခြင်း၊ ရောင့်ရဲခြင်းမဖြစ် နိုင်လို့ မွန်မြတ်တဲ့ ပဏီတသုခဖြစ်တယ်။

ဥပမာအားဖြင့် မီးဟာ သောင်စာတွေဘယ်လောက်ထည့်ထည့် လောင် စာဖြင့် မရောင့်ရဲ၊ မဟာသမုဒ္ဒရာဟာလည်း မြစ်ကြီးမြစ်ငယ်တွေက စီးဝင် လာတဲ့ရေတို့ဖြင့် မရောင့်ရဲ၊ မင်းများဟာ တိုင်းပြည် တိုင်းနိုင်ငံဖြင့် မရောင့်ရဲ၊ အလိုကြီးသူဟာ ပစ္စည်းလေးပါးဖြင့် မရောင့်ရဲနိုင်လို့ ဖိုလ် လေးပါးမှာရှိတဲ့ သုခဟာ သုံးဆောင်ခံစားလို့ အားရရောင့်ရဲခြင်း မဖြစ် စေတတ်၍ မွန်မြတ်တဲ့ ပဏီတသုခရယ်လို့ဆိုရတယ်။ ဒီဖိုလ်လေးပါး မှာလည်း အရဟတ္တဖိုလ်မှာရှိတဲ့ သုခဟာ အထွတ်အထိပ်သို့ရောက်တဲ့ ပဏီတ သုခဖြစ်လေတော့ ဒီအရဟတ္တဖိုလ်သမာပတ်ကို အလွန်အားဖြင့် သုံးဆောင် ဝင်စားတော်မူကြတယ်။ မြတ်စွာဘုရားများမှာ စိတ်တော်ကို အစိုးရလေ တော့ တရားဟောနေတဲ့အခါမှာပင် ဆိတ်ဆိတ်နေတဲ့ခဏ၌ အရဟတ္တဖိုလ် သမာပတ်ကို ဝင်စားလေတော့ တစ်ပါးသောအချိန်အခါမျိုးမှာတော့ ဆိုဖွယ်မရှိတော့ပါ။ တရားဟောခြင်း၊ ဆွမ်းဘုဉ်းပေးတော်မူခြင်းစတဲ့ ကိစ္စတစ်ပါးရှိပေမယ့် နိဗ္ဗာန်သို့ ညွတ်ကိုင်းတော်မူတဲ့ စိတ်ရှိတော်မူတယ်။ နိဗ္ဗာန်သာအာရုံရှိတဲ့ ဖလသမာပတ်သို့ ညွတ်ကိုင်းတော်မူလေတော့ တရား ဟောခြင်းစတဲ့ ကိစ္စပြီးဆုံးတဲ့အခါ အရဟတ္တဖိုလ် ဖလသမာပတ်ကို ဝင်စား တော်မူတယ်။ ဒါကြောင့် အရဟတ္တဖိုလ်ချမ်းဟာ သခ်တသုခအပေါင်းမှာ အထွတ်အထိပ်သို့ရောက်တဲ့ ကောဋ္ဌပ္ပတ္တသုခရယ်လို့ဆိုရတယ်။

နိဗ္ဗာန်ချမ်းသာကတော့ ဆင်းရဲဒုက္ခဟူသမျှတို့ရဲ့ချုပ်ရာ ချမ်းသာအစစ် အမှန်ဖြစ်လေတော့ပြဆိုခဲ့တဲ့ကာမဂုဏ်ချမ်းသာ၊ စျာန်ချမ်းသာ၊ ဖိုလ်ချမ်းသာ တွေထက် ကဲလွန်မွန်မြတ်တဲ့ ချမ်းသာဖြစ်တယ်။ ရှိရှိသမျှ သခ်ဟ အသခ်တ တရားတွေထဲမှာ နိဗ္ဗာန်နဲ့တူတဲ့ ချမ်းသာမရှိကြောင်းကို "နိဗ္ဗာနံ ပရမံ သုခံ" လို့ဟောပါတယ်။ နိဗ္ဗာနသုခသုတ်မှာ အရှင်ဥဒါယီက အရှင် သာရိပုတ္တရာအား "အရှင်ဘုရား သာရိပုတ္တရာ၊ နိဗ္ဗာန်ဆိုတာ ခံစားအပ်တဲ့ ရူပါရုံစတဲ့ အာရုံတွေလဲမရှိ၊ ဒီအာရုံတွေကို ခံစားတယ်ဆိုတဲ့ စိတ် စေ တသိက်တွေလဲ မရှိပါဘဲလျက်နဲ့ နိဗ္ဗာန်ဟာ ဘယ်လိုချမ်းသာတာပါလဲ၊ နိဗ္ဗာန်ရဲ့ချမ်းသာဟာ အဘယ်ဟာလဲ" လို့ လျှောက်ကြားတော့ အရှင် သာရိပုတ္တရာက "ငါ့ရှင်ဥဒါယီ၊ နိဗ္ဗာန်မှာ ကာမဂုဏ်ချမ်းသာ၊ စျာန် ချမ်းသာများလိုခံစားအပ်တဲ့ ဝေဒယိတသုခမျိုးမရှိ၊ခံစားမှု ဝေဒယိတသုခ ရှိကြတဲ့ ကာမဂုဏ်ချမ်းသာစသည်တွေမှာ နာကျင်မှုစတဲ့ ဆင်းရဲဒုက္ခတွေနဲ့ ရောပြွမ်း၍နေတယ်၊ နိဗ္ဗာန်ခံစားမှု ဝေဒယိတသုခမရှိသော်လည်း ဝေဒယိတ

သုခထက် အဆပေါင်းများစွာ သာလွန်တဲ့ သန္တိသုခ အေးမြငြိမ်းချမ်းတဲ့ သဘောရှိလို့ ချမ်းသာတယ်''လို့ဆိုရတယ်။

အထက်ကပြောခဲ့တဲ့ အရဟတ္တဖိုလ် ချမ်းသာဟာ ဝေဒယိတသုခ အပေါင်းမှာ အထွတ်အထိပ်ဖြစ်ပေမယ့်''ပုရိမံပုရိမံအသေက္ခံ ဖလံ မဇ္ဈိမဿ ပဇ္ဈိမဿသေက္ခဿ ဖလဿ အနန္တရ ပစ္စယေနပစ္စယော''လို့ ဟောသဖြင့် ရှေးရှေးဖိုလ်စိတ်ကချုပ်ပေးမှ နောက်နောက် ဖိုလ်စိတ်များ ဖြစ်ရတော့ ဒီဖိုလ်စိတ်တွေမှာ ဖြစ်ချုပ်ခြင်းလို့ဆိုတဲ့ ဒုက္ခရှိနေပါသေးတယ်၊ ထို့ပြင် အနာဂါမ် ရဟန္တာ အရှင်မြတ်များဟာ ရုပ်နာမ်ခန္ဓာကြီးကို အင်မတန် ကြီးလေးလှတဲ့ ဝန်ကြီးပဲလို့ မှတ်ထင်တော်မူကြပြီး ဒီရုပ်နာမ် ဖြစ်ပျက်မှုမှ ကင်းလွတ်အောင် နိရောဓသမာပတ်ကို ဝင်စားတော် မူကြတယ်။ သမာပတ်အတွင်းမှာ စိတ်စေတသိက် စိတ္တဇရုပ်တွေ ချုပ်ငြိမ်းနေလေတော့ ခံစားအပ်တဲ့ ဝေဒယိတသုခမရှိ။ ဒီလိုဝေဒယိတသုခမရှိဘဲ ရုပ်နာမ်အချို့ ချုပ်ငြိမ်းနေမှုကိုပင် မွန်မြတ်လှတဲ့ ချမ်းသာပဲရယ်လို့ နှလုံးသွင်းကာ ဝင်စားတော်မူကြတယ်။ ဒါပေမယ့် ဒီနိရောဓသမာပတ် ဝင်စားနေတဲ့ အခိုက်အတန့်မှာ ကမ္မဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်များဟာ ဖြစ်လိုက် ပျက်လိုက်နဲ့ ရုပ်ဝီထိအစဉ်အတိုင်း ဖြစ်ပျက်နေလို့ ဒုက္ခသစ္စာဖြစ်ဆဲရယ် လို့ဆိုရတယ်။ နိဗ္ဗာန်ကတော့ ဒီလိုဖြစ်ပျက်ဖို့ရာ ဥပါဒ်ဌီဘင်မရှိလေတော့ ငြိမ်သက်အေးမြလှတဲ့ သုခဖြစ်ပါတယ်။ ကာမတဏှာရှိသူတို့သာ လူချမ်းသာ နတ်ချမ်းသာကို သာယာဖွယ်၊ နှစ်သက်ဖွယ်၊ မြတ်နိုးဖွယ်ရယ်လို့ ဝိပလ္လာသတရားဖြင့် ထင်မှားနေကြတာဖြစ်တယ်။ ကာမတဏှာကင်းတဲ့သူ ကတော့ ဒီလူ့နတ်ချမ်းသာကို ကိလေသာအမျိုးမျိုးတွေနဲ့ ပွိုးပြွမ်းညစ် ပေနေလို့ စက်ဆုတ်ဖွယ်သဘောတရားရယ်လို့ ထင်မှတ်ပြီး ဒီချမ်းသာကို မလိုလားမတောင့်တကြဘူး၊ ထို့အတူ ရူပတဏှာ၊ အရူပတဏှာ ရှိသူသာ ဗြဟ္မာတို့ရဲ့ ချမ်းသာကို သာယာနှစ်သက်မြတ်နိုးဖွယ်လို့ ထင်မှား နေပေမယ့် ဒီတဏှာကင်းသူကတော့ ငြီးငွေ့ဖွယ်လို့ မြင်ပြီး ဒီချမ်းသာ ကို မလိုလားမတောင့်တကြပါဘူး။ နိဗ္ဗာန်ဆိုတာ ဆိုခဲ့တဲ့တဏှာအားလုံးမှ ကင်းချုပ်တဲ့ ဝိရာဂတရားကြီး ဖြစ်ပေတယ်။

သစ္စာသဘောအားဖြင့် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာတွေဟာ စိတ်စေတသိက် ရုပ်တရားများဖြစ်ကြပြီး ခန္ဓာအစဉ်မှာ အကျုံးဝင်လို့ အဇ္ဈတ္တသန္တာန်မှာရတယ်။ နိရောဓသစ္စာ နိဗ္ဗာန်ကတော့ ခန္ဓာအစဉ်မှာ အကျုံးမဝင်လို့ ဗဟိဒ္ဓသန္တာန်မှာရတယ်။ အဇ္ဈတ္တသန္တာန်မှာ ဖြစ်ကြတဲ့ သစ္စာသုံးပါးဟာ ခန္ဓာမရှိတဲ့အခါ ကွယ်ပျောက်သွားတယ်။ ဗဟိဒ္ဓသန္တာန် မှာရှိတဲ့နိဗ္ဗာန်ကတော့ ခန္ဓာမရှိပေမယ့် မကွယ်မပျောက်အမြဲရှိနေတဲ့ ပရမတ္ထ

တရားဖြစ်တယ်။ အတုမရှိ ချမ်းသာလှ အေးမြလှတဲ့ နိရောဓသစ္စာနိဗ္ဗာန် တရားတော်မြတ်ကြီးကို မြင်ချင်ကြလွန်းလို့ မျက်မှောက် ပြုချင်ကြလွန်းလို့ လူနတ်ဗြဟ္မာများဟာ မိမိတို့ခံစားနေကြတဲ့ ချမ်းသာတွေကို စွန့်လွှတ်ကြပြီး ကြီးစွာသော အားထုတ်ခြင်းဖြင့် အားထုတ်နေကြတယ်။ ဒီနိဗ္ဗာန်ကို ရဖို့ဆိုတာကလဲ သာသနာတွင်းမှာသာ ဖြစ်နိုင်လေတော့ ယခုလို သာသနာနဲ့ တွေ့ကြုံနေရတဲ့ အခွင့်ကောင်း အခါကောင်း ကြုံကြိုက်နေရတဲ့အချိန်မှာ ထူးမြတ်လှတဲ့ နိဗ္ဗာန် တရားတော်မြတ်ကြီးကို မျက်မှောက်ပြုနိုင်ရာ ပြုနိုင်ကြောင်း သူတော်ကောင်း တရားတို့ကို ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာနဲ့ ပွားများအားထုတ်နိုင်ကြပါစေဟု(၁၆)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့အတွက် ရည်ညွှန်း၍ တိုက်တွန်းနှိုးဆော်အပ်ပါသတည်း။ ။

## ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏

## ၁၉၂၇-ခုနှစ်၊ (၁၇) ကြိမ်မြောက်

## အဘိဓမ္မာ အခါတော်နေ့တွင်

# ဩဝါဒါစရိယ မူလ ပဋ္ဌာန်း ဆရာတော်ဘုရားကြီး၏

# အသံလွှင့် ဟောပြောချက်

ပဋ္ဌာန်းအာရမ္မဏပစ္စည်း၌ ဟောတော်မူသော တရားများကို ယခင်နှစ်များက ထိုက်သင့်သည့်အားလျော်စွာ ပြောပြခဲ့ပြီဖြစ်၍၊ ယခုနှစ် (၁၇) ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့မှာ အဓိပတိ ပစ္စည်းကို အနည်းငယ်ပြောပြပါမယ်၊ အဓိပတိဆိုတာ မိမိနဲ့ စပ်နေတဲ့တရားတွေကို ထိုထိုကိစ္စ၌ မိမိ အလို ကျ ပါလာအောင် အစိုးရတဲ့ ပစ္စည်း ဖြစ်တယ်၊ ဒီအဓိပတိဟာ အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိရယ်လို့ နှစ်မျိုးရှိရာ ယနေ့ သဟဇာတာဓိပတိကို ပထမပြောပြပါမယ်။

### သဟဇာတာဓိပတိ

သဟဇာတာဓိပတိဆိုတာ တကူဖြစ်ဘက်တရားတွေအပေါ်မှာ အပြင်းအထန်လွှမ်းမိုး၍ တစ်ဦးတည်းအနေနဲ့ ပြိုင်ဘက်မရှိ အစိုးရတဲ့ပစ္စည်းဖြစ်တယ်၊ ဒီအဓိပတိပစ္စည်းကို လေးကျွန်းလုံးကို အစိုးရတဲ့ စကြဝတေးမင်းနဲ့တူတယ်လို့ ဥပမာပြကြပါတယ်။ စကြဝတေးမင်းဆိုတာ လေးကျွန်းလုံး အတွင်းမှာ မိမိနဲ့ ဩဇာတူအာဏာတူ ပြိုင်ဘက်မင်းမရှိဘဲ တစ်ဦးတည်းကသာ အစိုးရတယ်၊ ဒီစကြာဝတေးမင်းကြီးဟာ လေးကျွန်းလုံးကို စကြာရတနာကြီးနဲ့ လှည့်လည်တဲ့အခါ၊ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်မှာရှိကြတဲ့ မင်းဟူသမျှဟာ စကြဝတေးမင်းထံ ချဉ်းကပ်ပြီး၊ အရှင်မင်းမြတ် ကြွတော်မူပါ၊ အရှင်မင်းမြတ်ရဲ့ ကြွလာတော်မူခြင်းက ကောင်းသောကြွလာတော်ခြင်းဖြစ်ပါသည်။ အရှင်မင်းမြတ် ဤနိုင်ငံသည် အရှင်မင်းမြတ်ရဲ့နိုင်ငံသာတည်း၊ အရှင်မင်းမြတ် ဆုံးမတော်မူပါရယ်လို့ မိမိတို့ပိုင်ဆိုင်တဲ့ တိုင်းပြည်ကို အပ်နှင်းကြရုံမကာ စကြဝတေး

မင်းကြီးရဲ့ ဩဇာခံမင်းများအဖြစ်ကိုလည်းခံယူကြတယ်၊ဒီအခါစကြဝတေး မင်းကြီးက အသက်ကိုမသတ်ကြနဲ့၊ မပေးတာကိုမယူနဲ့၊ ကာမဂုဏ်တို့၌ မှားယွင်းစွာမကျင့်နဲ့၊ မဟုတ်မမှန်တာကို မပြောနဲ့၊ သေရည်သေရက်ကို မသောက်နဲ့၊ ကောက်မြဲအခွန်အတုတ်ကိုသာ ကောက်ခံသုံးစွဲကြရယ်လို့ ဆုံးမတယ်။

ထိုနည်းတူစွာ ဆန္ဒစတဲ့ အဓိပတိတရားလေးပါးတို့တွင် တစ်ပါးပါးက လွှန်ကဲကာ အကြောင်းပစ္စည်းတရားဖြစ်နေရင်၊ ကျန်တဲ့ ဝီရိယစတဲ့ သုံးပါး နှင့်တကွ သမ္ပယုတ်ဖြစ်ကြတဲ့ နာမ်ခန္ဓာရုပ်ခန္ဓာတွေဟာ ဒီဆန္ဒရဲ့ နောက်လိုက် ဖြစ်ကာ အကျိုးပစ္စယုပ္ပန်တရားများဖြစ်ကြရတယ်။

## အဓိပတိတရားကိုယ်လေးပါး

လောဘမူစိတ် (၈) ခု၊ ဒေါသမူစိတ် (၂) ခု၊ ကုသိုလ်စိတ် (၂) ခု၊ ဟသိတုပ္ပါဒ်ကြဉ်တဲ့ကြိယာဇော (၁၇)ခု၊ဖိုလ်စိတ် (၄) ခုဆိုတဲ့ သာဓိပတိ ဇော (၅၂) ခုမှာယှဉ်ကြတဲ့ဆန္ဒ၊ ဝီရိယစေတသိက်များဟာ ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိဖြစ်ကြတယ်၊ သာဓိပတိဇော (၅၂)ခုက စိတ္တာဓိပတိမည်တယ်၊ တိဟိတ်ဇော(၃၄)ခုမှာယှဉ်တဲ့ ပညာစေတသိက်က ဝီမံသာဓိပတိမည်တယ်။

## ဆန္ဒစသည်သာဓိပတိထိုက်ပုံ

ဒီနေရာမှာ ဖဿစတဲ့တစ်ပါးသောစေတသိက်တွေက အဓိပတိမထိုက်ဘဲ ဆန္ဒစသည်ကသာ ဘာကြောင့်အဓိပတိထိုက်ရသလဲလို့ စဉ်းစားရင် ဆန္ဒစတဲ့ တရားလေးပါးတို့ကသာ အဓိပတိဖြစ်လောက်အောင် အင်အားကောင်းမှု မူလဓာတ်ခံကောင်းလှမှုတို့ကြောင့် အဓိပတိကိစ္စ တတ်စွမ်းနိုင်မှုရှိကြတယ်။

ဒီအဓိပတိလေးပါးထဲက ဆန္ဒက အဓိပတိကိစ္စတတ်လိုက်တဲ့အခါ၊ကမ္ဘာ လောကမှာ သာမညလူတွေ မလုပ်စွမ်းနိုင်ကြတဲ့ အင်မတန် ကြီးမား ခက်ခဲ လှတဲ့ အလုပ်အကိုင်ကြီးတွေ၊ အတတ်ပညာကြီးတွေ၊ အကျင့်သိက္ခာကြီး တွေကို တင်းစုံတစ်ရာ ဝန်လေးမှုမရှိဘဲ ထမြောက်ပေါက်ရောက်အောင် လုပ်ကိုင်နိုင်ကြတာဟာ ဆန္ဒစတဲ့ တရားများ အခြေခံရှိမှ အဓိပတိကိစ္စ တတ်မှ ဖြစ်မြောက်နိုင်ကြတယ်။လောကကြောင်းမှာဖြစ်ဖြစ်၊ဓမ္မကြောင်းမှာ ဖြစ်ဖြစ်၊ ကုသိုလ် အကုသိုလ်တရားတွေမှာဖြစ်ဖြစ်၊ ဘယ်နေရာဌာနမျိုးမှာ မဆို အလွန်လိုချင်၊ အလွန်ရချင်၊ အလွန်ထမြောက်အောင်မြင်ချင်တဲ့ ဆန္ဒ တရားကြီးတစ်ခု ခိုင်မြဲစွာရှိနေမယ်ဆိုရင် ဒီအလိုဆန္ဒဟာ ပြည့်ဝတတ်ပါ တယ်၊ မြန်မြန်ပြည့်စုံမှု၊ နှေးနှေးပြည့်စုံမှုသာရှိပါတယ်။ ဝီရိယက အဓိပတိ ကိစ္စတတ်တဲ့အခါ ဝီရိယထုတ်နိုင်မှ ပြီးစီးနိုင်တဲ့ကုသိုလ်၊ အကုသိုလ်လိုကိစ္စ

ကြီးတွေမှာ တစ်စုံတစ်ရာခဲယဉ်းမှု၊ ဝန်လေးမှု မရှိတော့ဘဲ ပြီးစီးကြပါတယ်။ ထိုနည်းတူ စိတ်ကသာ အဓိပတိကိုစွဲတတ်လိုက်ရင် ဘယ်လောက်ကြီးမားခက်ခဲတဲ့ကုသိုလ်၊ အကုသိုလ်ကိစ္စတွေကိုပြုလုပ်ရအောင်မယ့်စိတ်ခိုင်မြဲ၍ ပြီးရမှာသာဖြစ်ပါတယ်။ ဝီမံသာဓိပတိကိုစွဲတတ်တဲ့အခါမှာလည်း လွန်စွာကြီးကျယ်ခက်ခဲတဲ့ ကိစ္စများကို ကြံဖန်ရာမှ နေရာတကျ ပေါက်ရောက်နိုင်ပါတယ်၊ လိုရင်းအကျဉ်းချုပ်ကတော့ ဘယ်လောက်ကြီးကျယ်ခက်ခဲတဲ့ကိစ္စဖြစ်ဖြစ် ဆန္ဒစသည်ကို အဓိပတိကိုစွဲတတ်ပြီး ပြုလုပ်မယ်ဆိုရင် ဒီကိစ္စတွေဟာ ပြီးစီးရမည်သာဖြစ်ကြောင်းကို 'ဆန္ဒဂုတော ကိံ နာမကမ္မံ န သမိဇ္ဈတိ' စသည်ဖြင့်ဟောတော်မူပါတယ်။

ဒီကမ္ဘာလောကကြီးရဲ့ကောင်းမှု၊ မကောင်းမှု၊ ချမ်းသာမှု၊ ဆင်းရဲမှု၊ သာယာမှု၊ မသာယာမှုစသည်ကို စဉ်းစားရင် ဒီဆန္ဒာဓိပတိစသည်တို့ဟာ ကုသိုလ်မှာယှဉ်ရင် ကမ္ဘာကြီးကောင်းမယ်၊ ချမ်းသာမယ်၊ သာယာမှုရှိမယ်၊ လောဘ ဒေါသဆိုတဲ့အကုသိုလ်မှာယှဉ်ရင်တော့ဒီကမ္ဘာကြီးဟာ မကောင်းတော့ဘူး၊ မချမ်းသာတော့ဘူး၊ သာယာမှုမရှိတော့ဘူး။

## အဓိပတိလေးပါး ဥဒါဟရုဏ်

ဆန္ဒာဓိပတိ၌ အရှင်ရဋ္ဌပါလ အရှင်သုဒိန်တို့ဟာ မြတ်စွာဘုရားက မိဘတို့ခွင့်မပြုတဲ့သူကို ရဟန်းပြု၍ မပေးလို့ မိန့်တော်မူတဲ့အခါ မိဘတို့ထံ ချဉ်းကပ်ပြီး မိခင်ဖခင်တို့ အကျွန်ုပ်သည် မြတ်စွာဘုရား ဟောတော်မူတဲ့တရားကို ထိုက်သည်အားလျော်စွာသိပါတယ်။ လူ့ဘောင်မှာနေပြီး စင်စစ်စင်ကြယ်၍ ခရုသင်းပွတ်သစ်နှဲ့တူတဲ့ ဤအကျင့်မြတ်ကို ကျင့်ရန်မလွယ်ပါ၊ ရဟန်းပြုဖို့ခွင့်လွှတ်ပါလို့ သုံးကြိမ်တိုင်အောင် တောင်းပန်တဲ့အခါမိဘတို့က ခွင့်မပြုတာနဲ့ အခင်းမရှိတဲ့ မြေကြီးပေါ်၌ ဒီနေရာမှာပဲ ငါ့ရဲ့သေရမှု၊ ရဟန်းပြုရမှု တစ်ခုခုဖြစ်ရမယ်ဆိုပြီး ဘာကိုမျှမစားမသောက်တော့ဘဲ အိပ်နေတယ်။ ဒါဟာ ရဟန်းပြုလိုမှုအတွက် လွန်စွာပြင်းပြလှတဲ့ ဆန္ဒာဓိပတိကိုစွဲတတ်ခြင်း ဖြစ်တယ်။

ရှင်သုမေဓာရသေ့ဟာလဲ ဘယ်လောက် ဘုရားဖြစ်လိုတဲ့ ဆန္ဒပြင်းပြသလဲဆိုရင် အချင်းသုမေဓာ၊ ဤစကြဝဠာတောင်ဘက်တံတိုင်းက မြောက်ဘက်တံတိုင်းအထိ ခြေတစ်ဖဝါးကခြေဖမိုးတိုင်အောင် ပေါက်၍ထွက်မည့် အလွန်ထက်လှတဲ့ လှံသွားများကို တစ်စုံတစ်ရာဂရုမစိုက် မကြောက်ရွံ့ဘဲ ရဲပံ့စွာ နင်း၍ ချက်ချင်းသွားကာ ဘုရားအဖြစ်ကို ရယူလိုမှုမှာ ပြင်းပြ ထက်သန်လှတဲ့ ဆန္ဒာဓိပတိပင် ဖြစ်တယ်။

## ဝီရိယာဓိပတိကိစ္စတတ်ပုံ

အရှင်သောဏမထေရ်ဟာ ရဟန်းတရားကို အားထုတ်တော့မယ်ကြံကာ မအိပ်တော့ဘဲ ထိုင်ခြင်း၊ ရပ်ခြင်းဖြင့်သာ ဘာဝနာကို ပွားများတယ်။ ရုပ်ပင်ပန်းလှလို့ ထိန်မိဒ္ဓဖြစ်လာရင် ပယ်ဖျောက်ဖို့ရာအတွက် စင်္ကြံသွား ဖန်များတာနဲ့ ဖဝါးနှစ်ဖက်ဟာ ဖူးရရှူးထပြီး ပေါက်ပြဲ ကွဲအက် ကုန်လို့ စင်္ကြံသွားရာဖြစ်တဲ့ မြေတလင်းဟာ သွေးခြင်းခြင်း နီနေတော့ တာပဲ။ ဒါဟာ ပြင်းပြလှတဲ့ ဝီရိယာဓိပတိဖြစ်တယ်၊ ဇနက္ကမင်းသားရဲ့ သမုဒ္ဒရာတွင်းမှာ သင်္ဘောပျက်တဲ့အခါ သမုဒ္ဒရာကိုလက်ပစ်ကူးရပုံ၊ ထို့ပြင် သမုဒ္ဒရာထဲသို့ မိမိရဲ့သား ရှဉ့်ငယ်ကလေးကျသွားလို့ ဆယ်ယူရန်အတွက် သမုဒ္ဒရာရေကိုကုန်အောင် အမြီးနဲ့ခါပစ်နေတဲ့ ရှဉ့်ရဲ့ပြုမူမှုဟာလဲ ဝီရိယာဓိပတိပင်ဖြစ်တယ်။

## စိတ္တာဓိပတိကိစ္စတတ်ပုံ

အရှင်သမ္ဘူတမထေရ်မှာ စိတ်ကိုအကြီးအမှူးပြုပြီးအားထုတ်တဲ့အတွက် လောကုတ္တရာတရားကိုရတယ်၊ မောဃရာဇမထေရ်ဟာ မြတ်စွာဘုရားကို ပြဿနာမေးလျှောက်ပြီး ဝီမံသကို အကြီးအမှူးပြုကာအားထုတ်တဲ့အတွက် လောကုတ္တရာကို ရတာရယ်၊ မဟောသဓော်သည် ဝိဒေဟရာဇ်မင်းကြီးက မေးတဲ့ ပြဿနာများကို ဖြေဆိုရာတို့မှာ ဝီမံသာဓိပတိများ ဖြစ်ကြတယ်။

## မိစ္ဆတ္တနိယတတရား သဟဇာတာဓိပတိ ကောန်ဖြစ်ပုံ

အထက်ကပြောခဲ့တဲ့ သာဓိပတိဇော (၅၂) ခုထဲက သာမညအကုသိုလ် ဇောနဲ့ မဟာကုသိုလ် ကြိယာဇော (၁၆) ခုဟာ အဓိပတိကိစ္စတတ်တဲ့ အခါ တတ်တယ်၊ မတတ်တဲ့အခါ မတတ်ကြလေတော့ အနေကန်ဇော များရယ်လို့ဆိုရတယ်၊ အကုသိုလ်ဇောထဲက မိစ္ဆတ္တနိယတ တရားများ ဟာ ကာမဘုံမှာ အပ္ပနာဇောများလို လွန်စွာအားကောင်းကြလို့ အဓိ ပတိကောန်ဖြစ်ကြတယ်၊ မိစ္ဆတ္တနိယတ တရားဆိုတာ မိဘကိုသတ်မှု၊ရဟန္တာ ကိုသတ်မှု၊ ဘုရားကို သွေးစိမ်းတည်အောင်ပြုမှု၊ သံဃာသင်းခွဲမှုဆိုတဲ့ ပဉ္စာနန္တရိယကံကြီးများနဲ့ သေရင် အဝီစိသို့ ကောန်ကျရောက်မည့် နိယတ မိစ္ဆာဒိဋ္ဌိကြီးများဖြစ်ကြတယ်။ ဒီလို အမေကိုသတ်မှု၊ အဖေကိုသတ်မှုစတဲ့ ကိစ္စများကိုဆန္ဒ၊ စိတ္တ၊ ဝီရိယဆိုတဲ့ တရားများကို အဓိပတိ ကိစ္စမတတ် ဘဲ အကြီးအမှူးမပြုဘဲ မပြုလုပ်နိုင်ကြပါဘူး။ ကောန်တစ်ပါးပါးကို အဓိပတိကိစ္စတတ်ကာ ပြုလုပ်ရပါသယ်၊ ပဉ္စာန်းပါဠိတော် မိစ္ဆတ္တတိက်

ပဋိစ္စတဲ့ ဆဝ ါရနအမိပတိပစ္စည်းမှာ၊ မိစ္ဆတ္တနိယ တေ ခန္ဓေ ပဋိစ္စ မိစ္ဆတ္တနိယတာဓိပတိ စသည်ကို ဟောပါတယ်၊ ကေန်တရားမျိုးအနေနဲ့ သီးသန့်နေတဲ့ပဒများမှာ အထက်ဟောခဲ့တယ်၊ ဒီလိုမဟုတ်ဘဲ ကေန်နဲ့ အနေကန် ရောပြွန်းနေတဲ့ ကုသလတိတ် စတဲ့နေရာများမှာတော့ သာမည အားဖြင့် "ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ခန္ဓာ" စသည်ဖြင့် ဟော တယ်၊ ဒါဟာ အကုသိုလ်ဆိုင်ရာမှာ ကေန် အဓိပတိတရားများ ဖြစ်တယ်။

## မဟဂ္ဂုတ်ဓောများ ကေန် အဓိပတိထိုက်ပုံ

မဟဂ္ဂုတ် ဓောများဟာလည်း ကေန်အဓိပတိ ဖြစ်ကြောင်းကို "မဟဂ္ဂတေ ခန္ဓေ ပဋိစ္စ မဟဂ္ဂတာဓိပတိ"ဟူ၍ လည်းကောင်း၊ ရူပါဝစရေ ခန္ဓေ ပဋိစ္စ ရူပါဝစရာဓိပတိ" ဟူ၍ လည်းကောင်း၊ အရူပါဝစရေ ခန္ဓေ ပဋိစ္စ အရူပါဝစရာ ဓိပတိစသည်ဖြင့် ဟောပါတယ်။ ဒီပဋ္ဌာန်းပါဠိ တော်အရ ဘာကိုသိရသလဲ ဆိုရင် ရူပ၊ အရူပဈာန်ကို လိုချင်ရင် တော် ရုံရောဝ်ရုံ ရက် အနည်းငယ်၊ လအနည်းငယ်နဲ့ အားထုတ်လို့မရဘူး၊ လွန်စွာပြင်းပြလှတဲ့ ဆန္ဒစသည်တို့တွင် တပါး ပါးကို အကြီး အမှူး ပြုရလိမ့်မယ်၊ ပလိဗောဓတွေကို ဖြတ်၊ ဆိတ်ငြိမ်ရာ အရပ် ချဉ်း ကပ်ပြီး မဖြစ်မနေ မရမနေ ဇွဲကောင်းကောင်းနဲ့ ဘယ်အာရုံမျိုးမှ မဝင် စေဘဲ ပညတ်အာရုံတစ်ခုထဲမှာသာ စူးစူးစိုက်စိုက် စိတ်ကိုထားပြီး ရူပဈာန် ကို ရဖို့ရာအတွက် အားထုတ်ရပါတယ်၊ ရူပဈာန်အားလုံးဟာ ပရမတ်ကို အာရုံပြုလို့မရကြပါဘူး၊ အရူပဈာန်ကတော့ ဆိုင်ရာပညတ်နဲ့ ပရမတ်ကို အာရုံပြုရပါတယ်။ ဒီဈာန်တွေရဖို့ရာအတွက် အတော့်ကို ကျန်းမာရေး စသည် ပြည့်စုံရမှာဖြစ်လေတော့ ယခုအခါမျိုးမှာ ကျန်းမာရေးချို့တဲ့ကြတဲ့ အတွက်ကြောင့် ရဖို့ရာ များစွာမလွယ်ကူလှပါဘူး။

ဒါပေမယ့် ဒီဈာန်တွေဟာ လောကီတရားဖြစ်လေတော့ အနမတဂ္ဂ သံသရာတစ်လျှောက်မှာ ဈာန်ကိုမရခဲ့ဘူးသူ၊ ဗြဟ္မာဘုံမှာ မဖြစ်ခဲ့ဘူး သူရယ် လို့ မရှိကြပါဘူး၊ အနာဂါမ်များသာ ပဋိသန္ဓေနေကြတဲ့ သုဒ္ဓါဝါသ ငါးဘုံကလွဲလို့ ကြွင်းကျန်တဲ့ (၂၆)ဘုံမှာ ဖြစ်ခဲ့ကြဘူး ရောက်ခဲ့ကြဘူးသူ များသာ ဖြစ်ကြပါတယ်၊ အယုတ်ဆုံးအားဖြင့် ကမ္ဘာ တစ်ခါ တစ်ခါပျက် လိုက်ရင် သတ္တဝါတွေဟာ မီး,ဒရ,လေ, မပျက်စီးဘဲ ရူပဘုံများမှာ ဖြစ်ကြ ရပါတယ်။

## လောကုတ္တရာ ကေန် အဓိပတိထိုက်ပုံ

မဂ်ဖိုလ်ဆိုတဲ့ လောကုတ္တရာတရားကို ရဖို့ရာကျတော့ လောကီဖြစ်တဲ့ ဈာန် တရားတွေထက် ပိုမိုရှုခက်ခဲပါတယ်၊ ဒီလောကုတ္တရာ တရားများဟာလဲ

အမိပတိကေန်ဖြစ်ကြောင်းကို ပဋ္ဌာန်းပါဠိတော်ကြီးမှာ"အနုပဒိန္န အနုပါ ဒါနိ ယော ခန္ဓေ ပဋိစ္စ အနုပဒိန္န အနုပဒါဒါနိယာဓိပတိ"ဟူ၍လည်းကောင်း၊ "အသံကိလိဋ္ဌ အသံကိလေသေ ခန္ဓေ ပဋိစ္စ အသံကိလိဋ္ဌ အသံကိလေသာ ဓိပတိ"ဟူ၍လည်းကောင်း၊ "အပ္ပမာဏော ခန္ဓေ ပဋိစ္စ အပ္ပမာဏာဓိပတိ" ဟူ၍လည်းကောင်း၊ များစွာပင် ဟောထားပါတယ်၊ ဒီတော့ မဂ်ဖိုလ်ရဖို့ ဆိုတာ လွန်စွာပြင်းပြတဲ့ ဆန္ဒစသည့်ရှိရတဲ့အပြင် ပညာဝီရိယစတဲ့ ဣန္ဒြေ များကလဲ ရင့်ကျက်မှုရှိမှပေလိမ့်မယ်၊ မဂ်ဖိုလ်ရတယ်ဆိုတာ သစ္စာလေးပါး ကို သိမြင်ပါမှ ရနိုင်တယ်၊ သစ္စာလေးပါးတို့တွင် လောကီဖြစ်တဲ့ ဒုက္ခ သမုဒယသစ္စာများရဲ့ ဖြစ်မှုဟာ ထင်ရှားပါတယ်၊ သစ်ငုတ်ကို တိုက်မိ မယ်၊ဆူးစူးတယ်ဆိုရင်ဒုက္ခဖြစ်မှုထင်ရှားပါတယ်၊ခဲဖွယ်စားဖွယ်ကို ခဲချင် စား ချင်တဲ့အခါများမှာ ခဲချင်မှု၊ စားချင်မှု စတဲ့ လောဘဖြစ်သမျှ သမုဒယသစ္စာ ထင်ရှားတယ်၊ ဒါပေမယ့် သူတို့ရဲ့လက္ခဏာကို ထိုးထွင်း၍ သိဖို့ကတော့ မြင်နိုင်ခဲလှလို့ နက်နဲပါတယ်။ လောကုတ္တရာဖြစ်တဲ့ မဂ္ဂနဲ့ နိရောဓသစ္စာကို မြင်ဖို့ရာကတော့ သဘာဝအားဖြင့် နက်နဲလှလို့ မြင်နိုင်ခဲလှပါတယ်။

မဂ်ဖိုလ်ရဖို့ဆိုတာ ဣန္ဒြေတို့ရဲ့ ရင့်ကျက်မှုဟာ အင်မတန် အရေးကြီးပါ တယ်၊ အသိလျင်မြန်တဲ့နေရာမှာ တေဒဂ်ရတဲ့ အရှင်ဗာဟိယလို ပုဂ္ဂိုလ်မျိုး ကိုသော်မှ တရားဟောဖို့ တောင်းပန်တဲ့အခါ မြတ်စွာဘုရားက "ဗာဟိယ၊ ယခုအခါ သင့်အား တရားဟောဖို့ရာ အခါမဟုတ်သေးဘူး"လို့ တားမြစ် တော် မူတဲ့နေရာမှာ "ကာလောတိ စေတ္တာဝေ နေယျာနံ ဣန္ဒြေယ ပရိက ကာလော အဓိပ္ပေတော"လို့ ပြသဖြင့် ၂ မိနစ်၊ ၃ မိနစ်လောက် ကြာမှ ဣန္ဒြေရင့်ကျက်မည်၊ ဗာဟိယကို ၎င်းထက်စောပြီး တရားမဟောသေးဘဲ ငံ့လင့်နေတော်မူကြောင်း ထင်ရှားပါတယ်။ သက္ကပဥှာသုတ်မှာလဲ သိကြား မင်းရဲ့ ပညာစတဲ့ ဣန္ဒြေမရင့်ကျက်သေးလို့ တရားဟောဖို့ မဆိုထားနဲ့ ဖူးမြော်ခွင့်ပင် မပေးကြောင်းကို "တဒါကိရဘဂဝါ သက္ကဿေဝ အပရိက ဂတံ ဉာဏံ ဝိဒိတွာ ဩကာသံ မကာရေဘု ကာမော ဖလသမာပတ္တိ ဝိဟာရေ န နိသိဒိ"လို့ ပြဆိုပါတယ်။

ထို့ပြင် မဟာသိဝမထေရ်ကြီးဟာ ရဟန္တာ ဖြစ်ဖို့ဆိုတာ ခဲယဉ်းလှတာ မဟုတ်ပါဘူး။ ၂ ရက်၊ ၃ ရက်လောက် အားထုတ်လိုက်ရင် ရမှာပါပဲဆိုတဲ့ ရည်ရွယ်ချက်နဲ့ အားထုတ်လိုက်တာ အနှစ် (၃၀) ကြာမှ ပညာစတဲ့ ဣန္ဒြေ နဲ့ အားထုတ်အပ်တဲ့ ဝိပဿနာများ မရင့်ကျက်သေး၍ ဤမျှ နှစ်ပေါင်း(၃၀) အားထုတ်ပါမှ ရင့်ကျက်ကြောင်းကို "တွေ ကံကာလ ဝိပဿနာ ယသု စိဏ္ဏာ ဘာဝတော ဉာဏဿ ပရိပါကံဂတတ္တာ"ရယ်လို့ ဖွင့်ပြပါတယ်။ ဒီနေရာမှာ သင်ခန်းစာရယူရမှာကမဟာသိဝမထေရ်ကြီးဟာ(၂၉)နှစ်နဲ့(၆)လအားထုတ်

ပြီး ငါရဟန္တာ ဖြစ်တော့မှာ မဟုတ်တော့ပါဘူး ဆိုပြီး လက်လျှော့လိုက်ရင် (၆)လလို နေသေးတဲ့အတွက် ရဟန္တာဖြစ်တော့မှာ မဟုတ်ဘူး၊ ဒီပညာစတဲ့ ဣန္ဒြေတို့ ရင့်ကျက် ပြီး၊ မရင့်ကျက်သေးရယ်လို့ သိမှုဟာ ဖြတ်စွာဘုရား တစ်ပါးတည်းနှင့်သာ သက်ဆိုင်ပါတယ်။

ဒါကြောင့် ယခုခေတ်အခါမှာ မဂ်ဖိုလ်ရဖို့ကိစ္စဆိုတာ လွယ်ကူတဲ့ကိစ္စ မဟုတ်၊ ဘော်ရုံ ရောင်ရုံအားထုတ်လို့ ရတဲ့ကိစ္စမဟုတ်၊ ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသဆိုတဲ့ အဓိပတိ လေးပါးတို့တွင် တစ်ပါးပါးကိုသာ သဟဇာတ ကိစ္စတတ်ပြီး အားထုတ်မှ ရနိုင်မည်ဖြစ်လေတော့ မဂ်ဖိုလ်ရလိုသူ သူတော်ကောင်း အပေါင်းတို့သည် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာနဲ့ သဟဇာတ ဓိပတိကိစ္စတတ်ကာ ပွားများအားထုတ်ကြပါစေဟု (၁၇) ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့အတွက် သတိပေး တိုက်တွန်းနှိုးဆော် အပ်ပါသတည်း။ ။

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေး အသင်း၏
၁၃၂၈–ခုနှစ်၊ (၁၈) ကြိမ်မြောက်
အဘိဓမ္မာအခါတော်နေ့တွင်

# ဩဝါဒါစရိယ မူလပဋ္ဌာန်း ဆရာတော်ဘုရားကြီး၏

## အသံလွှင့်ဟောပြောချက်

မနှစ်က ပဋ္ဌာန်း အဓိပတိပစ္စည်းမှ သဟဇာတာဓိပတိပစ္စည်းရဲ့ သဘော ပစ္စည်းရဲ့ တရားကို ပြောပြခဲ့ပါတယ်၊ သည်နှစ် ကျန်နေသေးတဲ့ အာရမ္မဏာဓိပတိ သဘောတရားကိုပြောပြပါမယ်၊ အဓိပတိပစ္စည်းမှာ အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိဧယ်လို့ နှစ်မျိုးရှိပါတယ်၊ အာရမ္မဏာဓိပတိက အာရမ္မဏမျိုး၊ သဟဇာတာဓိပတိက သဟဇာတမျိုး ဖြစ်ပါတယ်၊ ဒီနှစ်မျိုး ဟာအဓိပတိဆိုတဲ့ ပစ္စည်းတစ်ခုတည်းမှာ အတူတကွတည်း ရှိနေကြသော် လည်း မျိုးချင်းမတူ ကွဲပြားနေကြတဲ့အတွက် သူတို့အချင်းချင်း သဘာဝ မဖြစ်ကြပါ၊ ဥပမာအားဖြင့် ဝါဒမတူကြတဲ့ လူနှစ်ယောက် တစ်အိမ်တည်း မှာ အတူနေကြတာနဲ့ တူပါတယ်။

### အာရမ္မဏာဓိပတိ

အာရမ္မဏာဓိပတိပစ္စည်းရဲ့ အာရုံတရားဆိုတာ အာရမ္မဏပစ္စည်းထဲက သတ္တဝါတွေ အလွန်နှစ်သက်မြတ်နိုး လေးစားအပ်တဲ့ ဣဋ္ဌာရုံများ ဖြစ် ကြပါတယ်၊ ဒီလိုလေးမြတ်အပ်တဲ့ ရုပ်နာမ်အာရုံများဟာ မိမိနဲ့စပ်နေတဲ့ အာရမ္မဏိက နာမ်တရားတွေရဲ့အပေါ်မှာ လွန်လွန်ကဲကဲ အုပ်စိုးနေကြပါ တယ်။ ရှေးခေတ်အခါက ကျွန်ပိုင်မွေးကြတဲ့ အရှင်သခင်များဟာ သူတို့ရဲ့ ကျွန်တွေကို သူတို့ရဲ့အလိုအတိုင်းသာ ဖြစ်စေကြသလို သူတို့အပေါ်မှာ သာ အမြဲမပြတ် ကိုင်းရှိုင်းခစားအောင် ပြုနိုင်ကြသလို၊ ဒီအာရမ္မဏာဓိပတိ

ထိုက်တဲ့ တရားတွေကလဲ သူတို့ကို အာရုံပြုနေကြတဲ့ အာရမ္မဏကို နာပ် တရားတွေကို သူတို့အလိုကိုသာ လိုက်စေကြတယ်၊ သူတို့အပေါ်မှာသာ အမြဲမပြတ် ကိုင်းရှိုင်းခစားအောင် ပြုနိုင်ကြတယ်၊ ဥပမာအားဖြင့် ရွှေကို သာအလွန်အလိုရှိနေတဲ့လူတစ်ယောက်ကိုဒီရွှေဟာလွန်စွာ ဖိစီးနိုင်တယ်၊ဒီလူ ဟာ ဒီရွှေအတွက်နဲ့ ဒုက္ခများစွာခံနေရပေမယ့်လို့ ဒီရွှေကိုမမုန်းနိုင်ဘူး၊ မပစ်နိုင်ဘူး၊ မစွန့်လွှတ်နိုင်ဘူး။

## အာရုံနှစ်မျိုး

အာရုံဆိုတာ သာမညအာရုံ၊ အဓိပတိအာရုံရယ်လို့ နှစ်မျိုးရှိတယ်၊ သာမညအာရုံမျိုးကတော့ အာရမ္မဏ သတ္တိသာရှိတယ်၊ အဓိပတိသတ္တိမရှိပါဘူး၊ ဆိုလိုရင်းက ဒီသာမညအာရုံ(ဝါ) အလေးအမြတ် မပြုအပ်တဲ့ အာရုံဟာ အာရမ္မဏနဲ့သာဆိုင်တယ်၊ အဓိပတိနဲ့မဆိုင်ဘူးလို့ ဆိုလိုပါတယ်၊ ဒီလိုမဆိုင်ကြောင်းကို ပဋ္ဌာန်းပါဠိတော်ကြီးမှာ "အာရမ္မဏပစ္စယာ နာဓိပတိယာနဝ" ရယ်လို့ဟောထားပါတယ်၊ အလေးအမြတ် ပြုအပ်တဲ့ အာရုံကတော့ အာရမ္မဏ အာရမ္မဏာဓိပတိ နှစ်မျိုးလုံးနဲ့ ဆိုင်ပါတယ်၊ ဆိုင်ကြောင်းကို အာရမ္မဏပစ္စယာ အဓိပတိယာ သတ္တ" ဟူ၍ လည်းကောင်း၊ "အာရမ္မဏ အဓိပတိ ဥပနိဿယန္တိ သတ္တ" ဟူ၍လည်းကောင်း ဟောထားပါတယ်။

## အလေးအမြတ်ပြုအပ်တဲ့အာရုံ

အလေးအမြတ်ပြုအပ်တဲ့ အာရုံဆိုတာ အရိုအသေပြုအပ်၊ ကျောက်ထီးကဲ့သို့ လေးစားအပ်ပါတယ်။ ဒီအာရုံကို ရလာတဲ့အခါမှာလည်းမစွန့်လွှတ်နိုင်ကြဘူး၊ ဒီအာရုံကိုလည်း မထေမဲ့မြင်မပြုကြပါဘူး၊ အလေးအမြတ်ပြုအပ်တဲ့ အာရုံနှင့်စပ်လို့ သက်သေထုတ်ပြရမယ်ဆိုရင် ကုသဇာတ်မှာ ပဘာဝတီရဲ့ ရူပါရုံဟာအာရမ္မဏာဓိပတိပစ္စည်း၊အလောင်းတော်ကုသမင်းရဲ့ သန္တာန်မှာ ဖြစ်နေတဲ့ လောဘစိတ်ဟာ အာရမ္မဏာဓိပတိပစ္စည်းရဲ့ ပစ္စယုပ္ပန် ဖြစ်နေတယ်၊ ပဘာဝတီရဲ့ ရူပါရုံက အရှင်သခင်၊ကုသမင်းရဲ့ လောဘစိတ်က ကျွန်ဖြစ်နေတယ်၊ ပဘာဝတီရဲ့ ရူပါရုံခိုင်းစေမှုကြောင့် ကုသမင်းဟာ ယူဇနာ တစ်ရာ့ဝေးတဲ့ ခရီးကို နေ့ချင်းပေါက်သွားရတယ်၊ ရှင်ဘုရင်ဖြစ်ပါလျက်နဲ့ အိုးလုပ်၊ ဖျာရက်စတဲ့ အလုပ်တွေကို လုပ်ရတယ်၊ သိဝိမင်းကြီး အရှူးသဖွယ် ဖြစ်ရတာလဲ ဥမ္မာဒန္တီရဲ့ ရူပါရုံကြောင့်ပင်ဖြစ်ပါကယ်။

ထို့ပြင် ဘုရားရဲ့ညီတော် နန္ဒမင်းသားကို လက်ထပ်မယ့်နေ့မှာ ဘုရားက နန္ဒမင်းသားကို သပိတ်ထမ်းခေါ်သွားကြောင်းကို ဇနပဒကလျာဏီ မင်း

သမီးက သိလေတော့ လေသာနန်းတံခါးကနေပြီး "တူဝင့် ခေါ် အယျ ပုတ္တ ဒေသာဂစ္ဆေယျာသိ" "အရှင့်သား မြန်မြန်ကြီးပြန်ကြွခဲ့ပါ"လို့ မှာထားလိုက်တဲ့ စကားသံ့ သဒ္ဒါရုံ အာရမ္မဏာဓိပတိပစ္စည်းဟာ နန္ဒမင်းသားရဲ့ လောဘစိတ်အစဉ်မှာ စွဲငြိပြီးနေတယ်၊ ထို့နည်းတူ ဂုတ္တိလစောင်းဆရာရဲ့ စောင်းသံဆိုတဲ့ သဒ္ဒါရုံ အာရမ္မဏာဓိပတိပစ္စည်းကြောင့် ပြည့်တန်ဆာမဟာ လေသာပြတင်းက ခုန်ဆင်းမိတယ်။

တစ်ဖန် လူသားဆိုတဲ့ ရသာရုံ အာရမ္မဏာဓိပတိပစ္စည်းက ပေါရိသာဒမင်းရဲ့ သန္တာန်မှာဖြစ်တဲ့ လောဘစိတ်အား ကျေးဇူးပြုလိုက်တဲ့အခါ ပေါရိသာဒမင်းဟာ တိုင်းပြည်ကြီးကို စွန့်ခွာရသည်အထိ ဖြစ်သွားတယ်၊ မြန်မာပြည်ရာဇဝင်မှာ ပဉ္စပဗိရဲ့ ဖောဋ္ဌဗ္ဗာရုံ အာရမ္မဏာဓိပတိပစ္စည်းဖြစ်ပုံ၊ အင်္ဂလန်ပြည်ကြီးရဲ့ ရှင်ဘုရင်ဖြစ်မယ့် ဝေလမင်းသားဟာ ရူပါရုံ စသည့်ကြောင့် ရှင်ဘုရင်အဖြစ်ကို စွန့်လွှတ်နိုင်ပုံ၊ သတင်းစာများတွင် မိမိတို့ရဲ့ရင်ဝယ်ဖြစ်တဲ့ သားသမီးများကို အမွေပြတ်ကြော်ငြာရသည်အထိ ဖြစ်ရပုံများဟာ အာရမ္မဏာဓိပတိပစ္စည်းရဲ့ သာမန်အာရုံများထက် လွန်လွန်ကဲကဲ ဆွဲဆောင်နိုင်တဲ့သတ္တိထူး ရှိကြလို့ဖြစ်ကြပါတယ်။

ခုပြောခဲ့တဲ့ ရူပါရုံ၊ သဒ္ဒါရုံ စသည်သာ အာရမ္မဏာဓိပတိပစ္စည်း ဖြစ်တာမဟုတ်သေးပါဘူး၊ စက္ခုဒေသာက စသည်နှင့်တကွ ရုပ်ဖြစ်တဲ့ နိပ္ဖန္နရုပ်တွေနဲ့တကွ ဆိုင်ရာလောကီစိတ်တွေပါ လောဘမူစိတ်ရဲ့ အာရမ္မဏာဓိပတိ ဖြစ်ကြောင်းကို ပဋ္ဌာန်းပါဠိတော်ကြီးမှာ "အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော၊ အာရမ္မဏာဓိပတိ၊ စက္ခုံ ဂရုံကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ၊ ဝိပါကာဗျာကတေ၊ ကြိယာဗျာကတေ ခန္ဓေ၊ ဂရုံကတွာ အဿာဒေတိ အဘိနန္ဒတိ တံ ဂရုံကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ" ရယ်လို့ ဟောပါတယ်။

ဒီနေရာမှာ ဝဉ်းစားစရာလေး တစ်ချက်က အထက်ကပြောခဲ့တဲ့ ရူပါရုံတွေကို တစ်ယောက်က အလေးအမြတ်ပြုနေရင် ကြွင်းတဲ့လူတွေအားလုံးကကော အလေးအမြတ်ပြုကြသလားဆိုရင်၊ အချို့ပုဂ္ဂိုလ်တွေက အလေးအမြတ်မပြုကြဘူး၊ လူတစ်ယောက်တည်းသော်မှ အမြဲအလေးအမြတ်မပြုပါဘူး၊ နန္ဒမင်းသားရဲ့ ဝတ္ထုကိုကြည့်ရင် ဘုရားဟာ နတ်ပြည်ခေါ်သွား

လို့ နတ်သမီးတွေကို မြင်ရတဲ့အခါမှာ ဇနပဒကလျာဏီရဲ့ ရုပါရုံဟာ လမ်းကသစ်ငုတ်တိုပေါ်မှာ မြင်ခဲ့ရတဲ့ မျောက်အိုမကြီးနဲ့ တူနေပါတယ်၊ နတ်သမီးရဲ့ ရုပါရုံကိုသာ အလေးအမြတ်အာရုံပြုနေပါတယ်၊ လူပြည်က လူတွေက ဒီအာရုံကို ဘယ်လောက်ပင် အလေးအမြတ်ပြုနေနေ၊ နတ်ပြည်က နတ်များကတော့ အလေးအမြတ်မပြုကြပါဘူး၊ တောရွာကပုဂ္ဂိုလ်များဟာ ရှေးရှေးကမမြင်ဘူး၊ မကြားဘူးတဲ့ အာရုံတစ်ခုကို အလေးအမြတ်ပြုပေမယ့် မြင်ဘူး၊ ကြားဘူးလို့ပြီးဖြစ်တဲ့ မြို့ကပုဂ္ဂိုလ်များက အလေးအမြတ်မပြုကြပါဘူး။

## အာရမ္မဏာဓိပတိပစ္စည်း မထိုက်သောတရားများ

ရုပ်ထဲက အနိဋ္ဌရုပ်များဟာ ပစ္စည်းအနေနဲ့ ပါမလာကြပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီရုပ်တွေဟာ ထင်ထင်ရှားရှား စွဲလမ်းလောက်အောင် သဘောတရားမရှိကြဘူး၊ သူတို့ဟာ နိပ္ဖန္နရုပ် (၁၈)တို့ရဲ့ အမူအရာသာဖြစ်ပြီး၊ ဉာဏ်အမြင်မှာလဲ မထင်ရှားကြ၊ ဒီနိပ္ဖန္နရုပ်တွေဟာ ပရမတ်တရားမဟုတ်ကြတဲ့ ပညတ်တရားများသာ ဖြစ်ကြပါတယ်၊ ပရမတ္ထတရားသက်သက်ကိုသာ ဟောတဲ့ ပဋ္ဌာနပါဠိတော်ကြီးမှာ ဒီနိပ္ဖန္နရုပ်တွေ တစ်ခုမျှမပါကြပါဘူး။

## နာဓိပတိတရားများ

နာမ်တရားထဲက ဒေါသမူဒွေ၊ မောဟမူဒွေ၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ်များဟာ သတ္တဝါတို့ရဲ့ သန္တာန်မှာ ပူပန်ဆင်းရဲစေတတ်တဲ့ အနိဋ္ဌတရားများ၊ တွေဝေပျံ့လွင့်ယုံမှားကာ မဆုံးဖြတ်နိုင်တဲ့ တရားများ၊ လူမြင်တိုင်းမုန်းတဲ့ တရားများသာ ဖြစ်ကြလို့ အလေးအမြတ် အာရုံပြုအပ်တဲ့ တရားများမဟုတ်ကြပါဘူး၊ ပညတ်တရားများမှာတော့ သဘောတရားကိုယ်ထင်ရှား မရှိကြလေတော့ ပစ္စည်းအနေနဲ့ ပါမလာကြပါဘူး။

## အာရမ္မဏာဓိပတိ ပစ္စယုပ္ပန်များ

ဒီပစ္စည်းရဲ့ ပစ္စယုပ္ပန်များကို ပဋ္ဌာန်းပါဠိတော်မှာ "ဒါနံဒတွာ၊ သီလံသမာဒိယိတွာ၊ ဥပေါသထကမ္မံ ကာတွာတံ ဂရုကတွာ ပစ္စဝေက္ခတိ၊ အဿာဒေတိ" စသည်ဖြင့် ဟောတော်မူလေတော့ ဆင်ခြင်မှု၊ သာယာမှုကိစ္စကို ဆောင်ရွက်ကြတဲ့ လောဘမူစိတ်(၈) ခု၊ မဟာကုသိုလ်စိတ် (၈)ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် (၄)ခုနဲ့ နိဗ္ဗာန်ကိုအာရုံပြုကြတဲ့ ဂေါတြဘူ၊ ဝေါဒါန်၊ မဂ်ဖိုလ်ရတယ်လို့ စိတ်ပေါင်း (၂၈)ပါးကိုသာ ဟောတော်

မှုပါတယ်၊ ဒီစိတ်အားလုံးဟာလည်း ဇောကိစ္စပယ်တဲ့ စိတ်များ ဖြစ်ကြပါတယ်။

## ကြွင်းစိတ်များမဟောပုံ

ကြွင်းတဲ့စိတ်တွေကို ဘာကြောင့်မဟောသလဲဆိုရင် ဆင်ခြင်မှု၊သာယာမှုကိစ္စကို မဆောင်ရွက် နိုင်ကြလို့ပါပဲ၊ မဟာကုသိုလ်ဇောစိတ်များဟာ ဈာန်စိတ်ဖြစ်ပေမယ့် ဆင်ခြင်မှု၊ သာယာမှုကိစ္စကို မဆောင်ရွက် ကြတဲ့အပြင် သူတို့ကိုယ်တိုင်က မြတ်နေတဲ့အတွက် မှဂ်ဘုရားများကိုပင် အလေးအမြတ်မပြုကြောင်းကို အဋ္ဌသာလိနီ၌ "အတ္တနော မဟဂ္ဂတကာယံ" ရယ်လို့ အကြောင်းပြပါတယ်။

## မဟာကြိယာဉာဏဝိပ္ပယုတ် ပစ္စယုပ္ပန်မရပုံ

ဒီစိတ်ဟာ ဇောကိစ္စလဲတက်တယ်၊ ရဟန္တာသန္တာန်မှာလဲဖြစ်ပြီး ဆင်ခြင်မှု ပစ္စဝေက္ခဏာကိစ္စတက်နိုင်ပေမယ်လို့ သာမညအာရုံကိုသာ အာရုံပြုနိုင်ပါတယ်၊ အဓိပတိအာရုံကို အာရုံမပြုနိုင်ပါဘူး၊ အကြောင်းကတော့ ရဟန္တာများမှာ မိမိတို့ရခဲ့တဲ့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်နဲ့ နိဗ္ဗာန်ကိုသာ အလေးအမြတ်ပြုကြပါတယ်၊ ဒီလို အလေးအမြတ်ပြုတဲ့အခါမှာ အာရုံက အရဟတ္တမဂ်၊ အရဟတ္တဖိုလ်၊ နိဗ္ဗာန် ဖြစ်နေလေတော့ မဟာကြိယာဉာဏသမ္ပယုတ်စိတ်များသာ ဖြစ်ကြပါတယ်။

အထက်ကပြောပြခဲ့တဲ့ ဥပမာဝတ္ထုတွေဟာ ပစ္စယုပ္ပန် လောဘအနေနဲ့သာ ပြောခဲ့ခြင်းဖြစ်ပါတယ်၊ ရုပ်ဘုရားကို အလေးအမြတ် အာရုံပြုရင်း လောဘမူစိတ်သာဖြစ်ရမယ်လို့ မှတ်ထားစေချင်ပါတယ်၊ ဒီသဘောတရားနဲ့ပတ်သက်လို့ စဉ်းစားစရာတစ်ခုကတော့ မြတ်စွာဘုရား လက်ထက်က ဝက္ကလိမထေရ်ရယ်လို့ ရှိပါတယ်၊ ဒီမထေရ်ကြီးဟာ ကိုယ့်ကျိုးကိုယ့်စီးပွားအတွက် တောတောင်ကိုထွက်ပြီး တရားကိုပင်အားမထုတ်နိုင်ရှာဘဲ မြတ်စွာဘုရားရဲ့ ရူပကာယတော်ကြီးကိုသာ လည်ပင်းတမျှော်မျှော်နဲ့ မမော်လျက်သာကြည့်နေရှာပါတယ်၊ မြတ်စွာဘုရားက ဒဿနာနုတ္တရိယဂုဏ်နဲ့ ပြည့်စုံလေတော့ ကြည့်ရှုဖူးမြင်ရတဲ့ ပုဂ္ဂိုလ်တွေမှာ အားရ တင်းတိမ်ရောင့်ရဲမှု မရှိနိုင်ကြပါဘူး၊ မြတ်စွာဘုရားရဲ့ အဆင်းတော်ဟာ အာရုမ္မဏာဓိပတိ ပစ္စည်းအမှန်ဖြစ်ပါတယ်၊ ဒီလို အလေးအမြတ် အာရုံပြုအပ်တဲ့ မြတ်စွာဘုရားရဲ့အဆင်းတော်ကို အာရုံပြုနေတဲ့ ဝက္ကလိမထေရ်ရဲ့ သန္တာန်မှာ ဘာ

စိတ်တွေဖြစ်နေမလဲ၊ မဟာကုသိုလ်စိတ်တွေပွားဒ် ဖြစ်နေတယ်လို့ဆိုရင် ပဋ္ဌာန်း သင်ဖူးသူဟူသမျှ အားလုံးပင်သဘောကျ ကျေနပ်ကြပါလိမ့်မယ်။ သာ လို့လဲဆိုသော့ မြတ်စွာဘုရားရဲ့ ရူပါရုံတော်ကြီးကို အလေးအမြတ် အာရုံ ပြုနေလို့ရယ်လို့ ဆိုကြပါလိမ့်မယ်။

ဒါပေမယ့်လို့ ပဋ္ဌာန်းမှာ အဆင်းတော်ဆိုတဲ့ ရူပါရုံကို အာရုံပြုတဲ့ အခါ ဘယ်ပုဂ္ဂိုလ်ရဲ့အဆင်းဖြစ်ဖြစ်၊ မဟာကုသိုလ်မဖြစ်နိုင်ပါဘူး၊ အဆင်း တော်ဆိုတဲ့ ရူပါရုံတော်ဟာ အဗျာကတ တရား၊ ဒီအဗျာကတ တရားကို အလေးအမြတ်အာရုံပြုပြီး ကုသိုလ်ဖြစ်နိုင်တာကတော့ သေက္ခ ပုဂ္ဂိုလ်များ ဟာ မိမိတို့အသီးသီးရခဲ့ကြတဲ့ ဖိုလ်ကိုဖြစ်စေ၊ နိဗ္ဗာန်ကိုဖြစ်စေ အလေး အမြတ် အာရုံပြုတဲ့အခါ နိဗ္ဗာန်တရားက ဂေါ်တြဘူ၊ ဝေါဒါန်မဂ်တရား များကိုကျေးဇူးပြုတဲ့အခါ ဒီအခါများမှာသာ မဟာကုသိုလ်နဲ့ မဂ်ကုသိုလ် ဖြစ်နိုင်ကြောင်းကို "သေက္ခာဖလံ ဂရုံကတွာ ပစ္စဝေက္ခန္တိ၊ နိဗ္ဗာနံ ဂရုံက တွာ ပစ္စဝေက္ခန္တိ၊ နိဗ္ဗာနံ ဂေါတြဘုဿ၊ ဝေါဒါနဿ၊မဂ္ဂဿ အဓိပတိ ပစ္စယေန ပစ္စယော"လို့ ဟောပါတယ်၊ ဒါဖြင့် ဝက္ကလိမထေရ်ကြီးရဲ့ သန္တာန်မှာ ဘာစိတ်တွေ ဖြစ်ပါမလဲ၊ ပဋ္ဌာန်း ဒေသနာတော်ကြီးအရ လောဘ စိတ်သာ ဖြစ်ကြောင်းကို "ရူပေ၊ ဂရုံကတွာ အဿာ ဒေတိနန္ဒ တိ တံ ဂရုံကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ" လို့ဟောပါတယ်၊

ထိုမှတစ်ပါး မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်မှာ အဘိဓမ္မာ တရားတော်ကို ဟော၍ပြီးဆုံးသည့် သီတင်းကျွတ်လပြည့်နေ့ တာဝတိံသာ နတ်ပြည်က သင်္ကဿနဂိုရ်ပြည်သို့ စောင်းတန်းသုံးသွယ်နှင့် ကြွဆင်းတော် မူတဲ့အခါမှာ မြတ်စွာဘုရားရဲ့ ကျက်သရေတော်တွေကို ရှုမြင်ကြပြီး(၃၆) ယူဇနာအတွင်းမှာရှိကြတဲ့ ဘုရားဖူး ပရိသတ်ဟူသမျှ တစ်ယောက်မကျန် ဘုရားဆုမတောင်းတဲ့ ပုဂ္ဂိုလ် မရှိကြောင်းကို "တံ ဒိဝသံ ဗုဒ္ဓ သိရိညြ လောကေတွာ ဆတ္တိံသယောဇနေ ပရိမဏ္ဍလာယ ပရိသာယဇ ကောပိ ဗုဒ္ဓ ဘာဝံ အပတ္ထယန္တော နာမနတ္ထိ" ရယ်လို့ မိန့်ဆိုတဲ့နေရာဌာနမှာလဲ မြတ် စွာဘုရားရဲ့ အဆင်းတော်ကျက်သရေတော်တွေကို အလေးအမြတ်အာရုံပြု ကြပြီး ဘုရားဖြစ်ချင်ကြတဲ့ လောဘစိတ်များ ဖြစ်ကြတာပါပဲ။

ဒုပ်တရားသာ ပစ္စည်းဖြစ်ရင် ပစ္စယုပ္ပန်တရားက ကောန်လောဘစိတ်သာ ဖြစ်ရမည်ကို ပဋ္ဌာန်းသဘာဝ၊ ဆဋ္ဌနာခဏ်းများမှာ "ကာမိပါဘိဝစ္စယ ပုရေဇာတေ တော" ဟူ၍လည်းကောင်း၊ "အာရမ္မဏာဓိပတိ ဥပနိဿယ ပုရေဇာတ အတ္ထိ အဝိဂတန္တိ တော"ဟူ၍လည်းကောင်း အတိအကျဟော

ထားပါတယ်၊ ခုပြောခဲ့တာတွေဟာ များသောအားဖြင့် ရုပ်ကို အလေး အမြတ်အာရုံပြုတဲ့အခါ လောဘစိတ်များဖြစ်ကြောင်း ပြောပြနေခြင်း ဖြစ်ပါတယ်။

ကုသိုလ်ကို အလေးအမြတ်အာရုံပြုပြီး ကုသိုလ်ဖြစ်ပုံကတော့ အာရမ္မဏ ပစ္စည်းကပြောခဲ့တဲ့အတိုင်း မိမိတို့လှူဒါန်းခဲ့ကြတဲ့ ဒါနကုသိုလ်တွေ၊ သီလ ကုသိုလ်တွေစသည်ကို အလေးအမြတ် အာရုံပြုပြီး ဆင်ခြင်လိုက်တဲ့အခါ မှာ ကုသိုလ်တရားတွေ ဖြစ်ကြပါတယ်၊ ဒီအာရမ္မဏာဓိပတိ ပစ္စည်းဟာ အာရမ္မဏပစ္စည်းရဲ့ အစိတ်တရားဖြစ်လေတော့ အာရမ္မဏမှာဟောထား တဲ့တရားက အာရမ္မဏာဓိပတိထိုက်တဲ့တရားတွေကို ရွေးချယ်ပြီး ဟောထား ခြင်းဖြစ်ပါတယ်။

အာရမ္မဏပစ္စည်းမှာ ဝိပဿနာရှုနေတဲ့ ပုထုဇဉ်ဖြစ်ဖြစ်၊ တေဘူမက သင်္ခါရဆိုတဲ့ကုသိုလ်၊ အကုသိုလ်၊ အဗျာကတရုပ်နာမ်တရားတွေကို အာရုံ ပြုပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တရယ်လို့ ဝိပဿနာရှုခဲ့ပါတယ်၊ ခုအာရမ္မဏာ ဓိပတိ ပစ္စည်းကျတော့ ဒီတေဘူမကသင်္ခါရတရားတွေကို အလေးအမြတ် အာရုံပြုပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တရယ်လို့များ ဝိပဿနာရှုသလားဆိုရင် မရှုပါဘူး၊ ဘာကြောင့်လဲ၊ ဒီဝိပဿနာ ကုသိုလ်ကြီးယာဇောတွေဟာ ဆင်ခြင်ခြင်း ပစ္စဝေက္ခဏာဇောကိစ္စမှတတ်ကြပါဘူး၊ ထိုမှတစ်ပါး အဘိ ညာဉ်စတဲ့ အာရမ္မဏာဓိပတိ ပစ္စယုပ္ပန်နဲ့ မဆိုင်တဲ့တရားတွေကို မဟောခြင်း အကြောင်းကိုလဲ ၎င်းရဲ့ပစ္စယုပ္ပန်ကိုကြည့်ပြီး ဘာကြောင့်မဟောသလဲ ဆို တာ သိနိုင်ပါတယ်။

ဒါဖြင့်ရင် ဆင်ခြင်မှု၊ သာယာမှုကိစ္စတတ်ရင် အာရမ္မဏာဓိပတိအမြဲ ဖြစ်ရတော့မလားဆိုရင် မဖြစ်ပါဘူး၊ အကြောင်းကတော့ ဒီလောဘမဟာ ကုသိုလ်၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်များဟာ ကာမစိတ်များဖြစ်ကြ ပါတယ်၊ကာမစိတ်ဆိုတာ အလေးအမြတ်ပြုတဲ့အခါမှာသာဖြစ်ပြီး၊အလေး အမြတ်မပြုတဲ့အခါမှာ မဖြစ်ကြပါဘူး၊ အလေးအမြတ်မပြုဘဲ သာမည အာရုံပြုခဲ့လို့ရှိရင် အာရမ္မဏာဓိပတိမဟုတ်တော့ဘဲ အာရမ္မဏသာဖြစ်ပါ တယ်။ နိဗ္ဗာန်ရဲ့အရသာကို ကောင်းသိမြင်ကြတဲ့ အရိယာတို့ရဲ့ သန္တာန်မှာ ဖြစ်ကြတဲ့ လောကုတ္တရာ စိတ်များကတော့ နိဗ္ဗာန်တရားကြီးကိုကောင်းအာရုံ ပြုကြပါတယ်၊ ထိုနိဗ္ဗာန်ရဲ့အကြောင်းကို ယခင်နှစ်များက အနည်းငယ်

ပြောပြခဲ့ပါပြီ၊ ယခု အာရမ္မဏာဓိပတိတရားတော်ကြီးကို ကြားနာနေကြသော သပ္ပုရိသနွယ်ဝင် သူတော်စင်အပေါင်းတို့သည် ထိုနိဗ္ဗာန်ရဲ့အရသာကို ကေန်သိမြင်တဲ့ မဂ်ဖိုလ်တရားများကိုရကြောင်း၊ သူတော်ကောင်းတရားတို့ကို ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာနဲ့ အားထုတ်နိုင်ကြပါစေဟု (၁၈)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့အတွက် ဆုမွန်ကောင်းတောင်းလိုက်ရပါသတည်း။ ။

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏

၁၃၂၉-ခုနှစ်၊ (၁၉)ကြိမ်မြောက်

အဘိဓမ္မာအခါတော်နေ့တွင်

## သြဝါဒါစရိယ မူလပဋ္ဌာန်း တရားတော်ဘုရားကြီး၏ အသံလွှင့်ဟောပြောချက်

မနှစ်က အဓိပတိပစ္စည်းရဲ့ သဘောတရားတွေကို ပြောခဲ့ပါပြီ၊ သည်နှစ် (၁၉)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့မှာ အနန္တရပစ္စည်းရဲ့ သဘောတရားများကို ပြောပြပါမယ်၊ အနန္တရပစ္စည်းရဲ့ အကြောင်းအကျိုး ဆက်စပ်မှုဟာ ရုပ်တရား၊ ရုပ်လောကနဲ့ လုံးဝမပတ်သက်၊ လုံးဝမဆိုင်ဘဲ နာမ်တရား၊နာမ်လောကနဲ့ သာပတ်သက်တယ်၊သက်ဆိုင်တယ်၊ဒီလိုရုပ်တရားနဲ့ လုံးဝမဆိုင်ဘဲ နာမ်တရားသက်သက်ကိုသာ ဟောထားတဲ့ ပစ္စည်းများဟာ ပဋ္ဌာန်းတရားတော်ကြီးမှာ အနန္တရ၊ သမနန္တရ၊ အာသေဝန၊ သမ္ပယုတ္တ၊ နတ္ထိ၊ ဝိဂတလို့ (၆)ပစ္စည်း ရှိပါတယ်။

အနန္တရဆိုတာ ရှေ့စိတ်နဲ့ နောက်စိတ်နှစ်ခုကြားမှာ နာမ်တရားတစ်ခုခုအကြား မရှိစေရဘဲ ကျေးဇူးပြုတဲ့ပစ္စည်း ဖြစ်ပါတယ်၊ အလယ်က ရုပ်တရားခြားလို့ကတော့ ဘယ်လောက်ကြာအောင်ခြားနေနေ၊ ကမ္ဘာပေါင်း ငါးရာခြားနေသည့်တိုင်အောင်၊ အနန္တရရဲ့ ကျေးဇူးပြုမှု သတ္တိ ပျက်မသွားပါဘူး၊ ရှေ့စိတ်များက နောက်စိတ်များပေါ်လာအောင် ကျေးဇူးပြုတဲ့ နေရာမှာလည်း ဖြစ်ချင်တဲ့စိတ် ဖြစ်ရောရယ်လို့ မဟုတ်ဘဲ စိတ္တနိယာမ အားလျော်စွာ ဝီထိပိုင်းများမှာပြတဲ့ ဝီထိစဉ်အားလျော်စွာသာ ဖြစ်နိုင်ကြပါတယ်။

ဒီအနန္တရပစ္စည်းဟာ ၁-စိတ်က(စိတ်)၊ ၂-စိတ်က (စေတသိက်)၊ ၃-စိတ်က (စိတ်စေတသိက်)၊ ၄-စေတသိက်က (စေတသိက်)၊ ၅-စေတသိက်က (စိတ်)၊ ၆-စေတသိက် (စိတ်စေတသိက်)၊ ၇-စိတ်စေတသိက်

က (စိတ်)၊ ၈-စိတ်စေတသိက်က (စေတသိက်)၊ ၉-စိတ်စေတသိက်က (စိတ်စေတသိက်) များအားကျေးဇူးပြုကြောင်းကို ၄ကပဋ္ဌာန်း၊ စိတ္တဒုက် စေတသိက်ဒုက်များမှာ "ပုရိမံ ပုရိမံ စိတ္တံ ပစ္ဆိမဿ ပစ္ဆိမဿ စိတ္တဿ အနန္တရပစ္စယေန ပစ္စယော" စသည်ဖြင့် ဟောပါတယ်။

ဒီစိတ်စေတသိက်ထဲက စိတ်ဆိုတာမကြံစည်အပ်၊ မကြံစည်နိုင်၊ အင်မတန်ဆန်းကြယ်တဲ့ သဘောဖြစ်လို့ စိတ်ဟူ၍ လည်းကောင်း၊ သိတတ်တဲ့ သဘောရှိလို့ ဝိညာဉ်ဟူ၍လည်းကောင်း၊ အထည်ဝတ္ထုဒြပ်မရှိ-သိခြင်းကြိယာသတ္တိသာရှိလို့ မာနဟူ၍လည်းကောင်း၊ မြတ်စွာဘုရား ပါဠိတော်မှာ များစွာပဲ ပြဆိုထားပါတယ်၊ ဒီစိတ်ဟာ အလွန်ဆန်းကြယ် နက်နဲသိမ်မွေ့တဲ့ တရားဖြစ်လေတော့ သာမန်ပုဂ္ဂိုလ်တို့မသိနိုင်၊ မမြင်နိုင်ပါဘူး၊ စူးရှနက်နဲတဲ့ ဉာဏ်ရှိသူများသာ မြင်နိုင်ကြပါတယ်။

ဒီစိတ်ဟာ အာရုံသိခြင်း သဘောမျှသာဖြစ်တယ်၊ ကုသိုလ်၊ အကုသိုလ်မဟုတ်၊ အလောဘ၊ လောဘစသည်ကသာ ကုသိုလ် အကုသိုလ်ဖြစ်ကြတယ်၊ ဥပမာအားဖြင့် အဆိပ်ကို ရေနဲ့ဖျော်ပြီး သောက်လိုက်တဲ့အခါ တစ်ကိုယ်လုံး ပျံ့နှံ့သွားအောင် လုပ်ပေးတာက ရေရဲ့ကိစ္စဖြစ်တယ်၊ တစ်ကိုယ်လုံး ဒုက္ခရောက်စေတာ ကတော့ အဆိပ်ရဲ့ကိစ္စဖြစ်တယ်၊ ရေဟာ တစ်ကိုယ်လုံးကို ဒုက္ခဖြစ်အောင်မတတ်နိုင်၊ ဒုက္ခကိုဖြစ်စေတတ်တဲ့ အဆိပ်မဟုတ်ဘူး၊ အဆိပ်ကသာ တစ်ကိုယ်လုံးမှာ ဒုက္ခဖြစ်အောင် တတ်နိုင်ပါတယ်။ ဒီအတိုင်းပဲ အာရုံသိမှုဟာ စိတ်ရဲ့ကိစ္စဖြစ်တယ်၊ အကုသိုလ်ဒုစရိုက်ကို ပြီးစီးအောင်၊ အပါယ်ဒုက္ခစသည်ဖြစ်အောင် ပြုမှုကတော့နောက်လိုက် အခြံအရံ အသင်းအပင်းနဲ့တကွ ဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟတို့ရဲ့ ကိစ္စဖြစ်ပါတယ်၊ စိတ်ဟာ အကုသိုလ်ဒုစရိုက် ပြီးစီးအောင် အပါယ်ဆင်းရဲဖြစ်အောင် မတတ်နိုင်ပါဘူး၊ အပါယ်ဆင်းရဲစသည်ကို ဖြစ်စေအောင် ပြုတတ်တာက အကုသိုလ်စိတ်မဟုတ်၊ အခြံအရံ အသင်းအပင်းနဲ့တကွ ဖြစ်တဲ့ လောဘစသည်တို့ဖြစ်ပါတယ်၊ အလောဘ စသည်တို့ရဲ့ ကုသိုလ်မည်ပုံကိုလဲ အထက်ပါသဘောကို ထောက်ဆပြီး သိနိုင်ပါတယ်။

လောဘ၊ အလောဘစသည်တွေဟာ မိမိတို့ရဲ့ကိစ္စကို ပြီးစီးအောင် ဆောင်ရွက်နိုင်တယ်ဆိုကြပေမယ့် စိတ်က ရှေ့ဆောင်မပေးရင် မဆောင်ရွက်နိုင်ကြပါဘူး၊ စိတ်နဲ့တွဲဖက်ရမှ စိတ်ရှေ့ဆောင် ပေးမှသာ ကိစ္စကို ပြီးစီးအောင် ဆောင်ရွက်နိုင်ကြပါတယ်။ ဒါကြောင့် စိတ်ဟာ မိမိသဘော

ရင်းက ကုသိုလ် အကုသိုလ်မဟုတ်ပေမယ့် ကုသိုလ် အကုသိုလ်နဲ့ ပေါင်းမိတဲ့ အခါ ရှေ့ဆောင်အကြီးအမှူး ကိစ္စနဲ့ ကုသိုလ် အကုသိုလ် တရားတွေနဲ့ လိုက်လျောရတယ်၊ သဘောတူရတယ်၊ ကုသိုလ်၊ အကုသိုလ်ရယ်လို့ ခေါ်ရတယ်၊ ဒါကြောင့် လောဘစသည်နဲ့ အတူတကွ ထင်ရှားပေါ်လာတဲ့ စိတ်စေတသိက်အားလုံးကို "ဣမေ ဓမ္မာ အကုသလာ" ဟူ၍လည်းကောင်း၊ အလောဘစသည်နဲ့တကွ ထင်ရှားပေါ်လာတဲ့ စိတ်စေတသိက်တွေကို "ဣမေ ဓမ္မာ ကုသလာ" ဟူ၍လည်းကောင်း ဓမ္မသင်္ဂဏီမှာ ဟောတော်မူပါတယ်။

ရေဟာ အဆိပ်နဲ့ ရောမိတဲ့အခါ အဆိပ်ဆေးတို့ရဲ့ ရှေ့သွားခေါင်းဆောင်ကြီးဖြစ်သလို စိတ်ဟာလဲ အကုသိုလ်နဲ့ ရောမိတဲ့အခါ ဒီအကုသိုလ်ရဲ့ ရှေ့သွားခေါင်းဆောင် ဖြစ်ကြောင်းကို အင်္ဂုတ္တိုရ်မှာ "ရဟန်းတို့ အကုသိုလ်ကိုမှီ၍ ဖြစ်ကြတဲ့ အကုသိုလ်အသင်းဝင်ဖြစ်ကြတဲ့ အကုသိုလ်ဟူသမျှ အားလုံးဟာ စိတ်လျှင်ရှေ့သွားကြတယ် ဒီတရားတွေမှာ စိတ်ဟာ ရှေ့ဦးစွာဖြစ်တယ်၊ အကုသိုလ်တရားတွေကအတူလိုက်၍သာဖြစ်ကြတယ်" လို့ဟောပါတယ်။ ဒီစိတ်ကိုယဉ်ကျေးအောင် ဆုံးမနိုင်ရင် ကောင်းကျိုးချမ်းသာကို ဖြစ်စေနိုင်ပါတယ်၊ မဆုံးမနိုင်ရင်တော့ အကျိုးမဲ့ ဖြစ်နိုင်ကြောင်းကိုလဲ ဟောထားပါတယ်။

ယခု စိတ်အကြောင်း ပြောနေသည်ကား နာမ်တရားအချင်းချင်း ကျေးဇူးပြုကြတဲ့ စိတ်အကြောင်းကို အသင့်အတင့် နားလည်ရန် ပြောပြခြင်းဖြစ်ပါတယ်။

ဘဝသံသရာမှာ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်မပြုသေးသမျှ သတ္တဝါတွေရဲ့ သန္တာန်မှာ ဒီစိတ်အစဉ်တွေဟာ အာသညသတ်ဘုံမှာ ဖြစ်နေခိုက် နိရောဓသမာပတ် ဝင်စားနေခိုက်မှတစ်ပါး တစ်ခဏ တစ်စက္ကန့်မျှ ရပ်နားခြင်း မရှိဘဲ အိပ်ပျော်နေသည့်တိုင်အောင် ရှေ့စိတ်ကချုပ်လိုက် နောက်စိတ်ကဖြစ်လိုက်နဲ့ အမြဲမပြတ် ဖြစ်နေပါတယ်။

သတ္တဝါတွေရဲ့သန္တာန်မှာ နာမ်တရားတွေဟာ နှစ်ခုပြိုင်ပြီးဖြစ်လေ့မရှိကြပါဘူး၊ တစ်ခုချုပ်၊ တစ်ခုဖြစ်နိုင်ကြပါတယ်၊ ဒါပေမယ့် စိတ်တို့ရဲ့ ဖြစ်ပေါ်မှုဟာ ဥပမာမပြနိုင်လောက်အောင် လျင်မြန်ပါတယ်၊ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ ကုဋေတစ်သိန်း ဖြစ်ပျက် နိုင်ပါတယ်၊ ဒါလောက် ဖြစ်ပျက်မှုလျင်မြန်လေတော့ ဒီကိုယ်ခန္ဓာအတွင်းမှာရှိတဲ့ နာမ်

တရားတွေဟာ တစ်ပြိုင်နက် ဖြစ်ကြတာပဲရယ်လို့ ထင်မြင်နေကြတယ်၊ အမှုအရာအသစ်တစ်ခုပေါ်လာရင် အမှုအရာဟောင်းတွေဟာ မရှိကြတော့ဘဲ ချုပ်ကြတယ်၊ အာရုံသစ်ထင်လာတိုင်း နာမ်အသစ်သစ် ထလာတိုင်း နာမ်ခန္ဓာအသစ်သစ်တွေ ဖြစ်လာကြတယ်၊ အသစ်အဟောင်း ပြောင်းလဲပြီး ဆက်လက် ဖြစ်နေတာကိုပဲ နာမ်အစဉ်ရယ်လို့ ခေါ်ရတယ်၊ ဒီအစဉ်ကို ခွဲစိတ်ပိုင်းခြားပြီး မြင်နိုင်ရင်တော့ အမှုအရာအသစ်အဟောင်း ပြောင်းလဲမှုကို မြင်နိုင်မှာမဟုတ်ဘူး၊ ဒီလိုမထင်မြင်နိုင်ရင် အနိစ္စကို ကျနစွာမမြင်နိုင်တော့ဘူး၊ ဒီအစဉ်အတန်းကြီးဟာ အနိစ္စလက္ခဏာကို ဖုံးတဲ့ ခံတပ်ကြီးဖြစ်နေတယ်၊ ဒါကြောင့် အဋ္ဌကထာများမှာ အနိစ္စတရားကို သန္တတိဖုံးလွှမ်းထားတယ်လို့ မိန့်ဆိုကြပါတယ်။

စီးနေတဲ့မြစ်ရေအလျဉ်၊ တောက်နေတဲ့ မီးတောက်တွေကို သာမန်အားဖြင့် ကြည့်မယ်ဆိုရင် ရေပြင်တစ်ခုထဲ မီးတောက်အပ်ခုထဲ မလှုပ်ရှားဘူးရယ်လို့ထင်မြင်ရတယ်။ သေသေချာချာ စိန်းစိန်းကြည့်ရင် စူးစူးစိုက်စိုက်ကြည့်ရင် လှုပ်ရှားနေတဲ့ အမှုအရာတွေကို မြင်ရပါတယ်၊ ဒီလှုပ်ရှားနေကြတဲ့ အမှုအရာတွေဟာ ရေအလျဉ် မီးတောက်တွေမှာရှိကြတဲ့ ရုပ်တရားတွေရဲ့ အသစ်အဟောင်းပြောင်းလဲကြတဲ့ အမှုအရာများ ဖြစ်ကြတယ်၊ ဒီလိုအသစ်အဟောင်း ပြောင်းလဲမှုရှိလို့သာ ရေစီးနိုင်ပါတယ် မီးတောက်နိုင်ပါတယ်၊ဒီရေအလျဉ်မီးတောက်များကိုနာမ်တရားများမှာလဲအသစ်အဟောင်း ပြောင်းလဲနေကြပါတယ်၊ နာမ်တရားတွေရဲ့ အသစ်အဟောင်း ပြောင်းလဲမှု၊ ဆက်လက်၍ ဖြစ်ပေါ်မှုတွေဟာ အင်မတန်သိမ်မွေ့ အင်မတန် လျင်မြန်လေတော့ အစဉ်အတန်းကြီးလို့ သတ္တဝါတွေ အမှတ်ထင်ကြပါတယ်။

ဒီအနန္တရပစ္စည်းဟာအစိတ်စိတ် အမြဲမြဲ အပိုင်းပိုင်းပြတ်နေကြတဲ့နာမ်တရားတွေရဲ့ အနိစ္စသဘောကိုပြဆိုတဲ့ ပစ္စည်းဖြစ်တယ်၊ ဒီနာမ်တရားတွေကလဲ ရှေးရှေးအကြောင်းဖြစ်တဲ့ နာမ်တရားများ ချုပ်ပြီးမှသာ နောက်နောက် အကျိုးတရားတွေ အသစ်အသစ်ဖြစ်ပေါ်ကြပါတယ်။ ချုပ်သွားတဲ့ အကြောင်း နာမ်တရားက အတိတ်ကာလ၊ အသစ် ပေါ်လာတဲ့ အကျိုးနာမ်တရားက ပစ္စုပ္ပန်ကာလဖြစ်ပါတယ်၊ အနန္တရပစ္စည်းမှာ ရှေးရှေးအတိတ်တရားကသာ နောက်နောက်ပစ္စုပ္ပန်တရားကိုကျေးဇူးပြုကြောင်း "အတီတာဝေမှာ ပစ္စုပ္ပန္နာသ ဓမ္မာသ အနန္တရပစ္စယေနပစ္စယော" စသည်ဖြင့် ပဋ္ဌာန်းမှာ ဟောပါတယ်၊ ရှေးရှေးနာမ်တရားတွင်ရှားရှိခိုက် နောက်

နောက်နာမ်တရားများ မပေါ်နိုင်လေတော့ လောကဓာတ်ဆရာများ ယူဆကြတဲ့ (Causality) မျိုးမဟုတ်ပါဘူး။

**ပစ္စည်းတရား။** ။အနန္တရပစ္စည်းရဲ့ တရားဟာ ရဟန္တာ စုတိကြဉ်တဲ့ စိတ်စေတသိက် နာမ်တွေကို အကုန်ရပါတယ်။

**ပစ္စယုပ္ပန်တရား။** ။ပစ္စယုပ္ပန်တရားက ရဟန္တာတို့ရဲ့ စုတိတဲ့ ဝါကျစိတ် စေတသိက်နာမ်တွေကို အကုန်ရပါတယ်။ ဒီပစ္စည်း ပစ္စယုပ္ပန်တရားတွေကို စဉ်းစားရင် သံသရာတစ်လျှောက်မှာ သတ္တဝါတွေရဲ့စိတ်အစဉ်ဟာ တစ်ခါတစ်ရံ တစ်မိနစ် တစ်စက္ကန့်လေးမျှ နားနေခွင့်မရကြဘူး၊ အသညသတ်ဘုံမှတစ်ပါး ဘုံ(၃၀)မှာဖြစ်ကြတဲ့ သတ္တဝါတွေမှာ ဆိုင်ရာဘုံအားလျော်စွာ ပထမ ပဋိသန္ဓေစိတ်ဖြစ်ပါတယ်၊ ဒီပဋိသန္ဓေရဲ့နောက်တွင်စတဲ့ စိတ်အစဉ်တွေဟာ ထိုသိုအာရုံဒွါရကိစ္စ အားလျော်စွာ စက္ကန့်မခြားတဲ့ စိတ်တို့ရဲ့ စိတ္တက္ခဏတစ်ချက်သာရှိတဲ့ သက်တမ်းအားလျော်စွာ ချုပ်လိုက် ဖြစ်လိုက် ဖြစ်နေကြပါတယ်၊ ဒီလိုရှေ့စိတ်ချုပ်ပါမှ နောက်စိတ်အသစ် ဖြစ်ရလို့ ပြောင်းလဲမှုရှိပေမယ့် ရှေ့စိတ်နဲ့ နောက်စိတ်တို့ အခြားမထင်လေတော့ တစ်နေ့လုံး ကြံစည်နေပေမယ်လို့ စိတ်တစ်ခုတည်းသာဖြစ်ကာယ်လို့ ထင်ကြတယ်။ တစ်သက်လုံးမှာပင် စိတ်တစ်ခုတည်းပဲ့ ရယ်လို့ ထင်ကြလေတော့ သတ္တဝါတွေဟာ ဒီစိတ်မှာ နိစ္စအယူ၊ ဒိဋ္ဌိအယူ ခိုင်မြဲနေကြတယ်။

ပစ္စယုပ္ပန်တရားမှာ ရဟန္တာတို့ရဲ့ စုတိပါလာတော့ ၎င်းအတွက် စဉ်းစားရင် ပစ္စည်းတရားသာဖြစ်၍ ပစ္စယုပ္ပန်မဖြစ်တဲ့ တရားတော့ မရှိဘူး၊ ဒါပေမယ့် ပစ္စယုပ္ပန်သာဖြစ်ပြီး ပစ္စည်းမဖြစ်တဲ့တရားဟာ အနန္တရပစ္စည်းမှာ ဟောတဲ့ ရဟန္တာတို့ရဲ့ စုတိဖြစ်ဘယ်၊ ဘုရားရဟန္တာများရဲ့ မရဏာသန္နဝီထိမှာ မနောဒွါရာဝဇ္ဇန်း၊ ဇော၊ တဒါရုံဆိုတဲ့ ဝီထိစိတ်တွေဟာ ကံအကျိုးပေးစရာမရှိလေတော့ အခြား မရဏာသန္နဝီထိများလို ကံအာရုံ၊ ကမ္မနိမိတ်အာရုံမထင်ကြဘူး၊ နောက်ထပ် ပဋိသန္ဓေနေစရာ လားရာဂတိလဲ မရှိလေတော့ ဂတိနိမိတ်လဲ မထင်နိုင်တော့ဘူး၊ ရိုးရိုး တေဘူမကနာမ် ရုပ်များနဲ့ ပညတ်အာရုံများတွင် တစ်ပါးပါးကို အာရုံပြုကြပါတယ်၊ ပရိနိဗ္ဗာန စုတိစိတ်များကတော့ မူလ ပဋိသန္ဓေနေစဉ်အခါက ယူခဲ့တဲ့ အာရုံနဲ့တူစွာ ကံ-ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကြပါတယ်၊ ရဟန္တာများရဲ့ စုတိနောင်မှာ ဘယ်လို နာမ်မျိုး ရုပ်မျိုးမှ မဖြစ်တော့ သံသရာပြတ်ကာ ဖြစ်မှု-ချုပ်မှုမရှိတော့တဲ့ အငြိမ်းကြီး ငြိမ်းတော်မူကြပါတယ်။ **"ရုပ်ခြားနေလည်း အနန္တရသတ္တိ မပျက်"**

လို့ ပြောခဲ့ပါတယ်၊ ဘယ်လိုလဲဆိုရင် နိရောဓသမာပတ် ဝင်စားနေခိုက်ဖြစ်တဲ့ အနာဂါမ် ရဟန္တာများမှာ စိတ်စေတသိက် စိတ္တဇရုပ်တွေ လုံးဝ မဖြစ်ကြတော့ဘူး၊ ဒီ နိရောဓသမာပတ်အကြောင်းကိုတော့ အကျယ်မပြောတော့ဘူး၊ ဒါပေမယ့် ဒီသမာပတ် ဝင်စားတော့မယ်လို့ ချိန်အစဉ်အတိုင်း ဝင်စားတဲ့အခါ စတုတ္ထဈာန်ပျောက်ရင် ထွက်သက် ဝင်သက် မဖြစ်တော့ဘဲ ချုပ်ငြိမ်းသွားပါတယ်၊ နိရောဓသမာပတ်ကို ဝင်စားတယ် ဆိုပြီး ထွက်သက် ဝင်သက် ရှိနေသေးရင်တော့ မဟုတ်ဘူးရယ်လို့ နားလည်ရန်ဖြစ်ပါတယ်၊ လူ့ဘုံမှာ ကမ္မဇ၊ ဥတုဇ၊ အာဟာရဇရုပ်များသာ ဖြစ်ကြပါတယ်။ ရူပဗြဟ္မာမှာတော့ အာဟာရဇရုပ်မဖြစ်ဘဲ ကမ္မဇ၊ ဥတုဇရုပ်များသာ ဖြစ်ကြပါတယ်။ လူ့ဘုံမှာ တစ်ကြိမ်စားမျိုအပ်တဲ့ အာဟာရဟာ (၇)ရက်သာ အသက်ရှိလေတော့ (၇)ရက်သာ ဝင်စားနိုင်ပါတယ်၊ ဗြဟ္မာဘုံမှာတော့ ဒီအာဟာရကိစ္စ မရှိလေတော့ အလိုရှိသလောက် ဝင်စားနိုင်ပါတယ်၊ ဒီ နိရောဓ သမာပတ်ကို ဝီထိဖြစ်တဲ့အခါ အနာဂါမ်ပုဂ္ဂိုလ်များမှာ နေဝသညာနာသညာယတနဇောချုပ်ပြီးတဲ့နောက် နာမ်ဖြစ်တဲ့ စိတ်စေတသိက်နဲ့ ၎င်းတို့နဲ့အတူဖြစ်ကြတဲ့ စိတ္တဇရုပ်များချုပ်ပြီး ကမ္မဇရုပ်စသည်များသာ ဖြစ်နေကြပါတယ်၊ အချိန်စေ့လို့ ဒီသမာပတ်က ထလာတဲ့အခါ အနာဂါမ်ပုဂ္ဂိုလ်မှာ အနာဂါမိဖိုလ်စိတ် ဖြစ်လာပါတယ်၊ ဒီနေဝသညာနာသညာယတနဇောဟာ အနာဂါမိဖိုလ်အား အနန္တရသတ္တိနဲ့ ကျေးဇူးပြုကြောင်းကို "နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ" ရယ်လို့ ဟောပါတယ်။ ဒီတော့နေဝသညာနာသညာယတနဇောနဲ့အနာဂါမိဖိုလ် အကြား အလယ်ကရုပ်အစဉ် ဘယ်လောက်ပင်ခြားနားနေနေ ဒီရုပ်အစဉ်ဟာ နာမ်တရားကိုသာဟောတဲ့ အနန္တရပစ္စည်းမှာ တစ်စုံတစ်ရာ ခြားနားခြင်းငှာ မစွမ်းနိုင်ပါဘူး။

ပြီးတော့ နာမ်တရားရှိလို့ နားကျင်မှန်း ဆင်းရဲမှန်း သိရတယ်။ ရုပ်သာ ရှိနေရင် ဘာမှမသိဘူးရယ်လို့ ယူဆချက်အတိုင်း ရုပ်သက်သက်သာဖြစ်တဲ့ အသညသတ်ဘုံမှာ ဖြစ်လိုတဲ့ ကာမဘုံသားဟာ ဈာန်ရအောင် အားထုတ်တဲ့အခါ ပဉ္စမဈာန်တိုင်အောင်ရတယ်၊ အဲဒီပုဂ္ဂိုလ် စုတိတဲ့အခါမှာ အသညသတ်ဘုံသွားပြီး သူ့ရဲ့ဆန္ဒအတိုင်း ရုပ်ပဋိသန္ဓေ နေလိုက်တာ ကမ္ဘာပေါင်း-(၅၀၀)လောက် ကြာသွားတယ်။ သူ့ရဲ့ခန္ဓာကိုယ်ဟာ ရွှေရုပ်ကြီးလိုဖြစ်ပြီး ဆိုင်ရာရုပ်ဟာ ဖြစ်လေတော့ ကမ္ဘာ (၅၀၀) ပတ်လုံး ရုပ်ခြားနေတယ်၊ ကမ္ဘာ(၅၀၀)စေ့တော့ ဒီပုဂ္ဂိုလ်ဟာ ရုပ်နဲ့ပဲ စုတေပြီး ကာမဘုံမှာ နာမ်ပဋိသန္ဓေလာနေကယ်၊ ဒီအခါ အသညသတ်ဘုံမရောက်

ခင်က ဖြစ်ခဲ့တဲ့ ကာမစုတိဟာ အသညသတ်ဘုံက ပြန်လာတဲ့အခါဖြစ်တဲ့ ကာမပဋိသန္ဓေအား နာမ်တရားတစ်ပါး အခြားမရှိဘဲ အနန္တရသတ္တိနဲ့ ကျေးဇူးပြုတယ်၊ ဒီလိုရုပ်တရားများဟာ ကမ္ဘာ (၅၀၀) ခြားနေပေမယ့် အနန္တရသတ္တိမပျက်ပါဘူး၊ နာမ်ခြားက ပျက်ပုံ၊ စိတ္တက္ခဏတစ်ချက်သာ အသက်ရှိပေမယ့် နာမ်တရားခြားရင်တော့ အနန္တရသတ္တိပျက်တယ်၊ (ဥပမာ) စက္ခုဝိညာဏဝီထိမှာ အတီတဘဝင်၊ ဘဝင်စလန်၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာ ဝဇ္ဇန်း၊ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်းစသည်ရှိရာ ရှေးရှေးစိတ်က နောက် နောက်စိတ်ကိုအစဉ်အတိုင်းကျေးဇူးပြုရသည်၊ မကျော်ရဘူး၊ ပဉ္စဒွါရာဝဇ္ဇန်း က စက္ခုဝိညာဉ်ကို ကျေးဇူးမပြုဘဲ သမ္ပဋိစ္ဆိုင်းကို ကျော်၍ ကျေးဇူးပြုရင် အလယ်က စက္ခုဝိညာဉ်ခြားနေလေတော့ အနန္တရသတ္တိပျက်တယ်။

ပုဂ္ဂိုလ်တစ်ယောက်ရဲ့ မဂ်ရမှု ဖိုလ်ရမှုဟာ ဣန္ဒြေရင့်ကျက်ပါမှ ရနိုင် ပါတယ်၊ ဒီဣန္ဒြေရင့်ကျက်မှုများဟာလဲ ဘုရားနဲ့သာဆိုင်ပါတယ်၊ ဒီဣန္ဒြေဟာ ဘယ်လိုရင့်လာသလဲ၊ မဟာကုသိုလ်ပထမဇောမှာရှိတဲ့ ဝီရိယ၊ ပညာစတဲ့ ဣန္ဒြေများက ဒုတိယဇောအား အနန္တရသတ္တိနဲ့ ကျေးဇူးပြုလိုက်တဲ့အခါ ဒုတိယဇောဟာ ပထမဇောရဲ့အမွေကို ရလိုက်လေတော့ တိုးတက်အား ကောင်းလာပြီးဒုတိယဇောမှာရှိတဲ့ ဝီရိယပညာများပိုပြီး ရင့်ကျက်လာပါ တယ်၊ ထိုနည်းတူစွာဒုတိယဇောစသည်ကတတိယဇောစသည်ကိုအနန္တရသတ္တိ နဲ့ ကျေးဇူးပြုတဲ့အခါမှာလဲ ဒုတိယဇောစသည်ထက် တတိယဇောစသည်က ပို၍ ရင့်ကျက်လာပါတယ်။ ဒီလိုကျေးဇူးပြုကြောင်းကို အနန္တရပစ္စည်းမှာ "ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံအနန္တရ ပစ္စယေန ပစ္စယော" ရယ်လို့ ဟောပါတယ်။

ဒီအနန္တရပစ္စည်းရဲ့သဘောကို အတိအကျနားလည်ဖို့ကတော့ ဝီထိများ ကို နားလည်ရပါတယ်၊ ဝီထိကိုနားလည်ရင် အနန္တရပစ္စည်းဟာ မခက် ပါဘူး၊ ဒီဝီထိအကြောင်းနဲ့ပတ်သက်လို့ အနည်းငယ်ပြောရရင် အနောက် နိုင်ငံ ပညာရှိကြီးများက ဒီဝီထိများဟာ ဘုရားဟောပိဋကများမှာ မရှိ၊ အဋ္ဌကထာ ဆရာများကသာ ပြနေကြောင်းကို (The cognitive series (citha vithi) so extensively used here is unknown as such in the Pitaka.) ဟူ၍ လည်းကောင်း၊ (Quotation as it stands is not traced to the Pitaka.) ဟူ၍ လည်းကောင်း၊ (They are table found only in the scholastic literature of the commentators.) စသည်ဖြင့် လည်းကောင်း ရေးသားကြပါတယ်၊ ဒီပုဂ္ဂိုလ်များဟာ ပဋ္ဌာန်း အနန္တရ ပစ္စည်းမှာ ဟောထားတဲ့ ဝီထိတွေကို ရှိမှန်းမသိလို့ရင်လဲဖြစ်ရမယ်၊ ဒါမှ

မဟုတ် နားမလည်လို့ သေချာစွာ မသုံးသပ်လို့လဲဖြစ်ရမယ်၊ ပညာရှိတစ်ဦးကတော့ ပဋ္ဌာန်းနဲ့ ပဋိသမ္ဘိဒါမဂ်မှာ နဲနဲပါးပါး ဟောထားပါတယ်။ ဒါပေမယ့်ပြည့်ပြည့်စုံစုံမဟောဘူးလို့ ဆိုပြန်တယ်၊ ဒီပုဂ္ဂိုလ်ဟာ ကုသလတိုက်မှာ ဇာတ်ဘူ တရားတွေကိုပေါင်းပြီး "ပုရိမာ ပုရိမာ" စသည်ဖြင့် ဟောထားတာကို ရည်ရွယ်ဟန်ရှိပါတယ်။

(Present object rebirth Contiousness is related to present object life continuum by Proximity condition) ဒီတော့ သူတို့လိုချင်တာက စိတ်တစ်ခုစီ တစ်ခုစီ ဟောထားတာကို လိုချင်ဟန် တူပါတယ်၊ ဝီထိများအားလျော်စွာ စိတ်တစ်ခုချင်း တစ်ခုချင်း အနန္တရသတ္တိနဲ့ ကျေးဇူးပြုပုံကိုလဲ ဆိုင်ရာဖြစ်တဲ့ တိက်ဒုက်တွေမှာ ဟောထားပါတယ်။ ဒါတွေကို ထုတ်ပြဖို့ရာ ရှာဖွေထားပြီး အသင့်ရှိပေမယ့်ပြောပြဖို့ရာ အချိန်မရှိတော့သဖြင့် ရှေ့နစ်မှပဲ အကြောင်းအားလျော်စွာ ပြောပြပါမယ်။

အထက်က ပြောခဲ့တဲ့အတိုင်း မိမိတို့သန္တာန်မှာ ပညာ၊ ဝီရိယစတဲ့ ကာမကုသိုလ်ကုန္ဒြေများ ရင့်သန်လာအောင် အားထုတ်နိုင်ကြပြီးလျှင် အနုလောမံ ဂေါတြဘုဿ-ဂေါတြဘု မဂ္ဂဿ မဂ္ဂေါ ဖလဿ ဟု အနန္တရပစ္စည်းမှာ ဟောထားတဲ့အတိုင်း မိမိတို့သန္တာန်မှာ အနုလုံစိတ်ဖြစ်ပြီးလျှင် ထိုအနုလုံက ဂေါတြဘု၊ ဂေါတြဘုက သောတာပတ္တိမဂ်၊ သောတာပတ္တိမဂ်က သောတာပတ္တိဖိုလ်အား ကျေးဇူးပြုနိုင်စေရန် မဂ်ဖိုလ်ရကြောင်း သူတော်ကောင်းတရားတို့ကို စိတ်အေးလက်အေး ကြောင့်ကြကင်းဝေးစွာ အားထုတ်နိုင်ကြပါစေဟု (၁၉)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ကို ရည်ညွှန်း၍ တိုက်တွန်း နှိုးဆော်ရပါသတည်း။ ။

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏

၁၃၃၀-ပြည့်နှစ်၊ (၂၀)ကြိမ်မြောက်

အဘိဓမ္မာအခါတော်နေ့တွင်

## ဩဝါဒါစရိယ မူလပဋ္ဌာန်း ဆရာတော်ဘုရားကြီး ၏ အသံလွှင့် ဟောပြောချက်

မနှစ်က အနန္တရပစ္စည်းနဲ့ ပတ်သက်ပြီး ဝီထိများကို အပြည့်အစုံ ပဋ္ဌာန်း အနန္တရပစ္စည်းမှာ ဟောကြောင်း ဆိုင်ရာပါဠိတော်များကို ထုတ်ပြဖို့ရာ အချိန်မရလို့ ရှေ့နှစ်မှ အကြောင်းအားလျော်စွာ ပြောပြပါမယ်လို့ အဆုံးသတ်ခဲ့ပါတယ်။

အကြောင်းကတော့ အနောက်နိုင်ငံ အချို့ပညာရှိပုဂ္ဂိုလ်များက ဝီထိများဟာ ဘုရားဟော ပိဋကမှာမရှိ၊ အဋ္ဌကထာဆရာများကသာ ပြုနေကြောင်းကို -

I think I am the first who ever has discovered the astounding fact that no where in any of all the connonical books of the Abhidhamma Pitaka we can find mentioned those different nomentary stages in the process of a single unit of consciousness (Citta - Vithi). They are to be found only in the scholastic literature of the commentators.

စသည်ဖြင့် ရေးသားကြပါသည်။

ပညာရှိ တစ်ဦးက ပဋ္ဌာန်းနှင့် ပဋိသမ္ဘိဒါမဂ်မှာ အနည်းငယ်ပြလည်း အပြည့်အစုံမဟုတ်ကြောင်းကို—

There are a few other references to these stages in the Patthane and also in the Patisambhidamagga: But the full

series of these of cognitive consciousness, with romer calture and explantions, is found only in the commentarial literature. ဟု ရေးသားကြပါသည်။

ဒါတင်မကသေး အဘိဓမ္မာကို ဘုရားမဟော၊ တတိယသင်္ဂါယနာခေါက် ပိုင်းမှာမှ ဖြစ်ပေါ်လာသည့် ကျမ်းဖြစ်သည်ဟူသော ယူဆချက်ကို ယုံကြည်ကြသူများတွင် မြန်မာပြည်မှ အချို့ပုဂ္ဂိုလ်များပင် ပါဝင်ခဲ့ကြပါသည်။ အဘိဓမ္မာကိုဘုရားမဟောတဲ့အတွက်မသင်လိုမလေ့လာလိုပါဟူသောအချို့ အနောက်နိုင်ငံသားတို့ ပြောဆိုမှုများကိုလည်း ကြားရတွေ့ရပါသည်။ အဘိဓမ္မာကို ဘုရားသာ ဟောကြောင်း၊ ဘုရား၏ အရာသာ ဖြစ်ကြောင်းကို ပဋ္ဌာန်းပါဠိတော် ပထမအုပ် အင်္ဂလိပ်ဘာသာပြန် နိဒါန်း၌ The Abhidhamma was expounded only by the Buddha. ဟု ပဲနည်း၊ ဘာဝနာ၊ ပါဠိတော် စသည်ကို ကိုးကားကာ ရေးသားပါသည်။ ထိုစာအုပ်ကို လန်ဒန် ပါဠိအသင်းကြီး London Pali Text မှ ပုံနှိပ်နေဆဲဖြစ်ရာ မကြာမီ ထွက်ပေါ်၍ လာပါလိမ့်မည်။

ပဋ္ဌာန်း၌ ဝီထိများကို ဟောကြောင်း ဆက်လက်၍ ရှင်းပြပါဦးမည်။ သင်္ဂြိုဟ်ဝီထိပိုင်းကို သင်ကြားဖူးသူများကား ထိုက်သည့် အားလျော်စွာ နားလည်ကြပါလိမ့်မည်။ ရဟန္တာမဖြစ်သေးပါက အသညသတ်ဘုံမှ တစ်ပါး သော ဘုံ(၃၀)၌ ထိုက်သည့်အားလျော်စွာ ပဋိသန္ဓေနေကြဦးမည်ဖြစ်ရာ ပဋိသန္ဓေစိတ် နောင်စိတ္တက္ခဏ်ယာမအတိုင်း ဘဝင်စသည်ဖြစ်ပြီးနောက် မနောဒွါရ၊ ပဉ္စဒွါရဝီထိများ ဖြစ်ကြပါသည်။ ထိုသို့ဖြစ်သော ဝီထိအစဉ်ကို ကာမဇောဝါရဟု ခေါ်ပြီးလျှင် လိုရင်းအကျဉ်းချုပ်အားဖြင့်ပဋိသန္ဓေဘဝင် ၁၅-၁၆ကြိမ်၊ မနောဒွါရဝီထိဖြစ်က မနောဒွါရာဝဇ္ဇန်း၊ ပဉ္စဒွါရဖြစ်က ပဉ္စဒွါရာဝဇ္ဇန်း၊ ပဉ္စဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌောကာမဇော (၇)ကြိမ်၊ တဒါရုံ (၂)ကြိမ်၊ ကာမဘဝင်(၁၀)ဟု ဝီထိဖြစ်လာပါသည်၊ ကိုးကားမှုသမ္ဘော များစွာရှိလည်း အချိန်ကို ငဲ့သောအားဖြင့် ဟစ်ခုဓိသာ ထုတ်ပြပါမယ်။

ဒီဝီထိအရ ပဋိသန္ဓေစိတ်က ပထမဘဝင်အား အနန္တရသတ္တိနဲ့ ကျေးဇူး ပြုပုံကို အတီတာရမ္မဏတိက်မှာ "ပစ္စုပ္ပန္နာ ရမ္မဏံ ပဋိသန္ဓိ စိတ္တံ ပစ္စုပ္ပန္နာ ရမ္မဏဿ ဘဝင်္ဂဿ အနန္တရပစ္စယေန ပစ္စယော" လို့ တိုက်ရိုက်ဟောပါ တယ်၊ ပစ္စုပ္ပန်တရားကို အာရုံပြုခိုက်ဖြစ်တဲ့ ကာမပဋိသန္ဓေ တစ်ဆယ်က

ပစ္စုပ္ပန်အာရုံပြုခိုက်ဖြစ်တဲ့ ကာမဘဝင်တစ်ဆယ်အား ကျေးဇူးပြုပုံကို ပြပါတယ်။

ဘဝင်ဘဝင်ချင်း ကျေးဇူးပြုရာမှာ ပထမဘဝင် နာမက္ခန္ဓာ စသည်က ဒုတိယဘဝင် နာမက္ခန္ဓာ စသည်အား ကျေးဇူးပြုကြောင်းကို အတီတာရမ္မဏတိက်မှာပဲ "ပစ္စုပ္ပန္နာ ရမ္မဏံ ဘဝင်ံ ပစ္စုပ္ပန္နာ ရမ္မဏဿ ဘဝင်ဿ အနန္တရပစ္စယေန ပစ္စယော"လို့ ပစ္စုပ္ပန် အာရုံတူ ကာမဘဝင် အချင်းချင်းကို ဟောပါတယ်။

ဘဝင်က အာဝဇ္ဇန်းအား ကျေးဇူးပြုပုံကတော့ ကုသလတိက်မှာပင် "ဘဝင်ံ အာဝဇ္ဇနာယ"လို့ ဟောပါတယ်။ အာဝဇ္ဇန်းက ပဉ္စဝိညာဉ်အား ကျေးဇူးပြုပုံကို ကုသလတိက်မှာ "ကြိယံ ဝုဋ္ဌာနဿ"လို့ ဟောပါတယ်။ ပါတယ်။ ပဉ္စဝိညာဉ်ဟာ ဝုဋ္ဌောအမည်ရပါတယ်၊ ဝိပါကတိက် ဥပါဒိဏ္ဏတိက် ဝိတက်တိက် စသည်များမှာတော့ "အာဝဇ္ဇနာ ပဉ္စန္နံ ဝိညာဏာနံ အနန္တရပစ္စယေန ပစ္စယော"လို့ တိုက်ရိုက် ဟောပါတယ်။

ပဉ္စဝိညာဉ်က သမ္ပဋိစ္ဆိုင်းအား ကျေးဇူးပြုရာမှာ ဝိပါကတိက် ဥပါဒိဏ္ဏတိက်၌ "ပဉ္စဝိညာဏံ ဝိပါကမနောဓာတုယာ အနန္တရ ပစ္စယေန ပစ္စယော" လို့ ဟောပါတယ်။

သမ္ပဋိစ္ဆိုင်း၊ သန္တီရဏအား ကျေးဇူးပြုပုံကို ဝိပါကတိက် ဥပါဒိဏ္ဏတိက်များမှာ "ဝိပါက မနောဓာတု ဝိပါက မနောဝိညာဏ ဓာတုယာ အနန္တရ ပစ္စယေန ပစ္စယော" လို့ ဟောပါတယ်။

သန္တီရဏက ဝုဋ္ဌောအား ကျေးဇူးပြုပုံကို ဝိပါကတိက် ဥပါဒိဏ္ဏတိက်များမှာ "ဝိပါက မနောဝိညာဏ ဓာတု ကိရိယ မနောဝိညာဏ ဓာတုယာ အနန္တရ ပစ္စယေန ပစ္စယော" လို့ ဟောပါတယ်။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းက ကာမပထမဇောအား ကျေးဇူးပြုပုံကို ကုသလတိက်မှာပင် "အာဝဇ္ဇနာ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော" စသည်ကို ကို ဟောပါတယ်။

ဇောအချင်းချင်း ကျေးဇူးပြုတာကိုတော့ ကုသလတိက်စသည်မှာ "ပုရိမာ ပုရိမာ ကုသလခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အနန္တရ ပစ္စယေန ပစ္စယော" စသည်ကို ဟောပါတယ်။ ဇော (၇)ကြိမ် ဘာကြောင့် ဖြစ်ရသလဲဆိုရင် ဒီဇောတွေဟာ အာသေဝနပစ္စည်းတရားဖြစ်တော့ တစ်

ကြိမ်တည်း မဖြစ်နိုင်ကြပါဘူး၊ အကျိုးပေးရာမှာလဲ ယခု ဘဝအတွက် ပထမစေတနာက အကျိုးပေးတယ်၊ ဒုတိယဘဝအတွက် သတ္တမစေတနာက အကျိုးပေးမယ်။ တတိယဘဝကစ၍ နိဗ္ဗာန်ရသည့်တိုင်အောင် အလယ် စေ (၅) ချက်က အကျိုးပေးလေတော့ (၇)ကြိမ် စေရပါတယ်။

အဆုံး ကာမသတ္တမစေတနာက တဒါရုံ-ဘဝင်အား ကျေးဇူးပြုပုံကို ကုသိုလ်တိုက်မှာပင် "ကုသလံ ဝုဋ္ဌာနဿ၊ အကုသလံ ဝုဋ္ဌာနဿ၊ ကြိယံ ဝုဋ္ဌာနဿ အနန္တရ ပစ္စယေန ပစ္စယော" လို့ ဟောပါတယ်။

တဒါရုံချင်းကတော့ "ပုရိမာ ပုရိမာ ဝိပါကာ ဗျာကတာ ခန္ဓာ" စသည်ဖြင့် ဟောတဲ့ ကုသလတိုက်မှာပဲ ဝင်ပါတယ်၊ သန္တိရဏတသန့် မဟာဝိပါက်တင်နေ့နေတဲ့ တိုက်ပုဒ် ဒုက်ပုဒ် မရှိပါဘူး။

ဒုကပဋ္ဌာန်း သဟေတုကဒုက်မှာ မဟာဝိပါက် ဒုတိယ တဒါရုံက ဘဝင်ကိုစွတတ်တဲ့ အဟိတ်ကုသလဝိပါက် ဥပေက္ခာ သန္တိရဏဘဝင်အား ကျေးဇူးပြုပုံကို "သဟေတုကံ ဘဝင်္ဂံ အဟေတုကဿ ဘဝင်္ဂဿ" ဟူ၍လည်းကောင်း၊ အဟိတ်ဒုတိယတဒါရုံက မဟာဝိပါက်ဘဝင်အား ကျေးဇူးပြုပုံကို "အဟေတုကံ ဘဝင်္ဂံ သဟေတုကဿ ဘဝင်္ဂဿ အနန္တရ ပစ္စယေန ပစ္စယော" လို့ ဟောပါတယ်။

အထက်ပါတဒါရုံက ဘဝင်အား ကျေးဇူးပြုရာမှာ တဒါရုံအသံနဲ့ မဟောဘဲ ဘဝင်အသံနဲ့ ဟောတာကတော့ တဒါရုံကိုစွတတ်ရင် ဘဝင်ကိုစွတတ်ပြီးဖြစ်လို့ ဟောပါတယ်။ အဋ္ဌကထာကလဲ "တဒါရမ္မဏ သင်္ခါတံ ပိဋ္ဌိဘဝင်္ဂံ မူလဘဝင်္ဂဿ" လို့ပြလေတော့ တဒါရုံဆိုတဲ့ ပိဋ္ဌိဘဝင်ကား မူလဘဝင်အားကျေးဇူးပြုပါတယ်။

## ဈာနဝီထိ

ကာမဇောဝါရရဲ့ကိုစွပြီးလေတော့ ဈာနဝီထိကို ဆက်ပြီးပြ
ဈာနဝီထိမှာ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာ
ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ အာဒိကမ္မိကပုဂ္ဂိုလ်အတွက်
ထို့နောက် တိဟိတ်ဘဝင်များဖြစ်ပါတယ်။ ဒီစ
ဂေါတြဘူရှိပါတယ်။ ဒီဂေါတြဘူကို အချို
ပါတယ်။ ပုရိတ္တတိုက်မှာ ဂေါတြဘူဆို

ပါမယ်။
ဇ္ဈာန်း၊ ပရိကံ၊
ဈာန်ဇောတစ်ကြိမ်၊
ဈာနဝီထိမှာ ဈာန်ရှေ့က
နေရာမှာ ရိုက်လို့လဲ ဟော
ပရိကံက ဟောဂူတ်ဈာန်များ

အား ကျေးဇူးပြုကြောင်းကို "ပဌမဿ ဈာနဿ ပရိကမ္မံ ပဌမဿ ဈာနဿ အနန္တရ ပစ္စယေန ပစ္စယော" လို့ဟောပါတယ်။

ဈာနသမာပတ္တိဝီထိများကျတော့ ပရိတ္တတိက်မှာပင် "ပုရိမာ ပုရိမာ မဟဂ္ဂတာ ခန္ဓာ-မစ္ဆိမာနံ ပစ္ဆိမာနံ မဟဂ္ဂတာနံ ခန္ဓာနံ အနန္တရ ပစ္စယေန ပစ္စယော၊ အာသေဝနပစ္စယေနပစ္စယော" လို့ဟောတော့ မဟဂ္ဂုတ်ကုသိုလ်ကြိယာဈာန် အချင်းချင်းနဲ့ ဘဝင်အချင်းချင်း ကျေးဇူးပြုကြပါတယ်။ မဟဂ္ဂုတ်ဇော နောင်ဘဝင်ကျမှုကို ပရိတ္တတိက်၌ပင် "မဟဂ္ဂတာခန္ဓာ ပရိတ္တဿ ဝုဋ္ဌာနဿ အနန္တရပစ္စယေန ပစ္စယော" လို့ဟောပါတယ်။

## မဂ္ဂဝီထိ

မဂ္ဂဝီထိမှာဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ အနုလုံ၊ ဂေါတြဘူ (သောတာပတ္တိမဂ်အတွက်) ဝေါဒါန် (အထက်မဂ်အတွက်) မဂ်၊ ဖိုလ်-ရယ်လို့ဝီထိရှိရာ အနုလုံကဂေါတြဘူ ဝေါဒါန်အား ကျေးဇူးပြုပုံနှင့် ဂေါတြဘူဝေါဒါန်က မဂ်အားကျေးဇူးပြုပုံ၊ မဂ်က ဖိုလ်အားကျေးဇူးပြုပုံကို ကုသလတိက်၌ပင် "အနုလောမံ ဂေါတြဘုဿ၊ အနုလောမံ ဝေါဒါနဿ၊ ဂေါတြဘုမဂ္ဂဿ၊ ဝေါဒါနံမဂ္ဂဿ၊ မဂ္ဂေါဖလဿ အနန္တရပစ္စယေန ပစ္စယော" လို့ဟောပါတယ်။

## ဖလသမာပတ္တိဝီထိ

ဖလသမာပတ္တိဝီထိမှာ အနုလုံ ၃-၄ ကြိမ် နောင်ဖိုလ်ဇော အကြိမ်များစွာဖြစ်ပြီးဘဝင်ကျပါတယ်။ အနုလုံက ဖိုလ်အား ကျေးဇူးပြုပုံကို ကုသလတိက်၌ 'အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ၊ အရဟတော အနုလောမံ ဖလသမာပတ္တိယာ အနန္တရပစ္စယေနပစ္စယော' ဟု ဟောပါတယ်၊ ဖိုလ်ဖိုလ်ချင်း ကျေးဇူးပြုပုံကိုတော့ ဝေဒနာတိက်၊ဥပါဒိန္နတိက်၊ ...ကိလိဋ္ဌတိက်၊ ဒဿနတိက် စသည်များမှာ 'ဖလံဖလဿ အနန္တရပစ္စယေန ...' လို့ ဟောတယ်။ ဖိုလ်နောင်ဘဝင်ကို ဝေဒနာတိက်စသည်မှာ ... အနန္တရပစ္စယေန ပစ္စယော'လို့ ဟောပါတယ်။

ပစ္စယေ-
'ဖလံဝုဋ္ဌာနဿ

## နိရောဓ သမာပတ္တိဝီထိ

နိရောဓသမာပတ္တိဝီထိက ... န-ဒ-မ-ပ-န္-ဒေါ၊ အနာဂါမ် ဖြစ်ရင် ...ကြ်စေတသိက် စိတ္တဇရုပ် လုံ့ပြည်မှာ(၃)
နေဝကုံဇော(၂)ကြိမ်၊ထို့နောင်...

ရက် ချုပ်နေတယ်၊ ထို့နောင် အနာဂါမိဖိုလ်ဇော တစ်ကြိမ်စောတယ်။ ရဟန္တာဖြစ်ရင် နေဝကြိယာဇော ၂ ကြိမ်၊နိရောဓ ပြီးတော့ အရဟတ္တဖိုလ် တစ်ကြိမ်စောတယ်။ စိတ်စေတသိက် စိတ္တဇရုပ်တို့ ချုပ်မိ ဖြစ်တဲ့ နေဝ ကုသိုလ်ကြိယာက အနာဂါမိဖိုလ်-အရဟတ္တဖိုလ်အား ကျေးဇူးပြုကြောင်း ကို 'နိရောဓာဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိ ယာ၊နိရောဓာဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကရိယံ ဖလသမာပတ္တိ ယာ အနန္တရပစ္စယေန ပစ္စယော' စသည်ဖြင့်များစွာသော တိက်များမှာ ဟောပါတယ်။

## မရဏာသန္နဝီထိ

မရဏာသန္နဝီထိများမှာ သင်္ဂြိုဟ်ကပြခဲ့တဲ့အတိုင်း (၃၄)ဝီထိရှိပါတယ်။ မနောဒွါရဝီထိ တစ်ခုအတွက်ပြရင် တဒါရုံနောင်စုတိ၊ ကာမကုသိုလ် အကုသိုလ်ကြိယာဇော နောင်စုတိ၊ ဘဝင်နောင်စုတိရယ်လို့ သုံးမျိုးရှိခဲ့ရာ ဝီထိမှာ န-ဒ-မ-မရဏာသန္နဇော ငါးကြိမ်၊ တဒါရုံ၂-ကြိမ်၊ ဘဝင်-စုတိ ပဋိသန္ဓေ ဘဝင် ၁၅၊ ၁၆-ကြိမ် စသည်ဖြစ်ပါတယ်။ စုပေါင်းပြီးပြ ထားတာ ဖြစ်ပါတယ်။

တဒါရုံ နောင်စုတိကျမှုကို ဝေဒနာတိက်မှာ 'သုခါယ ဝေဒနာယ သမ္ပယုတ္တံ ဘဝင်္ဂံ အဒုက္ခမသုခါယ ဝေဒနာယသမ္ပယုတ္တဿ အနန္တရပစ္စ ယေန ပစ္စယော' လို့ဟောပါတယ်။ ရှေ့ပစ္စည်းဘဝင်ကို တဒါရုံ ယူရမှုပြောခဲ့ပါပြီ၊ နောက်ပစ္စယုပ္ပန်ဘဝင်ကလဲ စုတိကိစ္စတက်နိုင်ပါတယ်၊ ကုသိုလ်အကုသိုလ်ကြိယာဇောနောင်စုတိ ဖြစ်ပုံများကိုတော့ ကုသလတိက် ဥပဝ် 'ကုသလံ ဝုဋ္ဌာနဿကြိယံ ဝုဋ္ဌာနဿ'လို့ ဟောပါတယ်။

စုတေလျှင် ပဋိသန္ဓေနေရဦးမှာဖြစ်တော့ စုတိစိတ်က ပဋိသန္ဓေစိတ်အား ကျေးဇူးပြုရပါလိမ့်မယ်။ ဝေဒနာတိက်မှာ သောမနဿစုတိ (၈) ခုက ဥပေက္ခာပဋိသန္ဓေ (၁၁)ခုအား ကျေးဇူးပြုကြောင်းကို 'သုခါယဝေဒနာ ယသမ္ပယုတ္တံ စုတိစိတ္တံ အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တဿဥပပတ္တိ စိတ္တဿအနန္တရပစ္စယေန ပစ္စယော' ဟူ၍လည်းကောင်း၊ ကာမစုတိ(၁၀)က ကာမပဋိသန္ဓေ(၁၀)နဲ့ ပုထုဇဉ်ပဋိသန္ဓေအား ကျေးဇူးပြုကြောင်းကို သဝိတက္ကတိက်မှာ, သဝိတက္ကသဝိစာရံစုတိ စိတ္တံ အဝိတက္က ဝိစာရမတ္တဿ ဥပပတ္တိ စိတ္တဿ အနန္တရပစ္စယေန ပစ္စယော' စသည်ဖြင့် ပဋ္ဌာန်းမှာ များ စွာပဲ ဟောပါတယ်။

ယခုပြခဲ့တာတွေဟာ အဋ္ဌကထာများမှာ မိန့်ဆိုကြတဲ့ ဝိထိများမှ စိတ်တစ်ခုစီ တစ်ခုစီရဲ့ အနန္တရသတ္တိနဲ့ ကျေးဇူးပြုပုံကို ပဋ္ဌာန်းပါဠိတော်ကြီးမှ အတိအကျ ထုတ်ပြတာ ဖြစ်ပါတယ်။ အဋ္ဌကထာ ဆရာကြီးများကလဲ မိမိတို့ယူဆချက် အတိုင်း ပြတာမဟုတ်ဘဲ ပဋ္ဌာန်းပါဠိတော်ကြီးမှာ ဟောထားတဲ့အတိုင်းသာ ထုတ်ပြတာ ဖြစ်ပါတယ်။

ပြဆိုခဲ့တဲ့ နာမက္ခန္ဓာလေးပါး ဝိထိများကား မိမိတို့သန္တာန်ဝယ် စက္ကန့်မခြားဖြစ်ပျက်၍နေသော အနိစ္စတရားများဖြစ်ရာ ထိုအနိစ္စအချက်ကိုကွက်ကွက် ကွင်းကွင်း ဟုတ်မှန်သော သဘောအတိုင်း မြင်နိုင်ကြကုန်ပြီးလျှင် ပျက်ခြင်းကင်းသော နိဗ္ဗာနဓာတ်တရားတော်မြတ်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြောင်း သူတော်ကောင်းတရားကိုသာ အားထုတ်နိုင်ကြပါစေဟု အကြိမ်(၂၀)မြောက် အဘိဓမ္မာအခါတော်နေ့ကို ရည်ညွှန်း၍ တိုက်တွန်း နှိုးဆော် အပ်ပါသတည်း။ ။

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏
၁၃၃၁ ခုနှစ်၊ (၂၁) ကြိမ်မြောက်
အဘိဓမ္မာအခါတော်နေ့တွင်

## ဩဝါဒါစရိယ မူလပဋ္ဌာန်း ဆရာတော်ဘုရားကြီး၏ အသံလွှင့် ဟောပြောချက်

မနှစ်က အနန္တရ သမနန္တရပစ္စည်းများကို ပြောပြီးခဲ့လေတော့ သည်နှစ် သဟဇာတပစ္စည်းအကြောင်းကို ဆက်လက်၍ ပြောပြပါမယ်၊ သဟဇာတ ဆိုတာ အကြောင်းပစ္စည်းတရားနဲ့ အကျိုးပစ္စယုပ္ပန်တရားတို့ အတူတကွ တစ်ပြိုင်နက်ဖြစ်တာကို ဆိုပါတယ်။

ဥပမာအားဖြင့် နေထွက်လာတဲ့အခါ နေဟာ နေရှိန်နေရောင်တွေကို မိမိနဲ့ အတူတကွဖြစ်စေလျက် ထွက်ပေါ်လာသလို ဆီမီး ထွန်းတောက်တဲ့ အခါ ဆီမီးရှိန် ဆီမီးရောင်တွေကို မိမိနဲ့ အတူတကွထွန်းတောက်စေသလို ဒီ သဟဇာတပစ္စည်းတရား ဖြစ်ပေါ်လာတဲ့အခါ မိမိရဲ့ အကျိုးပစ္စယုပ္ပန် တရားတွေကို မိမိနဲ့ အတူတကွသာ ဖြစ်စေပါတယ်။

ဒီ ဥပမာအတွက် ပဋ္ဌာန်းပါဠိတော်ကြီးမှာ "ဧကော ခန္ဓာ တိဏ္ဏန္နံ ခန္ဓာနံ သဟဇာတ ပစ္စယေန ပစ္စယော" စသည်ကို ဟောပေတော့ နေနဲ့ နာမက္ခန္ဓာနဲ့ တူပြီး နေရှိန်နဲ့ နာမက္ခန္ဓာနဲ့ သမ္ပယုတ်ဖြစ်တဲ့ ကြွင်းနာမက္ခန္ဓာများနဲ့ တူလေ။ "စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ" စသည်ကိုဟော၍ နေရောင်နဲ့ သဟဇာတရုပ်တရားတွေ တူပါတယ်။ ထိုနည်းတူစွာ "စတ္တာရော မဟာဘူတာ အညမညံ သဟဇာတ ပစ္စယေန ပစ္စယော" ဟူသောပါဠိ တော်အရ နေနဲ့ မဟာဘူတ်တစ်ပါးပါး၊ နေပူရှိန်နဲ့ သဟဇာတ်ဖြစ်တဲ့ မဟာဘူတ်တွေ တူကြပါတယ်။ "မဟာဘူတာ ဥပါဒါရူပါနံ" အရ နေ

ရောင်အလင်း သဟဇာတဖြစ်တဲ့ ဥပါဒါရုပ်များ တူကြောင်းကို ဆရာကြီးများ မိန့်ဆိုကြပါတယ်။

သဟဇာတပစ္စည်းဟာ အတူတကွ တစ်ပြိုင်နက်ဖြစ်တယ်ဆိုသဖြင့် အကျိုးပစ္စယုပ္ပန်တရားတွေဟာ အကြောင်းပစ္စည်းတရား မဖြစ်ခင် ရှေးက ဖြစ်နှင့်နေတာ မဟုတ်ဘူး၊ အကြောင်းပစ္စည်းတရားဖြစ်ပြီး နောက်မှဖြစ်တာလဲ မဟုတ်ဘူး။

ဒီ သဟဇာတပစ္စည်းဟာ (၁) နာမ်အချင်းချင်း (၂) နာမ်ကရုပ် (၃) နာမ်ကနာမ်ရုပ် (၄) ရုပ်ကနာမ် (၅) ရုပ်အချင်းချင်း (၆) နာမ်ရုပ်ကရုပ်လို့ (၆)မျိုးရှိရာ အကျဉ်းချုံးလိုက်ရင် ပဝတ္တိ ပဋိသန္ဓေရုပ်သက်သက်ရယ်လို့ သုံးမျိုးရပါတယ်။

ပဋိသန္ဓေအခါ ပဝတ္တိအခါဆိုတာဘယ်လိုအချိန်ကာလကို ခေါ်သလဲဆိုရင် နောက်အခြားမဲ့ဖြစ်တဲ့ ဘဝတစ်ပါးရဲ့ အစအစွန်ကိုဆက်စပ်တဲ့အစွန်းအားဖြင့် ဖြစ်တဲ့ရုပ်နာမ်တရားအစုဟာ ပဋိသန္ဓေရုပ်နာမ်မည်တယ်။ ဒီရုပ်နာမ်တွေရဲ့ ဥပါဒ်ခဏဟာ ပဋိသန္ဓေခဏ ပဋိသန္ဓေကာလမည်တယ်။ ဒီရုပ်နာမ်တွေရဲ့ ဌီခဏကစပြီး သတ္တဝါတွေရဲ့အသက်ရှည်သမျှ တစ်ဘဝလုံးဟာ ပဝတ္တိကာလမည်တယ်။

အကြောင့်ဆိုတော့ ပဋိသန္ဓေကိစ္စဆိုတာစုတိမှနောက်၌ ဘဝသစ်တစ်ခုဆက်လက်မှုဖြစ်တယ်၊ ဘဝသစ်တစ်ခုဆက်လက်မှု ခဏဟာပဋိသန္ဓေခဏမည်တယ်၊ ဘဝသစ်တစ်ခုဆက်လက်မှုဆိုတာ စုတိခဏရဲ့အခြားမဲ့ စုတိခဏနဲ့ တစ်ဆက်ထဲဆက်စပ်နေတဲ့ အစအဦးဆုံးဖြစ်တဲ့ ခဏငယ်ဖြစ်တယ်။ ဒုတိယခဏငယ်ကိုရောက်သွားရင် ဘဝဟောင်းနဲ့ဆက်စပ်မှုမရှိတော့ဘူး၊ အစဦးဆုံးခဏငယ်က ဆက်စပ်ပြီးဖြစ်တဲ့ ဘဝသစ်ကို စီစဉ်ရှိသွားမှုသာဖြစ်တယ်၊ ဒါကြောင့်ဘဝဟောင်းကိုပစ်ပြီး ဘဝသစ်ကိုကူးကြတဲ့သတ္တဝါအားလုံးအားဘဝသစ်မှာ အစဦးဆုံးဖြစ်တဲ့ ခဏငယ်ကလေးတစ်ခုသာ အဘိဓမ္မာနည်းအားဖြင့် ပဋိသန္ဓေခဏ ပဋိသန္ဓေကာလလို့ခေါ်ရတယ်၊ ဒုတိယခဏငယ်ကစပြီး ပဝတ္တိကာလလို့ခေါ်ရပါတယ်။

ဒီသဟဇာတပစ္စည်းဟာ စိတ်စေတသိက်ဆိုတဲ့ နာမ်တရားအချင်းချင်း အတူတကွဖြစ်ခါအပြန်အလှန်ကျေးဇူးပြုနိုင်ပေမယ့် နာမ်တရားတို့ရဲ့ဖြစ်ပုံကအလွန်သိမ်မွေ့ အလွန်လျင်မြန်ပြီး မျက်စိနဲ့ မမြင်ကောင်းလေတော့ လက်တွေ့ပြဖို့ရာမလွယ်ပါဘူး၊ စေတောပရိယ အဘိညာဉ်ရသူများသာ

ဒီပုဂ္ဂိုလ်ဟာ ယခုဘာစိတ်ဖြစ်နေတယ်ဆိုတာကို မိမိတို့ရဲ့ အဘိညာဉ်စိတ်နဲ့ သိနိုင်ကြပါတယ်၊ ဒါပေမယ့် ကုသိုလ်စေတနာမ်က မိမိနဲ့ အတူဟာကျွဖြစ်တဲ့ စိတ္တဇရုပ်အားကျေးဇူးပြုတဲ့အခါ မျက်နှာမှာပေါ်လာတဲ့ စိတ္တဇရုပ်များနဲ့ ကြည့်ခြင်းအားဖြင့် ဒီပုဂ္ဂိုလ်ဟာ ဘယ်လိုစိတ်မျိုးဖြစ်နေတယ်ဆိုတာကိုသိနိုင်ကြပါတယ်။

ဥပမာအားဖြင့် မိခင်များဟာ မိမိတို့ရဲ့လွန်စွာချစ်လှတဲ့ သားသမီးများကို မေတ္တာစိတ်နဲ့ကြည့်တဲ့အခါဆို မိခင်များရဲ့ မျက်နှာဟာမေတ္တာရဲ့ သတ္တိကြောင့် လွန်စွာ ကြည်လင်နေတာကိုတွေ့နိုင်ပါတယ်။ ထို့ပြင်ဘုရားစတဲ့ အာရုံကို အာရုံပြုပြီး ဂုဏ်တော်စသည်ကို အောက်မေ့ရှိခိုးနေတဲ့အခါ ထိုထိုဒါနသီလဘာဝနာစတဲ့ ကုသိုလ်ဆိုင်ရာတရားတွေဖြစ်နေပြီး ကြည်နူးနေတဲ့အခါ ထိုပုဂ္ဂိုလ်ရဲ့မျက်နှာဟာ အတော်ကြည်လင်ကြောင်းကို တွေ့နိုင်ပါတယ်။ဘုရားရှိခိုးနေပေမယ့်ဂုဏ်တော်စသည်ကိုမအောက်မေ့နိုင်ဘဲစိတ်က ရောက်ချင်ရာရောက်နေတဲ့ပုဂ္ဂိုလ်များရဲ့ မျက်နှာကတော့ ကြည်လင်လှမယ် မဟုတ်ပါဘူး၊ ဈာန်ဝင်စားနေတဲ့ ပုဂ္ဂိုလ်ရဲ့ မျက်နှာဟာ တင့်တယ်လှ ကျက်သရေရှိလှကြောင်းကို "ဈာယိတပသိဗြဟ္မဏော" လို့ ဟောပါတယ်၊ ဖိုလ်ဝင်စားနေတဲ့ပုဂ္ဂိုလ်များမှာ အာရုံက နိဗ္ဗာန်သာဖြစ်လေတော့အထူး သဖြင့်တင့်တယ်လှ ကျက်သရေရှိလှပါတယ်။

ဘောလနေယျ အာရုံနဲ့ တွေ့လို့လိုချင်လာတဲ့အခါ လိုချင်တဲ့လောဘ ဇောရဲ့သတ္တိကြောင့် ထိုပုဂ္ဂိုလ်ရဲ့ မျက်နှာမှာ လောဘရုပ်တွေပေါ်နေပုံ၊ အမျက်ထွက်တဲ့အခါကြောက်မက်ဖွယ်ရာ မျက်နှာကို မြင်ရတာတွေ၊ သူ့ မျက်နှာကြီးကိုကြည့်ပါလား၊ မာန်ခဲကြီးပဲရယ်လို့ ပြောဆိုကြမှုတွေဟာ အကုသိုလ်စိတ်နဲ့တကွ ဖြစ်တဲ့ စိတ္တဇရုပ်ကို တွေ့မြင်လို့ သိပြောကြခြင်းသာ ဖြစ်ပါတယ်။

စိတ္တဇရုပ် ကေန်ဖြစ်တဲ့ဝိညတ်ရုပ်များမှာ ပို၍ထင်ရှားပါတယ်၊ တိရစ္ဆာန်များသော်မှ သိနားလည်ကြပါတယ်၊ လင်မယားနှစ်ယောက်ဟာ ခဏခဏ ရန်ဖြစ်လေ့ရှိတယ်၊ ရန်ဖြစ်ပလားဆိုရင် ယောကျ်ားက မိန်းမကို မရိုက်ဘဲ အနားက ခွေးကြီးကိုရိုက်တယ်၊ နောက်ရန်ဖြစ်သံကြားတဲ့အခါ ခွေးကြီးဟာ သူတို့နားမှာ မနေတော့ဘဲ တစ်ခါထဲထွက်ပြေးသွားတာဟာ သူတို့ရဲ့ ဝိညတ်ကိုသိမှု ဖြစ်ပါတယ်။

ထို့ပြင်ကာယောအဆင်ပြောကောင်းတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကဖြစ်ဖြစ်၊ ဓမ္မကထိကတစ်ပါးကဖြစ်ဖြစ် ဟောပြောနေတဲ့အခါ နှစ်သက်စရာ ကြည်နူးစရာအခန်းမှာ ကြည်နူးတဲ့ မျက်နှာတွေ၊ သနားစရာအခန်းမှာ သနားတဲ့ မျက်နှာတွေ၊ ဒေါသထွက်စရာ အခန်းမှာ ဒေါသဖြစ်လာတဲ့ မျက်နှာတွေကို အားလုံးတွေ့ကြပါလိမ့်မယ်။ ဒါတွေဟာစိတ်ကိုမမြင်ရပေမယ့် စိတ်နဲ့အတူဖြစ်တဲ့ စိတ္တဇရုပ်ကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါတယ်၊ ရုပ်ရှင်ကြည့်တဲ့အခါ ပွဲကြည့်တဲ့အခါများမှာလဲ ဖြစ်ကြပါတယ်၊ သက်ရှိကို မပြောနဲ့ သက်မဲ့ဓာတ်ပုံများကိုပင် ကြည့်ပြီး ထိုပုဂ္ဂိုလ်ရဲ့စိတ်ကိုအကဲခတ်နိုင်ပါတယ်။ ဒါတွေကို ပဋ္ဌာန်းပါဠိတော်ကြီးမှာ "ကုသလာခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော" စသည်ဖြင့်ဟောပါတယ်။ သေပြီးနောက် အချို့ပုဂ္ဂိုလ်ရဲ့ မျက်နှာဟာ ပြုံးပြုံး ကလေးဖြစ်နေတာကို တွေ့ဖူးပါတယ်။ ဒီမျက်နှာဟာ သေပြီးဖြစ်၍ဥတုဇရုပ်သာဖြစ်လည်း သေခါနီးအခါက ဖြစ်တဲ့ စိတ္တဇရုပ်များရဲ့ အရှိန်ဟာ ဥတုဇရုပ်ပေါ်မှာ ကျန်ခဲ့တာ ဖြစ်ပါတယ်၊ ၎င်းကိုကြည့်ခြင်းအားဖြင့် ထိုပုဂ္ဂိုလ်ရဲ့လားရာဂတိကိုလဲ မှန်းဆနိုင်ပါတယ်။

(ဗျာ-ဗျာ)မှာ ပဝတ္တိပဋိသန္ဓေရုပ်ရယ်လို့ သုံးမျိုးရှိရာ ပဝတ္တိအခါကို အထူးမပြောတော့ဘူး၊ ပဋိသန္ဓေအခါ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာဆိုတဲ့ နာမ်နဲ့ ဟဒယဝတ္ထုဆိုတဲ့ ရုပ်တို့ သဘာဝ မတူကြဘဲ အပြန်အလှန်ကျေးဇူးပြုပုံကို အညမညပစ္စည်းရောက်တော့ ပြောပြပါမယ်၊ ရုပ်ဆိုင်ရာမှာ မဟာဘုတ် အချင်းချင်း အပြန်အလှန် ကျေးဇူးပြုနိုင်တယ်၊ မဟာဘုတ်က ဥပါဒါရုပ်အား သဟဇာတသဘောနဲ့ အတူတကွဖြစ်ကာကျေးဇူးပြုနိုင်တဲ့ ဥပါဒါရုပ်ကတော့ ပြန်၍ ကျေးဇူးမပြုနိုင်ဘူး၊ ဒီမဟာဘုတ်တွေကို ပစ္စယနိဒ္ဒေသမှာ အဇ္ဈတ္တဗဟိဒ္ဓ မဟာဘုတ်များကိုရောပေါင်းကာသာမညအားဖြင့် "စတ္တာရောမဟာဘူတာ အညမညံ သဟဇာတ ပစ္စယေန ပစ္စယော"လို့ ဟောတော်မယ့် ဆဝါရ ပဉ္စာဝါရများမှာတော့ စိတ္တဇမဟာဘုတ် ပဋိသန္ဓေကမ္မဇ ဗာဟိရ အာဟာရဇ ဥတုဇ အသညသတ်ကမ္မဇ ပဝတ္တိကမ္မဇ မဟာဘုတ်ရယ်လို့ မဟာဘုတ် (၇)ပါးကို အကျယ်ဟောပါတယ်။ ဒီမဟာဘုတ်တွေအကြောင်းကို အကျယ် မပြောတော့ဘဲ ဗာဟိရ မဟာဘုတ် တစ်ခုရဲ့ အကြောင်းကိုသာ ပြောပြပါမယ်၊ ဗာဟိရ မဟာဘုတ်ဆိုတာ သတ္တဝါ အသက်နဲ့ မစပ်ဘဲ ၎င်းတို့မှအပဖြစ်တဲ့ တောတောင်စတဲ့ သက်မဲ့ရုပ်များ ဖြစ်တယ်။

လောကမှာ အကြောင်းတရားရှိရင် အကျိုးတရားရှိရမယ်၊ အကျိုးတရား ဖြစ်ပေါ်မှုဟာ အကြောင်းတရားကြောင့်သာ ဖြစ်ပါတယ်၊ ဒီအကြောင်းက ဒီအကျိုးတရားအား ကျေးဇူးပြုတဲ့အခါ ပဋ္ဌာန်းနည်းအရ ပေးတတ်တဲ့ (၂၄) ပစ္စယသတ္တိတို့တွင် ဆိုင်ရာဆိုင်ရာ ပစ္စည်း အားလျော်စွာ ကျေးဇူးပြုမှုကို ပဋ္ဌာန်းမှာ ဟောပါတယ်၊ သက်ရှိသက်မဲ့ ဟူသမျှတို့ရဲ့ ဖြစ်ပေါ်မှုဟာ အကြောင်းအကျိုးနဲ့ မကင်းကြပါဘူး။

ဒါပေမယ့်ဒီသဟဇာတပစ္စည်း ဗာဟိရရုပ် ပစ္စယုပ္ပန် အကျိုး တရားနဲ့ တော့ သက်လို့ အကြောင်းအကျိုး ထင်ရှားရှိနေပေမယ့်ပဋ္ဌာန်း(၂၄)ပစ္စည်းတွင် မည်သည့်ပစ္စည်းနဲ့မှ ကျေးဇူးမပြုဘဲ ပဋ္ဌာန်းက လွတ်နေတဲ့ အကြောင်းကို မူလဋီကာဆရာကြီးက ထုတ်ဖော် ပြလိုက်တာကတော့ "ဣဒ္ဓိစိတ္တာနိဗ္ဗတ္တာနံ ကမ္မပစ္စယာနဥ္စ ဣဋ္ဌာနံဋ္ဌာနံ ဗာဟိရရူပါယတနာ ဓိနံစိတ္တံကမ္မဥ္စ ဟောတာဒိသနံ ဟောတိပစ္စယော" လို့ ထုတ်ဖော်လိုက်ပါတယ်။ ဣဒ္ဓိစိတ်ကြောင့် ဖြစ်ကြ၊ ကမ္မ စည်းကြောင့် ဖြစ်ကြတဲ့ ဣဋ္ဌ၊ အနိဋ္ဌဗာဟိရရုပ်စသည်တို့အား ဣဒ္ဓိ စိတ်ကဖြစ်ဖြစ်၊ ကံကဖြစ်ဖြစ် ဟေတုစတဲ့ (၂၄)ပစ္စည်းတို့တွင် မည်သည့် ပစ္စည်းကမျှ ကျေးဇူးမပြုဘူးတဲ့။

ဒါကို ထင်ရှားအောင် ပြောရမယ်ဆိုရင် ဣဒ္ဓိဝိဒအဘိညာဉ်ရတဲ့ ပုဂ္ဂိုလ် ဟာ ဣဒ္ဓိဝိဒအဘိညာဉ်နဲ့ ဖန်ဆင်းလိုက်တဲ့ ဗာဟိရရုပ်တွေ၊ ဒါကနက္ခတ်ပွဲ သဘင်သို့ သူတစ်ပါးတွေ ပန်းပန်ပြီးသွားကြတာ မြင်တော့ ကလေးမ တစ်ယောက်ကလဲ ပန်းပန်ချင်လို့ အမေကိုပူဆာ၊ အမေကလဲဆင်းရဲတော့ မပေးနိုင်လို့ ငိုနေတဲ့အခါ ဣဒ္ဓိမာ ရဟန်းတော်တစ်ပါးကဖန်ဆင်းပေးတဲ့ ရွှေပန်းခိုင်တွေ၊ ဆင်းရဲလှတဲ့ ကလေးမကလေးက ရွှေပန်းခိုင်ပန်နိုင်ပါ့မ လား၊ ကြောက်ဒိုးတာပြစ်မှာပဲရယ်လို့ ဖမ်းဆီးသွားတဲ့ အခါ ထိုရဟန်း တော်ကလဲ ဘုရင့်ရဲ့ နန်းတော်ကို ရွှေနန်း ပြာ သာဒ် ကြီး ဖြစ် အောင် ဖန်ဆင်းလိုက်တာတွေ၊ ဂဠုန်လိုက်လို့ နဂါးက ရဟန်းတော်များထံ ချဉ်း ကပ်ပြီး ကယ်ပါလို့လျှောက်တဲ့အခါ တောင်ကြီးကိုဖန်ဆင်းလိုက်တာတွေ၊ ဒီလိုဖန်ဆင်းလိုက်တဲ့ ရွှေပန်းခိုင် စသည်တွေဟာ ဗာဟိရရုပ်များ ဖြစ်ကြ ပါတယ်။

ကမ္မပစ္စည်းကြောင့်ဖြစ်တဲ့ဗာဟိရရုပ်တွေကတော့ဇောတိကတို့မှာ ရတနာ (၇)ပါး အပြီးတဲ့ (၇)ဆင့် ရှိကဲ့ ပြာသာဒ်တွေပဒေသာပင်ကြီးတွေ ရွှေ

အိုးကြီးတွေ၊ ဇင်္ဂလတို့မှာ အတောင်ရှစ်ဆယ်ရှိတဲ့ ရွှေတောင်ကြီးတွေ၊ မေရုကမှာ ရွှေဆိတ်ရုပ်တွေဟာ ရှေးကံကြောင့်ပေါ်ပေါက်လာကတဲ့ဗာဟိရ ရုပ်တွေဖြစ်ကြပါတယ်၊ အဲဒီဣဒ္ဓိစိတ်ကြောင့်ဖြစ်ကြတဲ့ နာနာက္ခဏိက ကမ္မပစ္စည်းကြောင့် ဖြစ်ကြတဲ့ ဣဋ္ဌအနိဋ္ဌဗာဟိရရုပ်တွေအား ဣဒ္ဓိဝိဓ အဘိ ညာဉ်စိတ်ကဖြစ်ဖြစ်၊ နာနာက္ခဏိက ကမ္မပစ္စည်းကဖြစ်ဖြစ် ပဋ္ဌာန်းအရ ဟောတုစတဲ့ (၂၄)ပစ္စည်းထဲက ဘယ်ပစ္စည်းနဲ့မှကျေးဇူးမပြုနိုင်ကြပါဘူး။

အကြောင်းတရားလဲရှိ အကျိုးတရားလဲထင်ရှားရှိပါလျက် အကြောင်း အကျိုးကို ဟောတဲ့ ဟေတုစတဲ့ (၂၄) ပစ္စည်းနဲ့ ဆက်သွယ်လို့ မရဘဲ ပဋ္ဌာန်းနည်းက လွတ်နေရတာဟာ ဘာ့ကြောင့်ပါလဲလို့ စဉ်းစားရလိမ့် မယ်၊ စဉ်းစားရင် အကြောင်းတရားက ဣဒ္ဓိဝိဓ အဘိညာဉ် ဖြစ်တယ်၊ အကျိုးတရားက နိမ္မိတ ဗာဟိရရုပ်ဖြစ်နေတယ်၊ ပဋ္ဌာန်းအာရမ္မဏပစ္စည်း (ဗျာ—ကု)မှာ နိမ္မိတရုပ်တွေက အကြောင်းပစ္စည်း၊ ဣဒ္ဓိဝိဓ အဘိညာဉ်က အကျိုးပစ္စယုပ္ပန်ဖြစ်ကြောင်းကိုဟောတယ်၊ဒီမှာအကြောင်းအကျိုး ပြောင်း ပြန်ဖြစ်နေတာ အာရမ္မဏပစ္စည်းနဲ့ ကျေးဇူးပြုလို့မရဘူး။

တစ်ဖန်နာနာက္ခဏိကကမ္မပစ္စည်းကအကြောင်း၊ပဒေသာပင်ရွှေအိုးကြီး စသည်က အကျိုးနေရာပင် စဉ်းစားရင် နာနာက္ခဏိက ကမ္မပစ္စည်းရဲ့ ပစ္စယုပ္ပန်မှာ ဗာဟိရရုပ်တွေမရှိဘဲ ကဋတ္တာရုပ်ဆိုင်ရာ ပဋိသန္ဓေကမ္မဇရုပ် အသညသတ် ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်များသာရှိလေတော့ ကမ္မပစ္စည်း နဲ့လဲ ကျေးဇူးပြုလို့မရလေတော့ အကြောင်းအကျိုးရှိနေပေမယ့် ဘယ် ပစ္စည်းနဲ့မှ ကျေးဇူးပြုလို့ မရကြောင်းကိုမူလဋီကာဆရာ မိန့်ဆိုခြင်း ဖြစ် ပါတယ်။

အခြားပစ္စည်းတွေနဲ့ ကျေးဇူးပြုလို့ မရရင်ပစ္စယပဒေသာဖြစ်တဲ့ပကတူ ပနိဿယပစ္စည်းနဲ့ ကျေးဇူးပြု ရတာများပါတယ်။ ဒါပေမယ့်ပစ္စယုပ္ပန် အကျိုးတရားက ဗာဟိရရုပ်တရားဖြစ်နေတယ်၊ ပကတူပနိဿယပစ္စည်းရဲ့ ပစ္စယုပ္ပန်မှာ ရုပ်တရားမရှိလေတော့ ပဋ္ဌာန်းမှာလာတဲ့ ဟောတဲ့ ဥပနိဿယ ပစ္စည်းနဲ့လဲ ကျေးဇူးမပြုနိုင်လို့ မူလဋီကာ ဆရာဆိုတာ ဖြစ်ကြောင်းကို "ကဏ္ဍနကောစိ ပစ္စယောတိ ဣဒ္ဓိပဋ္ဌာနေ အာဂတာနိယာမေနရူပံ ဥပ နိဿယပစ္စယံ နလဘတိတိကတ္ဝာဝုတ္တံ၊ တေနာဟကေတာဒိသုတိ" လို့ အနု ဋီကာက ထောက်ခံကာမိန့်ဆိုပါတယ်။

ယခုသဟာဇာတပစ္စည်းအကြောင်းကို ထိုက်သင့်သမျှ ပြောပြခဲ့ပြီဖြစ်ရာ နာကြားနေကြသော သူတော်ကောင်းအပေါင်းတို့သည်မိမိတို့၏ မျက်နှာပေါ်တွင် မဟာကုသိုလ်နှင့်တကွဖြစ်သော စိတ္တဇရုပ်များ ဖြစ်ပေါ်အောင် ထို့ထက်အလွန် မဂ်ဖိုလ်နှင့်တကွ ဖြစ်သော စိတ္တဇရုပ်များ ဖြစ်ပေါ်အောင် သတိရှေးရှုကာ ဆင်ခြင်အားထုတ်နိုင်ကြပါစေဟု(၂၁)ကြိမ်မြောက် ဒေသိမမှာအခါတော်နေ့ကို ရည်ညွှန်း၍ တိုက်တွန်းအပ်ပါသတည်း။ ။

## ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏
## ၁၃၃၂-ခုနှစ်၊ (၂၂)ကြိမ်မြောက်
## အဘိဓမ္မာအခါတော်နေ့တွင်

# ဩဝါဒါစရိယ မူလပဋ္ဌာန်း ဆရာတော်ဘုရားကြီး၏ အသံလွှင့်ဟောပြောချက်

မနှစ်က သဟဇာတပစ္စည်းရဲ့ အကြောင်းကို ထိုက်သင့်သလိုဟောပြောခဲ့ပါပြီ၊ သည်နှစ် အညမည ပစ္စည်းရဲ့အကြောင်းကို ဆက်လက်၍ ပြောပြပါမယ်၊ အညမညဆိုတာ အတူတကွဖြစ်ကြတဲ့တရားတွေ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုကြတဲ့ပစ္စည်း ဖြစ်ပါတယ်။

ဥပမာအားဖြင့် ခေတ်ပုံရိုက်တဲ့ ကင်မရာများမှာ ခြေထောက်သုံးချောင်းရှိရမှုဟာ လဲပြိုပြီးမသွားရအောင် အချင်းချင်း အပြန်အလှန်အားပေးဖို့ ကျေးဇူးပြုကြဖို့ ဖြစ်ပါတယ်၊ တစ်ချောင်း ကျိုးသွားရင် ကျန်နှစ်ချောင်းဟာ ထောက်တည်ရမရဘဲ လဲပြိုသွားနိုင်လေတော့ ဒီလို လဲပြိုပြီးမသွားရလေအောင် အချင်းချင်း ကျေးဇူးပြုကြသလို အညမည ပစ္စည်းကလည်း အချင်းချင်း အပြန်အလှန် ကျေးဇူးပြုကြပါတယ်။

အပြန်အလှန် ကျေးဇူးပြုတယ်ဆိုတာ အဆင့်အတန်းခွဲခြားမှု၊ အခွင့်အရေး ခွဲခြားမှုမရှိရဘဲ တန်းတူရည်တူ သဘောညီမျှ ဖြစ်ရပါတယ်၊ ဒီလိုမဟုတ်ဘဲ ကိုယ်ကတော့ အဆင့်အတန်းမြင့်မြင့်နေပြီး အခွင့်အရေးတွေကိုလိုချင်သလောက်ယူပြီး သူတစ်ပါးကိုတော့ အောက်တန်းကျနေစေကာအခွင့်အရေးလဲမပေးဘူးဆိုရင် ဘုရားဟောတဲ့ အညမညသဘော မဟုတ်ပါဘူး။ သုံးချောင်းထောက်ကလေးကိုကြည့်ပါ၊ တစ်ချောင်း သို့မဟုတ် နှစ်ချောင်းက နိမ့်နေမယ်၊ မညီမျှဘဲ တိုနေမယ်ဆိုရင် ဒီသုံးချောင်းထောက်ကလေးဟာ ဘယ်နည်းနဲ့မှ ခိုင်ခိုင်ခံ့ခံ့ မဖြစ်နိုင်တော့ပါဘူး၊ အညမည ပစ္စည်းဆိုတာ သဟဇာတမျိုး၊ သဟဇာတပစ္စည်းရဲ့အစိတ်တရားဖြစ်လေတော့ အတူ

တကွဖြစ်ရှိသောမကဘဲ တစ်ပါးက တစ်ပါးကို သာတူညီမျှ အပြန်အလှန် ကျေးဇူးပြုရပါတယ်။

## အညမညအရာကျယ်ပုံ

အညမညပစ္စည်းရဲ့ ကျေးဇူးပြုပုံဟာ အလွန် ကျယ် ဝန်း လှ ပါ တယ်။ ဘုံအားဖြင့် (၃၁) ဘုံ၊ ပုဂ္ဂိုလ်အားဖြင့် အားလုံး (၁၂) ယောက်တို့ရဲ့ သန္တာန်မှာ နေ့စဉ်နဲ့အမျှ နာရီစဉ်နဲ့အမျှ မိနစ်စဉ်နဲ့အမျှ စက္ကန့်စဉ်နဲ့အမျှ အညမညပစ္စည်းဖြင့် ကျေးဇူးပြုနေကြပါတယ်။

**အရူပဖြဟ္မာ။** ။ရုပ်မရှိ နာမ်သာရှိနေတဲ့ အရူပ ဗြဟ္မာကြီးတွေကို ကြည့်လိုက်ရင် သူတို့ရဲ့ သန္တာန်မှာ စက္ကန့်တိုင်း စက္ကန့်တိုင်း နာမက္ခန္ဓာ လေးပါး ဖြစ်နေတာကို မြင်ရပါလိမ့်မယ်၊ ဒီနာမက္ခန္ဓာ လေးပါးထဲက ဝေဒနာက္ခန္ဓာတစ်ပါးက အညမညအကြောင်းပစ္စည်းတရားဖြစ်ရင် ကျန်တဲ့ သညာက္ခန္ဓာစတဲ့သုံးပါးက အကျိုးပစ္စယုပ္ပန်တရား ဖြစ်ပါတယ်၊ ဝေဒ နာက္ခန္ဓာစတဲ့သုံးပါးက အကြောင်းတရားဖြစ်ရင် ဝိညာဏက္ခန္ဓာစတဲ့ ခန္ဓာ တစ်ပါးက အကျိုးတရား ဖြစ်တယ်၊ ဝေဒနာက္ခန္ဓာ စတဲ့ ခန္ဓာနှစ်ပါးက အကြောင်းတရားဖြစ်ရင် သင်္ခါရက္ခန္ဓာစတဲ့ ခန္ဓာနှစ်ပါးက အကျိုးတရားဖြစ် ပါတယ်။ ဒီလိုအချင်းချင်း အပြန်အလှန် သာတူညီမျှ ကျေးဇူးပြုမှုဟာ အရူပဗြဟ္မာကြီးများရဲ့ သန္တာန် မှာ ဖြစ် နေ တဲ့ စိတ္တုပ္ပာဒ်တိုင်းမှာ ဖြစ်နေလေတော့ အညမညသဘောနဲ့ ဘယ်တော့မှ မကင်းကြပါဘူး။ ဒီလို ကျေးဇူးပြုပုံကို ပဋ္ဌာန်းပါဠိတော်မှာ "စတ္တာရောခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော" ဟူ၍လည်းကောင်း၊ "ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော" စသည်ဖြင့် လည်း ကောင်း ဟောပါတယ်။

## အသညသတ်ဗြဟ္မာ

အသညသတ်ဘုံမှာ ဖြစ်နေတဲ့ ဗြဟ္မာကြီးတွေကို ကြည့်လိုက်ရင် ၎င်း တို့မှာ နာမ်လုံးဝမရှိပါဘူး၊ ဇီဝိတနဝကကလာပ် စတဲ့ရုပ်များသာ ဖြစ်နေ ပါတယ်၊ ဒီကလာပ်တွေထဲမှာ မဟာဘုတ်လေးပါး ပါဝင်နေလေတော့ မဟာဘုတ်လေးပါးတွင် တစ်ပါးက အညမညအကြောင်းဖြစ်ရင် သုံးပါး က အကျိုး၊ သုံးပါးကအကြောင်းဖြစ်ရင် တစ်ပါးကအကျိုး၊ နှစ်ပါးက အကြောင်းဖြစ်ရင် နှစ်ပါးကအကျိုးရယ်လို့ ခန္ဓာသဘောအတိုင်း ဘုတ်

အချင်းချင်း အပြန်အလှန် ကျေးဇူးပြုကြပါတယ်။ ဒီတော့အသညသတ် ပြဟ္မာကြီးများဟာ ကမ္ဘာ(၅၀၀) ပတ်လုံး၊ လုံးဝနာမ်ဘရာ မရှိဘဲ ရွှေရုပ်ကြီးလို ဖြစ်နေပေမယ့် ဒီပြဟ္မာကြီးများရဲ့သန္တာန်မှာ ဖြစ်နေတဲ့မဟာဘုတ်လေးပါးက အချင်းချင်း အပြန်အလှန် ဖြစ်နေတဲ့ မဟာဘုတ်လေးပါး အချင်းချင်း အပြန်အလှန် အညမညသတ္တိနဲ့ ကျေးဇူးပြုနေကြောင်းကို ပါဠိတော်မှာ "စတ္တာရော မဟာဘူတာ အညမည ပစ္စယေန ပစ္စယော" ဟူ၍လည်းကောင်း၊ "အသညသတ္တာနံ ဧကံမဟာဘုတံ တိဏ္ဏန္နံ မဟာဘူတာနံ အညမည ပစ္စယေန ပစ္စယော" စသည်ဖြင့်လည်းကောင်း ဟောပါတယ်။

## ပဋ္ဌာန်ဝေါကာရဘုံသား

ကာမ(၁၁)ဘုံနဲ့ အသညသတ်ကြဉ်တဲ့ ရူပ(၁၅)ဘုံမှာရှိကြတဲ့ ပုဂ္ဂိုလ်များရဲ့သန္တာန်မှာ အထက်ကပြောခဲ့တဲ့ နာမ်ရုပ် (၂) မျိုးလုံးပင် ရှိသေတော့ နာမ်အချင်းချင်း၊ ဘုတ်အချင်းချင်းဘေဟာ စက္ကန့်မခြား အညမည သတ္တိနဲ့ ကျေးဇူးပြုနေကြပါတယ်၊

## သက်မဲ့ဝတ္ထုများ

ခုပြောခဲ့တာတွေဟာ အသက်ရှိတဲ့ ဇီဝရှိတဲ့(၃၁)ဘုံသား အားလုံးတို့အတွက် မည်သည့်ပုဂ္ဂိုလ်မျှ အညမည ပစ္စည်းနဲ့ ကျေးဇူးပြုပုံမှကင်းနိုင်ကြောင်းကို ပြောနေတာဖြစ်ပါတယ်၊ သက်ရှိတင်လားဆိုတော့ မဟုတ်ပါဘူး၊ အသက်မရှိတဲ့ ဒီကမ္ဘာလောကကြီး၊ ကမ္ဘာလောကအတွင်းမှာ ရှိနေကြတဲ့ သမုဒ္ဒရာ တောတောင် ရေမြေ သစ်ပင် စသည်တွေမှာလည်း ကမ္ဘာကြီးတည်နေတဲ့ အချိန်အခါမျိုးမှာဖြစ်ဖြစ်၊ ကမ္ဘာကြီး ပျက်နေတဲ့ အချိန်အခါမျိုးမှာဖြစ်ဖြစ်၊ ကမ္ဘာပျက်ပြီးနောက် ကမ္ဘာပေါ်မှာသတ္တဝါ ရယ်လို့ တစ်ယောက်မျှမရှိတဲ့ အခါပဲဖြစ်ဖြစ် အညမညသတ္တိနဲ့ အမြဲ ကျေးဇူးပြုနေပါတယ်။

ဆိုကြပါစို့ -ကမ္ဘာကြီးပျက်ပြီးနောက် တည်နေဆဲအခါမှာ ကမ္ဘာကြီးဟာ အလင်းရောင် လုံးဝမရှိဘဲ အမိုက်တိုက်ကြီး ဖြစ်နေပါတယ်၊ ဒါပေမယ့် အမှောင်ကလာပ်၊ အမိုက်ကလာပ်တွေ ဖြစ်နေလေတော့ ဒီအမှောင် အမိုက် ကလာပ်တွေထဲမှာ ရှိကြတဲ့ မဟာဘုတ်လေးပါးဟာ အချင်းချင်း ကျေးဇူးပြုနေကြပါတယ်။ သမုဒ္ဒရာ သစ်ပင် တောတောင်

စတဲ့ဘက်မဲ့ တရားဝတ္ထုများမှာရှိကြတဲ့ မဟာဘုတ်များ လဲ အချင်းချင်း ကျေးဇူးပြုနေကြပါတယ်။

ဒီတော့ အညမည သဘောတရားဟာ ဘယ်အခါမှဆို၊ ဘယ်လိုဘက်ရှိ သက်မဲ့မှာမဆို ရှိနေဖြစ်နေလေတော့ ဒီတရားဟာ အနမတဂ္ဂ သံသရာက စပြီး ဖြစ်နေတဲ့ ရှိနေတဲ့ သဘောတရားဖြစ်ပါတော့လို့ သိနိုင်ပါတယ်၊ ခုပြောပြခဲ့တဲ့ အညမညသဘောမှာ နာမ်ခန္ဓာအချင်းချင်း မဟာဘုတ် အချင်းချင်း အပြန်အလှန် ကျေးဇူးပြုကြပုံသာ ရှိပါသေးတယ်။

## ပဥ္စဝေါကာရပဋိသန္ဓေနှင့် ဟဒယဝတ္ထု

တစ်ဖန်ကာမရူပဘုံသားဆိုတဲ့ ပဥ္စဝေါကာရဘုံသားတွေဟာ ကာမ ရူပဘုံများမှာ ပဋိသန္ဓေစိတ်ရယ်လို့ဖြစ်ပေါ်လာရင် ပဋိသန္ဓေစိတ်များမှာ မှီရာရုပ်တရားရှိရပါတယ်၊ ပဋိသန္ဓေစိတ်ရယ်လို့ ဖြစ်လာရင်အမိဝမ်းတွင်းမှာ ပဋိသန္ဓေနေကြတဲ့ ပုဂ္ဂိုလ်များမှာ ပဋိသန္ဓေစိတ်နဲ့အတူ ကာယ-ဘာဝ- ဝတ္ထုဒသကကလာပ်ရယ်လို့ အလွန်တရာ သိမ်မွေ့နူးညံ့ သေးငယ်လှတဲ့ ကလလရေကြည်ဆိုတဲ့ ရုပ်များ ဖြစ်ကြပါတယ်၊ မနောဝိညာဏဓာတ် ဖြစ်တဲ့ ပဋိသန္ဓေစိတ်ဟာ ဘယ်ရုပ်ကိုမှီပါသလဲ။

အချို့ပုဂ္ဂိုလ်များက ဓမ္မသင်္ဂဏီပါဠိတော်မှာ ဟဒယဝတ္ထုကို မဟော ခြင်းကြောင့် ဟဒယဝတ္ထုရုပ်ဆိုတာ မရှိလို့ ယူကြလိုပါတယ်၊ အချို့ ကတော့ ဓမ္မသင်္ဂဏီမှာ မဟောရုံမျှ ပဋ္ဌာန်းမှာလဲ ဟဒယဝတ္ထုလို့ တိုက်ရိုက်မဟောဘဲ "ယံရူပံနိဿာယ" လို့ သာညသာဟောလေတော့ ဦးနှောက်ကို ယူလိုသူ ကိုယ်ထဲကရုပ်တစ်ခုခုကို ယူလိုသူတွေလဲ ရှိကြပါ တယ်။ ဦးနှောက်ကိုယူလိုသူများ ရှေးအခါက မရှိကြပေမယ့် သိပ္ပံ ပညာထွန်းကားလာတဲ့ ယခုခေတ်မှာ ယူလိုသူတွေ ပေါ်များလာကြပါ တယ်။

ဒီဟဒယဝတ္ထုအကြောင်းနဲ့ ပတ်သက်လို့ သီဟိုဠ်ကအရှင်နာရဒမထေရ်တဲ့ The Manual of Abhidhamma ဆိုတဲ့စာအုပ်မှာ ဦးရွှေဇံအောင်ရဲ့ အာဘောဘကိုပြဆိုရာမှာ၊ ဗုဒ္ဓက စိတ်ရဲ့မှီရာဟာ ဟဒယဝတ္ထုဖြစ်သလား၊ ဦးနှောက်ဖြစ်သလားရယ်လို့ အတိအကျထုတ်ဖော်မပြဘဲဆိတ်ဆိတ်နေတော် မူတယ်လို့ သူရေးတဲ့ Compendium မှာဆင်ခြေပေးထားပါတယ်။

ဓမ္မသင်္ဂဏီမှာဟဒယဝတ္ထုကို မဟောဘဲ တမင်ချန်ထားခဲ့ပါတယ်၊ ပဋ္ဌာန်းမှာစိတ်ရဲ့မှီရာ ဟဒယဝတ္ထုလို့ဆိုရမည့်အစား "ယံရူပံ နိဿာယ"

(အကြောင်ရုပ်ကိုမှီ၍) လို့သာ သာမညဟောထားပါတယ်၊ ဦးရွှေဇံအောင်ရဲ့ ထင်မြင်ချက်က အများယူဆမှုကိုလဲမပယ်ချင်၊ ခေတ်သိပ္ပံပညာရှင်များက လက်ခံထားတဲ့ ဦးနှောက်ဟာ စိတ်ရဲ့မှီရာပဲလို့ဆိုတာကိုလဲ ထုတ်ဖော်ခြင်း မပြုလိုဘူးဆိုတဲ့အကြောင်းကို—

Mr. Aungo in the Compendium argues that the Buddha was silent on this point. He did not positively assent that the seat of consciousness was either in the heart or in the brain. In the Dhamme sangani the term had a yavathu has purposely been omitted. In the Patthana, in stead of using hadaya as the seat of consciousness, the Buddha has simply stated 'Yam respamnissaya' depanding on that rupa.

Mr. Aung's opinion is that Buddha did not want to reject the popular theory. Nor did he advance a new theory that brain is the seat of consciousness as is regarded by modern scientists.

ဒီပုဂ္ဂိုလ်များနှင့်တကွ ၎င်းတို့ရဲ့ နောက်လိုက်ဖြစ်ကြတဲ့ ပုဂ္ဂိုလ်များဟာ အဘိဓမ္မာရဲ့သဘာဝကို မစဉ်းစားကြလို့ဖြစ်ပါလိမ့်မယ်၊ အဘိဓမ္မာဆိုတာ ဘယ်သူ့ကိုမှလဲအားမနာ၊ ဘယ်သူ့မျက်နှာကိုမှလဲမကြည့်ဘဲသဘောတရား အားလျော်စွာ အတိအကျဟောထားတဲ့ဒေသနာဖြစ်ပါတယ်၊ နောက်က ပြောခဲ့တဲ့ပဋိသန္ဓေစိတ်ဖြစ်ခိုက်မှာ အတူတကွဖြစ်တဲ့ ကလလရေကြည်ဆိုတဲ့ ရုပ်တရားက အလွန်သေးငယ်လှတဲ့အတွက် ဒီအချိန်မှာ ဦးနှောက်ဆိုတဲ့ ရုပ်တရား- ဟဒယနှလုံးဆိုတဲ့ ရုပ်တရားတွေ မဖြစ်ကြသေးတော့ ဒီပဋိသန္ဓေ စိတ်က ဘယ်လိုလုပ်ပြီး ဦးနှောက်ကိုမှီပါ့မလဲ။

ဟဒယဝတ္ထုရုပ်အကြောင်းနဲ့ ပတ်သက်ပြီး ဓမ္မသင်္ဂဏီမှာ ဘာကြောင့် ဟောတော်မမူပုံ၊ "ယံရူပံနိဿာယ" ဟု ပစ္စယနိဒ္ဒေသမှာ သာမညဟော သော်လည်း ပဋ္ဌာန်းဆဝါရ ပဉ္စာဝါရများ၌ မရေမတွက် နိုင်အောင် ဟောထားပုံ၊ ပဋ္ဌာန်း၌ ဝတ္ထုဟူသာ ဟောပြီး အဘယ့်ကြောင့် ဟဒယ အသံမပါပုံစသည်များရဲ့ ရှင်းလင်းချက်များကို ဤ (၂၂) ကြိမ် မြောက် အဘိဓမ္မာအခါတော်နေ့ စာစောင်၌ ရေးသားထားပြီး ဖြစ်၍ အကျယ်ကို

ထိုစာအုပ်၌ ကြည့်ကြပါ၊ ဤ၌ကား အနည်းငယ်မျှသာ လိုရင်းကို ဆက်လက်၍ ပြောပြပါမယ်။

နောက်ကပြောခဲ့တဲ့ ပဋိသန္ဓေစိတ်ဟာ အတူတကွဖြစ်ကြတဲ့ ရုပ်ကလာပ်တွေထဲက ဘယ်ရုပ်ကိုမှီပါမလဲ၊ ဝတ္ထု ဒသကထဲက ဟဒယဝတ္ထုကိုသာမှီရကြောင်းကို "သြက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော" ဟူ၍လည်းကောင်း၊ "ပဋိသန္ဓိက္ခဏေ ခန္ဓေ ပဋိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ" ဟူ၍လည်းကောင်း၊ "ပဋိသန္ဓိက္ခဏေခန္ဓာဝတ္ထုဿ၊ ဝတ္ထု ခန္ဓာနံ အညမည ပစ္စယေန ပစ္စယော" စသည်ဖြင့်လည်းကောင်း များစွာဟောထားပါတယ်။

## သြက္ကန္တိက္ခဏေနာမရူပံယူဆပုံ

သြက္ကန္တိက္ခဏေ နာမရူပံမှာ နာမ်အရ ပစ္စယုပ္ပန်က ရုပ်တရား ဖြစ်နေ၍ ပဉ္စဝေါကာရ ပဋိသန္ဓေစိတ်ကိုသာ ယူရပါတယ်။ ရူပံအရ အခြားသော ရုပ်ဇီဝိတကို ယူဖို့ရာမှာ တကွဖြစ်ဘက်ရုပ်တရားတွေကို စောင့်ရှောက်ရမယ့် ကိစ္စတာဝန်ရှိနေလေတော့ သူတစ်ပါး၏ အမှီကိုမခံနိုင်လို့ ဟဒယဝတ္ထုကို သာယူရပါတယ်။ ဒီပဉ္စဝေါကာရ ပဋိသန္ဓေစိတ်နဲ့ ဟဒယဝတ္ထုတို့ဟာ အချင်းချင်းအပြန်အလှန် အညမညသတ္တိနဲ့ ကျေးဇူးပြုကြပါတယ်၊ အပြန်အလှန် ဆိုတာ ပဉ္စဝေါကာရ ပဋိသန္ဓေကပစ္စည်း ဖြစ်ရင် ဟဒယဝတ္ထုက ပစ္စယုပ္ပန် ဖြစ်ရပါတယ်၊ ဟဒယဝတ္ထုက ပစ္စည်းဖြစ်ရင် ပဉ္စဝေါကာရ ပဋိသန္ဓေက ပစ္စယုပ္ပန် ဖြစ်ရပါတယ်၊ ယခုပြခဲ့တာကို စဉ်းစားရင် အညမည ဖြစ်ပုံဟာ ပဉ္စဝေါကာရ ပုဂ္ဂိုလ်များမှာ ပဋိသန္ဓေစိတ်ဖြစ်တာနဲ့ တစ်ပြိုင်နက်စပြီးဖြစ်လာကြောင်း ထင်ရှားပါတယ်။

## မဟောတိုင်း မရှိဟု မယူဆအပ်

ဘုရားမဟောတိုင်း မရှိရယ်လို့ မယူဆအပ်ပါဘူး၊ ဘာကြောင့်မဟောသလဲ ဆိုတဲ့အကြောင်းကို ရှာသင့်ပါတယ်၊ မဟောတိုင်းမရှိလို့ယူရင် မတ္ထလုင်္ဂ ခေါ် ဦးနှောက်ကို အဘိဓမ္မာဓာတုဝိဘင်း သတိပဋ္ဌာနဝိဘင်း၊ သုတ်မဟာဝါ မဟာသတိပဋ္ဌာနသုတ်၊ မူလပဏ္ဏာသ မဟာသတိပဋ္ဌာနသုတ်၊ မဇ္ဈိမပဏ္ဏာသ မဟာရာဟုလောဝါဒသုတ်၊ ဥပရိပဏ္ဏာသ ကာယဂတာသတိသုတ်၊ အင်္ဂုတ္တိုရ်ဂိရိမာနန္ဒသုတ်များမှာ မဟောပါဘူး၊ အထက်ပါ အဘိဓမ္မာ သုတ္တန်များမှာ ဦးနှောက်ကိုမဟောလေတော့ ဦးနှောက် ဆိုတာမရှိဘူး၊ ဘုရားမဟောဘူးဟု ပြောလျှင် ကြားကြသူများက ဘယ်လို ယူဆကြ သဘောထားကြလေမည်နည်း။

အဘိဓမ္မာသုတ္တန်ဘွေမှာ မဟောတာကတော့ ဦးနှောက်ဟာ ခြင်ဆီ သဘောရှိလို့ ခြင်ဆီထဲ ငလို့ သီးခြားမဟောဟာ ဖြစ်ပါတယ်၊ ဒါပေ မယ့် ပဋ္ဌာနမှာဒါမက်နဲ့ ခုဒ္ဒကပါဠိဒွတ္တံ သကာရမှာ ဟောပါတယ်၊ ပဋ္ဌာ သမ္ဘာဒါမက်မှာဟောတာ က ဦးနှောက်ဟာ ထူးခြားစွာသိအပ်တဲ့တရားဖြစ် လို့ ချန်ထားလို့ မဖြစ်ပါဘူး၊ ဒွတ္တိံသာကာရ(၃၂)ပါးသော ကော ဋ္ဌာသမှာ ဟောသာ ဦးနှောက်မပါပဲ (၃၁) ပါး ဖြစ်နေမှာကြောင့် ဟောပါတယ်၊ ဒီတော့ တနေရာမှာ ထိုထိုအကြောင်းကြောင့် မဟော ပေမယ့် တစ်နေရာမှာ ထိုထိုအကြောင်းကြောင့် ဟောသားလေတော့ မရှိ ဘူး မဟောဘူးရယ်လို့ ရုတ်တရက် မယူဆသင့်ပါဘူး။

## နိဂုံး

ယခုပြောခဲ့တဲ့ အညမညသဘောတရားကို စဉ်းစားရင် လောကမှာ ပဋိသန္ဓေနာမ်ရုပ်စဖြစ်ပြီး သတ္တဝါရယ်လို့ ဖြစ်လာတဲ့အခါ(၁) ပဋိသန္ဓေ စိတ္တုပ္ပါဒ်မှာရှိတဲ့ နာမက္ခန္ဓာလေးပါးက အချင်းချင်း အပြန်အလှန် အညမညသဘောနဲ့ ကျေးဇူးပြုကြတယ်။ (၂) ကလာပ်သုံးစည်းမှာ ရှိကြတဲ့ ကလာပ်တူ မဟာဘုတ်လေးပါးက အချင်းချင်း အပြန်အလှန် အညမည သဘောနဲ့ ကျေးဇူးပြုကြတယ်။ (၃) ပဋိသန္ဓေစိတ်နဲ့ ဟဒယ ဝတ္ထုကလဲ အချင်းချင်းအပြန်အလှန် အညမညသဘောနဲ့ ကျေးဇူးပြုကြလေတော့ ပဋိ သန္ဓေစိတ်ရယ်လို့ ဘဝသစ်မှာဖြစ်တာနဲ့ တစ်ပြိုင်နက် အညမည သဘော အပြည့်အစုံပါလာပါတယ်။ သက်မဲ့ဖြစ်တဲ့ သမုဒ္ဒရာ တောတောင် စသည် တွေကတော့ အစမရှိတဲ့ သံသရာကစပြီး ယနေ့တက်တိုင် ကျေးဇူးပြုနေ ကြကြောင်း တွေ့ရပါလိမ့်မယ်။

ဒီလိုအညမညသဘောနဲ့ ကျေးဇူးပြုနေကြတဲ့ ရုပ်နာမ်သဘောတွေဟာ လဲ တစ်စက္ကန့်မျှ ဟည်တံ့မှု ခိုင်မြဲမှုမရှိတဲ့ အကြောင်းတရားချုပ်ငြိမ်းအကျိုး တရားများလဲ ချုပ်ကြရပါတယ်၊ အထူးအားဖြင့် မဟာဘုတ်လေးပါး ခေါ်တဲ့ဓာတ်ကြီးလေးပါးဟာ ငါပိုင်ဥစ္စာမဟုတ် ငါမဟုတ် ငါ့ရဲ့ အတ္တ မဟုတ်ရယ်လို့ ဝိပဿနာ ဉာဏ်ဖြင့် ကောင်းစွာမြင်မယ်ဆိုရင် ဓာတ်ကြီး လေးပါး၌ ငြီးငွေ့မှုတပ်ခြင်း ကင်းမှုဖြစ်ပါတယ်၊ ဒီအခါဓာတ်ကြီးလေး ပါးရဲ့ အနှစ်သာရ အတ္တမဟုတ်တာတွေ၊ ကိုယ်နဲ့ မစပ်ဘာတွေကို ဟုတ် တိုင်းမှန်စွာ မြင်လေတော့ တဏှာလည်းပြတ် သံယောဇဉ်လဲ ပြတ်ပြီး မာနတရားကို ပယ်နိုင်လေတော့ အမျိုးမျိုးသော ဝဋ္ဋဆင်းရဲရဲ့ အဆုံးကို

ပြုနိုင်ကြောင်းကို ဧတဒဂ္ဂအဂ္ဂတ္ထိုရ်မှာ ''ယဗောဓေါရဟ လာဘိက္ခုတ္တမာသု
စတုသုဓာတုသုနေဝတ္တာနံ နအတ္တနိယံ သမနုပဿတိ၊ အဆယံဝုစ္စတိ ရုဟုလ
သမ္မဒ သောဘိက္ခု အစ္ဆဋ္ဌိတဏှံ ဝိဝဋ္ဋယိ သံယောဇနံ သမ္မာမာနာဘိ
သမယာအန္တမကာသိ ဒုက္ခဿာတိ'' လို့ ဟောလေဟော့ ယခုနားကြား
နေကြသော သူတော်ကောင်းတို့သည် အညမညပစ္စည်း၌ ဟောသောဟော
ဘုတ်လေးပါးဓါ ဓာတ်ကြီးလေးပါးတို့ရဲ့ သဘာဝ အဖြစ်အမှန်ကို
ကောင်းစွာ မြင်ကြပြီး ငရဲဒုက္ခအားလုံးကို ပြုနိုင်ကြပါစေဟု ဤ (၂၂)
ကြိမ်မြောက် အဘိဓမ္မာဟာဓါတ်တော်နေ့ကို ရည်ညွှန်း၍ တိုက်တွန်းလိုပါ
သတည်း။ ။

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏

၁၃၃၃ ခုနှစ်၊ (၂၃) ကြိမ်မြောက်

အဘိဓမ္မာအခါတော်နေ့တွင်

## ဩဝါဒါစရိယမူလပဌာန်းဆရာတော်ဘုရားကြီး၏

## အသံလွှင့်ဟောပြောချက်

မနှစ်ကအညမညပစ္စည်းရဲ့အကြောင်းကို ထိုက်သင့်သလိုပြောခဲ့ပါပြီ။ ဒီနှစ် နိဿယပစ္စည်းကို ဆက်လက်၍ ပြောပါမည်။ နိဿယပစ္စည်းဆိုတာ မှီရာ တည်ရာအဖြစ်နဲ့ အကျိုးပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုတတ်တဲ့ပစ္စည်း ဖြစ်ပါတယ်၊ ဥပမာအားဖြင့် မဟာပထဝီမြေကြီးဟာ သစ်ပင်တောတောင် စတဲ့ သက်မဲ့ ဝတ္ထု၊ လူစတဲ့သက်ရှိ သတ္တဝါတို့ရဲ့တည်ရာဖြစ်သလိုပန်းချီဆရာ များပုံဆွဲကြတဲ့ပန်းချီကားဘောင်ဟာပန်းချီဆေးရေးရုပ်များရဲ့မှီရာ ဖြစ်သလို ဒီနိဿယပစ္စည်းကလည်း အချို့ပစ္စယုပ္ပန်တရားတွေ အားတည်ရာ အဖြစ်နဲ့ ကျေးဇူးပြုတယ်၊ အချို့ပစ္စယုပ္ပန်တရားတွေ အားမှီရာအဖြစ်နဲ့ ကျေးဇူး ပြုပါတယ်။

ဒီနေရာမှာ တည်ရာသဘောကဘာလဲ၊ မှီရာသဘောက ဘာလဲလို့နိဿယ ပစ္စည်းရဲ့ သဘောကို စဉ်းစားရင် သဟဇာတနိဿယပစ္စည်းမှာ ဟောတဲ့ ပထဝီဓာတ်နဲ့ ဝတ္ထုပုရေဇာတနိဿယပစ္စည်းမှာဟောတဲ့ ဝတ္ထုရုပ်၆ပါးဟာ တည်ရာဖြစ်ပါတယ်၊ မှီရာကတော့ ပထဝီဓာတ်မှတစ်ပါး ကျန်မဟာဘုတ် (၃) ပါးနဲ့စိတ်စေတသိက်ဆိုတဲ့နာမက္ခန္ဓာတရားများဖြစ်ပါတယ်။

### နိဿယအပြား

ဒီနိဿယပစ္စည်းကို ပစ္စယနိဒ္ဒေသမှာ "စတ္တာရောခန္ဓာ အရူပိနော အညမညံ နိဿယပစ္စယေန ပစ္စယော" စသည်ဖြင့် သဟဇာတနိဿယကိုလည်းကောင်း

"စက္ခာယတနံ" "စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စမမ္မာနံနိဿယ ပစ္စယေန ပစ္စယော" စသဖြင့် ဝတ္ထုပုရေဇာတနိဿယပစ္စည်းကိုလည်းကောင်း ဟောလေတော့ (၂) မျိုးကိုသာဟောပါတယ်။ ပစ္စယဝါရမှာ အထက်က ပြောခဲ့တဲ့ (၂)မျိုးအပြင်"ကုသလံ ဓမ္မံ ဝတ္ထုစ ပစ္စယာဘယော ခန္ဓာ" စသည်ဖြင့် သဟဇာတနိဿယနဲ့ ဝတ္ထုပုရေဇာတနိဿယကိုပါရောပေါင်းပြီး သဟဇာတပုရေဇာတမိဿကကိုပါဟောသဖြင့် (၃)မျိုးဖြစ်ပါတယ်၊ ထို့အတူ ပဉှာဝါရမှာလည်း"ကုသလာ ခန္ဓာစဝတ္ထုစ တိဏ္ဏန္နံခန္ဓာနံ" စသည်ဖြင့် သဟဇာတ ပုရေဇာတမိဿကကို ဟောလေတော့ နိဿယပစ္စည်းမှာ (၁) သဟဇာတနိဿယ (၂) ဝတ္ထုပုရေဇာတနိဿယ (၃) သဟဇာတ ပုရေဇာတမိဿကရယ်လို့ အထက်ပါ ဝိဘင်္ဂဝါရမျာ းအရ (၃) မျိုး ရှိပါတယ်။

**နိဿယလေးမျိုး**။ ဝိဘင်္ဂဝါရများမှာ (၃)မျိုးသာ ဟောပေမယ်လို့ သဘာဂဃဋနာ သချာခန်းများမှာ "အာရမ္မဏပစ္စယာ နိဿယေတိဏိ၊ ဝိပ္ပယုတ္တေတီနိ"ရယ်လို့ ဝတ္ထာရမ္မဏပစ္စည်းကိုပါ ဟောလေတော့ နိဿယပစ္စည်းမှာ (၄)မျိုးရှိပါတယ်။ ဒီ (၄)မျိုးကို မျိုးစဉ်အတိုင်း ယူရင် (၁) ဝတ္ထာရမ္မဏပုရေဇာတနိဿယ (၂) သဟဇာတနိဿယ (၃) ဝတ္ထုပုရေဇာတနိဿယ (၄) သဟဇာတပုရေဇာတ မိဿကရယ်လို့ (၄)မျိုး ဖြစ်ပါတယ်၊ ဒီ(၄)မျိုးကို အစဉ် အတိုင်းပြောပါ့မယ်။

၁။ **ဝတ္ထာရမ္မဏ**။ ဝတ္ထာရမ္မဏပုရေဇာတနိဿယဆိုတာ (က) အရ-ဝတ္ထုရုပ်လည်း ဖြစ်ရမယ်။ (ခ) **အာရမ္မဏအရ** ပစ္စယုပ္ပန် တရားတို့က အာရုံပြုတဲ့အာရုံတရားလည်း ဖြစ်ရမယ်။ (ဂ) ပုရေဇာတအရပစ္စယုပ္ပန် တရားတွေ မဖြစ်ခင် ဖြစ်နှင့်ပြီး ဌီအခိုက်အတန့်မှာလည်း တည်နေရမယ်။ (ဃ) **နိဿယ** အရပစ္စယုပ္ပန်တရားတို့ရဲ့ အမှီကိုလည်း ခံရမယ်ဆိုတဲ့ အချက် (၄) ချက်နဲ့ပြည့်စုံတဲ့ ဟဒယဝတ္ထုရုပ်တရား ဖြစ်ပါတယ်။

ဒီဝတ္ထာရမ္မဏပစ္စည်းကို ပဉှာဝါရဝိဘင်္ဂမှာ သီးခြားပစ္စည်းတစ်ခုအနေနဲ့ မဟောပါဘူး၊ အထက်ကပြောခဲ့တဲ့ သဘာဂဃဋနာများမှာသာ သီးခြား ဟောပါတယ်၊ ဒီဝတ္ထာရမ္မဏဟာ ဘယ်ပစ္စည်းက ထွက်လာတဲ့ တရားလဲ လို့ စဉ်းစားရင် အာရမ္မဏပုရေဇာတ ပစ္စည်းကထွက်လာတယ်လို့ ယူဆ တတ်ကြပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဝတ္ထာရမ္မဏရဲ့ပစ္စည်းပစ္စယုပ္ပန် တရားတွေဟာ အာရမ္မဏပုရေဇာတပစ္စည်းထဲမှာ အကျုံးဝင်လို့ ဖြစ်ပါ

တယ်။ ဒါပေမယ့် "အာရမ္မဏပစ္စယာနိဿယေ ဝိပ္ပယုတ္တေ" ဆိုတဲ့သဘာဝကို စဉ်းစားရင် နိဿယ ဝိပ္ပယုတ္တပစ္စည်းများမှာ အာရမ္မဏမျိုး သီးခြားမရှိပါဘူး၊ အထက်က ပြောခဲ့တဲ့ (၃)မျိုးထဲက အာရမ္မဏနဲ့သာ သဘာဝဖြစ်တဲ့ တရားဟာ ဝတ္ထုပုရေဇာတနိဿယ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တမှာ ဟောတဲ့ ဟဒယဝတ္ထုပစ္စည်းတရားသာဖြစ်လေတော့ ဝတ္ထုပုရေဇာတနိဿယမှ ထွက်လာတဲ့ ဝတ္ထာရမ္မဏသာ ဖြစ်ပါတယ်။

ဒီဝတ္ထာရမ္မဏပစ္စည်းဟာ မရဏာသန္နာအခါသာဖြစ်သလား၊ ပကတိအခါဆိုတဲ့ ပဝတ္တိအခါမှာကော မဖြစ်ဘူးလားစသည်ဖြင့် ဆရာတော်ကြီးများယူဆကြပုံ အမျိုးမျိုးနှင့်တကွ ရှင်းလင်းချက်များကို အသံဖမ်းပဋ္ဌာန်းပို့ချစဉ် ကျမ်းမှာပြဆိုထားခဲ့ပြီး ဖြစ်၍ ဒီမှာအထူးမပြတော့ပါဘူး၊ အလိုရှိရင် ၎င်းကျမ်းမှာ ကြည့်ကြပါတော့။

တစ်ခု စဉ်းစားစရာရှိတာကတော့ ဝတ္ထုပုရေဇာတပစ္စည်းဟာ ပဝတ္တိအခါမှာသာ ဖြစ်တဲ့ပစ္စည်းဖြစ်လေတော့ ဒီပစ္စည်းကထွက်လာတဲ့ ဟဒယဝတ္ထုဟာလည်း ပဝတ္တိအခါမှာလည်းဖြစ်ကြောင်း သေချာပါတယ်။ မရဏာသန္နာအခါရမှုကိုတော့ တစ်စုံတစ်ရာ ပြောဆိုဖွယ်မရှိဘူး။

၂။ **သဟဇာတနိဿယ**။ ။သဟဇာတနဲ့ သဟဇာတနိဿယရဲ့ပစ္စည်းပစ္စယုပ္ပန် ပါဠိအရကောက်များဟာ ပဋ္ဌာန်းကျမ်း တစ်ခုလုံးမှာ တူကြပါတယ်။ ဒါပေမယ့် နိဿယဆိုတဲ့ အသံအတွက် သဟဇာတလိုတကွဖြစ်ရုံသာမဟုတ်ဘဲ တည်ရာမှီရာ သဘောပါရှိရပါတယ်။ "ဧကံ မဟာဘူတံ ပဋိစ္စ မဟာဘူတာ နိဿယပစ္စယေန ပစ္စယော မဟာဘူတာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကဋတ္တာရူပါနံ နိဿယပစ္စယေန ပစ္စယော" စသည်ဖြင့်ဟောတဲ့နေရာမှာ ပထဝီမဟာဘုတ်ဟာ ကြွင်းတဲ့မဟာဘုတ်သုံးပါးနဲ့ဥပါဒါရုပ်များရဲ့ တည်ရာသာဖြစ်ရုံမက တကွဖြစ်ဘက် သဟဇာတလည်း ဖြစ်ကြပါတယ်။ကြွင်းမဟာဘုတ်(၃)မျိုးကလည်း ကြွင်းပထဝီမဟာဘုတ်နဲ့ ဥပါဒါရုပ်တို့ရဲ့မှီရာလည်းဖြစ်၊ တကွလည်းဖြစ်ကြောင်းကို "တယော မဟာဘူတာ ဧကဿ မဟာဘူတဿ နိဿယ ပစ္စယေန ပစ္စယော မဟာဘူတာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော" လို့ ဟောပါတယ်။

ရုပ်တရားများသာမဟုတ်၊ နာမ်တရားအချင်းချင်း တည်ရာမှီရာအဖြစ် သဟဇာတ အဖြစ်များကို "ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ"

စသည်ဖြင့်ဟောပါတယ်။ နိဿယပစ္စည်းမှာဟောသလို သဟဇာတပစ္စည်းမှာလည်း ဟောလေတော့ သဟဇာတပစ္စည်းမှာလည်း အာကာသကိုပါ ရနိုင်ပါတယ်။

၃။ ဝတ္ထုပုရေဇာတနိဿယ။ ။ဝတ္ထုပုရေဇာတနိဿယမှာ ဝတ္ထုအရ ဝတ္ထုရုပ်လည်းဖြစ်ရမယ်၊ ပုရေဇာတ အရ ပစ္စယုပ္ပန်တရားမဖြစ်ခင် ရှေ့က ဖြစ်နှင့်ပြီး ဌီအခိုက်မှာ ထင်ရှားရှိနေရတယ်၊ နိဿယအရ မှီရာလည်းဖြစ်ရမယ်လို့ ဒီ(၃)ချက်နဲ့ ညီညွတ်ရတဲ့ ပစ္စည်းဖြစ်ပါတယ်။

အထက်ပါ(၃)ချက်နဲ့ ညီညွတ်တဲ့ ပစ္စည်းတရားဟာ ဆဝတ္ထုဖြစ်ပါတယ်၊ ဒီဝတ္ထုရုပ်၆-ပါးဟာ အရူပဝိပါက်လေးခု ကြဉ်တဲ့စိတ် ၈၅၊ စေတသိက်(၅၂)တို့ရဲ့မှီရာ ဖြစ်ကြပါတယ်။ ဒီဝတ္ထုရုပ် ၆-ပါးလုံးကို ကာမဘုံမှာ အကုန်လုံးရပါတယ်။ ဘာကြောင့်ဆိုဟော့ ကာမတဏှာနဲ့ စပ်တဲ့ကံကြောင့် ဖြစ်ရတဲ့ကာမပုဂ္ဂိုလ်များနဲ့ ဆိုင်လို့ပါပဲ။ ဒီပုံကို နည်းနည်းချဲ၍ ပြောပါမယ်။

စက္ခုဝတ္ထုရှိပါမှ ရူပါရုံကို အပြည့်အဝခံစားနိုင်ပါတယ်၊ သောတဝတ္ထုရှိမှ သဒ္ဒါရုံကို အပြည့်အဝခံစားနိုင်ပါတယ်။ ဃာနဝတ္ထုရှိမှ ဂန္ဓာရုံကို အပြည့်အဝခံစားနိုင်မယ်။ ဇိဝှါဝတ္ထုရှိမှ ရသာရုံအပြည့်အဝခံစားနိုင်တယ်၊ ကာယဝတ္ထုရှိမှ ဖောဋ္ဌဗ္ဗာရုံကိုအပြည့်အဝခံစားနိုင်တယ်၊ ရူပါရုံစတဲ့ ကာမဂုဏ်ငါးပါးဟာ ကာမတဏှာရဲ့တည်ရာ ကာမဝတ္ထုဖြစ်တယ်။ ဒီကာမဝတ္ထု၌ မွေ့လျော်တတ်တဲ့ ကာမတဏှာကလည်း မိမိ အလိုရှိတိုင်း ခံစားနိုင်ရန် စက္ခုစတဲ့ ဝတ္ထုငါးပါးနဲ့ ပြည့်စုံမှုကို စွဲလမ်းတောင့်တလေ့ရှိတယ်။ ဒီကာမတဏှာတော င့်တတဲ့အတိုင်း ကာမတဏှာနဲ့စပ်နေတဲ့ ကာမကံများက ကာမတဏှာရဲ့အလိုကိုကြည့်ပြီးဝတ္ထုငါးပါးပြည့်စုံလေအောင် ကာမအတ္တဘောကြီးဖန်ဆင်းပါတယ်။ ဒါကြောင့် ကာမဘုံမှာ ဝတ္ထုရုပ် (၆) ပါး အပြည့်အစုံရပါတယ်။

ဥပမာအားဖြင့် မင်းရဲ့ အပါးတော်မြဲအမတ်ဟာ အခါခပ်သိမ်း မင်းရဲ့မျက်နှာကိုကြည့်ပြီး မင်းနှစ်သက်ရာဟူသမျှကိုပြည့်စုံအောင် ဆောင်ရွက်ကာ မင်းရဲ့အမှုကိစ္စအမျိုးမျိုးကိုပြုလုပ်ရသလို၊ ဟိုအတူက ကာမကံကလည်း အခါခပ်သိမ်း ကာမတဏှာရဲ့မျက်နှာကိုကြည့်ပြီး ကာမတဏှာ အလိုရှိရာကို ပြည့်စုံစေပြီး၊ စက္ခုစတဲ့ ဝတ္ထုငါးပါးနဲ့ပြည့်စုံစွာ ကာမအတ္တဘောဖန်ဆင်းရလေတော့ ကာမဘုံမှာဝတ္ထုငါးပါးလုံးပြည့်စုံစွာဖြစ်ပါတယ်။

ရူပဗြဟ္မာ။ ရူပဗြဟ္မာများမှာတော့ ဃာန၊ ဇိဝှာ၊ ကာယဝတ္ထုများ မရကြပါဘူး၊ ဘာကြောင့်ဆိုရင် ဒီဝတ္ထုရုပ် (၃) ပါးဟာ ကာမတဏှာရဲ့ ကျက်စားရာ ကာမဘုံနဲ့သာလျော်ပါတယ်၊ ကာမကိုစက်ဆုတ်ရွံရှာလို့ ကာမဝိရာဂဘာဝနာကို ပွားများတဲ့ကံအရကြောင့်ဖြစ်ကြတဲ့ ရူပဘုံများနဲ့ မသင့်တော်ပါဘူး။ ဒီဝတ္ထုရုပ်နဲ့ဆိုင်ရာ ပသာဒကိုမရစေဘော့ ဗြဟ္မာများမှာ နှာခေါင်း၊ လျှာကိုယ်တို့၏ ပုံသဏ္ဌာန်မရှိဘူးလားဆိုရင် ပသာဒမရှိပေမယ့် ပုံသဏ္ဌာန်များကတော့ ရှုချင်စဖွယ်တင့်တင့်တယ်တယ်ပင် ရှိကြပါတယ်။

ဒီရူပဗြဟ္မာများမှာ ဘုရားအစရှိတဲ့ သူတော်ကောင်းများကို ဖူးမြော်ရန် စက္ခုဝတ္ထု၊ တရားနာရန် သောတဝတ္ထုများရှိကြပါတယ်။ ဒီစက္ခုသောတ ဝတ္ထုများဟာ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ရန် လမ်းကြီးဖြစ်တဲ့အပြင် ဘုရားစတဲ့ သူတော်ကောင်းများကိုဖူးမြင်ရမှု၊ တရားနာရမှုအတွက်ကြောင့် တစ်ဘဝထက်တစ်ဘဝ ကောင်းမြတ်တဲ့အဖြစ်သို့လည်း ပို့ဆောင်နိုင်ကြပါတယ်။ ဟဒယဝတ္ထုအကြောင်းကို နောက်မှပြောပါမည်။

**အရူပဗြဟ္မာ။** ။အရူပဗြဟ္မာများမှာတော့ ဝတ္ထုရုပ်(၆)ပါး လုံးဝ မရကြပါဘူး၊ ဘာကြောင့်ဆိုရင် ရုပ်ကို စက်ဆုတ်လှလို့၊ ရုပ်ဖြစ်မှုကို မလိုချင်လို့ ရူပဝိရာဂဘာဝနာကို ပွားများလေတော့ အရူပဘုံမှာ ဖြစ်ကြပါတယ်။ ဒီရူပဝိရာဂဘာဝနာနဲ့ စပ်တဲ့ကံကြောင့် နာမ်ခန္ဓာသက်သက်သာဖြစ်ရပါတယ်၊ ရုပ်ခန္ဓာ လုံးဝမဖြစ်ပါဘူး။ ရူပဝိရာဂဘာဝနာ ကံစွမ်းကြောင့် အရူပဘုံမှာ အဇ္ဈတ္တ ဗဟိဒ္ဓရုပ်ခန္ဓာ ကင်းကြနေလေတော့ ဝတ္ထုရုပ်(၆)ပါး လုံးဝမရပါဘူး။ ဝတ္ထုရုပ်(၆)ပါးသာမဟုတ်၊ ဘာရုပ်မှ မဖြစ်ကြပါဘူး၊ အရူပဘုံမှာဖြစ်ကြတဲ့ နာမ်တရားများဟာ မှီရာရုပ်မရှိဘဲ နာမ်အချင်းချင်းသာ ကျေးဇူးပြုကြပါတယ်။

အထက်ပါစက္ခုစတဲ့ဝတ္ထုရုပ်ငါးပါးကိုမှီ၍ စက္ခုဝိညာဉ်စသည်တို့ ဖြစ်ရကြောင်းကို ပဋ္ဌာန်းနိဿယပစ္စည်းမှာ "စက္ခာယတနံ စက္ခုဝိညာဏ"စသည်ကိုလည်းကောင်း၊ "စက္ခာယတနံ စက္ခုဝိညာဏဿ နိဿယ ပစ္စယေန ပစ္စယော" စသည်ကို လည်းကောင်း ဟောပါတယ်။ စက္ကနိုစဉ်ခြား သတ္တဝါတွေရဲ့ သန္တာန်မှာ မြင်မှုကြားမှုစတဲ့ စက္ခုဝိညာဉ် စတဲ့စိတ်များဟာ စက္ခုဝတ္ထုစသည်ကိုမှီမှုသာ ဖြစ်နိုင်ကြပါတယ်။

**ဟဒယဝတ္ထု။** ။ဟဒယဝတ္ထုရုပ်ကတော့ ကာမ(၁၁)ဘုံနဲ့ရူပ(၁၅)ဘုံဆိုတဲ့ ပဉ္စဝေါကာရ(၂၆) ဘုံမှာ အမြဲဖြစ်ကြပါတယ်။ ပဉ္စဝေါကာရ

(၂၆)ဘုံမှာဖြစ်ကြတဲ့ ပုဂ္ဂိုလ်များရဲ့သန္တာန်မှာ ဖြစ်ကြတဲ့ စိတ်များဟာ အမြဲမှီရာ ဝတ္ထု ရှိကြရပါတယ်။ မှီရာဝတ္ထု မရှိဘဲ စိတ်မဖြစ်နိုင်ကြပါဘူး၊ ဘယ်တုန်းကစ ဘယ်စိတ်ကစမှီသလဲဆိုရင် ပဉ္စဝေါကာရ ဘုံသားများဟာ ပဋိသန္ဓေစိတ် ဥပါဒ်တဲ့ အချိန်ကစပြီး ပဋိသန္ဓေစိတ်က ဟဒယဝတ္ထုကိုမှီရကြောင်းကို "ပဋိသန္ဓိက္ခဏေဝတ္ထုပဋိစ္စခန္ဓာ"ဟူ၍ လည်းကောင်း "ဝတ္ထုံခန္ဓာနံ နိဿယ ပစ္စယေန ပစ္စယော" လို့ ဟောပါတယ်။ ဒါက ပဋိသန္ဓေအခါက ပထမဦးဆုံး ဖြစ်ပေါ်လာရတဲ့ စိတ်ဖြစ်လို့ ဝတ္ထုပုရေဇာတမဟုတ်ပါဘူး၊ သဟဇာတနိဿယ ဖြစ်ပါတယ်။ ဝတ္ထုပုရေဇာတနိဿယက ပဝတ္တိအခါမှာသာ ဖြစ်ပါတယ်။ ပဋိသန္ဓေအခါဆိုတာ ပဋိသန္ဓေစိတ်ဖြစ်တဲ့ စိတ္တက္ခဏ တစ်ချက်ရဲ့ အခိုက်အတန့်ကို ခေါ်ပါတယ်၊ ဒီ ပဋိသန္ဓေ စိတ် နောက်မှာ ဘ ဝင် ၁၅–၁၆ ကြိမ် စ သည် ဖြစ်ပြီး စုတိစိတ် မတိုင်မီအတွင်းကို ပဝတ္တိအခါလို့ ခေါ်ပါတယ်။ စုတိစိတ်အခိုက်ကို စုတိအခါလို့ ခေါ်ပါတယ်။

ဒီတော့ ပဋိသန္ဓေစိတ်နောင်မှာဖြစ်တဲ့ ပထမဘဝင်စိတ်က ပဋိသန္ဓေစိတ်နဲ့အတူ ဥပါဒ်တဲ့ ဟဒယဝတ္ထုကို မှီတဲ့အခါမှာ ပဝတ္တိအခါဖြစ်လေတော့ ပဝတ္တိအခါ ဝတ္ထုပုရေဇာတနိဿယ ဖြစ်ပါတယ်။ ရုပ်တရားဆိုတာ ဖြစ်ပေါ်ဆဲခဏမှာ အားနည်းလေတော့ နာမ်တရားတို့ရဲ့အမှီကို မခံနိုင်ကြသေးဘဲ အားအစွမ်းနဲ့ပြည့်စုံတဲ့ ဌီသို့ရောက်မှသာ အမှီခံနိုင်ကြတယ်။ ပဋိသန္ဓေစိတ်နဲ့အတူ ဥပါဒ်တဲ့ ဟဒယဝတ္ထုက ပထမဘဝင်အား ဝတ္ထုပုရေဇာတနိဿယသတ္တိနဲ့ ကျေးဇူးပြုကြောင်းကို "ဝတ္ထု ဝိပါကာ ဗျာကတာနံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော"လို့ ဟောပါတယ်။

ပထမဘဝင်ကစပြီး သတ္တဝါတွေရဲ့သန္တာန်မှာ စက္ကန့်မခြား မိနစ်မခြား တစ်ဘဝလုံး ထိုက်သည့်အားလျော်စွာ ကုသိုလ်ဖြစ်လိုက်၊ အကုသိုလ်ဖြစ်လိုက်၊ အဗျာကတဖြစ်လိုက်တဲ့ ဖြစ်ကြတဲ့စိတ်များဟာ ဟဒယဝတ္ထုကို မှီကြပါတယ်။ အိပ်ပျော်နေတဲ့အချိန်ဖြစ်တဲ့ ဘဝင်စိတ်များသော်မှ မှီရာရုပ်ဝတ္ထုနဲ့မကင်းဘဲ ဟဒယဝတ္ထုကိုမှီရပါတယ်။ ဟဒယဝတ္ထုဟာ မနောဓာတ်၊ မနောဝိညာဏဓာတ်တို့ မှီရာဖြစ်ခဲ့ရာ နှလုံးသွေးအတွင်းမှာရှိတဲ့ ဟဒယဝတ္ထုရုပ် ချုပ်သွားရင် စိတ်ရဲ့ မှီရာမရှိလေတော့ သတ္တဝါဟာ သေတယ်လို့ဆိုရပါတယ်။ နှလုံးသွေးရပ်သွားလို့ သေတယ်လို့ပြောနေကြတာလဲ စုတိစိတ်နဲ့ ကမ္မဇရုပ်ဖြစ်တဲ့ ဟဒယဝတ္ထုပြိုင်၍ ချုပ်ဆုံးမှုပင် ဖြစ်ပါတယ်။

၄။ **သဟဇာတ–ပုရေဇာတမိဿက။** ။ပဋ္ဌာန်း (၂၄) ကျမ်းလုံးမှာ ဟောတဲ့မိဿကများကို စုပေါင်းရင် အားလုံး(ဂ)မျိုးသာ ရှိပါတယ်၊ ကုသလတိက်မှာတော့ တိက်ပုဒ်ဘေးများ အားလျော်စွာ (၃) မျိုးကို ဟောတဲ့အနက် နိဿယပစ္စည်းမှာ သဟဇာတ ပုရေဇာတနိဿယကို ဟောပါတယ်။ ဒီမိဿက(ဂ)မျိုးတို့အတွက် ဝိထိအကျဉ်းချုပ်နှင့်တကွ ယူဆပုံများကို အသံဖမ်း ပဋ္ဌာန်းပို့ချစဉ်ကျမ်းမှာ ပြသားပါတယ်။

## နိဂုံး

အထက်ကပြောခဲ့တဲ့ဝတ္ထုရုပ်(၆)ပါးဟာရုပ်တို့ရဲ့မွေတာသဘောအတိုင်း စက္ကန့်မခြား အဟောင်းချုပ်လိုက် အသစ်ဖြစ်လိုက်နဲ့ ဖြစ်ပျက်နေပါတယ်၊ ဒီလိုဖြစ်ပျက်နေတဲ့ ဝတ္ထုရုပ် (၆) ပါးဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားပါ ကလားဟု ပုထုဇဉ်ပုဂ္ဂိုလ်များကလည်း ဝိပဿနာရှုကြောင်းကို "ပုထုဇ္ဇနာ စက္ခုံ သောတံ ဃာနံ ဇိဝှာ ကာယံ ဝတ္ထု အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ" လို့ဟောသဖြင့် ယခုကြားနာနေကြသော သူတော်ကောင်းတို့ သည်လည်း ဝတ္ထုရုပ်(၆)ပါးရဲ့ အနိစ္စ ဒုက္ခ အနတ္တသဘောကို ဟုတ်မှန် သော ဝိပဿနာဉာဏ်ဖြင့် သန့်ရှင်းစွာ သိမြင်နိုင်ကြပြီး မဂ်ဖိုလ်သို့ တက် လှမ်းနိုင်ကြပါစေဟု (၂၃) ကြိမ်မြောက် အဘိဓမ္မာ အခါတော်နေ့ကို ရည်ညွှန်း၍ တိုက်တွန်း နှိုးဆော်လိုက်ပါသည်။

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏
၁၃၃၄ ခုနှစ်၊ (၂၄) ကြိမ်မြောက်
အဘိဓမ္မာအခါတော်နေ့တွင်

# ဩဝါဒါစရိယ မူလပဋ္ဌာန်း ဆရာတော်ဘုရားကြီး ၏

# အသံလွှင့် ဟောပြောချက်

## ဥပနိဿယ

မနေ့က နိဿယပစ္စည်းရဲ့ အကြောင်းကို ထိုက်သင့်သလို ပြောခဲ့ပြီးဖြစ်လို့ ယနေ့ ဥပနိဿယပစ္စည်းရဲ့ အကြောင်းကို ဆက်လက်ပြီး ပြောပြပါမယ်။ ဥပနိဿယ ပစ္စည်းဆိုတာ အားကြီးသော မှီရာအကြောင်းအားဖြင့် ကျေးဇူးပြုတဲ့ ပစ္စည်းဖြစ်ပါတယ်။

ဒီဥပနိဿယပစ္စည်းမှာ (၁) အာရမ္မဏူပ နိဿယ (၂) အနန္တရူပနိဿယ (၃) ပကတူပနိဿယရယ်လို့ သုံးမျိုးရှိရာ အာရမ္မဏူပနိဿယက အာရမ္မဏ ဓိပတိနဲ့ ပါဠိအရကောက် အားလုံးတူပါတယ်၊ အနန္တရူပနိဿယက အနန္တရနဲ့ပါဠိအရကောက် အားလုံးတူပါတယ်၊ လွန်ခဲ့တဲ့ အားကြီးတဲ့မှီရာ အကြောင်းများဖြင့် ကျေးဇူးပြုမှုသတ္တိသာ အနည်းငယ် ထူးထွေကြလေတော့ရှင်းတို့အတွက် အထူးပြောစရာမရှိပါဘူး၊ ဒါကြောင့် ပကတူပနိဿယပစ္စည်းရဲ့ အကြောင်းကိုသာ ပြောပြပါမယ်။

## ပကတူပနိဿယသဘော

(၁) ပကတူပနိဿယမှာ "ပကတ"ဆိုတာ ကောင်းစွာပြုအပ်တယ်ဆိုသဖြင့် ကောင်းစွာပြုအပ်ပြီးတဲ့ အားကြီးသောအကြောင်းဟာပကတူပနိဿယမည်ပါတယ်။ ကောင်းစွာပြုအပ်တယ် ဆိုတာ သင့်တင့်လျောက်ပတ်တဲ့ အခါကေန်မှချအကျိုးတရားဖြစ်လာအောင်မိမိရဲ့ အဇ္ဈတ္တသန္တာန်မှာသဒ္ဒါရာဂစတဲ့အကျိုးတရားတို့ကိုဖြစ်စေမှု၊ ဗဟိဒ္ဓသန္တာန်မှာ ပေါင်းသင်းဆက်ဆံခြင်း၊စားသောက်တွေ့ထိခြင်းဖြင့်မှီဝဲအပ်တဲ့ဘောဇနု၊ သေနာသနာ၊ပုဂ္ဂလတို့ဖြစ်ပါတယ်။

(၂) တစ်နည်းအားဖြင့် တစ်ပါးသော အာရမ္မဏူပနိဿယအနန္တရူပ၊ နိဿယ ပစ္စည်းတို့နဲ့ မရောဘဲ မိမိရဲ့ ပင်ကိုသဘောအားဖြင့် အားကြီးတဲ့ မှီရာအကြောင်းဟာ ပကတူပနိဿယ မည်ပါတယ်၊ တစ်ပါးသော ပစ္စည်းတွေနဲ့ ရောလိုက်တဲ့အခါ အားနည်းသွားသလားဆိုတော့ မဟုတ်ပါဘူး၊ ပိုပြီး အားကောင်းလာပါတယ်၊ ဥပမာအားဖြင့် ပုဂ္ဂိုလ် တစ်ယောက်ဟာ ကိစ္စတစ်ခုကို မိမိတစ်ဦးတည်း သူတစ်ပါးရဲ့ အကူအညီ မယူဘဲ ကျကျနနကိစ္စပြီးဆုံးအောင်ဆောင်ရွက်နိုင်စွမ်းရှိခဲ့ရာ တစ်ပါးသော ပုဂ္ဂိုလ်က ကူညီလိုက်တဲ့အခါ ထိုကိစ္စကို ဆောင်ရွက်ရာမှာ ပိုမိုပြီး အားကောင်းလာတာနဲ့တူပါတယ်။

ဒီလိုဆိုရင် ဒီပကတူပနိဿယကို အနန္တရူပနိဿယမျိုးနဲ့လဲ ရောပြီး ဟောတယ်၊ အာရုံမျိုးနဲ့လဲရောပြီး ဟောတယ်ဆိုတဲ့ အဓိပ္ပာယ် သက်ရောက်လေတော့ ဒီလိုဟောထားတာများ ပါဠိတော်မှာ ရှိပါသလားဆိုရင် "ကုသလံကမ္မံဝိပါကဿ၊ အကုသလံကမ္မံဝိပါကဿ" ပါဠိတော်ဟာ ဗလဝနာနာက္ခဏိကကမ္မပစ္စည်းနဲ့ ရောဟောတာဖြစ်ပြီး "မဂ္ဂေါဖလသမာပတ္တိယာ" က အနန္တရူပမျိုးဖြစ်တဲ့ အနန္တရကမ္မပစ္စည်းနဲ့ ရောဟောတာဖြစ်ပါတယ်။

အာရုံမျိုးနဲ့ရောဟောတာ ပဋ္ဌာန်းပါဠိတော်မှာ ရှိပါသလားဆိုရင် ကုသလတိက်မှာတော့ ရှာလို့ရမယ် မဟုတ်ပါဘူး၊ မဂ္ဂါရမ္မဏတိက်ပဋ္ဌာဝါရပစ္စနိက်သုဒ္ဓသင်္ချာကို ပြရာမှာ "နအာရမ္မဏစတိဘေ ပထကာရမ္မဏမ္မိဥပနိဿယာ ရမ္မဏမ္မိဒွေပိဆိဇ္ဇန္တိ"ဟု ပါဠိတော်မှာထားရာတွင် "ပကထာရမ္မဏမ္မိ" အရအာရုံမျိုးနဲ့ရောပြီး "ပစ္စဝေက္ခဏာ ပစ္စဝေက္ခဏာယ ဥပနိဿယ ပစ္စယေန ပစ္စယော" လို့ ဟောပါတယ်။

ပကတိ ပင်ကိုသဘောအားဖြင့် အားကြီးပုံကတော့ ပုဂ္ဂိုလ်တစ်ယောက်ဟာ ရှေးဦးစွာ သဒ္ဓါတရားဖြစ်ပြီး ဒီသဒ္ဓါတရားကို အကြောင်းပြုကာ နောက်ထပ်ကုသိုလ်တရားများ တိုးပွားလာတဲ့အခါ ရှေ့သဒ္ဓါတရားမှာ အာရမ္မဏအနန္တရသတ္တိမရှိလို့ အာရမ္မဏ အနန္တရတွေနဲ့ ရောပြီး ကျေးဇူးမပြုနိုင်ပါဘူး၊ ဒီသဒ္ဓါတရားဟာ နောက်နောက်ကုသိုလ်တရားပွားများဖို့ရာ ပကတိပင်ကိုသဘောအတိုင်းပင် လွန်စွာအားကြီးတဲ့ အကြောင်းဖြစ်လေတော့ ပကတူပနိဿယသတ္တိတစ်မျိုးနဲ့သာ ကျေးဇူးပြုပါတယ်၊ ဒါကို "သဒ္ဓံ ဥပနိဿာယဒါနံ ဒေတိ" စသည်ဖြင့် ဟောပါလိမ့်မယ်။

ဥပနိဿယမှာ ဥပက အားကောင်းတာ ဖြစ်လေတော့ အကြောင်းတရားကို စွဲမှီပြီးအကျိုးစိတ်စေတသိက်များဖြစ်ရာမှာ သာမညအားကောင်းရုံ မဟုတ်ဘဲ လွန်လွန်ကဲကဲ အားကောင်းရပါတယ်၊ ဥပမာ ကံတစ်ခုကို ပြုလုပ်တဲ့အခါ (၁) ဒီကံကို ကံတစ်ပါးက မနှောင့်ယှက် မဖျက်ဆီးနိုင်အောင် အားကောင်းတဲ့ကံ၊ (၂) ကံတစ်ပါးနှောင့်ယှက် ဖျက်ဆီးရင် ပျက်ပြားတဲ့ ကံရယ်လို့ နှစ်မျိုးရှိတဲ့အနက်ကံတစ်ပါး မနှောင့်ယှက်မဖျက်ဆီးနိုင်မှသာ အားကောင်းတယ်လို့ ဆိုရပါတယ်၊ ကံတစ်ပါးနှောင့်ယှက်ဖျက်ဆီးနိုင်ရင် အားနည်းတဲ့ကံဖြစ်လေတော့ ဒီဥပနိဿယပစ္စည်းမှာ အားကောင်းတာကိုသာ ယူရပါတယ်။

ဒီဗလဝကံနဲ့ ပတ်သက်ပြီး အဋ္ဌကထာက ဝတ္ထုတစ်ခုထုတ်ပြတာကတော့ မိန်းမတစ်ယောက်ဟာကြိုးဆွဲချပြီးသေမယ်လို့ သစ်ပင်မှာကြိုးချည်ကွင်းများလုပ်ပြီးတဲ့နောက်သူလုပ်စရာရှိသေးလို့ အိမ်ထဲဝင်သွားတယ်၊ ဒီအခါသူခိုးက သစ်ပင်မှာချည်ထားတဲ့ကြိုးကိုမြင်လေတော့ ဟန်ကျပြီ၊ ငါခိုးလို့ရတဲ့ ဥစ္စာပစ္စည်းများကိုထုပ်ပြီး ဒီကြိုးနဲ့ချည်ကာယူလေမှပဲရယ်လို့ ကြိုးကိုဓားနဲ့ဖြတ်ဖို့ရာအတွက် ကြိုးအနားကပ်သွားတယ်၊ ဒီအခါကြိုးကမြွေဖြစ်ပြီး ရှူးရှူးဆိုတဲ့အသံကို ပြုလုပ်လိုက်တော့ သူခိုးလဲကြောက်ပြီး ထွက်ပြေးသွားတယ်။ ဒီမိန်းမကလဲ အိမ်ထဲကထွက်လာပြီး သူစီစဉ်ထားတဲ့အတိုင်းကြိုးဆွဲချပြီးသေလိုက်တာပါပဲ၊ ဒီတော့ သူခိုးက အနှောင့်အယှက်မပေးနိုင်အောင် အားကြီးတဲ့ကံဖြစ်ပါတယ်။

## ပစ္စည်းပစ္စယုပ္ပန်

ပကတူပနိဿယပစ္စည်းမှာ ပစ္စည်းတရားက စိတ်စေတသိက်ဆိုတဲ့ နာမ်ကုန်နဲ့ ရုပ်တရားများရပါတယ်။ ပစ္စယုပ္ပန်တရားက နာမ်ကုန်ရပေမယ့် ရုပ်တရားများမရပါဘူး။ ဒီပကတူပနိဿယပစ္စည်းဟာ အလွန်ကျယ်ဝန်းတဲ့ (ပစ္စယပဒေသာ) ပစ္စည်းဖြစ်ပါလျက် ဘာကြောင့် ပစ္စယုပ္ပန်မှာ ရုပ်တရားများမရှိရသလဲ၊ ဗဟိဒ္ဓသန္တာန် မြက်သစ်ပင်စသည်မှာရှိကြတဲ့ ရုပ်တရားတွေကြီးပွားစည်ပင်ရလေအောင် အသီးအပွင့်တွေ ဖြစ်လာအောင် ရေမြေစသည်က ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးမပြုနိုင်လို့လား၊ ထို့ပြင်သတ္တဝါတွေရဲ့ အဇ္ဈတ္တသန္တာန်မှာ အနာရောဂါကင်းမှု မကင်းမှုကြောင့် ရုပ်ရဲ့ နာကျင်မှုတွေကို ဆေးဖြင့်စသည်တို့က ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးမပြုနိုင်ဘူးလားလို့ မေးရင် ပဋ္ဌာန်းမှာဟောတဲ့ အဘိဓမ္မာနည်း ပကတူပနိဿယနဲ့တော့ကျေးဇူးမပြုနိုင်ပါဘူး။

ဘာကြောင့်လဲဆိုတော့ အစဉ်ဆိုတဲ့သန္တာန်ဟာရုပ်သန္တာန်၊ နာမ်သန္တာန် ရယ်လို့ နှစ်မျိုးရှိတဲ့အနက် ရုပ်သန္တာန်မှာ စေတနာမရှိလေတော့ ဘာမျှ ပြုလုပ်ဆောင်ရွက်နိုင်တဲ့သဘောမရှိပါဘူး၊ ရှေးအခါက ကောင်းစွာပြုမှု ကောင်းစွာမိုဝ်မှုဆိုတဲ့ ပကာတ သဘောလဲမရှိဘူး၊ ပကာတ သဘောရှိမှသာ ပကာတူပရဲ့ ပစ္စယုပ္ပန်ဖြစ်နိုင်တယ်၊ ရုပ်မှာ ဒီသဘောမရှိလေတော့ပစ္စယုပ္ပန်မှာ ရုပ်ကိုမဟောပါဘူး၊ နာမ်အစဉ်ကတော့ ပကာတ သဘောရှိလို့ ပကာတူပရဲ့ ပစ္စယုပ္ပန်ဖြစ်နိုင်ပါတယ်။

## သုတ္တန်နည်း ပကာတူပနိဿယ

အဘိဓမ္မာနည်းနဲ့ ရုပ်ဟာ ပစ္စယုပ္ပန် မဖြစ်နိုင်ပေမယ့် အကြောင်းရှိရင် အကျိုးရှိရမယ်ဆိုတဲ့ သုတ္တန်နည်းနဲ့တော့ ရုပ်ဟာ ပစ္စယုပ္ပန်ဖြစ်နိုင်ပါတယ်၊ တန်ခူးလမှာဖြစ်တဲ့ ဥတုဟာ ကံ့ကော်ပန်းပွင့်ရန် ကျေးဇူးပြုနိုင်တယ်၊ ဆေးကောင်းဝါးကောင်းများဟာ အဇ္ဈတ္တသန္တာန်မှာ မကျန်းမာတဲ့ရုပ် တွေကို ကျန်းမာတဲ့ရုပ်ဖြစ်အောင်ကျေးဇူးပြုနိုင်တယ်။

ဝိသုဒ္ဓိမဂ်၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ ပဋိစ္စသမုပ္ပာဒနိဒ္ဒေသမှာ အဝိဇ္ဇာစသည်က သင်္ခါရစသည်အား ပဋ္ဌာန်းနည်းအားဖြင့် ကျေးဇူးပြုပုံကိုပြထားပါတယ်၊ ပဋ္ဌာန်းပဋ္ဌာဝါရဝိဘင်္ဂကိုသင်ပြီးသူများ မခက်ခဲလှဘဲ နားလည်နိုင်ပါတယ်။ ဒီဝိသုဒ္ဓိမဂ်စသည်မှာ "ဝိညာဏပစ္စယာနာမရူပံ" ၌ ဝိညာဉ်က ရုပ်အား ကျေးဇူးပြုရာမှာ အဘိသင်္ခါရ ဝိညာဉ်က အသညသတ် ကမ္မဇရုပ်၊ ပဉ္စဝေါကာရ ကမ္မဇရုပ်များကိုကျေးဇူးပြုပါတယ်၊ ဒီမှာ ပစ္စုပ္ပန်က ရုပ်တရားဖြစ် နေတော့ အဘိဓမ္မာပဋ္ဌာန်းနည်းနဲ့ ကျေးဇူးပြုလို့ မရပါဘူး၊ ဒါပေမယ့် အကြောင်းဝိညာဉ်အကျိုးရုပ်ကရှိနေလေတော့ သုတ္တန်နည်း ပကာတူပနိဿယ သတ္တိနဲ့ ကျေးဇူးပြုတယ်လို့ မိန့်ဆိုပါတယ်။

## ဝိနည်းပဋ္ဌာန်းနည်းစသည်

ဝိနည်းမှာဟောတဲ့ ပဋ္ဌာန်းနည်းတစ်ခုရှိပါသေးတယ်၊ ဒါလဲ အဘိဓမ္မာ ပဋ္ဌာန်းနည်းနဲ့ လုံးဝမဆိုင်ပါဘူး၊ ဝိနည်းပရိဝါက ထိနဘေဒမှာ သင်္ကန်း ဖွပ်လျှော်ခြင်း စတဲ့ ပုဗ္ဗကရဏကလို့လုပြုခြင်း ပယောဂအား အနန္တရ သမနန္တရ နိဿယ ဥပနိဿယ ပစ္စည်းဖြင့် ကျေးဇူးပြု၏၊ လို့လုပြုခြင်း ပယောဂက ပုဗ္ဗကရဏအား ပုရေဇာတပစ္စည်းဖြင့် ကျေးဇူးပြု၏ စသည်ဖြင့် ဟောရာများမှာ အဘိဓမ္မာပဋ္ဌာန်းနဲ့ လုံးဝမဆိုင်တဲ့ ဝိနည်း ပဋ္ဌာန်းနည်းသာ ဖြစ်ပါတယ်။

တစ်ဖန် ဝိသုဒ္ဓိမဂ်စဲတုဓာတုဝဝတ္တာန် ပစ္စယဝိဘာဂကိုပြရာမှာကမ္မဇစတဲ့ ကလာပ်တူဓာတ်လေးပါးတို့တွင် တစ်ပါးတစ်ပါးက သုံးပါးသုံးပါးအား၊ သုံးပါး သုံးပါးက တစ်ပါးတစ်ပါးအား၊ နှစ်ပါးနှစ်ပါးက နှစ်ပါးနှစ်ပါး အား သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတလို့ ပစ္စယသတ္တိငါးပါး ဖြင့် ကျေးဇူးပြုတယ်လို့ပြရာမှာ "ကေမဟာဘူတံ တိဏ္ဏန္နံ မှဟာဘူတာနံ သဟဇာတ ပစ္စယေန ပစ္စယော၊ အညမညပစ္စယေန ပစ္စယော" စသည်ဖြင့် ပဋ္ဌာန်းမှာဟောလေတော့ လျှောက်ပတ်လှပါတယ်။

ဒါပေမယ့်ကြွင်းသော ကလာပ်ပြား တိသန္တတိမဟာဘုတ်တို့အား နိဿယ အတ္ထိ အဝိဂတသုံး ပစ္စည်းဖြင့် ကျေးဇူးပြုကြောင်းကို"ဣတရေသံ တိသန္တတိ မဟာဘူတာနံ နိဿယ အတ္ထိ အဝိဂတပစ္စယေန ပစ္စယော" လို့ မိန့်ဆို ချက်ကမူ ကလာပ်ပြားဖြစ်နေသဖြင့် ပဋ္ဌာန်း နိဿယပစ္စည်း စသည်နှင့် ကျေးဇူးပြုမှုမှာ မလျှောက်ပတ်လှပါဘူး၊ မဟာဋီကာကလဲ ၎င်းကို လုံးဝ ဖွင့်မပြပါဘူး၊အထက်ကပြောခဲ့တဲ့ ပဋိစ္စသမုပ္ပါဒ်ပဋ္ဌာန်းနည်းယူဆပုံများမှာ အဘိဓမ္မာနည်းနဲ့ယူဆလို့မရရင် သုတ္တန်နည်းပကတူပနိဿယပစ္စည်းနဲ့ သာယူခဲ့ ပါတယ်၊ ဓာတိက ဇရာမရဏစသည်အားကျေးဇူးပြုရာမှာလဲ သုတ္တန်နည်း ပကတူပနိဿယပစ္စည်းသာဖြစ်ပါတယ်။

ဒီမှာ ပကတူပနိဿယ ပစ္စည်းမဟုတ်တဲ့ နိဿယ အတ္ထိ အဝိဂတပစ္စည်း ဖြစ်နေတယ်၊ သဟဇာတနဲ့ အညမည ပစ္စည်းမပါတာကတော့ ငင်ရှားရာကို ပြလိုလို့ ဖြစ်ပါလိမ့်မယ်၊ ဒီတော့ အဋ္ဌကထာရဲ့ အာဘောဂ ကျအောင် စဉ်းစားမယ်ဆိုရင် သုတ္တန်နည်းနဲ့ ကျေးဇူးပြုမှုများဟာ ပကတူပနိဿယ သတ္တိတစ်မျိုးသာ မဟုတ်ဘဲ နိဿယ အတ္ထိ အဝိဂတ ပစ္စည်းများနဲ့လဲ ကျေးဇူးပြုနိုင်ကြောင်း ယူဆရပေလိမ့်မယ်။ ယခုပြောခဲ့တာတွေကို စဉ်းစား ရင် ပဋ္ဌာန်းနည်းဟာ အဘိဓမ္မာပဋ္ဌာန်းနည်း၊ သုတ္တန်ပဋ္ဌာန်းနည်း၊ ဝိနည်း ပဋ္ဌာန်းနည်းရယ်လို့ သုံးမျိုးရှိကြောင်း ယူဆရပေလိမ့်မယ်။

ဥပမာ-ပကတူပ နိဿယပစ္စည်းဟာ မိုးနဲ့တူတယ်လို့ ဥပမာ ဖြစ် ကြပါတယ်၊ ဘာကြောင့်ဆိုတော့ မိုးဟာ သက်မဲ့ဖြစ်တဲ့ သစ်ပင်တွေ သက်ရှိဖြစ်တဲ့ လူသတ္တဝါစသည်တွေရဲ့ အရေးတကြီး မှီရာဖြစ်နိုင်ပါတယ်၊ မိုးသာမရွာလို့ ရေမရရင် သစ်ပင်တွေ ကြီးပွားဖို့မဆိုနဲ့ ပေါက်လာဖို့အပင် ဖြစ်ဖို့ပင် မဖြစ်နိုင်ပါဘူး၊ ထို့အတူ လူစတဲ့ သတ္တဝါ တွေဟာ လဲ မိုးမရွာလို့ရေမရရင် ကြာရှည်လေးမြင့်စွာ အသက်ရှင်မနေနိုင်ကြပါဘူး၊

ဒီမိုးရေဟာ သက်ရှိသက်မဲ့ ဟူသမျှတို့ရဲ့ အားကြီးတဲ့ မှီရာ အရေးကြီးတဲ့မှီရာ အကြောင်း ဖြစ်သလို ပကတူပ နိဿယပစ္စည်းဟာလဲ ပစ္စယုပ္ပန်နာမ်တရားတို့ရဲ့ အားကြီးတဲ့ မှီရာအကြောင်းဖြစ်ပါတယ်။

## နိဿယနဲ့ ဥပနိဿယအထူး

နိဿယကလဲမှီရာ၊ ဥပနိဿယကလဲ မှီရာဆိုတော့ ဒီနှစ်ပါးဟာ ဘယ်လိုထူးခြားသလဲဆိုရင်လူများ နေ့စဉ်စားနေတဲ့ ထမင်းဟာ ဘယ်ကဖြစ်လာတာလဲ။ ပဓာနဖြစ်တဲ့ မှီရာဟာ ဘာလဲ ဆိုရင် ထမင်းဖြစ်ဖို့ရာအတွက် စပါးမျိုးစေ့ရှိရမယ်၊ စပါးစိုက်ဖို့လယ်ရှိရမယ်၊ မိုးရေရှိရမယ်၊ ဒီသုံးမျိုးပြည့်စုံမှ ထမင်းဖြစ်နိုင်တယ်။ ဒီသုံးမျိုးဟာ ထမင်းဖြစ်ဖို့ရာအတွက် ပဓာနဖြစ်တဲ့ မှီရာများ ဖြစ်ကြပါတယ်။ ထမင်းအိုးတို့၊ မီးတို့၊ ထင်းတို့၊ ထမင်းချက်သမားတို့ကတော့ ထမင်းဖြစ်ချိန်ကျမှ မကင်းရာမကင်းကြောင်း သာမညမှီရာများ ဖြစ်ကြပါတယ်။ ထို့အတူစက္ခုဝိညာဉ်စိတ်ဖြစ်ဖို့ရာမှာ ကံဟာအားကြီးတဲ့ ပဓာနအကြောင်း ဥပနိဿယဖြစ်ပါတယ်၊ စက္ခု ဝတ္ထုကတော့ စက္ခုဝိညာဉ်ဖြစ်ပေါ်ချိန်ကျမှ မကင်းရာမကင်းကြောင်း သာမညမှီရာဖြစ်ပါတယ်၊ ဒါကို ပါဠိတော်များမှာ "ကုသလံကမ္မံ ဝိပါကာဿ ဥပနိဿယပစ္စယေနပစ္စယော" ဟူ၍ လည်းကောင်း၊ "စက္ခာယတနံ စက္ခုဝိညာဏဿ နိဿယပစ္စယေန ပစ္စယော" စသည်ဖြင့်လည်းကောင်း ဟောပါတယ်။

ပကတူပနိဿယပစ္စည်းကိုကုသိုလ်ကိုအကြောင်းပြုပြီးကုသိုလ်ဖြစ်မှုစသည်ဖြင့် အတော်ကျယ်ကျယ် ပြန့်ပြန့် ဟောထားလေတော ပြောစရာတွေမှတ်သားစရာတွေများပြားလှပါတယ်။ သည်နှစ်တော့ စရိုလောက်မျှသာပြောပြနိုင်ပါလိမ့်မယ်၊ ကုသိုလ်ကိုအားကြီးသောမှီရာအကြောင်းပြုပြီးကုသိုလ်ဖြစ်ပုံကို ပဋ္ဌာန်း ပါဠိတော်မှာ "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ ပကတူပနိဿယော–သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ သီလံ သမာဒိယတိ ဥပေါသထကမ္မံ ကရောတိ ဈာနံ ဥပ္ပါဒေတိ ဝိပဿနံ ဥပ္ပါဒေတိ မဂ္ဂံ ဥပ္ပါဒေတိ အဘိညံ ဥပ္ပါဒေတိ သမာပတ္တိံ ဥပ္ပါဒေတိ" စသည်ဖြစ်ပါတယ်။

ဒီပါဠိတော်အရ သဒ္ဓါတရားကို အားကြီးသောမှီရာ အကြောင်းပြုပြီး ဒါနစသည်ကိုပြုရာမှာ သဒ္ဓါဆိုတာ ရတနာသုံးပါးကို ယုံကြည်မှု၊ ကံကံရဲ့ အကျိုးကို ယုံကြည်မှု၊ ယခုပစ္စုပ္ပန်လောက၊ တမလွန်လောကကို ယုံကြည်

မှု ဖြစ်တယ်၊ ဒီယုံကြည်မှုရှိလို့သာ ဘုရားမပွင့်မီ ရှေးရှေးအခါကာလများက ဝေလာမဟာပုဏ္ဏားကြီးစတဲ့ ပုဂ္ဂိုလ်များဟာ ထမင်းရေချောင်းစီးအောင် လှူကြတန်းကြ၊ ဘုရားပွင့်တော်မူတဲ့ အခါမှာလဲ ဝိသာခါ အနာထပိဏ်စတဲ့ ပုဂ္ဂိုလ်များလှူကြတန်းကြ ကျောင်းဆောက်ကြ၊ ဘုရားတည်ကြ၊ ဘုရား ပရိနိဗ္ဗာန် ပြုပြီးသည့်နောက် ယခုထက်တိုင်ပင် လှူဒါန်းမှုများ ပြုလုပ်နေကြပါတယ်။

အဋ္ဌကထာများကလည်း ဒီသဒ္ဓါကိုအကြောင်းပြုပြီး ဒါနစသည်ပြုလုပ်ပုံကို ဘယ်လို ဥပမာပေးသလဲဆိုရင် ရေကိုလိုချင်တဲ့ ယောကျ်ားဟာမြေကြီးအောက်မှာ ရေကောန်ရှိမှာပဲရယ်လို့ ယုံကြည်လို့သာ မြေတူးသလို သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာလဲ ဒါနပြုရင် ဒီဒါနရဲ့အကျိုးအာနိသင်ကို ကောန်ရလိမ့်မယ်လို့ ယုံကြည်လို့ ပြုတာဖြစ်ပါတယ်၊ မိမိတို့ပင်ပန်းကြီးစွာ ရှာဖွေထားတဲ့ ဥစ္စာပစ္စည်းကို လှူဘယ်ဆိုတာ ယုံကြည်မှုမရှိရင် မလှူနိုင်ပါဘူး၊ ယုံကြည်မှုကြောင့်သာ လှူနိုင်ခြင်းဖြစ်ပါတာတ်၊ ဒီလိုမဟုတ်ဘဲ အားနာလို့မတော်လို့ သူတစ်ပါးကဲ့ရဲ့မှာ စိုးလို့ ပကာသနလိုချင်လို့ သူတစ်ပါးက အထင်ကြီးစေချင်လို့နာမည်လိုချင်လို့ စတဲ့ နှလုံးသွင်းနဲ့လှူကြတာကတော့ သဒ္ဓါစစ်ဟုတ်လှမယ် မဟုတ်ပါဘူး။

သဒ္ဓါဟာ ရတနာသုံးပါးကို ယုံကြည်မှု၊ ကံ ကံရဲ့အကျိုးစသည်ကို ယုံကြည်မှုဆိုလေတော့ ဒါတွေကို မယုံကြတဲ့ ဗုဒ္ဓဘာသာမဟုတ် မိစ္ဆာဒိဋ္ဌိများက ရေဘေး လေဘေး မီးဘေးသင့်တဲ့ ပုဂ္ဂိုလ်များအား လှူဒါန်းမှု ဆေးရုံ လူအိုရုံ ပညာရေးအတွက် လှူဒါန်းမှု မဖွံ့ဖြိုးသေးတဲ့ နိုင်ငံများအား ထောက်ပံ့လှူဒါန်းမှုများဟာ သဒ္ဓါမဖြစ်တော့ဘူးလားဆိုရင် သဒ္ဓါရဲ့ သဒ္ဒိဟာနလက္ခဏာအရတော့ ဖြစ်လှမယ်မဟုတ်ပါဘူး၊ သူရဲ့ကိစ္စက "ပသာဒနရသာ" ကြည်လင်စေခြင်း ကိစ္စရှိတယ်လို့ ဆိုတော့ သူတစ်ပါးကို ပေးကမ်းလှူဒါန်း စွန့်ကြဲနေကြတဲ့အခါ သူတို့ရဲ့ သန္တာန်မှာ စိတ်ကြည်လင်မှု ဖြစ်နေကြမှာ ဖြစ်တော့ သဒ္ဓါဖြစ်နိုင်ပါတယ်။

သဒ္ဓါတရားကို အကြောင်းပြုပြီး လှူဒါန်းမှု ဒါနဆိုတဲ့ အကျိုးတရားသာ ဖြစ်တာမဟုတ်ပါဘူး၊ ငါးပါးသီလ၊ ဆယ်ပါးသီလ ဆောက်တည်မှုတွေ ဥပုသ်စောင့် သုံးမှုတွေ၊ ဈာန်ရလာမှုတွေ၊ ဝိပဿနာတရားကိုအားထုတ်မှုတွေ၊ မဂ်တရား ရလာမှုတွေ၊ အဘိညာဉ်ရမှုတွေ၊ သမာပတ်ဝင်စားမှုတွေ ဆိုတဲ့ အကျိုးတရားများလဲ ဖြစ်ကြပါတယ်။

ဒီအကျိုးတရားတွေရဲ့ ဖြစ်မှုစသည်ကိုတော့ ယခုနှင့်အချိန်စေ့ပြီဖြစ်၍ ရှေးရှေးနှစ်များမှာမှ ဆက်လက်ပြီး ပြောပြပ့ါမယ်၊ စစ်မှန်သော သဒ္ဓါတရားကို အကြောင်းပြုပြီး မဂ်တရားပေါ်ပေါက်၍လာအောင်အားထုတ်နိုင်ကြပါစေဟု (၂၄)ကြိမ်မြောက်အဘိခမ္မာအခါတော်နေ့အတွက် ရည်ညွှန်း၍ တိုက်တွန်းလိုက်ပ့ါသတည်း။ ။

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏
၁၃၃၅ ခုနှစ်၊ (၂၅) ကြိမ်မြောက်
အဘိဓမ္မာအခါတော်နေ့တွင်

## သြဝါဒါစရိယ မူလပဋ္ဌာန်းဆရာတော်ဘုရားကြီး၏ အသံလွှင့်ဟောပြောချက်

မနှစ်က သဒ္ဓါတရားကို အကြောင်းပြုပြီး လူ့ဒါန်းမှုဒါနစတဲ့ အကျိုးတရားတွေဖြစ်ကြောင်းကို ထိုက်သင့်သလို ပြောခဲ့ပါတယ်၊ ဒီသဒ္ဓါတရားဟာ သာသနာတော်မှာ အလွန်အရေးပါ အရာရောက်တဲ့တရား ဖြစ်ပါတယ်၊ ပဓာနိယင်္ဂ တရားငါးပါးထဲမှာလည်း ဒီသဒ္ဓါတရား ပါပါတယ်၊ ပဓာနိယင်္ဂတရား ငါးပါးဆိုတာ (၁) ရတနာသုံးပါးရဲ့ဂုဏ်ကို ယုံကြည်သက်ဝင်ခြင်း၊ (၂) ကျန်းမာသန့်စွမ်းခြင်း၊ (၃) စိတ်သဘောထားဖြောင့်စင်းခြင်း၊ (၄) အကျင့်သီလနှင့် ပြည့်စုံခြင်း၊ (၅) ရုပ်နာမ်တရားတွေရဲ့ အဖြစ်အပျက်ကိုသိခြင်းငှာ စွမ်းနိုင်တဲ့ပညာနဲ့ပြည့်စုံခြင်း ဖြစ်ပါတယ်။

ဒီပဓာနိယင်္ဂ တရားငါးပါးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ ဘုရားဆိုတဲ့ ဆုံးမမယ့် ဆရာကိုရမယ်၊ မိမိကလည်း ကောင်းစွာ ကျင့်ကြံမယ်ဆိုပုင် (၇) နှစ်အတွင်းမှာ ရဟန္တာဖြစ်နိုင်တယ်၊ (၇) နှစ်ကြာတယ်ဆိုရင် ထားလိုက်ပါဦး၊ ၆-နှစ် ၅-နှစ် ၄-နှစ် ၃-နှစ် ၂-နှစ် ၁-နှစ် (၇) လကြာရင် ရဟန္တာဖြစ်နိုင်ပါတယ်၊ (၇) လကြာသေး ရင် ထားလိုက်ပါဦး၊ ၆-လ၊ ၅-လ၊ ၄-လ၊ ၃-လ၊ ၂-လ၊ ၁-လ၊ လဝက်၊ (၇) ရက်နဲ့ ရဟန္တာဖြစ်နိုင်ပါတယ်၊ (၇) ရက် ကြာသေးရင် ထားလိုက်ပါဦး၊ ဘုရားဆိုတဲ့ ဆုံးမမယ့်ဆရာကိုရရင် ၆-ရက်၊ ၅-ရက်၊ ၄-ရက်၊ ၃-ရက်၊ ၂-ရက်၊ ၁-ရက်နဲ့ ရဟန္တာဖြစ်နိုင်ပါတယ်။

၁-ရက်ကြာသေးရင် ထားလိုက်ပါဦး၊ ဘုရားဆိုတဲ့ဆုံးမမယ့် ဆရာရရင် ညချမ်းအခါ ဆုံးမလိုက်ရင် နံနက်အခါ တရားထူးရမယ်၊ နံနက်အခါ ဆုံးမလိုက်ရင် ညချမ်းအခါ တရားရမယ်လို့ မဇ္ဈိမပဏ္ဏာသ ဗောဓိရာဇကုမာရသုတ်မှာ ဟောထားလေတော့ မြတ်စွာဘုရားရဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ယုံကြည်မှု သဒ္ဓါတရား ရှိရမှာဖြစ်ပါတယ်၊ ဒီသဒ္ဓါကိုအကြောင်းပြုပြီး မဂ်ရပုံကို "သဒ္ဓံ ဥပနိဿာယ မဂ္ဂံ ဥပ္ပါဒေတိ" လို့ ပဋ္ဌာန်း ပကတူပနိဿယပစ္စည်းမှာ ဟောပါတယ်။

သဒ္ဓါတရားဟာ သာမညသဒ္ဓါ၊ အဝေစ္စပသာဒသဒ္ဓါရယ်လို့ နှစ်မျိုး ရှိပါတယ်၊ သာမညသဒ္ဓါကတော့ မခိုင်မြဲပါဘူး၊ ပျက်စီးရန်အကြောင်းနဲ့ တွေ့ရင် ပျက်စီးတတ်ပါတယ်၊ ဘာသာတစ်ပါးသို့ပင် ကူးပြောင်းသွား နိုင်ပါတယ်၊ အဝေစ္စပသာဒသဒ္ဓါကတော့ ခိုင်ခိုင်မြဲမြဲ စူးစိုက်သက်ဝင်ပြီး အကြွင်းမဲ့ယုံကြည်တဲ့ သဒ္ဓါဖြစ်လေတော့ ဘယ်လိုအကြောင်းနဲ့မှ မပျက်စီး နိုင်ပါဘူး၊ ဒီအဝေစ္စပသာဒ သဒ္ဓါနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ မိမိအသက်ကိုစွန့် ရင်သာစွန့်မယ်၊ ဘုရား၌ယုံကြည်မှုစတဲ့သဒ္ဓါကို မစွန့်နိုင်ပါဘူး။

ဒီအဝေစ္စပသာဒမှာလည်း ပုထုဇဉ်တို့ရဲ့သဒ္ဓါ၊ အရိယာတို့ရဲ့သဒ္ဓါ ရယ်လို့နှစ်မျိုးရှိပြန်ပါတယ်၊ ပုထုဇဉ်တို့ရဲ့ သဒ္ဓါက သုတ်သီလက္ခန်သာမည ဖလသုတ်မှာဟောတဲ့ အဇာတသတ်ရဲ့သဒ္ဓါဖြစ်ပါတယ်၊ အဇာတသတ်ဟာ ဟောတော်မူတဲ့ သာမညဖလသုတ် ဆုံးတာနဲ့တစ်ပြိုင်နက် သောတာပန် ဖြစ်စွမ်းနိုင်ပေမယ့် ခမည်းတော်ကိုသတ်ထားတဲ့ ပိတုဃာတကကံကြောင့် အရိယာမဖြစ်နိုင်ပါဘူး။

ဒါပေမယ့်သူဟာ အဝေစ္စပသာဒသဒ္ဓါမျိုးနဲ့ ပြည့်စုံလေတော့ တစ်စုံ တစ်ယောက်သောပုဂ္ဂိုလ်က အချင်းအဇာတသတ်၊ သင်သည် ဘုရားကိုဘုရား ဟုတ်ဘူးလို့ပြော၊ တရားကိုတရားမဟုတ်ဘူးလို့ပြော၊ သံဃာကိုသံဃာမဟုတ် ဘူးလို့ပြော၊ မပြောရင် သင်ရဲ့ဦးခေါင်းကို ထက်လှစွာသော သန်လျက်နဲ့ ဖြတ်လိုက်မယ်လို့ဆိုလာရင် ခေါင်းသာအဖြတ်ခံမယ်၊ ဘုရားကိုဘုရားမဟုတ် ဘူး စသည်ဖြင့် ပြောလိမ့်မယ်မဟုတ်ကြောင်းကို "အတသစေပိ မေ တိခိဏေန အသိနာ သီသံ ဆိန္ဒေယျ၊ နေဝဗုဒ္ဓံ နဗုဒ္ဓေါတိ ဝါ၊ မဓမ္မံ န ဓမ္မော တိဝါ၊ သံဃံန သံဃောတိဝါ ဝဒေယျန္တိ" လို့ ပဒအဋ္ဌကထာက ဖွင့်ပြတယ်။

ဒီအဇာတသတ်ဟာ ယုတ်မာတဲ့ဒေဝဒတ်ဆိုတဲ့ အားဆွခင်ပွန်းနဲ့ ပေါင်းမိပြီး ပိတုဃာတကကံကိုပြုခြင်းကြောင့် အဝီစိငရဲမှာခံရဖို့ရှိပေမယ့် ရတနာသုံးပါးကို သူမတူအောင်ယုံကြည်မှုသဒ္ဓါတရားကြောင့် အဝီစိငရဲမှာ မခံရတော့ဘဲ လောတကုမ္ဘီငရဲမှာ အနှစ်သုံးသောင်းကိုင်ဝိုင် နစ်မြုပ်ပြီး အနှစ်သုံးသောင်းတိုင်တိုင်အပေါ်ကို ပေါ်လာတဲ့အခါ လောတကုမ္ဘီငရဲက လွတ်မြောက်ပြီး နောင်အခါ ဝိဇိတာဝိပစ္စေကဗုဒ္ဓါဖြစ်ခါ ပရိနိဗ္ဗာန်ပြုပါလိမ့်မယ်၊ ပုထုဇဉ်ပုဂ္ဂိုလ်များရဲ့ သဒ္ဓါတရားနဲ့ပြည့်စုံကြတဲ့ပုဂ္ဂိုလ်တွေထဲမှာ အဇာတသတ်မင်းနဲ့တူတဲ့ပုဂ္ဂိုလ်မရှိကြောင်းကို "ပေါထုဇ္ဇနိကာယသဒ္ဓါယသမန္နာဂတော နာပုဂ္ဂလော်မိနာရညော သဒိသောနာဟောသိ" လို့ မိန့် ဆိုပါတယ်။

မဟာပရိနိဗ္ဗာနသုတ်မှာလဲ ပုထုဇဉ်အဖြစ်နဲ့ကြည်ညိုတဲ့နေရာမှာ အဇာတသတ်လို ပုဂ္ဂိုလ်မရှိကြောင်းကို ပြထားတာကတော့ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူကြောင်းကို အမတ်ကြီးများကကြားလေတော့ ဘုရားတော့ဖြင့်ပရိနိဗ္ဗာန်ပြုပြီ၊ ငါတို့ရှဲမင်းဟာ ပုထုဇဉ်တို့ရဲ့ဥစ္စာဖြစ်တဲ့ သဒ္ဓါတရားမှာ ငါတို့ရဲ့မင်းနဲ့ တူတဲ့ပုဂ္ဂိုလ်မရှိဘူး၊ တစ်စုံတစ်ရာ စီရင်မှုမရှိဘဲ ဘုရားပရိနိဗ္ဗာန် ပြုကြောင်း ကြားရမယ်ဆိုရင် ဧကန် နှလုံးကွဲတော့မှာပဲ၊ ငါတို့ဆောင့်ရှောက်သင့်တယ်လို့ ကြံစည်ကြပြီး လူအိပ်နိုင်လောက်အောင် ရွှေသားခေါင်းကြီး သုံးခုလုပ်ကြပြီး စတုမဓုအပြည့်ထည့်ထားကြကာ မင်းကြီးထံသွားပြီး၊ မင်းမြတ် အကျွန်ုပ်တို့ မကောင်းတဲ့အိပ်မက်ကို မြင်မက်ကြပါတယ်၊ ဒီမကောင်းတဲ့အိပ်မက်ကို ပယ်ဖျောက်ဖို့ရာ အရှင်မင်းမြတ်သည် နှစ်ထပ်လွှာရှိတဲ့ ဘွဲ့ဖြူပုဆိုးကိုဝတ်ပြီး အသက်ရှူဖို့ရာ နှာခေါင်းပုကလေးပေါ်ရုံလောက်ထားပြီး ဒီစတုမဓုရွှေခေါင်းကြီးထဲမှာ အိပ်နေသင့်ပါတယ်လို့ လျှောက်ထားကြတယ်။

အဇာတသတ်မင်းကလဲ ဒီအမတ်တွေဟာ ငါ့ရဲ့အကျိုးကိုလိုလားသူ့ပြောကြားသူဖြစ်လေတော့ သင်တို့ပြောတဲ့အတိုင်း လုပ်ပါ့မယ်လို့ဝန်ခံပြီး ရွှေခေါင်းထဲမှာ အိပ်လိုက်ပါတယ်၊ ဒီအခါအမတ်တစ်ယောက်က သူဝတ်ထားတဲ့ အဝတ်တန်ဆာကိုချွတ် ဆံပင်ကိုဖရိုဖရဲကြပြီး ဘုရားပရိနိဗ္ဗာန်ပြုရာအရပ်ကို လက်အုပ်ချီကာ အဇာတသတ်မင်းကို သင်မင်းမြတ် လောကမှာ သေခြင်းတရားမှလွတ်ကင်းတဲ့ သတ္တဝါရှိယ်လို့ ပရိုကြပါဘူး၊ အသင်မင်းမြတ်ရဲ့အသက်ကို တိုးပွားစေတတ် အရှိအသေပြုရာအရပ် ကောင်းမှု

တည်းဟူသော မျိုးစေ့ကို ပစ်ချရာ လယ်မြေကောင်းသဖွယ်ဖြစ်တဲ့ အဘိသိက် မင်္ဂလာ ကို သွန်းလောင်းစေဘက်တဲ့ အရှင်မင်းမြတ်ရဲ့ဆရာ မြတ်စွာဘုရားဟာ ကုသိနာရုံမှာ ပရိနိဗ္ဗာန် စံတော်မူပါပြီလို့ လျှောက်ကြားလိုက်တယ်။

အဇာတသတ်မင်းဟာ ဘုရား ပရိနိဗ္ဗာန်စံတော်မူပြီလို့ ကြားရလိုက်တာနဲ့ တစ်ပြိုင်နက် မိန်းမော တွေဝေသွားတဲ့အပြင် စတုမဓုထည့်ထားတဲ့ ရွှေခေါင်းကြီးမှလည်း အခိုးတွေထွက်လာပါတယ်၊ ဒီလိုမိန်းမောတွေဝေနေတဲ့မင်းကို နှစ်ခုမြောက် စတုမဓုထည့်ထားတဲ့ ရွှေခေါင်းကြီးထဲပြောင်းပြီး အိပ်စေပြန်ပါတယ်၊ မင်းဟာ သ တိ ရ လာ တော့ အမတ်တွေကို— ''အမောင်တို့ သင်တို့ငါ့ကို ဘာများသံတော်ဦးတင်ကြသလဲ''လို့ မေးတော့ မင်းမြတ် ဘုရားပရိနိဗ္ဗာန်စံတော်မူပြီလို့ လျှောက်ကြားကြပြန်တယ်၊ဒီအခါ အဇာတသတ်မင်းဟာ သတိမေ့ရုံမက စတုမဓုခေါင်းမှလည်း အခိုးတွေထွက်လာပြန်တယ်၊ တစ်ဖန်မင်းကိုချီပြီး တတိယရွှေခေါင်းမှာ ထားပြန်တယ်၊ မင်းဟာသတိရလာပြီးမေးတော့ ဘုရားပရိနိဗ္ဗာန်စံတော်မူကြောင်း လျှောက်ကြားတဲ့အခါ သတိမေ့ပြန်ပါတယ်၊ မင်းဟာ သုံးကြိမ်တိုင်တိုင် သတိမေ့ပြီးနောက် အမတ်တွေက ရွှေခေါင်းထဲကထုတ်ပြီး ခေါင်းက ရေအိုးတွေနဲ့လောင်းကာ ရေချိုးပေးကြတယ်။

မင်းဟာသတိရလာတော့ နေရာကထ၊ နံ့သာထုံထားတဲ့ ပတ္တမြားအဆင်းရှိတဲ့ ဆံပင်တို့ကို ရွှေပျဉ်ချပ်နဲ့တူတဲ့ အဆင်းရှိတဲ့ ကျောက်တုံးပေါ်ဖရိုဖရဲကြဲပြီး လက်နဲ့ ရင်ဘတ်ကို ထုခတ်ရိုက်နှက်ကာ သလ္လာညွန့် အဆင်းရှိတဲ့ လက်ချောင်းတို့ဖြင့် ရွှေတံကမှို ပျဉ်အဆင်းရှိသော ရင်ကို ချပ်စပ်သလိုကိုင်၍ ငိုကြွေး မြည်တမ်းလျက် အဒ္ဓူးအသွင်လမ်းခရီးအကြားသို့သက်ရောက်ခဲ့တယ်၊ မင်းဟာ တန်းဆာဆင်ထားတဲ့ ကချေသည်အပေါင်းခြံရံပြီး မြို့မှထွက်ကာ ဇီဝကရဲ့ သရက်ဥယျာဉ်ကျောင်းသို့ သွားပြီး မိမိအားတရားဟောတဲ့နေရာကို ကြည့်ပြီး ''သဗ္ဗညုမြတ်စွာဘုရား၊ မြတ်စွာဘုရားတို့သည် ဤနေရာမှာနေပြီး တပည့်တော်ကို တရားဟောခဲ့သည် မဟုတ်ပါလော၊ တပည့်တော် တအုံ့နွေးနွေး ပူဆွေးစိုးရိမ်နေရတဲ့ သောကတည်းဟူသော ငြောင့်ကို ပယ်ဖျောက်တော်မူခဲ့သည် မဟုတ်ပါလော၊ တပည့်တော်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခဲ့သည်မဟုတ်ပါလော၊ မြတ်စွာဘုရား! ယခုတော့မြတ်စွာဘုရားတို့သည် တပည့်တော်အား စကားတုံ့ပြန်မှုကိုမျှ ပေးတော်မမူပါကလား'' လို့အဖန်ဖန် ငိုကြွေးပြီး မြတ်စွာဘုရား၊

မြတ်စွာဘုရားတို့သည် ရှေးအခါက များစွာသော ရဟန်းသံဃာအပေါင်း ခြံရံလျက် ဇမ္ဗူကျွန်းအပြင်၌ ဒေသစာရီ လှည့်လည်တော် မူတယ်လို့ တပည့်တော်များ ကြားသိရပါတယ်၊ ယခုတော့မလျော် မလျောက်ပတ်တဲ့ အရှင်ဘုရားတို့ရဲ့ ပရိနိဗ္ဗာန်စံတော်မူမှုကို ကြားခဲ့ရပါတကား စသည်ဖြင့် မြည်တမ်းကာ ဂါထာခြောက်ဆယ်တို့ဖြင့် မြတ်စွာဘုရားရဲ့ ဂုဏ်တော်တို့ကို အဖန်ဖန် အောက်မေ့ပါတယ်။

ဒါက ပုထုဇဉ်ပုဂ္ဂိုလ်တို့ရဲ့ အစလသဒ္ဒါနဲ့ ပတ်သက်လို့ ပြောပြနေတာ ဖြစ်ပါတယ်။ အရိယာတို့ရဲ့အစလသဒ္ဒါကတော့ သုပ္ပဗုဒ္ဓလူနူကြီးဟာ ပရိသတ် အစွန်ကနေပြီး ဘုရားဟောတဲ့ တရားကိုကြားနာရလို့ သောတာပန် ဖြစ်သွားတဲ့အခါ မိမိရခဲ့တဲ့ ဂုဏ်ကျေးဇူးကို မြတ်စွာဘုရားအား လျှောက်ကြားမယ်လို့ ကျောင်းတော်လိုက်အသွား သိကြားက သုပ္ပဗုဒ္ဓအား အလိုစမ်းချင်တာနဲ့ ကောင်းကင်မှ ရပ်တည်ပြီး၊ ဟေ့ သုပ္ပဗုဒ္ဓ မင်းဟာ လူဆင်းရဲ လူအထီးကျန်ပဲ၊ ငါမင်းကို သုံးလို့မကုန်နိုင်တဲ့ ဥစ္စာ ပေးမယ်၊ မင်းဟာ ဘုရားကို ဘုရားမဟုတ်ဘူး၊ တရားကိုတရားမဟုတ်ဘူး၊ သံဃာကို သံဃာမဟုတ်ဘူးလို့ ပြောပါဆိုတဲ့အခါ သုပ္ပဗုဒ္ဓက မင်းဘယ်သူလဲလို့ မေးလိုက်တော့ သိကြားက ငါနတ်တို့ကို အစိုးရတဲ့ သိကြားလို့ ဖြေတဲ့အခါ သုပ္ပဗုဒ္ဓက အလွန်မိုက်အရှက်မရှိတဲ့ သိကြားမင်းဟာ မပြောသင့်တာ ပြောလေတော့ မင်းနဲ့ငါစကားဆိုဖို့မသင့်ဘူး၊ ဒါပေမယ့် မင်းက ငါ့ကို ဘာကြောင့် လူဆင်းရဲ၊ လူငမွဲ၊ လူအထီး ကျန် ရယ်လို့ ပြောနိုင်ရတာလဲ၊ ငါဟာ လောကရဲ့ ကိုးကွယ်ရာ၊ မြတ်စွာဘုရားရဲ့ သားတော်စစ်ဖြစ်လေတော့ မဆင်းရဲမမွဲပါဘူး၊ ငါဟာ ချမ်းသာနေတယ်၊ လွန်မြတ်တဲ့ချမ်းသာ ရှိလေတော့ ကြွယ်ဝနေပါတယ်လို့ ပြောကာ၊ မိန်းမ ဖြစ်ဖြစ်၊ ယောကျ်ားဖြစ်ဖြစ် သူတော်ကောင်း ဥစ္စာ (၇) ပါး ရှိနေရင် မဆင်းရဲဘူး၊ လူဆိုရင် သူရဲ့အသက်ရှင်နေမှုဟာလဲ အချည်းနှီးမဖြစ်ကြောင်းကို—

သဒ္ဓါဓနံ သီလဓနံ ဟိရီဩတ္တပ္ပိယံဓနံ၊
သုတဓနဉ္စ စာဂေါစ ပညာ ဝေ သတ္တမံဓနံ၊
ယဿေတေဓနာအတ္ထိ ဣတ္ထိယာ ပုရိသဿဝါ၊
အဒလိဒ္ဒေါတိ တံ အာဟု အမောဃံ တဿ ဇီဝိတံ

လို့ ပြောလိုက်ပါတယ်၊ ဒါက အရိယာတို့ရဲ့ အစလသဒ္ဒါ ဖြစ်ပါတယ်၊

သည်နှစ်တော့ အများနားလည်အောင် လွယ်လွယ်ပဲ သဒ္ဒါတရားအကြောင်းကို ပြောပြပါတယ်၊ ရှေ့နှစ်မှ “ပဌမဿဈာနဿပရိကမ္မံ ပထမဿဈာနဿ ဥပနိဿယ ပစ္စယေန ပစ္စယော” စသည်ဖြင့် ဈာန်များရဲ့ ပရိကံက ဈာန်များအားလည်းကောင်း၊ဈာန်အချင်းချင်းအားလည်းကောင်း၊ အဘိညာဉ်များရဲ့ ပရိကံက အဘိညာဉ်များအား လည်းကောင်း၊ အဘိညာဉ်အချင်းချင်းအား လည်းကောင်း၊ မဂ်များရဲ့ ပရိကံက မဂ်များအားလည်းကောင်း၊ မဂ်အချင်းချင်းအားလည်းကောင်း ဥပနိဿယပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်၊ နောင်နှစ်ပဋိသမ္ဘိဒါ အကြောင်းများကိုပါ ပြောပြပါမယ်၊ ယခုနှစ်တော့ ဤမျှနှင့်ပင် အချိန်စေ့ပြီဖြစ်၍ ကြားနာနေကြသော သူတော်ကောင်းတို့သည် အရိယာတို့၏ အစလသဒ္ဓါနှင့် ပြည့်စုံရန် အားထုတ်နိုင်ကြပါစေဟု (၂၅)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ကို ရည်ညွှန်း၍ တိုက်တွန်းလိုက်ပါသတည်း။ ။

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏
၁၃၃၆ ခုနှစ်၊ (၂၆) ကြိမ်မြောက်
အဘိဓမ္မာအခါတော်နေ့တွင်

## ဩဝါဒါစရိယ မူလပဋ္ဌာန်း ဆရာတော်ဘုရားကြီး၏

## အသံလွှင့် ဟောပြောချက်

မနေ့က 'ပထမာသဗျာနသာပရိကမ္မံ ပထမသာဗျာနဿ ဥပနိဿယ ပစ္စယေန ပစ္စယော' စသည်ဖြင့် ပရိကံ စသည်တို့ရဲ့အကြောင်းကိုဆက်လက်ပြီး ပြောပြမယ်လို့ ပြောခဲ့ပါတယ်၊ ပရိကံဆိုတာ—

(၁) ဈာန်အဘိညာဉ် မဂ်များကိုရဖို့ရာ ပြုလုပ်ရတဲ့ ပရိကံက တစ်မျိုး။

(၂) ဈာနဝီထိ စသည်တို့ရဲ့ရှေ့မှာပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ ဈာန်ရယ်လို့ ဈာနဝီထိကို ချတဲ့အခါ သုံးနှုန်းတဲ့ ပရိကံက တစ်မျိုး၊

(၃) ပဋ္ဌာန်းသဝိတက္ကတိက် ပရိတ္တတိက်များမှာ ရူပဈာန် အရူပဈာန်နဲ့ အဘိညာဉ်များအား အနန္တရ အာသေဝနသတ္တိဖြင့်ကျေးဇူးပြုတဲ့ ပရိကံတစ်မျိုးရယ်လို့ သုံးမျိုးရှိပါတယ်။

နံပါတ်(၁) ပရိကံကလေး ဈာန်စသည်ကို ရလိုတဲ့ ပုဂ္ဂိုလ်ဟာ 'ပထဝီ၊ ပထဝီ' စသည်ဖြင့် စီးဖြန်းရတဲ့ ပုဗ္ဗဘာဂ ပရိကံဇော ကိစ္စတတ်တဲ့ကာမကုသိုလ် ဖြစ်ပါတယ်။ ဈာနဝီထိစသည်များမှာဖြစ်တဲ့ ပရိကံမဟုတ်ပါဘူး၊ ဒါကိုအဋ္ဌကထာကကွဲပြားအောင် ဈာန်ရှေက ပရိကံကိုမယူပါနဲ့၊ ပုဗ္ဗဘာဂ ပရိကံကိုသာ ယူပါလို့ 'ပရိကမ္မန္တိ အနန္တရံ အဂ္ဂဟေတွာ ပုဗ္ဗဘာဂ ပရိကမ္မံ ဝေဟ တဗ္ဗံ' လို့မိန့်ဆိုပါတယ်။

ဘယ်လိုကိစ္စမျိုးမဆို လောကီကိစ္စဟူသမျှမှာဖြစ်ဖြစ် လောကုတ္တရာကိစ္စမှာဖြစ်ဖြစ် ပြုပြင်မှု ကြိုတင်ပြင်ဆင်မှု ပရိကံနဲ့ ကင်းလို့ ပြေပြေပြစ်ပြစ် ချောချော မောမော မဖြစ်နိုင်ပါဘူး၊ ကြိုတင်ပြင်ဆင်မှု ရှိရပါတယ်။ ပထမစျာန်ရလိုတဲ့ ပုဂ္ဂိုလ်ဟာ ကသိုဏ်းဆယ်ပါး၊ အသုဘဆယ်ပါး၊ ကာယဂတာသတိ အာနာပါနာသတိ မေတ္တာကရုဏာ မုဒိတာဆိုတဲ့ ဗြဟ္မဝိဟာရ တရားသုံးပါးရယ်လို့ အားထုတ်ရမယ့် ကမ္မဋ္ဌာန်း (၂၅)ပါးထဲက တစ်ပါးပါးကို အားထုတ်တော့မယ်ဆိုရင်ပရိကံ ပြုရလိမ့်မယ်၊ ကသိုဏ်းဆယ်ပါးထဲက ပထဝီကသိုဏ်းကို ပရိကံပြုမယ်ဆိုရင် ပထဝီကသိုဏ်းဝန်းကို ကြည့်ပြီး ပထဝီ ပထဝီရယ်လို့ အဖန်ဖန်အားထုတ်ရမယ်၊ ဥပစာရသမာဓိရပြီးအပနာသမာဓိရကာ ပထမစျာန်ရလာတဲ့အခါ ဒီပထမစျာန်ရမှုဟာ 'ပထဝီ ပထဝီ'ရယ်လို့ ပရိကံပြုခဲ့လို့ ရတာဖြစ်လေတော့ ပရိကံက ပထမစျာန်အား ဥပနိဿယ သတ္တိနဲ့ ကျေးဇူးပြုတာကို 'ပထမဿ စျာနဿ ပရိကမ္မံ ပထမဿ စျာနဿ ဥပနိဿယ ပစ္စယေန ပစ္စယော' လို့ ဟောပါတယ်။

အာနာပါနကိုအားထုတ်တဲ့အခါ ထွက်သက် ဝင်သက်စသည်ကို ပရိကံပြုရပါတယ်၊ ရူပစျာန်ရလိုတဲ့ပုဂ္ဂိုလ်များဟာ ပထဝီစတဲ့ ပညတ်တရားတွေကို အာရုံပြုရတယ်၊ ပရမတ်ကို အာရုံပြုလို့စျာန်မရနိုင်သလို ပညတ်ကိုအာရုံပြုလို့မဂ်မရနိုင်ပါဘူး၊မဂ်ရဖို့က ပရမတ်ကိုအာရုံပြုရတယ်၊ ဒုတိယ တတိယ စတုတ္ထစျာန် အဘိညာဉ်များကို ရလိုလျှင်လည်း ဆိုင်ရာကမ္မဋ္ဌာန်း အားလျော်စွာ ပရိကံပြုရပါတယ်၊ ပရိကံပြုပုံတွေရဲ့အကျယ်ကို ဝိသုဒ္ဓိမဂ်မှာ ကြည့်ကြပါတော့၊ ဒါကစျာန်အဘိညာဉ်တို့ရဲ့ပရိကံဖြစ်ပါတယ်။

နံပါတ်(၂)ပရိကံကတော့ ယခုအများနားလည်နေကြတဲ့ ဝီထိပိုင်းမှာ လာတဲ့အတိုင်း ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ နောက်စျာနဝီထိဖြစ်ရင် စျာန်၊ အဘိညာဉ်ဝီထိဖြစ်ရင်အဘိညာဉ်၊ သောတာပတ္တိမဂ္ဂဝီထိဖြစ်ရင် သောတာပတ္တိမဂ်ရယ်လို့ ဝီထိချုပ်အစီအစဉ်ဟာ အဋ္ဌကထာမိန့်ဆိုတဲ့နည်း အတိုင်းဖြစ်ပါတယ်၊ ဒီအစီအစဉ်ထဲက စျာနဝီထိ အဘိညာဉ်ဝီထိများမှာ ဂေါတြဘူက စျာန်အဘိညာဉ်တို့အား အနန္တရသတ္တိ အာသေဝနသတ္တိနဲ့ ကျေးဇူးပြုမှုကို "ဂေါတြဘူ ပထမဿ၊ ဂေါတြဘူ ဒိဗ္ဗဿစက္ခုဿ" စသည်ကို ပဋ္ဌာန်းဘယ်အနန္တရပစ္စည်း အာသေဝနပစ္စည်းမှာမှ သီးခြားပါဠိထုတ်၍ မဟောပါဘူး၊ ဒါတွေဟာ'ပုရိမှာ'ထဲမှာဝင်ကြပါတယ်။ဒီတော့ဒီနည်းဟာ

အဋ္ဌကထာနည်းလို့ သိကြပါ။ မဂ္ဂဝိထိများမှာတော့ 'အနုလောမံ ဂေါတြ ဘုသာ၊ အနုလောမံ ဝေါဒါနဿ' လို့ အနုလုံအသံဖြင့် လည်းကောင်း၊ 'ဂေါတြဘူ မဂ္ဂဿ၊ ဝေါဒါနံ မဂ္ဂဿ' လို့ ဂေါတြဘူ ဝေါဒါန် အသံများဖြင့် လည်းကောင်း၊ အနန္တရပစ္စည်း အာသေဝနပစ္စည်းများမှာ ဟော ပါတယ်။

နံပါတ်(၃) ပရိကံကို ပရိတ္တတိက် သဝိတက္ကဒိက် များမှာ 'ပထမဿ ဈာနဿ ပရိကမ္မံ ပထမဿ ဈာနဿ အနန္တရ ပစ္စယေန ပစ္စယော အာသေဝန ပစ္စယေန ပစ္စယော' စသည်ဖြင့် လည်းကောင်း၊ 'ဒိဗ္ဗဿ စက္ခုဿ ပရိကမ္မံ ဒိဗ္ဗဿ စက္ခုဿ အနန္တရ ပစ္စယေန ပစ္စယော၊ အာသေဝန ပစ္စယေန ပစ္စယော' စသည်ဖြင့် လည်းကောင်း ဟောလေတော့ ဈာန် အဘိညာဉ်ရဲ့ရှေ့က ပရိကံဖြစ်ပါတယ်။ မန္ဒတိက္ခ ပုဂ္ဂိုလ် အားလျော်စွာ ပရိကံ လေးကြိမ် သုံးကြိမ်ဖြစ်ပြီး ဈာန်အဘိညာဉ်များဖြစ်ရာ စတုတ္ထမြောက် တတိယမြောက် ပရိကံက ဈာန်အဘိညာဉ်တို့အား အနန္တရ အာသေဝန သတ္တိနဲ့ ကျေးဇူးပြုပါတယ်၊ ဒါက ပရိကံသုံးမျိုး ဖြစ်ပါတယ်။

တစ်ဖန် ပထမဈာန်ရပြီးပုဂ္ဂိုလ်ဟာ ဒုတိယဈာန်စသည်ကို ရလိုတဲ့အခါ နောက်နောက်က ပြောခဲ့တဲ့အတိုင်း ပရိကံပြုပြီး အားထုတ်တဲ့အခါ ဒုတိယ ဈာန်ရလာပြန်တယ်၊ ဒုတိယဈာန်ရမှု အကျိုးတရားဟာ ပထမဈာန်ရခဲ့တဲ့ အကြောင်းတရားကြောင့်သာဖြစ်ပုံကို 'ပထမံ ဈာနံ ဒုတိယဿ ဈာနဿ ဥပနိဿယ ပစ္စယေန ပစ္စယော' လို့ ဟောပါတယ်၊ ထို့အတူ ရှေးရှေး ဈာန်တွေက နောက်နောက် ဈာန်တွေအား၊ ရှေးရှေး အဘိညာဉ်တွေက နောက်နောက် အဘိညာဉ်တွေအား ကျေးဇူးပြုကြောင်းကို ဟောပါတယ်။

မဂ်ရအောင် ဘယ်လို ပရိကံပြုရမလဲဆိုရင် 'သင်္ခါရာ အနိစ္စာ သဗ္ဗေ သင်္ခါရာ ဒုက္ခာ သဗ္ဗေ သင်္ခါရာ အနတ္တာ' ရယ်လို့ ပရမတ်ဖြစ်တဲ့ တေဘူမက သင်္ခါရတရားတွေရဲ့ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ပုံကိုရှုရလိမ့်မယ်။ အကြိမ်ကြိမ် အဖန်ဖန် ရှုဖန်များလို့ စစ်မှန်တဲ့ အနိစ္စ ဒုက္ခ အနတ္တတွေကို မြင်ပြီး ပထမမဂ်ရလာတဲ့အခါ ပထမမဂ်ရဲ့ပရိကံက ပထမမဂ်အား ကျေးဇူး ပြုကြောင်းကို 'ပထမဿ မဂ္ဂဿ ပရိကမ္မံ ပထမဿ မဂ္ဂဿ ဥပနိဿယ ပစ္စယေန ပစ္စယော' လို့ဟောပါတယ်။

ထိုနည်းတူစွာ အထက်မဂ်များကို ရလိုလျှင်လည်း အထက်ကပြောခဲ့တဲ့ အတိုင်း ပရိကံပြုရပါတယ်၊ ဒီလို သောတာပတ္တိမဂ်ကို ရပြီးတဲ့ပုဂ္ဂိုလ်ဟာ

သကဒါဂါမိမဂ်ကို ရလာတဲ့အခါ သောတာပတ္တိမဂ် ဟူသော အကြောင်း ကြောင့် ရတာဖြစ်ကြောင်းကို 'ပဌမော မဂ္ဂေါ ဒုတိယဿ မဂ္ဂဿ' လို့ ဟောပါတယ်၊ သကဒါဂါမိမဂ်က အနာဂါမိမဂ်အား၊ အနာဂါမိမဂ်က အရဟတ္တမဂ်အား ကျေးဇူးပြုရာမှာလည်း အထက်က သဘောအတိုင်း ဖြစ် ပါတယ်၊ သာသနာတော်မှာ ဈာန်တရား မဂ်တရားများကိုရမှုဟာ အစဉ် အတိုင်းသာ ရနိုင်ကြပါတယ်၊ ဖားများလို ခုန်ကျော်ပြီး ပဌမဈာန်က တတိယဈာန်၊ သောတာပတ္တိမဂ်က အနာဂါမိမဂ်စသည်ကို ကျော်၍ မရနိုင် ကြောင်းကို အဋ္ဌကထာဆရာများ ပြဆိုချက်ဟာ ဒီဥပနိဿယပစ္စည်း ပဌမံ ဈာနံ ဒုတိယဿ ဈာနဿ၊ ပဌမော မဂ္ဂေါ ဒုတိယဿမဂ္ဂဿ စသည်ဖြင့် ဥပနိဿယပစ္စည်းမှာ ဟောထားတဲ့အတိုင်းဖြစ်ပါတယ်။

ဒါဖြင့် အချို့ပုဂ္ဂိုလ်များဟာ ဘုရားဟောတဲ့တရားကို နာနေတဲ့ တစ်ထိုင် တည်းမှာ ရဟန္တာ တစ်ခါတည်း ဖြစ်သွားမှုဟာ တစ်ခါတည်း အရဟတ္တ ဖိုလ်ကို ရသွားတာမဟုတ်လားဆိုရင် မဟုတ်ပါဘူး၊ အဘိဓမ္မာ ဝိထိများရဲ့ သဘောကို နားမလည်ကြတဲ့ ပုဂ္ဂိုလ်များရဲ့ ယူဆချက်သာ ဖြစ်ပါတယ်၊ စိတ်တို့ရဲ့ဖြစ်မှုက အင်မတန်မြန်လွန်းလေတော့ မဂ်လေးပါး တစ်ခုပြီးမှတစ်ခု ဘာဝင်ခြားကာဖြစ်တာကို မသိလို့ဖြစ်ပါတယ်။

ဒီလို မဂ်လေးပါးကိုရမှုဟာ တကျာမခြားဘဲရမှု၊ ခြားပြီးမှရမှု ရယ်လို့ နှစ်မျိုးရှိပါတယ်။ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့ဟာ လက်ယာရံ လက်ဝဲရံ ဖြစ်ကြပေမယ့် အထက်မဂ်တွေကို မရမှ တကျာဥပါဒ်မယ်ဆိုရင် တကျာခြားပြီးမှ ရကြပါတယ်လို့ ဆိုရလိမ့်မယ်၊ ဘာဆိုလိုတာလဲဆိုရင် အရှင် မြတ်တွေဟာ သောတာပတ္တိမဂ်ကိုရပြီးတဲ့နောက် အထက်မဂ်တွေကို တစ်ထိုင် တည်းမှာ ရကြတာမဟုတ်လေတော့ သူတို့ရဲ့ သန္တာန်မှာ အရဟတ္တမဂ်မရခင် အတွင်း လောဘဆိုတဲ့ တကျာဥပါဒ် နိုင်ကြလို့ဖြစ်ပါတယ်၊ ဗာဟိရစတဲ့ ပုဂ္ဂိုလ်များကတော့ ဗူရိယာပုတ် တစ်ခုတည်းမှာပင် တကျာမခြားဘဲ မဂ် လေးပါးကို အစဉ်အတိုင်း ရလေတော့ တကျာမခြားကြပါဘူး၊ ဒီလို တကျာမခြားဘဲ အကုသိုလ်မခြားဘဲ မဂ်လေးပါးကိုရမှု၊ခြားပြီးမှရမှုတွေကို သစ္စယမိုက်ဓမ္မယမိုက်များမှာ ဟောပါတယ်။

နောက် 'သေက္ခာမဂ္ဂံ ဥပနိဿာယ အနုပ္ပန္နံ သမာပတ္တိံ ဥပ္ပါဒေန္တိ ဥပ္ပါန္နံ သမာပဇ္ဇန္တိ' ဆိုတာက မဂ်ရပြီးတဲ့ သေက္ခပုဂ္ဂိုလ်များဟာ မိမိတို့ ရတဲ့မဂ်နဲ့ ကိုလေသာဆိုတဲ့ ဘေးရန်ကို ပျောညံ့အောင် ပြုကြပယ်ကြပြီး

သမာပတ်ကိုဖြစ်စေကြတယ်ဆိုတော့ မဂ်သာရပြီး ဈာန်မရသေးတဲ့သေက္ခပုဂ္ဂိုလ်တွေဟာ မဂ်ကိုအကြောင်းပြုပြီး မိမိတို့သန္တာန်မှာ မဖြစ်သေးတဲ့ သမာပတ်ကို ဖြစ်စေကြပါတယ်၊ သမာပတ်ကိုရပြီးပုဂ္ဂိုလ်တွေက သမာပတ်ကိုဝင်စားကြပါတယ်၊ အထက်ပါစကားအရ မဂ်သာရပြီး သမာပတ်မရသေးတဲ့ပုဂ္ဂိုလ်ဟာ ဈာန်သမာပတ်ရဖို့ နောက်ထပ်အားထုတ်တဲ့အခါ ဈာန်သမာပတ် ရနိုင်ကြောင်းကိုပြတာဖြစ်ပါတယ်၊ ဒီပုဂ္ဂိုလ်ဟာ ဘယ်တော့မှ ဈာန်သမာပတ်မရနိုင်တဲ့သူက ဝိပဿနာယာနိကပုဂ္ဂိုလ်မဟုတ်ပါဘူး။

တစ်ဖန် 'သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ' ကတော့ အထက်မဂ်များကို မရကြသေးတဲ့ သောတာပန် သကဒါဂါမိ အနာဂါမိ ပုဂ္ဂိုလ်များဟာ သကဒါဂါမိမဂ် အနာဂါမိမဂ် အရဟတ္တမဂ်များကို ရဖို့ရာအတွက် သင်္ခါရတရားတွေကို အနိစ္စ ဒုက္ခ အနတ္တရယ်လို့ ဝိပဿနာရှုကြပါတယ်၊ ယခုပြဆိုတဲ့ဟာတွေဟာ မဂ်ကုသိုလ် အကြောင်းတရားကြောင့် ဖြစ်ပေါ်လာတဲ့ ကုသိုလ်အကျိုးတရားများ ဖြစ်ကြပါတယ်။

နောက်ဆုံး မဂ်လေးပါးက ပဋိသမ္ဘိဒါဉာဏ်လေးပါးနဲ့ ဌာနာဌာန ကောသလ္လဉာဏ်အား ကျေးဇူးပြုကြောင်းကို 'မဂ္ဂေါ သေက္ခာနံ အတ္ထပဋိသမ္ဘိဒါယ နိရုတ္တိပဋိသမ္ဘိဒါယ ပဋိဘာန ပဋိသမ္ဘိဒါယ ဌာနာဌာနကောသလ္လသ ဥပနိဿယ ပစ္စယေနပစ္စယော' လို့ ဟောပါတယ်၊ ပဋိသမ္ဘိဒါဆိုတာ ခွဲခြားဝေဖန်၍သိတဲ့ ဉာဏ်အထူးဖြစ်ပါတယ်၊ ပဋိသမ္ဘိဒါဉာဏ်ကို ရရင် ပိဋကတ်သုံးပုံကိုမှသင်ရဘဲ အားလုံးတတ်ပြီးသား ဖြစ်ပါတယ်၊ ပဋိသမ္ဘိဒါလေးပါးရတဲ့ စူဠပန်အကြောင်း နည်းနည်းကလေး တို့ရုံမျှ ပြောပြပါမယ်၊ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က စူဠပန်ဟာ—

ပဒုမံ ယထာ ကောကနုဒံ သုဂန္ဓံ၊ ပါတော သိယာပုလ္လမ ဝီတ
ဂန္ဓံ အင်္ဂီ ရသံ ပဿဝိရောစ မာနံ၊ တပန္တမာဒိစ္စ မိဝန္တလိက္ခေ။

ကော်ကနုဒ အမည်ရသော ရွှေသားဝတ်ဆံ ပွင့်ချပ်ဝတ်ရာ ပဒုမ္မာ ကြာသည် နေမင်းဂုဏ်ဖြင့် အရုဏ်တက်သောနံနက်အခါ ၌၊ကားကားလှတင့် ပွင့်သည်ဖြစ်၍ ထက်ဝန်းဒိသာ ယူဇနာတိုင်တိုင် သင်းကြိုင်ထုံပျံ့ ရနံ့မွှေးကြူ ခြင်း ရှိသည်ဖြစ်၍ အေးချိုပျံ့လှောင်း ကောင်းသောရနံ့ ရှိသည်ဖြစ်၍ တွန်းပစ်ပယ် လွန်တင့်တယ်သကဲ့သို့ မင်းလွှင်တိမ်ထပ် မြူလျှပ်စင်ဆုံး တန်ဆောင်မုန်းမာသ ကောင်းကင်ဝ၌ တန်ခိုးရောင်ခြည် ထွန်းလည်ပြောင်ပြောင် ထိန်ထိန်လောင်သဖြင့် တောက်ပသော နေလကျွန်းမှန်ကင်း ရှင်နေမင်းကဲ့သို့

ရောင်ခြည်ခြောက်သွယ် ထွန်းစံပယ်လျက် ကင့်တော်မူထသော တစ်သိန်းကုဋေ တွက်ရေစကြဝဠာ အနှံ့ ပြာသော အာဘာတော်နှံ့ ဂုဏ်တော်နှံ့ လည်းရှိထသော ကိုယ်တော်မှ ပြိုးပြိုးပြက် ထွက်သော ရောင်ခြည်တော်ရှိသော မြတ်စွာဘုရားကို သင်ရှုစမ်းပါလေလော့။

ဆိုသည့် လေးပုဒ်သာရှိသောဂါထာကို ဝါတွင်းလေးလပတ်လုံး သင်ပေကျက်ပေမယ်လို့ မရရှိရှာဘူး၊ အနက်အဓိပ္ပာယ်ဆိုတာ ဝေလာဝေး၊ ဘာမှမသိ၊ ပထမပဒဆိုးလို့ ဒုတိယပဒရောက်တဲ့အခါ ပထမပဒ မေ့ပါလေရော၊ ဘာကြောင့်လဲဆိုတော့ ကဿပဘုရားလက်ထက်က အနှစ်နှစ်သောင်းကာလပတ်လုံး ပိဋကတ်ဘတ်တဲ့ မထေရ်ကြီးဖြစ်ပြီး ပညာထုံထိုင်းတဲ့ ရဟန်းတစ်ပါးအား ကျီစားပြက်ရယ်မှုပြုကာ နှိပ်စက်ခဲ့ဖူးတဲ့ ဝစီကံဝိပါက်ကြောင့် ဖြစ်တယ်၊ ကာယကံ ဝစီကံဝိပါက်တွေဟာ ဘုရားများကိုသော်မှ နှိပ်စက်လေတော့ ပြုမူ ပြောဆိုမှုတွေကို အလွန်သတိထားထိုက်ပါတယ်။

ဒီလိုတစ်ဂါထာမျှကို ဝါတွင်း လေးလပတ်လုံး ကျက်လို့မရတော့ အစ်ကိုဖြစ်တဲ့ မဟာပန်ကာ ငါ့ညီ-စူဠပန်၊ မင်းဟာ တစ်ဂါထာကို လေးလလုံးလုံး ကျက်လို့မရလေတော့ အနှစ်သာရနဲ့ပြည့်စုံတဲ့ ဘုရားသာသနာမှာ မနေထိုက်တော့ဘူး၊ လူထွက်ပေတော့လို့ နှင်လိုက်တယ်။ စူဠပန်ကတော့ သာသနာတော်မှာပျော်တယ်၊ လူမထွက်ချင်ဘူး၊ မိမိရဲ့ညဏ်နဲ့ ကံလို့သာဝမ်းနည်းပြီး ငိုနေရှာတယ်။

ဒီတော့ ဘုရားက စူဠပန်ထံလာပြီး ဦးခေါင်းကို လက်တော်နဲ့သုံးသပ်ကာ စူဠပန်- ငါဘုရားထင်ရှားရှိပါလျက် ပညာလေးလံရုံနဲ့ လူမထွက်ရဘူး၊ သင်ဟာ သာဝကဝေနေယျ မဟုတ်၊ ဗုဒ္ဓဝေနေယျပုဂ္ဂိုလ် ဖြစ်တယ်။ (ဗုဒ္ဓဝေနေယျဆိုဘာ ဘုရားကိုယ်တော်တိုင် တရားဟောမှ ချွတ်မှကျွတ်တဲ့ပုဂ္ဂိုလ်ဖြစ်တယ်၊ သာဝကများက မင်ဖိုလ်ရအောင် မစွမ်းနိုင်ကြပါဘူး) ငါဘုရား သင်ပေးမယ်ဆိုပြီး ဖြူစင်တဲ့ပုဆိုးပိုင်းကို ပွတ်နယ်ကာ 'ရဇော ဟရဏံ ရဇော ဟရဏံ' လို့ စီးဖြန်းခိုင်းတော့ ပဋိသမ္ဘိဒါ လေးပါးအဘိညာဉ်ခြောက်ပါးနဲ့တကွ ရဟန္တာဖြစ်သွားပါတယ်၊ ဘုရားက ဇီဝကရဲ့ ဆွမ်းကျွေးရာမှာ တရားအနုမောဒနာပြုခိုင်းတဲ့အခါ ပဋိသမ္ဘိဒါလေးပါးကို ရပြီးဖြစ်လေတော့ စူဠပန်ဟာ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်တဲ့အသံဖြင့် ပိဋကသုံးပုံကိုမွှေနှောက်ကာ နှံ့စပ်အောင် နှီးနှောပြီး တရားအနုမောဒနာပြုတော်မူပါတယ်။

အရှင်မဟာကဿပ၊ အရှင်မဟာကစ္စာယန၊ အရှင်မဟာကောဋ္ဌိက စတဲ့ ရှစ်ကြိမ်သော ပုဂ္ဂိုလ်များရမှုဟာ ရဟန္တာအဖြစ်နဲ့ ရကြပါတယ်၊ အရှင်အာနန္ဒာ စိတ္တသူကြွယ် ဓမ္မိကဥပါသကာ ဥပါလိသူကြွယ် ခုဇ္ဇုတ္တရာ ဥပါသိကာမတို့ကတော့ သေက္ခအရိယာအဖြစ်နဲ့ ရကြပါတယ်၊ ပဋိသမ္ဘိဒါ အကြောင်းနဲ့ ဌာနာ ဌာန ကောသလ္လ အကြောင်းကိုတော့ ရှေ့နှစ်မှ ဆက်လက်ပြောပြပါမယ်။

ပဋိသမ္ဘိဒါရမှုကလည်း အဘိဓမ္မာကိုသင်ခဲ့ဖူး ပို့ချခဲ့ဖူးသူအား ပေးခဲ့ဖူးမှု ရလွယ်တာဖြစ်လေတော့ မိမိတို့ရဲ့စိတ်ဓာတ်ကို နူးညံ့ ပျော့ပျောင်း စေနိုင်ရုံမက ပဋိသမ္ဘိဒါဉာဏ်နှင့်တကွ မဂ်ကိုပါရစေနိုင်သော အဘိဓမ္မာတရားတော်ကြီးကို လေ့လာကြ ဆည်းပူးကြ အားပေးကြပါလို့ (၂၆)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ကို ရည်ညွှန်း၍တိုက်တွန်းအပ်ပါသတည်း။

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏

၁၃၃၇-ခုနှစ်၊ (၂၇)ကြိမ်မြောက်

အဘိဓမ္မာအခါတော်နေ့တွင်

## သြဝါဒါစရိယ မူလပဋ္ဌာန်း ဆရာတော်ဘုရားကြီး ၏

## အဲသံလွင့် ဟောပြောချက်

မနှစ်ကပဋိသမ္ဘိဒါအကြောင်းကို ဆက်လက်ပြောပြမယ်လို့ ပြောခဲ့ပါတယ်၊ ပဋိသမ္ဘိဒါဉာဏ်ဆိုတာ အထူးထူး အပြားပြားကို စုံစုံလင်လင်သိတဲ့ ဉာဏ်အထူးဖြစ်ပါတယ်၊ ဒီပဋိသမ္ဘိဒါ ဉာဏ်ဟာ (၁) အနက်သဘော အမျိုးမျိုး၊ အကြောင်းရဲ့ အကျိုးတရား အမျိုးမျိုးကို စုံစုံလင်လင်ခွဲခြမ်း ဝေဖန်၍ သိတဲ့ ပဋိသမ္ဘိဒါဉာဏ်ဟာ အတ္ထပဋိသမ္ဘိဒါဉာဏ်မည်တယ်။

အကျိုးဆိုတာ (၁) အကြောင်းပစ္စည်းတရားကြောင့်ဖြစ်တဲ့ အကျိုးပစ္စယုပ္ပန်တရား (၂) နိဗ္ဗာန် (၃) ပါဠိတော်ရဲ့ အနက်သဘော (၄) ဝိပါက်တရားနဲ့ (၅) ကြိယာတရားများ ဖြစ်ပါတယ်။ ဒီငါးပါးကို ဆင်ခြင်တဲ့အခါ သိတဲ့ဉာဏ်ဟာ အတ္ထပဋိသမ္ဘိဒါဉာဏ် ဖြစ်ပါတယ်။

(၂) ဓမ္မပဋိသမ္ဘိဒါကတော့ အကြောင်းအမျိုးမျိုးကို စုံလင်စွာသိတဲ့ ဉာဏ်ဖြစ်ပါတယ်၊ အကြောင်းဆိုတာ (၁) အကျိုးကို ဖြစ်စေတတ်တဲ့ အကြောင်းတရား (၂) အရိယာမဂ် လေးပါး (၃) ပါဠိတော်အစဉ် (၄) ကုသိုလ်တရားနဲ့ (၅) အကုသိုလ်တရားဖြစ်ပါတယ်။ ဒီအကြောင်း ငါးပါးကို ဆင်ခြင်တဲ့အခါ သိတဲ့ဉာဏ်ဟာ ဓမ္မပဋိသမ္ဘိဒါဉာဏ် ဖြစ်ပါတယ်။

(၃) နိရုတ္တိပဋိသမ္ဘိဒါဆိုတာအတ္ထဖြစ်တဲ့အကျိုး၊ ဓမ္မဖြစ်တဲ့အကြောင်း တရားနှစ်ပါးရဲ့ သဘာဝ ဖြစ်တဲ့ သဒ္ဒါရုံပြုပြီး မာဂဓ ဘာသာ သဒ္ဒါ

အမျိုးမျိုးကိုစုံလင်စွာ သိတဲ့ဉာဏ်ဖြစ်ပါတယ်၊ သဒ္ဒါရဲ့ဟာ ပရမတ္ထအာရုံ ဖြစ်လေတော့ ပညတ်ကို အာရုံမပြုပါဘူး၊ အသံတစ်ခုကြားလိုက်တဲ့အခါ ဒါဟာသဘာဝအသံဟုတ်တယ်၊ ဒါဟာဖြင့် သဘာဝ အသံမဟုတ်ဘူးလို့ သိပါတယ်။

ထင်ရှားအောင် ပြောရရင် 'ဖဿော' ဆိုတဲ့ အသံကိုကြားတဲ့ အခါ ဒီအသံဟာ သဘာဝအသံဟုတ်တယ်၊ 'ဖဿာဖဿံ' လို့ကြားတဲ့အခါ ဒီအသံဟာ သဘာဝအသံ မဟုတ်ဘူးရယ်လို့သိတယ်၊ ဒီနိရုတ္တိပဋိသမ္ဘိဒါဟာ မာဂဓဘာသာနဲ့သာ စပ်ဆိုင်ပါတယ်၊ သက္ကဋဘာသာအင်္ဂလိပ်ဘာသာစသည်တွေနဲ့ မသက်ဆိုင်ပါဘူး၊ ဒီသက္ကဋဘာသာ အင်္ဂလိပ်ဘာသာစသည်တွေကို သိမှုဟာ ပဋိသမ္ဘိဒါရဲ့ကိစ္စမဟုတ်ပါဘူး၊ ဝတ္ထုတစ်ခုထုတ်ပြတာကတော့ တိဿဒတ္တမထေရ်ဟာ ဗောမဏ္ဍိုင်မှာ ရွှေတံမြက်ဆုပ်ကို ကိုင်ပြီးဘာသာ (၁၈)ရပ်လဲကဘယ်ဘာသာနဲ့ ဟောရမလဲလို့ဖိတ်ကြားမှုဟာ ပဋိသမ္ဘိဒါ ဉာဏ်ရလို့ ဖိတ်ကြားတာ မဟုတ်ပါဘူး ဒီမထေရ်ဟာ ရှေးအခါက ပညာဉာဏ်ကြီးသည့် အလျောက် သင်ကြားထားခဲ့လို့ ဖြစ်ပါတယ်။

ဘာသာကို သတ္တဝါတွေသင်ယူကြတဲ့အခါ မိဘများက သားငယ်တို့ကို ထိုထိုစကားကိုပြောကြပြီး အလုပ်လုပ်ကြတဲ့အခါ သူငယ်တွေကမိဘများ ပြောဘာကို ဒါကိုပြောတာပဲရယ်လို့ မှတ်သားကြတာဖြစ်ပါတယ်၊ ကာလ ကြာလာတော့ မိဘကတောင်သူဖြစ်ရင် မိဘတောင်သူရဲ့စကားကိုပြောကြပါလိမ့်မယ်၊ထိုနည်းတူမိဘများက အခြားဘာသာ သက္ကဋဘာသာစကားကို ပြောကြရင် သားသမီးများက အခြားဘာသာ သက္ကဋစသောစကားကို ပြောကြပါလိမ့်မယ်၊မိဘစကားကိုမကြားကြရင်တော့ မာဂဓ ဘာသာကိုသာ ပြောကြပါလိမ့်မယ်။

ရွာမနီးတဲ့ တောကြီးထဲမှာမွေးဖွားပြီး ဘယ်သူကမှ ပြောမည့်သူမရှိရင်၊ ဒီကလေးဟာဓမ္မတာအားဖြင့် မာဂဓကိုသာပြောလိမ့်မယ်၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ လူ့လောက နတ်ပြည်ဆိုတဲ့ အရပ်တွေမှာ မာဂဓဘာသာကိုသာ အပြောများကြပါတက်၊ မာဂဓဘာသာမှတစ်ပါးဖြစ်တဲ့ (၁၈) ရပ် သော ဘာသာတွေကဖောက်ပြန်ကြပါတယ်၊ ဗြဟ္မဝေါဟာရ၊ အရိယဝေါဟာရ ဖြစ်တဲ့မာဂဓဘာသာကမဖောက်ပြန်ပါဘူး၊မြတ်စွာဘုရားများပိဋကသုံးပုံကို ဟောတော်မူတဲ့အခါမှာလည်း၊ မာဂဓ ဘာသာဖြင့်သာ ဟော တော်မူပါတယ်၊ ဘာ့ကြောင့်လဲဆိုရင် အနက်ကိုဆောင်လွယ်လို့ဖြစ်ပါတယ်၊ မှန်

ပါတယ်၊ မာဂဓဘာသာဖြင့် အစဉ်သို့တင်ထားအပ်တဲ့ ဘုရားစကားတော်ဟာ ပဋိသမ္ဘိဒါပတ္တ ပုဂ္ဂိုလ်တို့အား သိလွယ်စေပါတယ်၊ သောတပသာဒသို့ရောက်ခြင်းက ကြာနေပါသေးတယ်၊ သောတပသာဒကို ထိခိုက်လိုက်တယ်ဆိုရင် နည်းပေါင်းတစ်ရာ၊ နည်းပေါင်းတစ်ထောင်တို့ဖြင့် အနက်ထင်လာပါတယ်၊ အခြားဘာသာကို သင်ထားမယ်ဆိုရင် ပဋိသမ္ဘိဒါဉာဏ်မရသေးတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်များမှာ ဉာဏ်မပွားပါဘူး၊ မာဂဓဘာသာကို သင်ရင်တော့ဉာဏ်ပွားပါတယ်၊ ဒါပေမယ့်ပုထုဇဉ်ဖြစ်နေတော့ ပဋိသမ္ဘိဒါဉာဏ်ကိုမရနိုင်ပါဘူး၊ အရိယာ သာဝကများကတော့ ပဋိသမ္ဘိဒါဉာဏ်မရောက်တာရှားပါတယ်။

(၄) ပြဆိုခဲ့ပြီးဖြစ်တဲ့အတ္ထ၊ ဓမ္မ၊ နိရုတ္တိပဋိသမ္ဘိဒါဉာဏ် သုံးပါးရဲ့ အလုပ်ကိစ္စတွေကိုသိတဲ့ဉာဏ်ဟာ ပဋိဘာန ပဋိသမ္ဘိဒါဉာဏ် မည်ပါတယ်၊ ဒီပဋိဘာနပဋိသမ္ဘိဒါဉာဏ်ဟာရှေ့ဉာဏ်သုံးပါးရဲ့ အလုပ်ကိစ္စကို သိပေမယ့် မိမိကိုယ်တိုင်ကတော့ ဒီဉာဏ်တွေရဲ့အလုပ်ကိစ္စကိုပြုခြင်းငှာမစွမ်းနိုင်ပါဘူး၊ ဘာနဲ့တူသလဲဆိုရင်အသံမကောင်းတဲ့ ဗဟုသုတရဟန်းဟာ အသံကောင်းတဲ့ အပ္ပသုတ ဓမ္မကထိက ရဟန်းရဲ့အလုပ်ကို မလုပ်နိုင်သလိုဖြစ်ပါတယ်၊ ထင်ရှားအောင်ပြောရရင် အသံမကောင်း၊ ဉာဏ်သာကောင်းတဲ့ရဟန်း၊ အသံသာကောင်းပြီး ဉာဏ်မကောင်းတဲ့ရဟန်းနှစ်ပါး တရားဟောကြားတဲ့အခါ၊ အသံကောင်းပြီးဉာဏ်မကောင်းတဲ့ရဟန်းကရောက်လေရာနေရာတိုင်းမှာမိမိရဲ့ အသံကောင်းတဲ့ ဂုဏ်နဲ့တရားနာပရိသတ်တွေကိုနှစ်သက်အောင်တရားဟောပြနိုင်တယ်၊ တရားနာကြတဲ့ပုဂ္ဂိုလ်တွေကလည်း လွန်စွာအားရဝမ်းမြောက်ကြပြီး ဒီရဟန်းတော်ဟာ ခုလိုတရားဟောပုံအတိုင်းသာဆိုရင် ပိဋကသုံးပုံဆောင် ရဟန်းတော်တစ်ပါးဖြစ်လိမ့်မယ်ထင်တယ်လို့ ချီးမွမ်းစကားပြောကြားကြတယ်၊ ဒီလိုချီးမွမ်းတာကို အသံမကောင်း၊ ဉာဏ်သာကောင်းတဲ့ ရဟန်းက မနာလိုတဲ့စိတ်ဖြစ်ပြီး ဒီပုဂ္ဂိုလ်ပိဋက သုံးပုံဆောင်ဟုတ်/မဟုတ် နောက်တစ်ခါတရားနာကြည့်ရင် သိကြမှာပေါ့လို့ပြောတယ်၊ ရည်ရွယ်ချက်ကတော့ ဒီပုဂ္ဂိုလ်ဟာ ဉာဏ်မကောင်းတော့ အခြားတရားအသစ်ဟောစရာမရှိဘဲ နောက်တစ်ကြိမ်ဟောရင် ဒီတရားကိုပဲ ထပ်ဟောမှာပါဆိုတဲ့ ရည်ရွယ်ချက်နဲ့ပြောတာဖြစ်တယ်၊ ဒီလိုမနာလိုလို့ပြောပေမယ့်၊ သူကိုယ်တိုင်ကတော့ တရားနာပရိသတ်တွေကိုချောက်ချားအောင်၊ ဝမ်းမြောက်သဘောကျအောင် တရားဟောခြင်းငှာမစွမ်းနိုင်ပါဘူး။

ထို့အတူ ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်သုံးပါးရဲ့အလုပ်ကိစ္စကိုသိပေမယ့် မိမိကိုယ်တိုင်ကတော့ ဒီဉာဏ်တွေရဲ့အလုပ်ကိစ္စကိုမပြုလုပ်နိုင်ပါဘူး။

## ပစ္စဝေက္ခဏာဉာဏ်ရဲ့တရားကိုယ်

ဓမ္မပစ္စဝေက္ခဏာ၊ နိဗ္ဗာနပစ္စဝေက္ခဏာ၊ ပဋိဘာနပစ္စဝေက္ခဏာ သုံးပါးက လောကီဖြစ်ပါတယ်။ အတ္ထပစ္စဝေက္ခဏာကလောကီ၊ လောကုတ္တရာဖြစ်ပါတယ်။ လောကီဆိုပေမယ့်မဟာကုသိုလ်၊ ကြိယာဉာဏသမ္ပယုတ်စိတ်(၈)ခုသာဖြစ်ပါတယ်၊မဟာကုသိုလ်ဉာဏသမ္ပယုတ်(၄)ခုကသေက္ခပုဂ္ဂိုလ်နဲ့ဆိုင်ပါတယ်၊ သေက္ခပုဂ္ဂိုလ်များဟာအကြောင်းတရားကိုဆင်ခြင်တဲ့အခါနောက်ကပြခဲ့တဲ့ငါးပါးသောအကြောင်းတရားတွေကို အာရုံပြုပြီး မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်(၄)ခု၌ ဓမ္မပစ္စဝေက္ခဏာဉာဏ်ဖြစ်ပါတယ်၊ ပရမတ္ထသဘောကိုဆင်ခြင်တဲ့အခါသဒ္ဒါရုံကို အာရုံပြုပြီး၊ နိရုတ္တိပစ္စဝေက္ခဏာဉာဏ်ဖြစ်ပါတယ်၊ ဉာဏ်သုံးပါးကို ဆင်ခြင်တဲ့အခါ ဉာဏ်သုံးပါးကိုအာရုံပြုပြီး ပဋိဘာနပစ္စဝေက္ခဏာဉာဏ်ဖြစ်ပါတယ်။

အတ္ထပစ္စဝေက္ခဏာဉာဏ်ကတော့ သေက္ခ၊အသေက္ခပုဂ္ဂိုလ်နှစ်မျိုးနဲ့သက်ဆိုင်ပါတယ်၊ သေက္ခပုဂ္ဂိုလ်များဟာ အကျိုးတရားကိုဆင်ခြင်တဲ့အခါ နောက်ကပြခဲ့တဲ့ အကျိုးငါးပါးကို အာရုံပြုပြီး မဟာကုသိုလ် ဉာဏသမ္ပယုတ်(၄)ခုမှာ အတ္ထပစ္စဝေက္ခဏာဖြစ်ပါတယ်၊ မဂ်ဖိုလ်ကာလမှာမဂ်စိတ်၊ ဖိုလ်စိတ်တွေမှာ အတ္ထပစ္စဝေက္ခဏာဖြစ်ပါတယ်၊ အသေက္ခပုဂ္ဂိုလ်ကတော့ အကျိုးကိုဆင်ခြင်တဲ့အခါ နောက်ကပြခဲ့တဲ့ အကျိုးငါးပါးကို မဟာကြိယာဉာဏသမ္ပယုတ်(၄)ခုမှာ အတ္ထပစ္စဝေက္ခဏာဖြစ်ပါတယ်၊ ဖိုလ်ကာလမှာ သာမညဖြစ်တဲ့ အရဟတ္တဖိုလ်မှာ အတ္ထပစ္စဝေက္ခဏာဖြစ်ပါတယ်၊ (အသေက္ခဖြစ်ခဲလေတော့မဂ်နဲ့မဆိုင်ပါဘူး၊ သာမညဖိုလ်ဆိုသဖြင့် ဝင်စားတဲ့ ဖိုလ်နဲ့လည်းမဆိုင်ပါဘူး၊ ပစ္စဝေက္ခဏာနဲ့ပတ်သက်လို့ သိသင့်သမျှ အနည်းငယ်မျှပြောခဲ့ပါပြီ၊ယခု"ဌာနာဌာနာကောသလ္လံဉာဏ ဥပ္ပနိဿယ ပစ္စယေန ပစ္စယော" အရ ဌာနာဌာနာ ကောသလ္လဉာဏ်ကိုဆက်လက်ပြီးပြောပြပါမယ်။

ဌာနာဌာနာကောသလ္လဉာဏ်ဆိုတာ အကြောင်းဟုတ်သည် မဟုတ်သည်၌ လိမ္မာတဲ့ဉာဏ် ဖြစ်ပါတယ်။ မွေသင်္ဂဏီ၊ သုတ္တန္တမာတိကာမှာ စက္ခုပသာဒဟာ စက္ခုဝိညာဉ်ရဲ့ အကြောင်းဟုတ်တယ်၊ သံရက်စေ့ဟာ သရက်ပင်ရဲ့ အကြောင်းဟုတ်တယ် စသည်ဖြင့် အကြောင်းဟုတ်သည်၌ လိမ္မာတဲ့ဉာဏ်ဟာ ဌာန ကောသလ္လဉာဏ် မည်တယ်၊ စက္ခုပသာဒဟာ သောတဝိညာဉ်ရဲ့ အကြောင်းမဟုတ်၊ စက္ခုပသာဒဟာ သောတဝိညာဉ်

ရှဲ့အကြောင်းမဟုတ် စသည်ဖြင့် အကြောင်းမဟုတ်သည်၌ လိုမှာတဲ့ဉာဏ် ဟာ အဌာနကောသလ္လဉာဏ် မည်တယ်လို့ အကျဉ်းမျှ ဟောပါတယ်။

အင်္ဂုတ္တရကျမ်းအဌာနပါဠိနဲ့ ပဏ္ဏာသ ဗဟုဓာတုက သုတ်မှာတော့ အတော်ကျယ်ဝန်းစွာ ဟောပါတယ်၊ အချိန်မရလို့ အကျဉ်းမျှ ပြောပြပါမယ်။

(၁) သောတာပန်ရယ်လို့ ဖြစ်လာရင် တစ်စုံတစ်ခုသော သင်္ခါရကို နိစ္စ သုခ အတ္တရယ်လို့ ယူမှုဟာ အကြောင်းမဟုတ်ပါဘူး၊ ပုထုဇဉ် များသာ နိစ္စ သုခ အတ္တရယ်လို့ ယူကြပါတယ်။

(၂) သောတာပန်ရယ်လို့ ဖြစ်လာရင် အမိ အဖ ရဟန္တာကိုသတ်မှု၊ ဘုရားကို သွေးစိမ်းတည်အောင်ပြုမှု၊ သံဃာကိုသင်းခွဲမှုဆိုတဲ့ ပဉ္စာနန္တရိယကံကြီးကိုပြုမှုဟာ အကြောင်းမဟုတ်ပါဘူး၊ အရိယာဆိုတဲ့ ဒီလိုကံကြီးတွေကိုမပြောနဲ့၊ ပိုးရွခြပုန်းကလေးကိုတောင် သေစေလိုတဲ့ စေတနာနဲ့ မသတ်ပါဘူး၊ ဘဝတစ်ပါးသို့ ပြောင်းသွားတဲ့အရိယာဟာ မိမိရှဲ့အရိယာဖြစ်နေတာကို မသိပေမယ့် တစ်စုံတစ်ယောက်သော သူက ပိုးရွခြပုန်းကလေးကိုသတ်ရင် စကြဝတေးမင်းကြီး ဖြစ်မှာပါ ဆိုပေမယ့် မသတ်ပါဘူး၊ မင်းမသတ်ရင် မင်းခေါင်းကို ဖြတ်ရယ်မှမယ်ဆိုလည်း ခေါင်းကိုသာ အဖြတ်ခံပါလိမ့်မယ်၊ မိဘစသည်ကို သတ်တဲ့ အနန္တရိယကံကို ကျူးလွန်ခဲ့တဲ့ ပုဂ္ဂိုလ်ဟာ ဒီကံရှဲ့အကျိုးကိုမပေးရလေအောင် တားမြစ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စကြဝဠာ တစ်ခုလုံးအပြည့် မဟာစေတီပမာဏရှိတဲ့ ရွှေစေတီတွေကိုတည်ပြီး စကြဝဠာ အပြည့်ရှိနေတဲ့ ရဟန်း သံဃာတော်တွေကို ကြီးကျယ်တဲ့ အလှူပေးရုံမက ဘုရားရှဲ့ သင်္ကန်းစွန်းကိုကိုင်ကာ ဘုရားနဲ့အတူ လှည့်လည်နေပေမယ့် အဇာတသတ်လို ငရဲကျမှုကတော့ မလွတ်မြောက်နိုင်ပါဘူး၊ လူဖြစ်တဲ့မိဘ၊ ရဟန္တာတို့သတ်ရင်သာ အနန္တရိယကံထိုက်ပါတယ်၊ သီဟဗာဟုတို့လို တိရစ္ဆာန်ဖခင်ဖြစ်တဲ့ ခြင်္သေ့ကြီးကို သတ်တာကတော့ အနန္တရိယကံမထိုက်ပါဘူး၊ ဒါပေမယ့် အနန္တရိယကံနဲ့ အလားတူ အပြစ်ကြီးလှပါတယ်၊ ပုထုဇဉ်များကတော့ ဒီအနန္တရိယကံကြီးတွေ ပြုလုပ်နိုင်ပါတယ်။

(၃) သောတာပန်ဖြစ်ရင် ဘုရားမှ တစ်ပါးသောသူကို ဆရာရယ်လို့ ညွှန်ပြစရာအကြောင်း မရှိပါဘူး၊ ပုထုဇဉ်များသာ ညွှန်ပြနိုင်ခွင့် ရှိကြပါတယ်။

(၄) ဇာတိခေတ်ဆိုတဲ့ လောကဓာတ်တစ်ခုမှာ ဘုရားနှစ်ဆူ မရှေး မနှောင်းပွင့်၊ စကြာဝတေးမင်းနှစ်ပါးဖြစ်မှုဟာ အကြောင်းမဟုတ်ပါဘူး၊ ဘုရားတစ်ဆူ၊စကြာဝတေး မင်းတစ်ပါးသာဖြစ်မှုဟာ အကြောင်းဟုတ်ပါတယ်၊ ဘုရားနှစ်ဆူပြိုင်မပွင့်တာက ဘုရားများရဲ့ ဂုဏ်တော်တန်ခိုးတော် ကြီးကျယ်တာရယ်၊ ချီးမွမ်းအံ့ဖွယ် မဟုတ်မှာကြောင့် ဖြစ်ပါတယ်၊ဘုရားများရဲ့ ဓာတ်တော်တွေရှိသေးရင် နောက်ထပ် ဘုရား တစ်ဆူ မပွင့်ပါဘူး၊ ရှိသမျှ ဓာတ်တော်တွေအားလုံး တေဇောဓာတ်လောင်ပြီး ဓာတုပရိနိဗ္ဗာန် ပြုပြီးတဲ့အခါ အခြားဘုရားတစ်ဆူ ပွင့်နိုင်ပါတယ်၊ ယခုရှိနေတဲ့ဘုရားရဲ့ ဓာတ်တော်တွေဟာ ဂေါတမဘုရားရဲ့ ဓာတ်တော်တွေသာ ဖြစ်ပါတယ်၊ ရှေးဘုရားတွေရဲ့ ဓာတ်တော်တခုမျှမရှိပါဘူး၊ စကြာဝတေး မင်းနှစ်ပါး မဖြစ်တာကတော့ ငြင်းခုံမှုမဖြစ်ရအောင် ချီးမွမ်းဖွယ်ဖြစ်တဲ့ စကြာရတနာရဲ့ အာနုဘော်ကြီးကျယ်ပုံကို ပြရအောင်ဖြစ်ပါတယ်။

(၅) မိန်းမများ၊ ဘုရား-စကြာဝတေးမင်း-သကြား-မာရ်နတ်-ဗြဟ္မာကြီး မဖြစ်နိုင်ပါဘူး၊ ယောကျ်ားများသာ ဖြစ်နိုင်ပါတယ်၊ မိန်းမများ ဘုရားဖြစ်ဖို့မဆိုထားနှင့်၊ မိန်းမအဖြစ်နဲ့ ဘုရားဆုကို တောင်းလို့မရပါဘူး၊ သီလရှင်ဒေါ်ကင်းက တပည့်တော်မ ဘုရားဆုကို တောင်းပါတယ်လို့ ဗန်းမော်ဆရာတော်ထံလျှောက်ကြားလိုက်တဲ့အခါ ဆရာတော်ကယောကျ်ား ဖြစ်အောင် အရင်လုပ်အုံးလို့ ပြောရမှာကို ခပ်ကြမ်းကြမ်း 'ငါ့ပေါင်ကြားထဲကဟာ နင့်ပေါင်ကြားထဲရောက်အောင် အရင်လုပ်အုံး'လို့ ပြောလိုက်ပါတယ်၊ မိန်းမများ စကြာဝတေးမင်း မဖြစ်နိုင်တာကတော့ အအိမ်ဖြင့်ဖုံးလွှမ်းအပ်တဲ့အင်္ဂါနိမိတ်ချို့တဲ့မှု၊ မိဖုရားရတနာချို့တဲ့မှုကြောင့် ဖြစ်ပါတယ်၊သိကြားမင်း၊ မာရ်နတ်မင်း၊ဗြဟ္မာမင်းကြီး မဖြစ်နိုင်တာ မိန်းမများ လိင်ယုတ်ညံ့လို့ဖြစ်ပါတယ်။

(၆) ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်ကိုပြုရင် ဒီဒုစရိုက်တွေရဲ့အကျိုးဟာ အလိုရှိအပ် နှစ်သက်အပ်၊စိတ်နှလုံးကို ပွားစေတတ်တဲ့အကျိုးများ ဖြစ်ရန် အကြောင်း မဟုတ်ပါဘူး၊ အလိုမရှိအပ်၊ မနှစ်သက်အပ်၊ စိတ်နှလုံးကို မပွားစေတပ်တဲ့ အကျိုးတရားဖြစ်မှုသာ အကြောင်းဟုတ်ပါတယ်၊ ဒီကာယဒုစရိုက် စသည်တို့ကြောင့် သေတဲ့အခါမှာ ငရဲသို့သာ ကျရောက်မှုဟာ အကြောင်းမှန်ပါတယ်၊ တမာမျိုးစေ့၊ခွေးတောက်မျိုးစေ့များဟာ ချိုမြိန်တဲ့အရသာရှိတဲ့ အသီးမသီးနိုင်သလို ဖြစ်ပါတယ်။

ဒုကာယစရိုက်၊ ပစိသုစရိုက်၊ မနောသုစရိုက်ကိုပြုရင် ဒီသုစရိုက်တွေရဲ့ အကျိုးဟာ အလိုရှိအပ်၊နှစ်သက်အပ်၊စိတ်နှလုံးကိုပွားစေတတ်တဲ့အကျိုးများ ဖြစ်ရန်အကြောင်းဟုတ်ပါတယ်၊ အလိုမရှိအပ်၊မနှစ်သက်အပ်၊ စိတ်နှလုံးကို မပွားစေတတ်တဲ့ အကျိုးတရားမဖြစ်ပါဘူး၊ သေပြန်တော့လဲ နတ်ပြည် သို့ရောက်ရမှုဟာ အကြောင်းဟုတ်ပါတယ်၊ ကြံသလေးစတဲ့ မျိုးစေ့တွေ ဟာ ချိုမြိန်ကောင်းမြတ်တဲ့ အရသာရှိတဲ့ အသီးကိုသီးစေနိုင်တာနဲ့တူပါ တယ်။

ယခုဌာနဌာနာကောသလ္လဉာဏ်ကိုအလွန်ကျဉ်းလှစွာ ပြောလို့ပြီးပါပြီး၊ သေက္ခပုဂ္ဂိုလ်တို့ရဲ့ အောက်မဂ်သုံးခုဟာ ပဋိသမ္ဘိဒါလေးပါးနှင့် တကွ ဌာနာ ဌာနာကောသလ္လဉာဏ်အား ပကတူပနိဿယနဲ့ကျေးဇူးပြုကြောင်း ကို 'မဂ္ဂါသေက္ခာနံ အတ္ထပဋိသမ္ဘိဒါယ ဓမ္မပဋိသမ္ဘိဒါယ နိရုတ္တိ ပဋိသမ္ဘိဒါ ယ ပဋိဘာနပဋိသမ္ဘိဒါယ ဌာနာ ဌာနာကောသလ္လဿ ဥပနိဿယပစ္စယေန ပစ္စယော' လို့ဟောတော်မူသည့်အတိုင်း ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ဌာနာ ဌာနာ ကောသလ္လဉာဏ်ရကြောင်း အဘိဓမ္မာဟာရးတော်မြတ်ကို သိနား လည်အောင် အားထုတ်ကြပါဟု(၂၇)ကြိမ်မြောက် အဘိဓမ္မာအခါတော် နေ့ကို ရည်ညွှန်း၍တိုက်တွန်းလိုက်ပါသတည်း။ ။

## ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း
## ၁၃၃၈ ခုနှစ်၊ (၂၈) ကြိမ်မြောက်
## အဘိဓမ္မာအခါတော်နေ့တွင်
# ဩဝါဒါစရိယမူလပဋ္ဌာန်းဆရာတော်ဘုရားကြီး၏
# အသံလွှင့်ဟောပြောချက်

မနှစ်က ပကတူပနိဿယပစ္စည်းမှ ကုသိုလ်အကြောင်းပြုပြီး ကုသိုလ်ဖြစ်ပုံကို ပြောပြခဲ့ပါတယ်၊ သည်နှစ် ကုသိုလ်ကြောင့် အကုသိုလ်ဖြစ်ပုံကို ပဋ္ဌာန်းပါဠိတော်ကြီးမှာ "ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော၊ သဒ္ဓံ ဥပနိဿာယ မာနံဇပ္ပေတိ ဒိဋ္ဌိံ ဂဏှာတိ။ သီလံ သုတံ စာဂံ ပညံ ဥပနိဿာယ မာနံဇပ္ပေတိ ဒိဋ္ဌိံ ဂဏှာတိ"လို့ ဟောပါတယ်။

ငါသာ သဒ္ဓါ တရားနဲ့ပြည့်စုံတယ်၊ ငါလို သဒ္ဓါတရားနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်မရှိဘူးရယ်လို့ မိမိသန္တာန်မှာရှိတဲ့ သဒ္ဓါတရားကိုအမှီပြုပြီး မိမိကိုယ်ကို ထောင်လွှားတဲ့အခါ၊ လက်မထောင်တဲ့အခါ မာနတရား ဖြစ်ပါတယ်။ ပဋ္ဌာန်း ပဉ္စာဝါရဝိဘင်္ဂပါဠိတော်ကြီးမှာ ဟောထားတဲ့ တရားတွေဟာ သတ္တဝါတွေရဲ့သန္တာန်မှာနေ့စဉ် နာရီစဉ် မိနစ်စဉ်တိုင်း ဖြစ်နေတဲ့သဘော တရားတွေဖြစ်ပါတယ်၊ခုပြောခဲ့တဲ့အတိုင်း ကမ္ဘာလောကမှာရှိကြတဲ့သတ္တဝါတွေမှာ သဒ္ဓါအကြောင်းပြုပြီး မာနဖြစ်တတ်ကြမှုဟာ လွန်စွာ သိသာထင်ရှားပါတယ်။

ဒိဋ္ဌိဖြစ်ပုံကတော့ ဒီပုဂ္ဂိုလ်ဟာ ဗဟုသုတနည်းပါးလေတော့ သဘောဟုတ်မဟုတ်၊ အနက်အဓိပ္ပာယ်ကို မစုံစမ်း မဆင်ခြင်တတ်ပါဘူး၊သူတစ်ပါး ပြောရင် ယုံကြည်တတ်လေတော့ သူတစ်ပါးပြောတဲ့အတိုင်း ဒီသဒ္ဓါတရား ကိုပင် ငါပဲရယ်လို့ အတ္တစွဲနဲ့ စွဲလမ်းတဲ့အခါ ဒိဋ္ဌိဖြစ်ပါတယ်။ ဒါဟာ နှလုံးသွင်းလမ်းမမှန်လေတော့ ကုသိုလ်ဖြစ်တဲ့ သဒ္ဓါတရားကိုအမှီပြုပြီး

အကုသိုလ်ဖြစ်တဲ့ မာန၊ ဒိဋ္ဌိများဖြစ်ပါတယ်၊ ထိုနည်းတူ သီလစသည်ကို အမှီပြုပြီး တောင်လာတဲ့အခါ ဒိဋ္ဌိဖြစ်ပါတယ်။

သုတပညာကို အကြောင်းပြုပြီး မာန တေးင်လာတဲ့အတွက် ယခု ထက်တိုင် အဝိစိငရဲကြီးမှာ ခံနေရတဲ့ ဝတ္ထုကို အကျဉ်းမျှ ပြောပြပါမယ်၊ ကဿပဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက်၊ ညီအစ်ကိုနှစ်ယောက် လူ့ ဘောင်မှထွက်ခါ သာဝကများထံ ရဟန်းပြုပါတယ်။ အစ်ကိုကြီးကသောဓန၊ ညီငယ်က ကပိလဖြစ်ပါတယ်၊ ညီနှောင်နှစ်ယောက်ဟာ ဆရာဥပဇ္ဈာယ်တွေရဲ့ ဝတ်ကြီးဝတ်ငယ်ကို ပြုလုပ်ပြီးနေကြရာမှာ တစ်နေ့တော့ ဆရာဥပဇ္ဈာယ်တို့ကို အရှင်ဘုရားတို့ သာသနာတော်မှာ ဓုရားယ်နှစ်ပါးရှိပါသလဲလို့ လျှောက် ထားကြတယ်။ ဂန္ထဓုရ၊ ဝိပဿနာဓုရရယ်လို့ ကြားသိရတဲ့အခါ အစ်ကို ကြီးက ဝိပဿနာဓုရကို ဖြည့်မယ်လို့ စိတ်ကူးပြီး ငါးနှစ်ကာလပတ်လုံး ဆရာများထံ နေထိုင်ကာ အရဟတ္တဖိုလ်ရောက် ကမ္မဋ္ဌာန်းကိုယူပြီး တောထဲ ဝင်ကာ တရားအားထုတ်လိုက်တော့ ရဟန္တာဖြစ်သွားပါတယ်။

ညီငယ် ကပိလကတော့ ငါယခုငယ်သေးတယ်၊ ကြီးမှ ဝိပဿနာဓုရကို ဖြည့်ကျင့်မယ် စိတ်ကူးပြီး ပိဋကတ်သုံးပုံကို သင်ကြားပါတယ်၊ သင်ကြား လို့ တတ်မြောက်လာတော့ သူ့ရဲ့ပရိယတ်ကိုအမှီပြုပြီး အခြံအရံ များလာ တယ်၊ အခြံအရံကိုအမှီပြုပြီး လာဘ်လာဘ ပေါများလာတယ်၊ ဒီအခါ အကြားအမြင်များတဲ့ သုတကိုအမှီပြုပြီး မာန်ကလဲရစ်၊ သော်က တဏှာက လည်း နှိပ်စက်လေတော့ သူ့ကိုသူ အလွန်ပညာရှိတဲ့ ငါပဲရယ်လို့ အထင်ကြီးပြီး သူတစ်ပါးက အပ်တယ်ပြောရင် သူကမအပ်ဘူး။ သူတစ် ပါးက မအပ်ဘူးပြောရင် သူက အပ်တယ်လို့ပြောရုံမက အပြစ်ရှိတာကို လည်း မရှိဘူး၊ အပြစ်မရှိတာကိုလည်း ရှိတယ်လို့ပြောတယ်။

သီလကို ချစ်မြတ်နိုးကြတဲ့ ရဟန်းတော်များက ငါ့ရှင်ကပိလ၊ ဒီလိုမ ပြောနဲ့လို့ ဓမ္မဝိနယကိုပြကာဆိုဆုံးမကြတဲ့အခါ၊ ကိုယ်တော်တို့ ဘာသိကြ လို့လဲလို့ငြင်းခုံမှု ရှုတ်ချမှုပြုကာ လှည့်လည်ခဲ့တယ်။ သူ့အစ်ကိုကြီး သောဓနမထေရ်အား ရဟန်းတော်များက အကြောင်းကို လျှောက်ကြား တဲ့အခါ အစ်ကိုကြီးက ကပိလထံလာပြီး နှစ်ပြမ်တိုင်တိုင် ဆုံးမပေမယ့်မနာ ယူလေတော့ သူ့ကံနဲ့သူ နောင်အခါထင်ရှား လိမ့်မယ်ဆိုကာ ဖဲသွားပါ တယ်၊ ဒီအခါကစပြီး သီလကို ချစ်မြတ်နိုးကြတဲ့ ရဟန်းတော်များလည်း ကပိလကို စွန့်လွှတ်လိုက်ပါတယ်၊ ကပိလဟာ ဓမ္မကို အဓမ္မ၊ ဝိနယကို အဝိ

နယ ပြုလုပ်ကာ ကဿပမြတ်စွာဘုရား၏ သာသနာတော်ကို ဆုတ်ယုတ်ညှိုးနွမ်းစေခဲ့ပါတယ်၊ ဒါတွေဟာ သုတ၊ ပညာကိုအကြောင်းပြုပြီးမာန်မာန တက်ကြွတာဖြစ်ပါတယ်။

ဒီလိုသုတပညာကိုအကြောင်းပြုပြီး မာနတက်ကြွထောင်လွှားမှု၊ ဓမ္မကို အဓမ္မသည်ပြုလုပ်ကာများတဲ့ အယူ ယူမှုကြောင့်ဘယ်လိုဆိုးကျိုးတွေရသလဲ ဆိုရင် ကပိလဟာ သေပြီးတဲ့နောက် ဘုရားတစ်ဆူအကြား ကာလပတ်လုံး မဟာအဝီစိငရဲကြီးမှာ ခံရပြီး ဝိပါက်ကြွင်းရဲ့ အစွမ်းအားဖြင့် ခန္ဓာကိုယ်က ရွှေအဆင်းရှိပြီး ပါးစပ်ကပုပ်စော်နံလှတဲ့ ငါးကြီးလာဖြစ်တယ်။ ရွှေအဆင်းရှိတာကတော့ ဘုရားရဲ့စကားတော်ကိုပို့ချ သင်ကြားပေးမှုကြောင့် ဖြစ်ပါတယ်၊ ပါးစပ်ကပုပ်စော်နံတာကတော့ သူပြောတဲ့အတိုင်း နားမ ထောင်ကြမယုံကြတဲ့ရဟန်းတော်တွေကို ဆဲရေးလို့ဖြစ်ပါတယ်၊ ယခုလည်း မဟာအဝီစိငရဲကြီးမှာ ခံနေရပါတယ်၊ ဒါဟာ သုတပညာကို အကြောင်း ပြုပြီး မာနထောင်လွှားမှုရဲ့ ဆိုးကျိုး ဖြစ်ပါတယ်။

နောက်တစ်ဖန် သဒ္ဓါ သီလ သုတ စာဂေါ ပညာ ရာဂဿ ဒေါသဿ မောဟဿ မာနဿ ဒိဋ္ဌိယာ ပတ္တနာယ ဥပနိဿယ ပစ္စယေန ပစ္စယော လို့ ဟောတာကတော့ ငါသာသဒ္ဓါတရားနဲ့ ပြည့်စုံတယ်၊ ငါဟာအလွန် သဒ္ဓါတရားရှိတယ်၊ ငါလိုသဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်မရှိဘူးရယ်လို့ မိမိကိုယ် ကို ချီးမြှောက်တဲ့အခါ ဒီသဒ္ဓါတရားက ရာဂအား ကျေးဇူး ပြုပါတယ်၊ ကိုယ့်ကိုကိုယ်သာ ချီးမြှောက်ရုံမဟုတ်သေးဘဲ ငါမှတစ်ပါးသော ပုဂ္ဂိုလ် တွေဟာ သဒ္ဓါတရားမရှိကြဘူး၊ အလွန်သဒ္ဓါတရားမဲ့တဲ့ ပုဂ္ဂိုလ်တွေပဲ၊ သဒ္ဓါတရားဆိုလို့ တစ်ရွေးသားတောင် မရှိကြဘူးလို့ သူတစ်ပါးအားရှုတ်ချတဲ့အခါအပြစ်တင်ကဲ့ရဲ့တဲ့အခါ ဒီသဒ္ဓါတရားက ဒေါသအား ကျေးဇူး ပြုပါတယ်၊ မောဟကတော့ အကုသိုလ်စိတ်တိုင်းမှာ ပါလေတော့ ဒီသဒ္ဓါ က ရာဂ ဒေါသနဲ့ သမ္ပယုတ်ဖြစ်တဲ့ မောဟအား ကျေးဇူး ပြုပါတယ်၊ မာနအားကျေးဇူးပြုပုံကတော့ နောက်က ပြောခဲ့တဲ့အတိုင်းပါပဲ၊ ပတ္တနာ ဆိုတဲ့ တောင့်တမှုတဏှာအား ကျေးဇူးပြုပုံက ငါဟာ သဒ္ဓါတရားနဲ့ပြည့် စုံလေတော့ နောက်နောင်ဘဝများမှာ ဒီသဒ္ဓါတရားကြောင့် သုဂတိဘုံ ဘဝမှာဖြစ်ရမှု ဘဝသမ္ပတ္တိ၊ ဥစ္စာစည်းစိမ်စသည်တွေနဲ့ ပြည့်စုံမှု ဘောဂ သမ္ပတ္တိတွေကို ရလိုမှုနဲ့ တောင့်တတဲ့အခါပတ္တနာအားကျေးဇူးပြုပါတယ်။

သီလစသည်က ရာဂစသည်အား ကျေးဇူးပြုပုံမှာလည်း ဒီသဘောအတိုင်း ဖြစ်ပါတယ်၊ ဒါတွေဟာ ကုသိုလ်အကြောင်း ကြောင့် အကုသိုလ်အကျိုး ဖြစ်မှုပါ။

ကုသိုလ်ကြောင့် အဗျာကတ တရားဖြစ်ပုံကို"ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ ပကတူပနိဿယော သဒ္ဓံ ဥပနိဿာယ အတ္တာနံ အာတာပေတိ ပရိတာပေတိ ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ"စသည်ဖြင့် ဟောပါတယ်။

ယခုမျက်မြင်လောကမှာ သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်ဟာ ရတနာသုံးပါးနဲ့ စပ်ဆိုင်တဲ့ကိစ္စ၊ ထိုထိုကုသိုလ်ရေးမှာ ကူညီဆောင်ရွက်ဖွယ် ကိစ္စအဝဝကို ပြုလုပ်ဖို့ရာအတွက် ပျင်းရိမှု၊ ခိုကတ်မှုလုံးဝမရှိတဲ့ အပြင် နေပူသေးတယ်၊ မိုးရွာသေးတယ် စသည်ဖြင့် ဘာမှဆုတ်နစ်တွန့်တိုမှုမရှိဘဲ ပြုဖွယ် ကိစ္စဟူသမျှတွေကို တအားကျုံးပြီး ပြုလုပ်တော့ သူရဲ့ ခန္ဓာကိုယ်ကြီးဟာ မောလာတယ်၊ ပန်းလာတယ်၊ ဒီအခါကာယိက ဒုက္ခ ဝေဒနာ တွေရဲ့ အစွမ်းအားဖြင့် မိမိရဲ့ခန္ဓာကိုယ်ကြီးကို ပူပန်စေတယ်၊ ပြင်းပြင်း ထန်ထန် မြန်မြန်ပြီးအောင်လုပ်ပြန်တော့ ထက်ဝန်းကျင်မှ ပူပန်စေပြန်တယ်၊ ဒါဟာ သဒ္ဓာဆိုတဲ့ကုသိုလ်ကို အကြောင်းပြုပြီး ကိုယ်ဆင်းရဲမှု အကျိုးဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။

"ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ"ကတော့ သဒ္ဓါတရားရှိတဲ့ပုဂ္ဂိုလ်ဟာ အလှူတရား လှူချင်တန်းချင် ပေးကမ်းချင်တဲ့ဆန္ဒရှိတယ်၊ ဒါပေမယ့် လှူစရာပေးစရာ ဥစ္စာပစ္စည်းက အဆင်သင့်မရှိလေတော့ လှူနိုင်အောင် ပေးနိုင်အောင် ဥစ္စာပစ္စည်းကို ရှာဖွေရလိမ့်မယ်၊ ရှာဖွေပြန်တော့ နေပူမှာ၊ မိုးရွာမှာ၊ ဖျားမှာ၊ နာမှာ၊ လမ်းခရီးမှာ အန္တရာယ်ရှိမှာတွေကို မငဲ့ကွက် ဂရုမစိုက်ဘဲ ရှာရလိမ့်မယ်၊ သူတစ်ပါးထံမှာ ကျွန်ခံမှ ပစ္စည်းဥစ္စာ ရနိုင်မယ်ဆိုရင် ကျွန်ခံပြီး ပစ္စည်းဥစ္စာရအောင် ရှာလိမ့်မယ်၊ ဒီလိုပစ္စည်း ဥစ္စာရအောင် ဆင်းရဲခံပြီး ရှာရမှုဟာ သဒ္ဓါတရားဆိုတဲ့ ကုသိုလ်ကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ ကိုယ်ဆင်းရဲမှု ကာယိက ဒုက္ခကို ခံစားရတာဖြစ်ပါတယ်။

"သီလံ ဥပနိဿာယ အတ္တာနံ အာတာပေတိ" စသည်မှာသီလဝန္တပုဂ္ဂိုလ်ဟာ မိမိရဲ့သီလကိုလုံခြုံအောင် စောင့်ရှောက်နိုင်ဖို့ရာအတွက် ကာယိက ဒုက္ခ ဖြစ်ပုံကို အကျဉ်းမျှ ပြောပြမယ်၊ သာလွန်မင်းတရားကြီးဟာ မိမိကိုးကွယ်တဲ့ တောင်ဖီလာဆရာတော်ရဲ့ သီလနဲ့ ပြည့်စုံလှမှုကို စုံစမ်းလိုလေတော့ ပရိယာယ် မာယာတို့မှာ လိမ္မာပါးနပ်လှပြီး ယောကျ်ားများကို သွေးဆောင်နိုင်စွမ်းရှိတဲ့ နန်းတွင်းသူ တစ်ယောက်ကို တီးတိုးစကား မှာထား

ပြီး ဆရာတော်ကို ဖျက်ဆီးဖို့ နေမှောင်စအချိန်မှာ ဆရာတော်ရဲ့ကျောင်း အနီးသို့ ပို့လိုက်ပါတယ်။

နန်းတွင်းသူမကလည်း ခရီးသွားဟန်ဆောင်ကာ ဆရာတော်ရဲ့ ကျောင်း သို့ဝင်ပြီး ယခုတစ်ည တည်းခိုရန်ခွင့်တောင်းတော့ ဆရာတော်က ကျောင်း အောက်မှာအိပ်ဖို့ ခွင့်ပေးလိုက်ပါတယ်၊ ဒီအခါ နန်းတွင်းသူက တပည့် တော်မ တစ်ယောက်တည်း ကျောင်းအောက်မှာ မအိပ်ဝံ့ပါဘုရား၊ တပည့် တော်မအား သနားသောအားဖြင့် အထက်ဆင့်မှာ အိပ်ခွင့်ပေးတော်မူပါ လို့ သနားစဖွယ် လျှောက်ထားလေတော့ ဆရာတော်က ပျိုပျို ရွယ်ရွယ် မိန်းမငယ် တစ်ယောက်တည်း ကျောင်းအောက်မှာ အိပ်ဝံ့မှာ မဟုတ်ဘူး လို့ သနားတာနဲ့ အထက်ကြမ်းပြင်မှာ အိပ်စေပါတယ်၊ တော်တော်ကြာ တော့ အတွင်းသို့ဝင်ပြီး အိပ်ခွင့်ရအောင် မာယာတွေနဲ့လျှောက်ထားတော့ ဆရာတော်က တကယ်မှတ်ပြီး သနားတာနဲ့ ကျောင်းအတွင်းဝင်ပြီးအိပ်ဖို့ ခွင့်ပေးလိုက်ရ ပြန်ပါတယ်။

ဒီအခါ ဆရာတော်မှာ ဝိနည်းမှာလာတဲ့ သဟသေယျ သိက္ခာပုဒ် အတွက် အိပ်စက်တော်မမူဘဲ ထိုင်လျက်သာ ကမ္မဋ္ဌာန်းကိုနှလုံးသွင်းကာ နေတော်မူပါတယ်၊ နန်းတွင်းသူမဟာ ဆရာတော်နှင့်အတူ နေရတယ် ဆိုလျှင်ပင် ခဏအိပ်ချင်ယောင်ဆောင်ပြီး ဆရာတော်အား အမျိုးမျိုး သော ကိုယ်အမူအရာတွေ၊ နှုတ်အမူအရာတွေကို ပြသပြောဆိုပြီး သူ့အလို ပါအောင် သွေးဆောင် ဖြားယောင်းတော့တယ်၊ ဆရာတော်ဟာ နန်းတွင်း သူမရဲ့ အမူအရာ အပြောအဆိုကို မြင်ရကြားရလေတော့ သူ့ရဲ့ရုပ်ရုံ၊ သဒ္ဒါရုံတွေကို အာရုံမပြုဘဲ အနီးမှာရှိတဲ့ ဓားမနဲ့ ခြေသလုံးကြွက်သားကို လှီးလိုက်ပြီး ထိုမှဖြစ်လာတဲ့ ဒုက္ခဝေဒနာကိုသာ ခံစားလျက် မိုးလင်းသည့် တိုင် နေတော်မူတယ်။

နန်းတွင်းသူမလည်း ပရိယာယ်မာယာအမျိုးမျိုးနဲ့ စွမ်းနိုင်သလောက် မိမိအလိုသို့ပါအောင် တစ်ညလုံး သွေးဆောင် ဖြားယောင်းပေမယ့် အလို သို့မပါဘဲ အလွန်ခိုင်ခံ့တဲ့ ကျောက်တိုင်ကြီးလို နေတာမြင်တော့ အရှက် တက်တဲ့အခါ ရှိသေစွာဦးချပြီး ဆင်းသွားပါတယ်၊ ဒီနေ့မှာပဲ အင်းဝမြို့ တစ်မြို့လုံး အုန်းအုန်းကြွက်ကြွက်ဖြစ်ပြီး တောင်ဖီလာဆရာတော်ဘုရားကြီး ညကခရီးသွားတဲ့မိန်းမနဲ့ မှားယွင်းတယ်လို့ ဆူဆူညံညံ ပြောကြဆိုကြ တဲ့ အသံကို သာလွန်မင်းတရားကြီး ကြားတော့ မှူးမတ်ပရိသတ် သူဌေး၊ သူကြွယ်နှင့်တကွ တောင်ဖီလာတောသို့ ထွက်တယ်၊ ရောက်တော့ ရှိခိုးပြီး ဆရာတော်ဘုရား ညကခရီးသည်မိန်းမနဲ့ မှားယွင်းတယ်လို့ ကြွက်ကြွက်

ဆူအောင် ပြောနေကြပါတယ်၊ မဟုတ်ရင် မှဟုတ်ကြောင်း အများယုံ
အောင် သက်သေပြပါလို့ လျှောက်ထားတယ်။

ဒီတော့ ဆရာတော်က မင်းမြတ်၊ ညကခရီးသွားမိန်းမငယ်တစ်ယောက် ငါ့ထံမှာတည်းခိုသွားပြီး ငါ့အား မာယာအမျိုးမျိုးနဲ့ သွေးဆောင်တယ်၊ ဒါပေမယ့် ဒီမိန်းမငယ်နဲ့ မှားယွင်းဖို့ဝေးစွ သူ့ရဲ့ရုပ်ပါရုံ၊ သဒ္ဒါရုံကိုမျှ တပ်နှစ်သက်တဲ့ ဆန္ဒရာဂ ငါ့အားထင်ရှားမဖြစ်ပေ၊ သူနဲ့ငါနှစ်ယောက်တည်းသာ ကျောင်းမှာရှိလေတော့ သက်သေကို ငါမပြနိုင်ဘူး၊ ဒါပေမယ့် ဒီခွေးမတစ်ကောင် ငါ့အနားမှာရှိလေတော့ ဒီခွေးမကိုပဲ သက်သေပြရမယ်လို့ မိန့်တော်မူကာ ရေကန်ကြီး တစ်ခုအနီးသို့သွားပြီး မင်းစသော ပရိသတ်တို့ရဲ့ရှေ့မှာရပ်၍ "ငါသည် ညကလာရောက်တည်းခိုသော မိန်းမငယ်နဲ့ မှားယွင်းဖို့ဝေးစွ၊ ဆန္ဒရာဂမျှပင် ထင်ရှားမဖြစ်ရိုးမှန်လျှင် ဒီခွေးမကြီးဟာ ဒီရေကန်ကို ဖြတ်လန်းသွားပါစေသား" လို့ သစ္စာဓိဋ္ဌာန်ပြုပြီး ခွေးမကြီးကို ရေစပ်ကိုပစ်ချလိုက်တဲ့အခါ ခွေးမကြီးဟာ ငါးများလို ဒီဘက်ကမ်းက ဟိုဘက်ကမ်းအထိ ကူးသွားပါတယ်။ ဒီလိုအံ့ဖွယ်သရဲကို မြင်ရတော့ မင်းနဲ့တကွ ရဟန်းရှင်လူအပေါင်းဟာ အံ့သြချီးမွမ်းကြတယ်။ ယုံမှားသံသယ ကင်းသွားကြတယ်။ ယခုထက်တိုင် ခွေးမကူးကန်ရယ်လို့ စစ်ကိုင်းတောင်ရိုးမှာ ရှိပါတယ်။

ဒါဟာ မိမိရဲ့သီလကို လုံခြုံအောင် စောင့်ရှောက်ဖို့ရာအတွက် တစ်ညလုံး မကျိန်းစက်ရမှု ဆင်းရဲဒုက္ခ၊ ခွေးမကြီးနဲ့ ခြေသလုံးကြွက်သားကိုလှမ်းလိုက်ရလို့ ဖြစ်ပေါ်လာတဲ့ ကာယိကဒုက္ခများကို ခံစားရတာ ဖြစ်ပါတယ်၊ ဒီတော့ မိမိရဲ့ငြိမ်းချမ်းမှု ကမ္ဘာကြီးရဲ့ငြိမ်းချမ်းမှုကို ဖြစ်စေနိုင်တဲ့ သီလကိုလုံခြုံအောင် စောင့်ထိန်းကြပါလို့ (၂၈)ကြိမ်မြောက် အဘိ ဋ္ဌမှာ အခါတော်နေ့ကို ရည်ညွှန်း၍ ဩဝါဒ ပေးအပ်ပါသတည်း။ ။

## ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏
## ၁၃၄၉-ခုနှစ်၊ (၂၉)ကြိမ်မြောက်
## အဘိဓမ္မာအခါတော်နေ့တွင်
## ဩဝါဒါစရိယ မူလပဋ္ဌာန်း ဆရာတော်ဘုရားကြီး ၏
## အဲသံလွှင့် ဟောပြောချက်

မနှစ်ကဥပနိဿယပစ္စည်းမှ ကုသိုလ်ကြောင့်အဗျာကတ ဖြစ်ပုံကိုပြောခဲ့ပါပြီ၊ သည်နှစ်အကုသိုလ်ကြောင့် အကုသိုလ်ဖြစ်ပုံကို အကျဉ်းမျှပြောပြပါမယ်၊အကြောင်းအကုသိုလ်ကြောင့်အကျိုးအကုသိုလ်ဖြစ်ပုံကိုပဋ္ဌာန်းပါဠိတော်မှာ "အကုသလော ဓမ္မော အကုသလဿဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော ပကတူပနိဿယော ရာဂံ ဥပနိဿာယ- ပါဏံဟနတိ အဒိန္နံ အာဒိယတိ မုသာဘဏတိ (ပေယျာလ) သံဃံဘိန္ဒတိ" စသည်ဖြင့် ဟောလေတော့ ရာဂ ဒေါသ မောဟ မာနစတဲ့ အကုသိုလ်တရားတွေဟာ သတ္တဝါတွေရဲ့ သန္တာန်မှာဖြစ်ပေါ်လာရင် ဒီရာဂစသည်ကို အကြောင်းပြုပြီး သူတစ်ပါးအားသတ်ရမှကိစ္စပြီးမယ်ဆိုရင်သတ်မယ်၊ခိုးမယ်၊တိုက်မယ်၊ခိုက်မယ်စတဲ့ အမျိုးမျိုးသော ဒုစရိုက်မှုမျိုးတွေကိုပြုစွမ်းနိုင်ရုံမက အဇာတသတ်တို့လို အဖေကိုလည်း သတ်ဝံ့တယ်၊ မကြာမီက သတင်းစာထဲမှာ တွေ့လိုက်ရတဲ့ပုဂ္ဂိုလ်လို အမေကိုလည်းသတ်ဝံ့တယ်၊ ရဟန္တာကိုလည်း သတ်ဝံ့တာပဲ၊ ဒေဝဒတ်တို့လို ဘုရားကိုလည်း သွေးစိမ်းတည်အောင်ပြုနိုင်တယ်၊ သံဃာကိုလည်း သင်းခွဲနိုင်တယ်စတဲ့ ဒုတိယဘဝမှာ အဝီစိတိုင်အောင်အကျိုးပေးနိုင်တဲ့ကံကြီးများကိုသော်မှ ပြုစွမ်းနိုင်ကြပါတယ်။

မဟာရာဇဝင်ကြီးမှာ သက္ကရာဇ် (၉၀၁) ခုနှစ် စစ်ကိုင်း၊ ပင်းယအင်းဝကပတ်လည်မှာ သီတင်းသုံးတော်မူကြတဲ့ အရိယာသံဃာတော်မြတ်သုံးကျိပ်ကျော်အပ့ါအဝင် သံဃာတော်အပေါင်း တထောင့်သုံးရာကျော်

ဆွမ်းလုပ်ကျွေးမယ်လို့ လိပ်လည်ကာပင့်ပြီး သတ်ပစ်တာဟာ ဒေါသဒိဋ္ဌိကို အကြောင်းပြုပြီးသတ်တာဖြစ်ပါတယ်။

ရသေ့များ နတ်များ စိတ်ဆိုးလို့ ဒဏ္ဍကတိုင်း၊ ကလိင်္ဂတိုင်း၊ မဇ္ဈတိုင်း၊ မာတင်္ဂတိုင်းတို့ တောအတိဖြစ်ရမှုထဲက၊ ကလိင်္ဂတိုင်းရဲ့ တောအတိဖြစ်သွားပုံကို အကျဉ်းမျှပြောပြပါမယ်၊ ကလိင်္ဂတိုင်းမှာနာဠိကိရမင်း အုပ်စိုးတဲ့ ဟိမဝန္တာတောင်မှာနေကြတဲ့ ရသေ့ငါးရာဟာ သစ်သီးသစ်မြစ် စသည်ကိုကြာရှည်စွာစားရလေတော့ ချဉ်ဆားမှီဝဲဖို့ရာအတွက် ကလိင်္ဂတိုင်း၊ နာဠိကိရမင်းရဲ့မြို့ကို ကြွလာကြပါတယ်၊ ဒီရသေ့တွေဟာ ရသေ့များရဲ့ ပရိက္ခရာတွေကို ဝတ်ရုံကြပြီး ကြည်ညိုဖွယ်ကျက်သရေရှိလှစွာ မြို့တွင်းသို့ ဆွမ်းခံဝင်ကြပါတယ်၊ လူတွေဟာ ဘုရားကမပွင့်သေးလေတော့ ရသေ့တွေကို မြင်တယ်ဆိုရင် ကြည်ညိုကြတာနဲ့ နေရာထိုင်ခင်းများခင်းပြီး ရသေ့များရဲ့ ခံခွက်ကိုယူကာ ခင်းထားတဲ့နေရာမှာနေထိုင်စေ၍ ဆွမ်းကျွေးကြပါတယ်၊ ရသေ့များဟာ ဆွမ်းဘုဉ်းပေးပြီး ဆွမ်းအနုမောဒနာပြုတဲ့အခါ လူတွေက တိုးတက်ကြည်ညိုကြပြီး အရှင်ဘုရားတို့ဘယ်ကို ကြွတော်မူကြမှာလဲလို့မေးတဲ့အခါ၊ တို့ချမ်းသာမယ့်နေရာကို ကြွကြမှာလို့ ပြန်ပြောပါတယ်၊ ဒီအခါလူများကအရှင်ဘုရားတို့ ဒီလိုဆိုရင် အခြားကို ကြွတော်မမူကြပါနဲ့၊ မင်းရဲ့ဥယျာဉ်မှာ သီတင်းသုံးကြပါ၊ တပည့်တော်တို့ ထမင်းစားပြီးရင် တရားနာဖို့လာကြပါမယ်လို့ လျှောက်ထားတော့၊ ရသေ့များကသည်းခံပြီး ဥယျာဉ်သို့ကြွသွားကြပါတယ်။

လူတွေဟာ နံနက်စာထမင်းစားကြပြီး စင်ကြယ်တဲ့ အဝတ်များကို ဝတ်ဆင်ကြကာ တရားနာရအောင်လို့ အစုလိုက် အပြုံလိုက် ဥယျာဉ်သို့ ရှေးရှုသွားကြတာကို မင်းက ပြာသာဒ်ထက်က မြင်လေတော့ သူ့ရဲ့အလုပ် အကျွေးကို အမောင်ဒီလူတွေ စင်ကြယ်တဲ့အဝတ်တွေဝတ်ဆင်ပြီး ဥယျာဉ်သို့ ရှေးရှု သွားကြတာဟာ ဥယျာဉ်မှာ ပွဲလမ်းသဘင်ရှိလို့လား၊ ပြဇာတ်ရှိလို့လားမေးတော့၊ မရှိပါဘူး၊ ရသေ့များထံတရားနာဖို့ သွားကြတာပါလို့ပြောတယ်၊ ဒီလိုဆိုရင်ငါလဲလိုက်မယ်၊ ငါနဲ့ငါ့ကို ခြံရံပြီးသွားကြပါလို့အခပြောခိုင်းလိုက်ပါတယ်၊ လူတွေက ငါတို့ရဲ့မင်းဟာ သဒ္ဓါတရား မရှိ၊ မကြည်ညိုတဲ့ ဒုဿီလဖြစ်တယ်၊ ရသေ့များက တရားရှင်များ ဖြစ်လေတော့ ရသေ့တွေကို အကြောင်းပြုပြီး ငါတို့မင်း ဓမ္မရာဇာဖြစ်ဖွယ် ရှိတယ်လို့အောက်မေ့ကြကာနှစ်သက်ဝမ်းမြောက်ကြပါတယ်။

မင်းဟာမြို့သူမြို့သားတွေခြံရံပြီး ဉယျာဉ်သို့ သွားခါ ရသေ့များနဲ့ စကားအနည်းငယ်ပြောဆိုပြီး သင့်တော်တဲ့နေရာမှာနေပါတယ်၊ ရသေ့များက မင်းကိုမြင်တဲ့အခါ၊တရားဟောကျွမ်းကျင်လိမ္မာတဲ့ ရသေ့တစ်ပါးအား မင်းကိုတရားဟောဖို့ အမှတ်သညာပေးလိုက်ပါတယ်၊ ဒီအခါ ဓမ္မကထိက ရသေ့က ပရိသတ်ကိုကြည့်ပြီး ကံငါးပါးကို လုံခြုံအောင် မစောင့်ထိန်းမှုရဲ့ အကျိုးကို ဟောရာမှာ သူတစ်ပါးအသက်ကိုမသတ်နဲ့၊ ဥစ္စာရှင်မပေးတာကိုမယူနဲ့၊ ကာမဂုဏ်၌ မှားသောအကျင့်ကို မကျင့်နဲ့၊ လိမ်မပြောနဲ့၊ အရက်မသောက်နဲ့ စသည်ဖြင့် ကံငါးပါးကို ကျူးလွန်မှုရဲ့ အပြစ်များကိုဟောပြပါတယ်။

မင်းဟာ ပင်ကိုက သဒ္ဓါတရားမရှိတဲ့ ဒုဿီလဖြစ်လေတော့ ဒုဿီလအား သီလကထာဟာ မကောင်းတဲ့ကထာဖြစ်လို့ သူ့နားထဲမှာ တံကျင်ဝင်သွားသလို ဖြစ်ပါတယ်၊ ဒီအခါ မင်းက ငါဟာ ဒီရသေ့တွေကို ချီးမြှောက်မယ်လို့ လာခဲ့တယ်၊ သူတို့ကတော့ ငါလာတဲ့အချိန်ကစပြီး ငါ့ကိုထိခိုက်ထိုးနှက်တဲ့ စကားတွေကိုပြောပြီး ပရိသတ်အလယ်မှာ အရှက်ခွဲခဲ့တယ်၊ ဒီရသေ့တွေအား ပြုသင့်တာကိုပြုရမှာပေါ့လို့ ကြံစည်ပြီး တရားဟောလို့ ပြီးဆုံးတဲ့အခါ ဆရာတို့- နက်ဖြန် တပည့်တော်ရဲ့နန်းတော်မှာ ဆွမ်းခံ ကြွတော်မူကြပါလို့ ဖိတ်ကြားပြီး ပြန်သွားတယ်။

မင်းဟာ ဒုတိယမြောက်နေ့မှာ ကြီးကျယ်လှတဲ့ ဖျင်အိုးကြီးတွေကို ဆောင်ယူစေပြီး ကျင်ကြီးအပြည့်ထည့်ကာ ငှက်ပျောရွက်နဲ့ဖုံးပိတ်ပြီး ထိုထိုနေရာမှာထားတယ်၊ လှေကားထိပ်မှာ ခါးတောင်းကျိုက်ထားတဲ့ လက်ပမ်းသည်ကြီးတွေကို သူတို့လက်ထဲမှာ တင်းပုတ်ကြီးတွေကိုကိုင်စေပြီး ဘာပြောသလဲဆိုရင်၊ ကောက်ကျစ်စဉ်းလဲတဲ့ရသေ့တွေဟာငါ့ကိုအလွန်ညှဉ်းဆဲကြ၊ အရှက်ခွဲကြတယ်၊ ဒီရသေ့တွေပြာသာဒ်က ဆင်းတဲ့အခါ ခေါင်းကို တင်းပုတ်ကြီးနဲ့ထုကြပြီး လည်ပင်းကိုကိုင်ဆွဲကာ စောင်းတန်းမှ ပစ်ချကြရမယ်လို့ မှာထားရုံမက၊ စောင်းတန်းခြေရင်းမှာလည်း ကြမ်းတမ်းလှတဲ့ ခွေးကြီးဘွေကို ချည်နှောင်ထားပြန်တယ်။

ရသေ့များလည်း နက်ဖြန်ငါတို့မင်းအိမ်မှာ ဆွမ်းစားကြရမယ်၊ပင်းအိမ်ဆိုတာ ရှုံရှာဖွယ်ရှိတယ်၊ ဘေးရှိတယ်၊ ရသေ့ရဟန်းတို့မည်သည် ဒွါရခြောက်ပါး၊ အာရုံခြောက်ပါးကို စောင့်ရှောက်ရမယ်၊ မြင်တိုင်း မြင်တိုင်းသော အာရုံမှာ နိမိတ်ကိုမယူရဘူး၊ စက္ခုဒွါရကို စောင့်ရှောက်ရမယ်လို့ အချင်းချင်း ဩဝါဒပေးကြတယ်။

နောက်တစ်နေ့ ဆွမ်းခံချိန်ကို မှတ်သားကြပြီး ဈေ်ာတေသက်န်းကို ဝတ်ရုံ၊ သစ်နက်ရောင် ပခုံးထက်တင်၊ ဆံကျစ်ထုံးပြီးဆွမ်းခွက်ကိုယူကြကာ အစဉ်အတိုင်း မင်းအိမ်ကိုတက်ကြပါတယ်၊ မင်းဟာ ရသေ့များတက်လာတာကို သိတာနဲ့တစ်ပြိုင်နက် ကျင်ကြီးအိုးတွေမှဖုံးအုပ်ထားတဲ့ ငှက်ပျောဖက်ကို ဖယ်ရှားခိုင်းလိုက်ပါတယ်၊ ဒီအခါအလွန်ဆိုးဝါးလှတဲ့ အနံ့ဟာ ရသေ့များရဲ့ နှာခေါင်းဖူကို ထိခိုက်ပြီး ဦးနှောက်ကျွတ်ကျလောက်အောင် ဖြစ်သွားပါတယ်၊ ဒီအခါ ရသေ့ကြီးက မင်းကိုကြည့်လိုက်တဲ့အခါ မင်းက ရသေ့တို့– ဒီအိုးတွေထဲက ပစ္စည်းတွေကို သင်ရသေ့တို့ အလိုရှိသလောက် စားနိုင်တဲ့ပြင် ယူသွားလိုကလည်း ယူသွားနိုင်ပါတယ်၊ ဒါတွေဟာ သင်ရသေ့တို့အား လျောက်ပတ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုရင် မနေ့က အကျွန်ုပ်ဟာ သင်တို့ကို ချီးမြှောက်မယ်လို့လာခဲ့တယ်၊ သင်တို့ကကျွန်ုပ်ကို ထိခိုက်ထိုးနှက်တဲ့ စကားတွေကိုသာပြောပြီး ပရိသတ်အလယ်မှာ အရှက်ခွဲခဲ့တယ်၊ ဒီတော့ ဒါတွေဟာ သင်တို့အားလျောက်ပတ်လေတော့ စားကြပါလို့ ရသေ့ကြီးအား ယောက်ချိုနဲ့ခပ်ကာ ကျင်ကြီးကိုဆက်ကပ်ပါတယ်၊ ရသေ့ကြီးဟာ (ကွ ...ကွ ...)လို့ မြည်တမ်းကာ နောက်သို့ဆုတ်လိုက်ပါတယ်။

ဒီအခါ မင်းက ဒါလောက်နဲ့ပြန်သွားလို့ ဘယ်ဖြစ်အုံးမှာလဲလို့ လက်ပမ်းသည်ကြီးတွေအား အမှတ်သညာပေးလိုက်တဲ့အခါ လက်ပမ်းသည်ကြီးတွေက တင်းပုတ်ကြီးတွေနဲ့ ရသေ့များရဲ့ဦးခေါင်းကို ထုရိုက်ပြီး လည်ပင်းကိုဆွဲကိုင်ကာ စောင်းတန်းသို့ လွှင့်ပစ်လိုက်ပါတယ်၊ ဒီလို လွှင့်ပစ်လိုက်လို့ ရောက်လာတိုင်းသော ရသေ့တွေကို အလွန်ကြမ်းကြုတ်လှတဲ့ ခွေးတွေက ကျွတ်ကျွတ်-ကျွတ်ကျွတ် နဲ့ အသားတွေရှိသမျှ စားလိုက်ကြတာ အရိုးချည်းသာ ကျန်ပါတော့တယ်၊ ဒီမင်းဟာ အကျင့်နဲ့ပြည့်စုံကြတဲ့ ရသေ့ငါးရာကို တစ်နေ့တည်း အကုန်သတ်ပစ်လိုက်ပါတယ်၊ ဒါဟာ မင်းရဲ့ဒေါသကြောင့် ရသေ့ငါးရာ သေကြရပါတယ်၊

ဒီအခါ နတ်များဟာ မခံမရပ်နိုင်အောင် ဒေါသထွက်ကြပြီး ကလိင်္ဂတိုင်းအပေါ်ကို ပဌမ– မိုးရိုးရိုးရွာချပါတယ်၊ ဒုတိယ–မြတ်လေးပွန်းမိုး၊ တတိယ– ပဲမိုး၊ စတုတ္ထ– အသပြာမိုး၊ ပဥ္စမ– အဝတ်တန်ဆာမိုး၊ ဆဋ္ဌမ– တစ်ဖက်သွား နှစ်ဖက်သွား ရှိတဲ့ လက်နက်မိုးတွေကို လူတွေရဲ့အပေါ် ရွာချတော့ လူတွေဟာ စဉ်းတီတုံးပေါ်ကအသားကို ဓားနဲ့စဉ်းသလို အပိုင်းပိုင်းပြတ်သွားကြပါတယ်၊ သတ္တမ– မီးခဲမိုး၊ အဋ္ဌမ– အိုမဲလုံး တောင်လုံး

လောက်ရှိတဲ့ ကျောက်ပြားမိုး ရွာချပါတယ်၊ နေမအကြိမ်မှာ အတောင် ရှစ်ဆယ်အမြင့်ရှိတဲ့ သဲမိုးကိုရွာချစေပြီး ကလိင်္ဂတိုင်းပြည်ကြီးကို သဲဖြင့်ဖုံး အုပ်ကာ တောအတိဖြစ်စေခဲ့ပါတယ်၊ ဒါဟာနတ်များရဲ့ဒေါသကြောင့်ပါ။

ယခုအခါမှာလည်း ခိုးဆိုးလုယက် သတ်ဖြတ်နေကြတာတွေဟာ ဒီရာဂ စတဲ့ အကြောင်းခံကြောင့်ဖြစ်ပါတယ်၊ ဒီရာဂ– မာန စတဲ့ တရားတွေဟာ အင်မတန် အားကောင်းလာပြီး မထိန်းနိုင် မသိမ်းနိုင် ဖြစ်ကြမယ်ဆိုရင် ကမ္ဘာကြီးတစ်ခုလုံး ပြုတ်ပြုတ်ပြုန်းအောင် ပျက်စီးစေနိုင်ပါတယ်၊ မျက်မြင် လောက အပြုလုပ်ခံကြရသမျှဆိုးကျိုးတွေဟာဒီရာ စတဲ့ အကြောင်းကိုရလို့ ဖြစ်ကြပါတယ်၊ အမြင်ချင်းမတူကြတဲ့ပုဂ္ဂိုလ်တွေ အချင်းချင်းရန်ဖြစ်နေကြ၊ သတ်ဖြတ် တိုက်ခိုက်နေကြတာဟာ ဒိဋ္ဌိကြောင့်ဖြစ်ပါတယ်၊ ဒီတော့ အလွန် ဟရာ ကြောက်မက်ဖွယ်ကောင်းလှရုံမက ကမ္ဘာကြီးကိုပါ ဖျက်ဆီးခြင်းငှာ စွမ်းနိုင်တဲ့ ရာဂ–ဒေါသ–မာန စတဲ့တရားတွေ မိမိတို့သန္တာန်မှာ ဖြစ်ပေါ် မလာအောင်၊ ပေါ်လာသည့်တိုင်အောင် ဆိုးဆိုးဝါးဝါးကြီး မဖြစ်ကြ လေအောင် သတိတရားဖြင့် ထိန်းသိမ်းကြ စောင့်ရှောက်ကြပါလို့ (၂၉) ကြိမ်မြောက် အဘိဓမ္မာ အခါတော်နေ့ကို ရည်ညွှန်း၍ ဩဝါဒ ပေးလိုက် ပါသတည်း။

## ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း
## ၁၃၄၀ ပြည့်နှစ်၊ (၃၀) ကြိမ်မြောက်
## အဘိဓမ္မာအခါတော်နေ့တွင်

# ဩဝါဒါစရိယမူလပဋ္ဌာန်းဆရာတော်ဘုရားကြီး၏
# အသံလွှင့်ဟောပြောချက်

ဥပနိဿယပစ္စည်းကို ဟောနေတာ နှစ်ပေါင်းများစွာ ကြာလေပြီ ဖြစ်တော့ သည်နှစ် အကျဉ်းချုပ်အားဖြင့် ပြီးဆုံးအောင်ပြောပြပါမယ်၊ သည်နှစ် "အဗျာကတော အဗျာကတဿ" မှာ ပါဠိတော်က "အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော၊ ပကတူပနိဿယော-ကာယိကံ သုခံ ကာယိကဿ သုခဿ ကာယိကဿ ဒုက္ခဿ ဖလသမာပတ္တိယာဥပနိဿယ ပစ္စယေန ပစ္စယော" စသည်ကို ဟောပါတယ်။ ဒါက ကာယိကသုခကို အကြောင်းပြုပြီး ကာယိကသုခ ကာယိကဒုက္ခ ဖလသမာပတ် အကျိုးတရားများဖြစ်ကြပါတယ်။

သတ္တဝါတွေဟာ ချမ်းသာမှုဖြစ်လာရင် ဒီချမ်းသာကို သာယာပြီး နောက်ထပ်တစ်ဖန် ချမ်းသာကိုဖြစ်စေတဲ့အခါ ရှေ့သုခက နောက်သုခအား ကျေးဇူးပြုပါတယ်၊ ဒုက္ခအားကျေးဇူးပြုပုံကတော့ ဆောင်းတွင်းအချိန် အခါကျလို့ မီးလှုံကြတယ်၊ လှုံစကတော့ ခပ်နွေးနွေးကလေးဖြစ်လာပြီး ချမ်းသာမှုရပါတယ်၊ တော်တော်ကြာကြာ လွန်လွန်ကဲကဲလှုံလိုက်တော့ ပူလာတဲ့ဒုက္ခဖြစ်လာပါတယ်၊ ဒါဟာရှေ့သုခက နောက်ဒုက္ခအား ကျေးဇူး ပြုတာဖြစ်ပါတယ်။

အနာကင်းလို့ ချမ်းချမ်းသာသာ ဖလသမာပတ်ဝင်စားတဲ့ ပုဂ္ဂိုလ်ရဲ့ ကာယိကသုခ ဖလသမာပတ်အား ကျေးဇူးပြုပုံကို ဗာကုလမထေရ်ရဲ့

အကြောင်းကို အနည်းငယ် အကျဉ်းချုပ်ပြောပြပါမယ်၊ အရှင်ဗာကုလဟာ ကောသမ္ဗီ သူဌေးကြီးရဲ့ သား ဖြစ်ပါတယ်၊ (၅) ရက်မြောက် တဲ့နေ့ ခေါင်းဆေးမင်္ဂလာ မြစ်ထဲမှာပြုကြတဲ့အခါ အထိန်းတော်များက ကလေးကို ရေထဲနှစ်လိုက် ဖော်လိုက်လုပ်ပြီး ကစားနေကြစဉ် ငါးကြီးတစ်ကောင်က သူ့အစာပဲရယ်လို့ မှတ်ထင်ပြီးမျိုလိုက်တယ်။

ဒါပေမယ့် ယခုဘဝ ကေန် ရဟန္တာဖြစ်ရမယ့် ပစ္ဆိမဘဝိကပုဂ္ဂိုလ် ဖြစ်လေတော့ မသေပါဘူး၊ ပစ္ဆိမဘဝိကပုဂ္ဂိုလ်ဆိုတာ ရဟန္တာဖြစ်ပြီးမှ သေကြရပါတယ်၊ ရဟန္တာမဖြစ်သေးရင်တော့ သေရိုးထုံးစံ မရှိပါဘူး၊ ဒီငါးကြီးဟာ ဗာရာဏသီ တံငါတွေရဲ့ ပိုက်ကွန်ထဲမှာ မိပါတယ်၊ ပိုက်ကွန်ကထုတ်လိုက်တာနဲ့တစ်ပြိုင်နက် တစ်စုံတစ်ရာ ရိုက်နှက်ခုတ်ထစ်မှုမပြုရဘဲ သေသွားပါတယ်၊ ဒီငါးကြီးကို ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ သူဌေးကတော်က ဝယ်ယူပြီး သူကိုယ်တိုင်ပင် ဗိုက်ကိုခွဲလိုက်တော့ ဗိုက်ထဲမှာ အသက်ရှင်နေတဲ့ ဗာကုလကိုရပါတယ်၊အကျဉ်းချုပ်အားဖြင့် ဒီဗာကုလဟာ အမေနှစ်ယောက်၊အဖေနှစ်ယောက် ရပြီး တစ်မြို့မှာ (၄) လစီ၊ အလှည့်ကျ ကာမဂုဏ်ချမ်းသာကို ခံစားပါတယ်၊ နောက်ဘုရားထံမှာ တရားနာရလို့ ရဟန်းပြုပြီး (၇) ရက်သာ ပုထုဇဉ်အဖြစ်နဲ့ နေပြီး (၈) ရက်မြောက်မှာ ပဋိသမ္ဘိဒါနဲ့တကွ ရဟန္တာဖြစ်ပါတယ်။

အရှင်ဗာကုလဟာ အတ္တဟိတအရှင်မြတ်ဖြစ်လေတော့ အနှစ် (၈၀) ကာလပတ်လုံး များသောအားဖြင့် ဖလသမာပတ်ကိုသာ ဝင်စားနေပါတယ်၊ ဒီအရှင်ဟာ ဒါယကာတွေလှူဒါန်းတဲ့ သင်္ကန်းကိုလည်း မသာယာဘူး၊ သင်္ကန်းကို ဓားနဲ့ဖြတ်မှု၊ ချုပ်မှုဆိုးမှုကို မသိစဖူးရှိမက ကထိန်သင်္ကန်းကိုပင် မချုပ်ပါဘူး၊ ရွာထဲမှာ ထိုင်မှု၊ စားမှုလည်းမရှိပါဘူး၊ ဘိက္ခုနီမတွေကိုလည်း ဘယ်တော့မှ တရားမဟောပါဘူး၊ ဥပဇ္ဈာယ်ပြုကာ ရှင်ပြုပေးဘူးတယ်၊ရဟန်းပြုပေးဘူးတယ်လို့ လဲမရှိပါဘူး၊ နွားနို့တညှစ်ခန့် တောင်မှရောဂါဝေဒနာလည်း မဖြစ်ဖူးပါဘူး၊ ဆေးဆိုရင်လည်းသျှိသျှားသီးဝိုင်းကလေးတောင် မသုံးဆောင်ပါဘူး၊ အနှစ် (၈၀) ကာလပတ်လုံး တံကဲပျဉ်ကိုမှီပြီး မအိပ်ဖူးပါဘူး၊ ဖလသမာပတ်ကိုသာ ဝင်စားမှုများလေတော့ ၎င်းရဲ့ ကာယိကသုခ ဖလသမာပတ်အား ကျေးဇူးပြုပါတယ်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုခါနီးမှာ ဖြစ်ပေါ်လတ္တံ့ဖြစ်တဲ့ ဒုက္ခဝေဒနာကို တားမြစ်ဖို့ရာအတွက် ဖလသမာပတ် ဝင်စားရာမှာ ကာယိက ဒုက္ခ

ဖလသမာပတ်အား ကျေးဇူးပြုပါတယ်၊ လျောက်ပတ်တဲ့ ဥတုကသုခနဲ့ ဖလသမာပတ်အား ကျေးဇူးပြုပါတယ်၊ မလျောက်ပတ်တဲ့ ဥတုကတော့ ဒုက္ခအားကျေးဇူးပြုပါတယ်။

အဗျာကတက ကုသိုလ်အား ကျေးဇူးပြုပုံကို "အဗျာကတော ဓမ္မာ ကုသလဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော ပကတူပနိဿယော ကာယိကံ သုခံ ဥပနိဿာယ ဒါနံ ဒေတိ သီလံ သမာဒိယတိ ဥပေါသထ ကမ္မံကရောတိ" စသည်ကိုဟောပါတယ်၊ ကာယိကသုခ စသည်ကို အကြောင်းပြုပြီး ဒါနစသည်ကိုပြုပုံက ငါယခုရနေတဲ့သုခက မဆုတ်ယုတ်ရရင် ကောင်းလေစွ ရယ်လို့ ရည်ရွယ်ကာ ဒါနစသည်ကိုပြုတယ်၊ နောက်နောင် ဘဝတွေမှာလည်း ဒီလို သုခမျိုးတွေကိုရနေရင် ကောင်းမှာပဲရယ်လို့ (မရောက်သေး မရသေး) တဲ့ သုခကိုရဖို့ရန် ဒါနစသည်ကိုပြုတယ်၊ ဒုက္ခ အကြောင်းပြုပြီး ဒါနစသည်ပြုတာကတော့ ငါယခုခံစားနေရ၊ဖြစ်နေရတဲ့ ဒုက္ခမှ ဆုတ်ယုတ်ရင် နောင်အခါမှာလည်း ဒီလိုဒုက္ခမျိုး ဘဝဆက်တိုင်း မဖြစ်ရအောင်လို့ ရည်ရွယ်ပြီး၊ ဒါနစသည်ကို ပြုပါတယ်။သီလစသည်အား ကာယိကသုခစသည်က ကျေးဇူးပြုပုံကိုလည်း ဒီသဘောအတိုင်း သိနားလည်ရပါလိမ့်မယ်။

အဗျာကတကအကုသိုလ်အား ကျေးဇူးပြုပုံကို အဗျာကတော' ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော ပကတူပနိဿယော ကာယိကံ သုခံ ဥပနိဿာယ ပါဏံဟနတိ အဒိန္နံ အာဒိယတိ မုသာဘဏတိ ပိသုဏံဘဏတိ စသည်ကို ဟောပါတယ်၊ သတ္တဝါတွေဟာ ကိုယ်စိတ်ချမ်းသာ နေကြတဲ့အခါ အပျော်သဘောမျိုးနဲ့ တောကစား ထွက်ကြတယ်၊ တောထဲရောက်တော့ သမင်စသည်ကို ပါလာတဲ့သေနတ်နဲ့ ပစ်သတ်ကြတယ်၊ သူတစ်ပါးရဲ့ ဥစ္စာပစ္စည်းတွေကို ခိုးကြ လုယက်ကြတာတွေ ပြုကြပါတယ်၊ ဒါတွေဟာ အင်မတန် ထင်ရှားပါတယ်၊ ဒီလိုမဟုတ်ဘဲ စားရာမဲ့ သောက်ရာမဲ့ ဖြစ်ပြီး ကိုယ်စိတ်ဆင်းရဲနေတဲ့ အခါတွေမှာတော့ ပြောစရာမရှိဘူး၊ ကာယိကဒုက္ခကို အကြောင်းပြုပြီး သတ်မှ စားရမယ်၊ ဝတ်ရမယ် ဆိုရင် သတ်မယ်၊ ခိုးမယ်၊ ဒါတွေကိုပြုလုပ်နေကြတာဟာ အင်မတန် ထင်ရှားပါတယ်၊ အချို့ပုဂ္ဂိုလ်များဟာ မိဘများကို သော်မှ သတ်ပြီး ဥစ္စာပစ္စည်းကို ယူဝံ့ကြပါတယ်။

ဒီပကတူပနိဿယပစ္စည်းဟာ ကာလသုံးပါးမှာ ဖြစ်လေတော့ ပရိနိဗ္ဗာန်ပြုပြီးကြတဲ့ ဘုရား၊ တရား၊ အရိယာ၊ သံဃာ၊ သမ္မုတိ သံဃာတော်အဆက်ဆက်ဟာ နောက်လူတွေ ကုသိုလ်ဖြစ်ဖို့ရာအတွက် ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုကြပါတယ်၊ သေလွန်ကြတဲ့ မိဘ၊ ဆရာသမား၊ ပညာရှိ ရဟန်းပုဏ္ဏား၊ ဝါဒထူးကို ပြတင်ကြတဲ့ ဆရာတွေ၊ တန်ခိုးအာနုဘော်ကြီးကြတဲ့ ရှေးရှေးမင်းတွေဟာ နောက်လူတွေကို ကုသိုလ်၊ အကုသိုလ်ဖြစ်အောင် ချမ်းသာ ဆင်းရဲဖြစ်အောင် ကျေးဇူးပြုကြပါတယ်။

အနာဂတ်က ကျေးဇူးပြုပုံကတော့ နောင်အခါ ပွင့်တော်မူလတ္တံ့ဖြစ်တဲ့ မေတ္တေယျဘုရား၊ ထိုဘုရားရဲ့ တရား၊ တရားနဲ့ သံဃာအကြောင်းဟာ ယခုပစ္စုပ္ပန်ဘဝမှာ ထင်ရှားရှိနေကြတဲ့လူများအား ပါရမီကုသိုလ်ပြုဖို့ရာ ကျေးဇူးပြုကြပါတယ်၊ ယခုဘဝ နောင်ဘဝတို့၌ ရလတ္တံ့ဖြစ်တဲ့ အစိုးရမှု ဥစ္စာစပါးပေါများမှု၊ ပြည့်စုံမှုတွေက ရှေးအခါက ရှိကြတဲ့သူတို့အား အထူးထူးသောလုံ့လ၊ ပယောဂများ ပြုလုပ်ဖို့ရန် ကျေးဇူးပြုပါတယ်၊ အနာဂတ်ဘဝ၌ ခံစားရလတ္တံ့ဖြစ်တဲ့ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိ မဂ်ဖိုလ် နိဗ္ဗာန်တို့ရဲ့ ပြည့်စုံခြင်းများက ယခုပစ္စုပ္ပန်ဘဝမှာရှိတဲ့ များစွာသောလူတို့အား ဒါန၊ သီလစတဲ့ ကုသိုလ်ကို ပြုလုပ်ဆည်းပူးရန်ကျေးဇူးပြုပါတယ်။

ဥပမာအားဖြင့် လောက၌ ဆောင်းအခါ စပါးသီးနှံတို့ကို ရလိမ့်မယ်လို့ မျှော်လင့်ပြီး၊ မိုးအခါက လယ်ထွန်ခြင်း၊ စပါးစိုက်ပျိုးခြင်း အမှုတို့ကို ပြုလုပ်ကြပါတယ်၊ မျှော်လင့်ချက်က ငါတို့အလုပ်ပြီးရင် ငါတို့လိုတဲ့ ဥစ္စာကိုရကြမှာပဲလို့ မျှော်လင့်ပြီး၊ ရှေးအဖို့က ဝီရိယစွမ်းဖြင့်ပြုရမယ့်အမှု၊ ဉာဏ်စွမ်းဖြင့် ပြုရမယ့်အမှုတွေကိုသာအားထုတ်ကြပါတယ်၊ ဒီဥပမာမှာ စပါးသီးနှံကိုရခြင်း၊ လိုအပ်တဲ့ ဥစ္စာကိုရခြင်း၊ ထိုထိုအမှုကိစ္စတို့အားထုတ်ရခြင်းအား အနာဂတ် ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုကြပါတယ်၊ ထိုထိုအမှုကိစ္စတို့ကို အားထုတ်ခြင်းကလည်း စပါးသီးနှံကိုရခြင်း၊ ထိုထိုလိုအပ်တဲ့ ဥစ္စာကိုရခြင်းအား အတိတ် ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုပါတယ်၊ ထို့အတူ သတ္တဝါတွေဟာ အထူးထူးသော အလုပ်အကိုင်တို့ရဲ့ အကျိုးစီးပွားကို မျှော်လင့်တောင့်တပြီး လူအများဟာ ရှေးဖြစ်တဲ့ ပစ္စုပ္ပန်ကာလမှာ အထူးထူးသော ကောင်းမှုတို့ကို အားထုတ်ကြပါတယ်၊ ဒီနေရာမှာ ကောင်းမှုရဲ့ အကျိုးတို့က ကောင်းမှုကုသိုလ်အား အနာဂတ် ပကတူပသတ္တိနဲ့ ကျေးဇူးပြုပါတယ်။

ပစ္စုပ္ပန်အားဖြင့် ကျေးဇူးပြုပုံက ပစ္စုပ္ပန်ဘုရား အစရှိတဲ့ ပစ္စည်းတရားက ပစ္စုပ္ပန်ဖြစ်တဲ့လူ၊ နတ်၊ ဗြဟ္မာအား၊ ပစ္စုပ္ပန်ဖြစ်တဲ့ မိဘက ပစ္စုပ္ပန်သားသမီးအား ပစ္စုပ္ပန်အနေနဲ့ ကျေးဇူးပြုပါတယ်။

သန္တာန်နှစ်ပါးနဲ့ ကျေးဇူးပြုပုံကို ပြောပြပါမယ်၊ အဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန်နှစ်မျိုးမှာ အဇ္ဈတ္တဆိုတာ ဘုရားအစရှိတဲ့ သက်ရှိသန္တာန်မှာ ဖြစ်တဲ့ ပစ္စည်းတရားဖြစ်ပါတယ်၊ ဗဟိဒ္ဓသန္တာန်ကတော့ သတ္တဝါတွေရဲ့ တည်ရာဖြစ်တဲ့ မြေ၊ တော၊ တောင်၊ သမုဒ္ဒရာစသည်နဲ့တကွ သတ္တဝါတို့အား ကျေးဇူးများကြတဲ့တော၊ တောင်၊ သစ်ပင်၊ ကောက်ပဲစသည်၊ နေ၊ လ၊ ဂြိုဟ်နက္ခတ်စသည်၊ မိုး၊ ရေ၊ မီး၊ လေ၊ အချမ်း၊ အပူစသည်တွေ ဖြစ်ပါတယ်၊ ဒါတွေဟာ သတ္တဝါတွေရဲ့ ကုသိုလ်၊ အကုသိုလ်ဖြစ်ရင် ချမ်းသာ၊ ဆင်းရဲဖြစ်ရန် အားကြီးတဲ့ ပကတူပနိဿယ အကြောင်းများ ဖြစ်ကြပါတယ်။

နိဗ္ဗာန်ကို ပကတူပနိဿယပစ္စည်းရယ်လို့ ပါဠိတော်မှာ မဟောပါဘူး၊ ဒါပေမယ့် လယ်တီဆရာတော်ဘုရားကြီးက မဂ်၊ ဖိုလ်၊ နိဗ္ဗာန် အကျိုးငှာ ကျင့်ကြံအားထုတ်ကြတဲ့ ပုဂ္ဂိုလ်များဟာ ငါတို့မျက်မှောက်ဘဝမှာပင် ပရိနိဗ္ဗာန်ပြုကြမယ်လို့ နှလုံးသွင်းပြီး ဗောဓိပက္ခိယ တရား (၃၇)ပါးကို ပွားများကြတယ်၊ ငါတို့ နောင်ပွင့်လတ္တံ့ဖြစ်တဲ့ ဘုရားရှင် လက်ထက်မှာ ပရိနိဗ္ဗာန်ပြုကြမယ်လို့ နှလုံးသွင်းပြီး ပါရမီစသည်ကို ဖြည့်ဆည်းဖူးကြတယ်၊ ဒီလိုပြုလုပ်ကြတဲ့အခါ နိဗ္ဗာန်တရားက ထိုဗောဓိပက္ခိယ ပါရမီတရားတို့ဖြစ်ခြင်းငှာ အားကြီးတဲ့ ပကတူပနိဿယအကြောင်း ဖြစ်ပါတယ်တဲ့။

ဒီပကတူပနိဿယပစ္စည်းဟာ အလွန်ကျယ်ဝန်းပါတယ်၊ အထက်က ပြောခဲ့တာတွေအတွက် ကျယ်နေမှာကြောင့် ပါဠိထုတ်မပြတော့ပါဘူး၊ ယခုပတ္တနာအကြောင်းနည်းနည်းပြောပါမယ်၊မိမိတို့အဇ္ဈတ္တသန္တာန်မှာဖြစ်တဲ့ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗနှင့်တကွ၊ ခန္ဓာကိုယ်ကြီးတစ်ခုလုံး အကောင်းဘက်ကချည်း ပြည့်စုံမှုကို တောင့်တပြီး ဒါနစသည်ပြုကြောင်းကို "စက္ခုသမ္ပဒံ ပတ္ထယမာနော ဒေတိ" စသည်ဖြင့်ဟောပါတယ်၊ များစွာသော ဗုဒ္ဓဘာသာဝင်နဲ့တကွ အားလုံးသောပုဂ္ဂိုလ်များဟာ ဒါနစသည်ကိုပဲပြုပြု၊ အခြားကုသိုလ်ကိုပဲ

ပြုပြီ၊ ဆုတောင်းလေ့ရှိကြပါတယ်၊ ဗန္ဓုလစစ်သူကြီးကတော့ မလ္လိကာရဲ့ ဆုတောင်းပုံကို နည်းနည်းပြောပါမယ်။

မြတ်စွာဘုရားရဲ့ အလောင်းတော်ကို ပူဇော်ဖို့ရာအတွက် ထုတ်လာတဲ့ အကြောင်း ဗန္ဓုလစစ်သူကြီးကတော့ မလ္လိကာက ကြားလေတော့၊ သူ့ ခင်ပွန်း ဗန္ဓုလသေတဲ့နေ့ကစပြီး မသုံးဆောင်ဘဲထားတဲ့ မဟာလတာ တန်းဆာကိုထုတ်ပြီး၊ ဒီတန်းဆာကို မြတ်စွာဘုရားအား ပူဇော်လေမှ ပဲရယ်လို့ နံ့သာရည်နဲ့ ပွတ်တိုက်ဆေးကြောပြီး တံခါးကမျှော်ပြီး စောင့်နေ ပါတယ်၊ မြတ်စွာဘုရားအလောင်းတော် တံခါးကိုရောက်လာတဲ့အခါ မလ္လိကာက အရှင်မင်းသားတို့ မြတ်စွာဘုရားရဲ့အလောင်းတော်ကို ချကြ ပါဦးဆိုပြီး၊ မဟာလတာတန်းဆာကို မြတ်စွာဘုရားရဲ့ ကိုယ်တော်ပေါ်မှာ စွပ်လိုက်ပါတယ်၊ ဦးခေါင်းတော်ကစပြီး စွပ်လိုက်တဲ့ တန်းဆာဟာ ခြေဖဝါးတော်အပြင်တိုင်အောင် ရောက်သွားပါတယ်။

ရွှေအဆင်းရှိတဲ့ မြတ်စွာဘုရားရဲ့ကိုယ်တော်ဟာ ရတနာ (၇) ပါးဖြင့် ပြီးတဲ့ တန်းဆာကို ဆင်ယင်လိုက်တဲ့အခါ အတိုင်းထက်အလွန် တင့်တယ် တာကို မြင်လေတော့၊ မလ္လိကာဟာ ကြည်ညိုလှတဲ့စိတ်ဖြစ်ပေါ်ပြီး "ဘဂဝါ ယာဝ ဝဋ္ဋေ သံသရိဿာမိ တာဝ မေ ပါဋိဧက္ကံ ပသာဓနကိစ္စံ မာ ဟောတု နိစ္စံ ပရိမုတ္တ ပသာဓနသံဒိသ မေဝ သရီရံ ဟောတုတိ" မြတ်စွာဘုရား တပည့်တော်မသည် သံသရာမှာကျင်လည်၍နေရသမျှကာလ ပတ်လုံး တပည့်တော်မအား သီးခြားဖြစ်တဲ့ တန်းဆာဆင်ယင်မှုမဖြစ်ပါ စေသတည်း၊ တပည့်တော်မ၏ ခန္ဓာကိုယ်သည် အမြဲ တန်းဆာဆင်ယင် အပ်ပြီးသည်နှင့်တူပါစေဘုရားရယ်လို့ ဆုတောင်းပါတယ်၊ မဟာလတာ တန်းဆာကိုလှူပြီးတဲ့နောက် သူဘယ်ဘဝမှာဖြစ်ဖြစ် သူ့မှာအဝတ်ကိစ္စ အတွက် ဘာမျှ ကြောင့်ကြစိုက်ဖွယ်မလိုတော့ဘဲ အဝတ်ဝတ်ပြီးသား၊ ဆင်ယင်ပြီးသား ဖြစ်ပါစေလို့ ဆုတောင်းလိုက်တာဖြစ်ပါတယ်။

ယခုပုဂ္ဂိုလ်အားလုံးလိုလိုပင် ထိုထိုဒါနစသည်ပြုပြီး ဆုတောင်းလေ့ ရှိကြပါတယ်၊ ဆုတောင်းတိုင်းပြည့်စုံအောင် ဘယ်လိုလုပ်ရမလဲ၊ ပဏ္ဍာသ ပါဠိတော်မှာ မင်းတို့ဘာဖြစ်ချင်သလဲ၊ များလှစွာသောဥစ္စာရှိတဲ့မင်း ဖြစ်ချင်သလား၊ ပုဏ္ဏားဖြစ်ချင်သလား၊ စတုမဟာရာဇ်နတ်မင်းကြီးဖြစ်ချင် သလား၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတ ဝတိနတ်မင်းကြီးဖြစ်ချင်သလား၊ ရူပ၊ အရူပ ဗြဟ္မာတွေဖြစ်ချင်သလား

စသည်ဖြင့် ဟောကြားပြီး ဒီလိုဖြစ်အောင် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာဆိုတဲ့ သူတော်ကောင်းတရား ငါးပါးနဲ့ ပြည့်စုံစေရမယ်၊ ဖြစ်လိုရာဌာန ဘုံဘဝတစ်ခုခုကိုလည်း ဆုတောင်းရမယ်၊ ဒါနစသည်ပြုတိုင်းလည်း ဖြစ်လိုရာဘုံဘဝမှာ စိတ်ထားရ၊ ဆောက်တည်ရမည်၊ ဒီလိုဆိုရင်ဖြစ်ချင်ရာဘုံဘဝမှာ ဖြစ်ဖို့ကိန်းသေတယ်လို့ ဟောထားပါတယ်။

အဋ္ဌကထာဆရာကလည်း တသ္မာ ကုသလံ ကမ္မံ ကတွာ ကေသွိံ ဌာနေ ပတ္တနံ ကာတုံ ဝဋ္ဋတိ ရယ်လို့ ကုသိုလ်ကောင်းမှု တစ်ခုခုကိုပြုပြီးတဲ့နောက် ဖြစ်လိုရာဘုံဘဝတစ်ခုခုမှာ ဖြစ်ဖို့ရာ ဆုတောင်းသင့်ပါတယ်လို့ ဩဝါဒပေးပါတယ်၊ ဒီပကတူပန်ဿယပစ္စည်းမှာ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာဆိုတဲ့ သူတော်ကောင်းတရား ငါးပါးကို များစွာဟောလေတော့ ဒီတရား ငါးပါးနဲ့ ပြည့်စုံအောင် အားထုတ်ပြီး မိမိတို့ဖြစ်လိုရာ နတ်ပြည်လောကတစ်ခုခု၌ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရရန်လည်းကောင်း၊ ထိုထက်အလွန် ယခုဘဝပစ္စက္ခ၌ပင် အာသဝေါကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ရောက်စေရန်လည်းကောင်း၊ အားထုတ်နိုင်ကြပါစေဟု အကြိမ် (၃၀) မြောက် အဘိဓမ္မာအခါတော်နေ့ကို ရည်ညွှန်း၍ ဩဝါဒပေးလိုက်ပါသတည်း။

## ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏
## ၁၃၄၁ ခုနှစ်၊ (၃၁) ကြိမ်မြောက်
## အဘိဓမ္မာအခါတော်နေ့တွင်

# မြဝါဒါစရိယ မူလပဋ္ဌာန်း ဆရာတော်ဘုရားကြီး ၏
# အသံလွှင့် ဟောပြောချက်

ဥပနိဿယပစ္စည်းကို နှစ်အတော်ကြာကြာ အကျဉ်းချုံးပြီး ပြောပြခဲ့တာ မနှစ်ကပြီးဆုံးလေတော့ သည်နှစ် ပုရေဇာတပစ္စည်းကို ဆက်လက်ပြောပြပါမယ်၊ ပုရေဇာတပစ္စည်းမှာ အာရမ္မဏပုရေဇာတ၊ ဝတ္ထုပုရေဇာတ ရယ်လို့ နှစ်မျိုးရှိပါတယ်၊ အာရမ္မဏ ပုရေဇာတပစ္စည်းဆိုတာ အာရုံတရားလည်းဖြစ်ရမယ်၊ အကျိုးပစ္စယုပ္ပန်တရားတွေရဲ့ ရှေးဦးစွာ ဖြစ်နှင့်ပြီးချုပ်လည်းမသွားရသေးဘဲ ပစ္စုပ္ပန်အနေနဲ့ ဌီအခိုက်မှာ တည်နေပြီးတော့မှ မိမိရဲ့နောက်မှာ ဖြစ်ပေါ်လာတဲ့စိတ်၊ စေတသိက်၊ ပစ္စယုပ္ပန်တရားတွေကို ကျေးဇူးပြုတဲ့ပစ္စည်း ဖြစ်ပါတယ်၊ ဒီပုရေဇာတပစ္စည်းကို ကမ္ဘာဦးကစပြီး ပေါ်ထွက်လာတဲ့ နေလတွေဟာ၊ နေလထွက်ပြီးနောက် ယခုထင်ရှားရှိနေကြတဲ့ ပုဂ္ဂိုလ်များအား အလင်းရောင်ပေးပြီး ကျေးဇူးပြုတာနဲ့ တူတယ်လို့ ဥပမာပြကြပါတယ်။

အာရမ္မဏပုရေဇာတ ပစ္စည်းတရားဟာ အာရုံလည်းဖြစ်ရမယ်၊ ပစ္စုပ္ပန်အနေအားဖြင့် ဌီအခိုက်အတန့်မှာလည်း တည်နေရမယ်ဆိုတော့ ခေတ္တခဏမျှသာ အသက်ရှိနေကြတဲ့ နာမ်တရားတွေနဲ့ လုံးဝမဆိုင်လေတော့ဘဲ ရုပ်တရားများသာ ဖြစ်ရပါမယ်၊ ရုပ်က(၂၈)ပါးရှိရာ အနိပ္ဖန္နရုပ်တွေက ပညတ်သဘော ဖြစ်လေတော့ ပဋ္ဌာန်းမှာ မဟောပါဘူး၊ ဒီတော့ နိပ္ဖန္နရုပ်များသာဖြစ်ပါတယ်၊ အဋ္ဌ၊ အဝိဂတပစ္စည်းများမှာလည်း အာရမ္မဏပုရေဇာတကို ဟောလေတော့ ကာလအားဖြင့် ပစ္စုပ္ပန်ကာလသာဖြစ်ပြီး

ပစ္စယုပ္ပန် တရားတွေအား ကျေးဇူးပြုပါတယ်၊ ပစ္စုပ္ပန်ကာလသာ ဖြစ်ကြောင်းကို အဟိတတိက်မှာ "ပစ္စုပ္ပန္နာ ဓမ္မော ပစ္စုပ္ပန္နဿ ဓမ္မဿ ပုရေဇာတ ပစ္စယေနပစ္စယော အာရမ္မဏ ပုရေဇာတံ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ" စသည်ဖြင့် ပစ္စုပ္ပန် ကာလအတွက်သာ ဟောပါတယ်၊ ဒီတော့ ပစ္စည်းတရားဟာ ပစ္စုပ္ပန်နိပ္ဖန္နရုပ် (၁၈)ခုသာ ဖြစ်ကြောင်း ထင်ရှားပေပြီ။

အကျိုး ပစ္စယုပ္ပန်တရားတွေဟာ ဘာတရားတွေလဲလို့ စဉ်းစားရင် ရုပ်တရားကို အာရုံပြုရမှာ ဖြစ်လေတော့ ရုပ်ကိုအာရုံမပြုကြတဲ့ မဟာဂ္ဂုတ် လောကုတ္တရာတရားတွေနဲ့ လုံးဝမဆိုင်တော့ဘူး၊ ဒီတော့ ရုပ်ကိုအာရုံပြုနိုင်တဲ့ ကာမစိတ် (၅၄)ကိုရမယ်၊ ပဋ္ဌာန်းမှာ အဘိညာဉ် (၇)ပါးကိုဟောရာ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ အဘိညာဉ်များက ပစ္စုပ္ပန် ရူပါရုံ၊ သဒ္ဒါရုံဆိုတဲ့ရုပ်ကို အာရုံပြုလေတော့ ရကြောင်းကို "ဒိဗ္ဗေနစက္ခုနာရူပံ ပဿတိ ဒိဗ္ဗာယသောတ ဓာတုယာ သဒ္ဒံ သုဏာတိ" ရယ်လို့ ဟောထားပါတယ်။

ဣဒ္ဓိဝိဓအဘိညာဉ်ရမရကို စိစစ်ကြည့်ရင် ဣဒ္ဓိဝိဓအဘိညာဉ်ဟာ ပါဒကဖြစ်တဲ့ ရူပါဝစရကုသိုလ်၊ ကြိယာပဥ္စမဈာန်နဲ့ သတသဟာဃစတဲ့ နိမ္မိတ ရုပ်ကို အာရုံပြုပါတယ်၊ ဣဒ္ဓိမာဖြစ်တဲ့ တန်ခိုးရှင်ဟာ "ငါ၏ကိုယ်သည် စိတ်ရှိအလား လျင်မြန်စွာ သွားစေသား" ရယ်လို့ အဓိဋ္ဌာန်ပြုရာမှာ မိမိရှဲခန္ဓာကိုယ်မှာ တည်ရှိနေတဲ့ ပစ္စုပ္ပန် နိပ္ဖန္န ရုပ်ပစ္စည်းတစ်ခုခုက ဣဒ္ဓိဝိဓအဘိညာဉ်ဆိုတဲ့ ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုလေတော့ ဣဒ္ဓိဝိဓ အဘိညာဉ်ရပါတယ်၊ ဒါဖြင့် ဘာ့ကြောင့် ဒီဣဒ္ဓိဝိဓအဘိညာဉ်ကို မဟောသလဲလို့ စဉ်းစားရင် ဣဒ္ဓိဝိဓအဘိညာဉ်ဟာ သတသဟာဃ စတဲ့ နိမ္မိတရုပ်ကိုသာ အာရုံပြုတာ မဟုတ်ဘဲ ပါဒကဖြစ်တဲ့ ရူပါဝစရကုသိုလ် ကြိယာ ပဥ္စမဈာန်ကိုပါ အာရုံပြုလို့ဖြစ်ပါတယ်။

စေတော ပရိယ အဘိညာဉ်က နာမ်တရားကိုသာ အာရုံပြုပါတယ်၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ယထာကမ္မုပဂ အဘိညာဉ်များက အတိတ်ကာလကို အာရုံပြုကြပါတယ်၊ အနာဂတံသ အဘိညာဉ်က အနာဂတ်ကာလကိုသာ အာရုံပြုလေတော့ ဒီအဘိညာဉ်တွေမရလို့ ပစ္စယုပ္ပန်တရားဟာ ကာမစိတ် (၅၄)နဲ့ ဒိဗ္ဗစက္ခု၊ဒိဗ္ဗသောတအဘိညာဉ်သာ ဖြစ်ပါတယ်။

ရဟန္တာဖြစ်ဖြစ် သေက္ခပုထုဇဉ်ဖြစ်ဖြစ် ပစ္စုပ္ပန်စက္ခုစတဲ့ နိပ္ဖန္န ရုပ်တွေကို အာရုံပြုပြီး ဝိပဿနာရှုတဲ့အခါ ပစ္စုပ္ပန် စက္ခုဝတ္ထုစသည်က

အကြောင်းပစ္စည်း၊ ဝိပဿနာရှုတဲ့ မနောဒွါရိက ဇောဝီထိစိတ်များက အကျိုးပစ္စယုပ္ပန်များ ဖြစ်ကြပါတယ်၊ ဒါကို ပဋ္ဌာန်းပါဠိတော်မှာ "အရဟာ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ" စသည်ကို ဟောပါတယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တရယ်လို့ ဝိပဿနာမရှုဘဲ သေက္ခပုထုဇဉ်ပုဂ္ဂိုလ်များဟာအကြောင်းပစ္စယုပ္ပန်စက္ခု စသည်ကိုအာရုံပြုပြီး သာယာမယ် ဆိုရင်တော့ လောဘဇောဖြစ်မယ်၊နှလုံးမသာယာရင် ဒေါသဇောဖြစ်မယ်၊ယုံမှားရင်၊ ပျံ့လွင့်ရင်၊ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စဆိုတဲ့အကုသိုလ်အကျိုးတရားဖြစ်ကြောင်းကိုလည်း "စက္ခုံအဿာဒေတိ၊ အဘိနန္ဒတိ တံ အာရဗ္ဘရာဂေါ ဥပ္ပဇ္ဇတိ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာဥပ္ပဇ္ဇတိ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ ဒေါမနဿံဥပ္ပဇ္ဇတိ" လို့ ဟောပါတယ်။ စဉ်းစားစရာတစ်ခုကို ဆက်လက် ပြောပြပါမယ်၊ အာရမ္မဏပစ္စည်းနဲ့ အာရမ္မဏ ပုရေဇာတပစ္စည်း အဗျာကတော— အဗျာကတဿဝိဘင်းမှာ အရဟာရယ်လို့ ပုဂ္ဂိုလ်ပါပါတယ်၊ အဗျာကတော အကုသလဿသေစ္စ အဗျာကတော ကုသလုံသေက္ခာဝါ ပုထုဇနာဝါ ရယ်လို့ ပုဂ္ဂိုလ်ပါပါတယ်၊ အဗျာကတော အကုသလကျတော့ ပုဂ္ဂိုလ်မပါဘဲ စက္ခုံအဿာဒေတိ စသည်ကို ဟောပါလျက် ဘာကြောင့် သေက္ခပုထုဇဉ်ရယ်လို့ ပြောရတာလဲလို့ စဉ်းစားစရာ ဖြစ်နိုင်ပါတယ်။

အဖြေကတော့ "စက္ခုံအဿာဒေတိ" စသည်ကိုဟောသဖြင့် ရဟန္တာနဲ့မဆိုင်ကြောင်း ထင်ရှားလေတော့ သေက္ခပုထုဇဉ်များသာ ဖြစ်ရပါမယ်၊ ထည့်မဟောတာကတော့ "အဿာဒေတိ" စတဲ့အားလုံးဟာ ပုထုဇဉ်နဲ့ ဆိုင်ပေမယ့် သေက္ခပုဂ္ဂိုလ်အားလုံးနဲ့ မဆိုင်ပါဘူး၊ ဘယ်လိုလဲဆိုရင် အဿာဒေတိ အဘိနန္ဒတိ ရာဂေါဥပ္ပဇ္ဇတိ ဒိဋ္ဌိဥပ္ပဇ္ဇတိ ဝိစိကိစ္ဆာဥပ္ပဇ္ဇတိ များမှာရှိတဲ့ ဒိဋ္ဌိဂတသမ္ပယုတ်လောဘနဲ့ ဝိစိကိစ္ဆာများဟာ သေက္ခပုဂ္ဂိုလ်အားလုံးနဲ့ မဆိုင်ပါဘူး၊ ဒေါမနဿံ ဥပ္ပဇ္ဇတိကအနာဂါမ်နဲ့ မဆိုင်ပါဘူး၊ ဒီလိုပုထုဇဉ်တွေနဲ့ အားလုံးသက်ဆိုင်ပြီး သေက္ခပုဂ္ဂိုလ်တွေနဲ့ အားလုံးမသက်ဆိုင်လေတော့ မဟောတာဖြစ်ပါတယ်၊ ပုဂ္ဂိုလ်မပါတာဟူသမျှ ဤသဘောအတိုင်း ယူဆရပါတယ်။

**ဝတ္ထုပုရေဇာတပစ္စည်း**။ ဝတ္ထုပုရေဇာတပစ္စည်းရဲ့ ပါဠိတော်အရကောက်များဟာ ဝတ္ထုပုရေဇာတနိဿယနဲ့ တူကြလို့ ဝတ္ထုပုရေဇာတနိဿယတုန်းက ပြောပြခဲ့တဲ့အတိုင်း မှတ်သားစေလိုပါတယ်၊ ဒါပေမယ့် အချို့ပုဂ္ဂိုလ်များက ဓမ္မသင်္ဂဏီမှာ ဟဒယဝတ္ထုကို မဟောလေတော့ ဟဒယဝတ္ထုဆိုတာမရှိ၊ ပဋ္ဌာန်းပစ္စယနိဒ္ဒေသမှာဟောတဲ့ ယံရူပံနိဿာယ

မနောဓာတု မနောဝိညာဏဓာတုစတ္တတ္တိ တံရူပံဒါရ၊ ရုပ်ဇီဝိတိန္ဒြေကို သာ ယူရမယ်စသည်ဖြင့် လွဲလွဲမှားမှား ယူဆရိုမက ဒီအမှားတွေကို စာအုပ်များပင် ထုတ်ဝေခဲ့ပါတယ်။

အဘိဓမ္မာကို သင်ကြားဖူးကြတဲ့ ပုဂ္ဂိုလ်များက ဒီစာအုပ်တွေ့တဲ့အခါ အဘိဓမ္မာပြန့်ပွားရေးအသင်းကို မေးကြတယ်၊ အဘိဓမ္မာပြန့်ပွားရေးအသင်းက ၁၃၃၂ ခုနှစ်၊ အဘိဓမ္မာအခါတော်စာစောင်မှာ ဟဒယဝတ္ထုအကြောင်းလို့ ခေါင်းစဉ်တပ်ပြီး တိကျစွာဖော်ပြထားတာကို ကြည့်ကြပါလို့ ပြန်ကြားကြပါတယ်၊ ထိုစဉ်က စာအုပ်တစ်သောင်းသာ ပုံနှိပ်တဲ့အတွက် စာအုပ်မရသူများ ရိပ်စားမိရန် အကျဉ်းချုပ် ဖော်ပြပါတယ်။

မနောဓာတ်၊ မနောဝိညာဏဓာတ်တို့ရဲ့ မှီရာဖြစ်တဲ့ ဟဒယဝတ္ထုကို ဓမ္မသင်္ဂဏီ၌ မဟောခြင်းမှာ အာရမ္မဏ ဆင္ဒဒုက် တစ်ဖက်ပျက်မည်ဖြစ်၍ ဝတ္ထုဒုက်နှင့် အာရမ္မဏဒုက်ကို အသွားတူစေရန် ဒေသနာအစဉ်တူစေရန် ဝတ္ထုဆင္ဒဒုက်၌ ဟဒယဝတ္ထုကို ရသင့်ချန်ထားခဲ့ရခြင်း၊ မဟောရခြင်းဖြစ်၏။ မရရှိမဟုတ်ဟူ၍ လည်းကောင်း၊ ပဋ္ဌာန်းပစ္စယနိဒ္ဒေသ နိဿယပစ္စည်းစသည်၌ ဟောသော "ယံရူပံနိဿာယ" အရ မည်သည့်ရုပ်ကိုသာ ယူရမည့်အကြောင်းကို လည်းကောင်း၊ ပဋ္ဌာန်း၌ ဟဒယဝတ္ထုကို မရေမတွက်နိုင်အောင် များပြားလှစွာ ဟောထားပုံကို လည်းကောင်း၊ ဟဒယဝတ္ထုဟု ဟဒယသံနှင့် အဘယ်ကြောင့် မဟောပုံကို လည်းကောင်း၊ ထိုဟဒယဝတ္ထုသည် ပစ္စဝေါကာရဘုံသားတို့ သန္တာန်ဝယ် ပဋိသန္ဓေဖြစ်သည်နှင့်တစ်ပြိုင်နက် အတူတကွ ဖြစ်ပေါ်လာရသည်ကို လည်းကောင်း၊ ပဋ္ဌာန်းသနိဒဿနတိကအာရမ္မဏ ပုဒ္ဓဇာတတ္တိပစ္စည်းများ၌ "အနိဒဿနအပ္ပဋိဃောဓမ္မော အနိဒဿနအပ္ပဋိဃဿဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော ဝတ္ထုံ ဣတ္ထိန္ဒြိယံ ဇီဝိတိန္ဒြိယံ အာပေါဓာတုံ ကဗဠီကာရံ အာဟာရံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ" စသည်ဖြင့်ဟောရာဝယ် ရုပ်ဇီဝိတစသော ရုပ်(၅)ပါးကိုလည်း ဟောတော်မူ၏၊ ဝတ္ထုံဟု ဟဒယဝတ္ထုကိုလည်း ဟောတော်မူသဖြင့် ထိုဝတ္ထုံသည် ရုပ်ဇီဝိတစသော တစ်ပါးပါးများ ဖြစ်လေမည်လားဟု တစ်စုံတစ်ရာ စဉ်းစားကြံဆဖွယ်မလိုတော့ဘဲ ဟဒယဝတ္ထုပင်ဟု ကောက်ယူဆုံးဖြတ်နိုင်ကြောင်း စသည် စာစောင်၌ ရေးထားကြောင်း အကျဉ်းချုပ် ပြောပြပါတယ်။

တစ်ဖန် ဆက်လက်၍ "ယံရူပံနိဿာယ"၌ ယံရူပံအရ ဘယ်လိုရုပ်မျိုးကို ယူရမည့်အကြောင်း ဆရာကြီးများ မိန့်ဆိုချက်ကို ပြောပြပါမယ်၊ ပစ္စ

ဝိညာဉ်စိတ်များဟာ စက္ခုဝတ္ထုစတဲ့ ငါးပါးသော ရုပ်ဝတ္ထုတို့ကို မှီ ကြောင်းကို စက္ခာယတနံ စက္ခုဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော စသည်ဖြင့် ဟောထားပါတယ်၊ ထို့နောက် ဝတ္ထုဝိပါက ဗျာကတာနံ ကြိယာဗျာကတာနံခန္ဓာနံ ကုသလာနံခန္ဓာနံ အကုသလာနံခန္ဓာနံ ပုရေဇာတ ပစ္စယေန ပစ္စယောလို့ ဟောလေတော့ အရူပဝိပါက်(၄)ခု၊ ဒွေပဉ္စဝိညာဉ် တစ်ဆယ်ကြဉ်တဲ့ မနောဓာတ် မနောဝိညာဏဓာတ်တို့ရဲ့ မှီရာရုပ်ဝတ္ထုဆို တာ ဘယ်လိုရုပ်လဲလို့ စိစစ်ရလိမ့်မယ်။

ဒီဝတ္ထုရုပ်ဟာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုတဲ့ မဟာဘုတ် ကြီးလေးပါး မဟုတ်ပါဘူး၊ ဘာကြောင့်ဆိုရင် မဟာဘုတ်တွေကို ဥပါဒါ ရုပ်များက မှီကြကြောင်းကို "မဟာဘူတာ ဥပါဒါရူပါနံ နိဿယ ပစ္စယေန ပစ္စယော" ဟောပါတယ်၊ ဒီတော့ မဟာဘုတ်လေးပါးဟာ မနောဓာတ် မနောဝိညာဏဓာတ်တို့ရဲ့ မှီရာမဟုတ်ပါဘူး၊ အထက်က ပြောခဲ့တဲ့ ပသာဒ ရုပ်ငါးခုဟာလဲ မဟုတ်ပါဘူး၊ တစ်ဖန် ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဩဇာဆိုတဲ့ ရုပ်တွေကို စိစစ်ရင် ဒီရုပ်များဟာ ခန္ဓာကိုယ်တွင်းမှာသာ ဖြစ်တာမဟုတ်ဘဲ၊ ခန္ဓာကိုယ်ရဲ့အပြင်ပမှာလည်း ဖြစ်ကြလေတော့ မနော ဓာတ်၊ မနောဝိညာဏဓာတ်များက ဒီရူပါရုံ စသည်ကိုမှီတယ်ဆိုရင် ခန္ဓာ ကိုယ်ရဲ့ အပြင်ပမှာဖြစ်တဲ့ ရူပါရုံစသည်ကိုလိုက်ပြီး မှီရမှာဖြစ်တဲ့အတွက် ဒီရူပစသည်တွေလည်း မဟုတ်ပြန်ဘူး။

မနောဓာတ်၊ မနောဝိညာဏဓာတ်များဟာ ရုပ်ဇီဝိတကိုလည်း မမှီနိုင် ဘူး၊ ဘာကြောင့်ဆိုရင် ရုပ်ဇီဝိတက မိမိနဲ့တကွ ဖြစ်ဘက်ဖြစ်တဲ့ ကမ္မဇ ရုပ်တွေကို ဌီအခိုက်မှာ စောင့်ရှောက်ရေး၊ ထောက်ပံ့ရေး ကိစ္စတွေကို ဆောင်ရွက်နေရတယ်၊ အလုပ်ကိစ္စတစ်ခုကို တာဝန်ယူပြီး လုပ်ကိုင်ဆောင် ရွက်နေရတဲ့ ပုဂ္ဂိုလ်ဟာ အခြားကိစ္စတစ်ခု မဆောင်ရွက်နိုင်သလို ရုပ်ဇီ ဝိတဟာလည်း သူဆောင်ရွက်ရမယ့်ကိစ္စရှိနေတော့ မနောဓာတ်၊ မနော ဝိညာဏဓာတ်တို့ရဲ့ အမှီကိုမခံနိုင်ပြန်ဘူး၊ ဒါဖြင့် ဘာဝရုပ်နှစ်ပါးကိုကော မမှီနိုင်ဘူးလားဆိုရင် မမှီနိုင်ပါဘူး၊ ဘာကြောင့်ဆိုရင် ဘာဝရုပ်မရှိကြ တဲ့ နပုန်းပုဂ္ဂိုလ်များရဲ့ သန္တာန်မှာလည်း ဒီဓာတ်နှစ်ပါး ဖြစ်လေတော့ ဘာဝရုပ်နှစ်ပါးကိုလည်း မနောဓာတ်၊ မနောဝိညာဏဓာတ်က မမှီပါဘူး၊ ဒါဖြင့် ဘယ်ရုပ်သာကျန်တော့သလဲ၊ ဟဒယဝတ္ထုရုပ်သာ ကျန်တော့တယ်၊ ဒီတော့ ဟဒယဝတ္ထုရုပ်မှတစ်ပါး အခြားသော ရုပ်တွေကို မနောဓာတ်၊ မနောဝိညာဏဓာတ်ကမမှီဘဲ ဟဒယဝတ္ထုရုပ်ကိုသာ မှီလေတော့"ယံရူပံ" အရ ဟဒယဝတ္ထုသာဖြစ်ကြောင်း စိစစ်လို့ပြပါတယ်၊ လက္ခဏာ၊ ရသ၊

ပစ္စုပ္ပန္နဒ္ဒါန် ပဒ္ဒါန်ရယ်လို့ လေးပါးရှိတဲ့အနက် ဟာဒယဝတ္ထုလက္ခဏာကို "မနောဓာတု၊ မနောဝိညာဏ ဓာတူနံ နိဿယဘာဝလက္ခဏံ" မနောဓာတ်၊ မနောဝိညာဏဓာတ်တို့၏ မှီရာဖြစ်ကြောင်းလျှင် လက္ခဏာရှိ၏လို့ မိန့်ဆိုကြပါတယ်၊ ကမ္မဇရုပ် (၉)စည်းထဲက ဝတ္ထုဒသက ကလာပ်မှာ ရုပ်ဇီဝိတ ဟာဒယဝတ္ထု နှစ်မျိုးလုံးပါနေတာကိုလည်း စဉ်းစားနိုင်ပါတယ်၊ ဒါတွေကိုပြောနေတဲ့ ရည်ရွယ်ချက်ကတော့ အယူမမှားစေလိုလို့ ဖြစ်ပါတယ်။

သသမ္ဘာရဖြစ်တဲ့ နှလုံးအိမ်အတွင်းမှာ တစ်လက်ဆွမ်းမျှလောက်သော သွေးကိုပံ့နှံ့တည်နေတဲ့ ဟာဒယဝတ္ထုဟာ သေက္ခာဝါ ပုထုဇ္ဇနာဝါ ဝတ္ထုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိဟူသော ပဋ္ဌာန်းဒေသနာတော်အရ ဟာဒယဝတ္ထုနှင့်တကွ ၎င်းကိုမှီကြတဲ့ မနောဓာတ်၊ မနောဝိညာဏဓာတ်ဆိုတဲ့ နာမ်တရားတို့ရဲ့ အနိစ္စ ဒုက္ခ အနတ္တ သဘောကို ဟုတ်တိုင်းမှန်စွာ ဝိပဿနာရှုကြ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ရကြပါစေဟု (၃၁)ကြိမ်မြောက် အဘိဓမ္မာ အခါတော်နေ့ကို ရည်ညွှန်း၍ ဩဝါဒပေးလိုက်ပါသတည်း။ ။

## ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏
## ၁၉၄၂-ခုနှစ်၊ (၃၂)ကြိမ်မြောက်
## အဘိဓမ္မာအခါတော်နေ့တွင်
## သြဝါဒါစရိယ မူလပဌာန်း ဆရာတော်ဘုရားကြီး၏
## အသံလွှင့်ဟောပြောချက်

မနှစ်က ပုရေဇာတပစ္စည်းကို ပြောခဲ့လေတော့ ယခုနှစ်ပစ္ဆာဇာတပစ္စည်းနဲ့ အာသေဝနပစ္စည်းကို ခပ်ကျဉ်းကျဉ်းပဲ ပြောပြပါမယ်၊ ပစ္ဆာဇာတပစ္စည်းရဲ့ ကျေးဇူးပြုမှုဟာ တစ်ပါးတခြားသောပစ္စည်းတွေနဲ့မတူဘဲ နောက်မှ ဖြစ်ပေါ်လာတဲ့အကြောင်း နာမ်တရားက၊ သူ့အရင်ဖြစ်နှင့် နေတဲ့ အကျိုးရုပ်တရားများအား ကျေးဇူးပြုလို့ဖြစ်ပါတယ်၊ ဒီလိုကျေးဇူးပြုကြောင်းကို "ပစ္ဆာဇာတာ စိတ္တ စေတသိကာ ဓမ္မာပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော"လို့ ဟောပါတယ်။

ပဌာန်း(၂၄)ပစ္စည်းမှာ ကျေးဇူးပြုကြတဲ့ ပစ္စည်းတွေဟာဇနကသတ္တိ၊ ဥပတ္ထမ္ဘကသတ္တိ၊ ဇနကောပတ္ထမ္ဘက သတ္တိရယ်လို့ သုံးမျိုး ရှိပါတယ်၊ အနန္တရအစရှိတဲ့ (၇) ပစ္စည်းဟာ အကြောင်းတရား ချုပ်ပြီးတဲ့နောက် အကျိုးတရားဖြစ်ပေါ် ဥပါဒ်လာအောင် ကျေးဇူးပြုကြလို့ ဇနကသတ္တိရှိတဲ့ ပစ္စည်းများဖြစ်ကြပါတယ်၊ဒီဇနကပစ္စည်းများဟာ ဌီအခိုက်မှာတော့ တည်တံ့အောင် ကျေးဇူးမပြုနိုင်ကြပါဘူး၊ ပစ္ဆာဇာတ ပစ္စည်းဟာ မိမိ ကိုယ်တိုင်တော့ဖြစ်ပေါ်ဥပါဒ်လာအောင် ကျေးဇူးမပြုနိုင်ဘဲ၊ဌီအခိုက်ဘင်အခိုက်မှာ အစဉ်အဆက် တည်တံ့အောင် ထောက်ပံ့ထားနိုင်လေတော့ ဥပတ္ထမ္ဘက သတ္တိရှိတဲ့ ပစ္စည်းဖြစ်ပါတယ်၊ ကြွင်းတဲ့ဟေတုစတဲ့ (၁၈) ပစ္စည်းကတော့ ဖြစ်အောင်လည်း ဇနကသတ္တိနဲ့ ကျေးဇူးပြုနိုင်တယ်၊ တည်တံ့အောင်လည်းဥပတ္ထမ္ဘကသတ္တိနဲ့ ကျေးဇူးပြုနိုင်လို့ဇနကောပတ္ထမ္ဘက ပစ္စည်းဖြစ်ပါတယ်။

ပဋ္ဌာဘာတပစ္စည်းဟာ၄ှိ၊ ဘင်အဓိုက်မှာ တည်တံ့အောင်သာ ထောက်ပံ့နိုင်တဲ့ ဥပတ္ထမ္ဘကပစ္စည်းဖြစ်လေတော့၊ ဇနကသတ္တိများကိုသာ ဟောတဲ့ ပဋ္ဌာန်းဆ၀ါရ အနုလုံများမှာ ဒီပဋ္ဌာဘာတပစ္စည်းကို မဟောဘဲ (၂၃) ပစ္စည်းကို ဟောပါတယ်၊ ပဋ္ဌာဇာဘာပစ္စည်းထောက်ပံ့ပုံ ဥပမာကတော့ အစာအာဟာရ၌ တောင့်ဘနှစ်သက်တပ်မက်နေတဲ့ အာဟာရသာ စေတနာက လင်းတငယ်များရဲ့ကိုယ်ခန္ဓာကိုမသေရအောင် ထောက်ပံ့သမှုကျေးဇူးပြုဘယ်လို့ ဥပမာပြုကြပါတယ်၊

ဘယ်လိုလဲဆိုရင် မိခင်ဖြစ်ကြတဲ့ လင်းတမကြီးများဟာ အစာအာဟာရကို မိမိတို့သာရှာဖွေစားသောက်ကြပြီး၊ အခြားသတ္တဝါများလို အသိုက်မှာ ကျန်ရစ်ခဲ့တဲ့ မိမိတို့ရဲ့ လင်းတသားငယ်ကလေးများ အတွက်အစာကို ယူဆောင်လာကြတဲ့ ထုံးစံမရှိပါဘူး၊ လင်းတငယ် ကလေးများ ကတော့ ငါတို့ မိဘပြန်လာရင် ငါတို့စားဖို့ရာအတွက် အစာပါလာမှာပဲ ရယ်လို့ မျှော်လင့်တောင့်တကြတဲ့ အတိုင်း မိဘများ ပြန်လာတဲ့အခါ မိဘတွေကို အစာတောင်းကြပါတယ်။

ဒီအခါ မိဘများက ငါ့သားတို့ ယနေ့တော့ဖြင့် မင်းတို့အတွက်အစာပါမလာဘူး၊ နက်ဖြန်ခါမှ ယူခဲ့မယ်လို့ ပြောလိုက်တဲ့အခါ လင်းတငယ်ကလေးများက တို့ယနေ့မစားရပေမယ့် နက်ဖြန်တော့ စားရမှာပဲရယ်လို့ မျှော်လင့်ပြီး ကျေနပ်နေကြပါတယ်၊ ဒီလိုနဲ့ နက်ဖြန်ယူခဲ့မယ်၊ နက်ဖြန်ယူခဲ့မယ်နဲ့ လင်းတငယ်ကလေးများ အတောင်အလက်စုံပြီး ကိုယ်တိုင်အစာရှာနိုင်သည့်တိုင်အောင် ပြောဆိုကြပါတယ်။

ဒီဥပမာမှာ အစာအာဟာရကို စားရလိမ့်မယ်လို့ မျှော်လင့်တောင့်တရတဲ့ ရသာဘဏှာနဲ့ ယှဉ်တဲ့ စေတနာက လင်းတငယ်ကလေးများအား အစာမစားရပေမယ့်၊ မသေအောင် ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုထားသလို နောက်မှဖြစ်ကြတဲ့စိတ်စေတသိက် ဆိုတဲ့ပစ္စည်း နာမ်တရားက ရှေးက ဖြစ်နှင့်နေကြတဲ့ စတုသမုဋ္ဌာနိက ရုပ်တွေအား စည်ပင်ကြီးပွားအောင်လည်းကောင်း၊ နောင်အခါ မိမိနဲ့တူတဲ့ ရုပ်အစဉ်ထပ်မံ၍ ဆက်လက်ပြန့်ပွားအောင်လည်းကောင်း၊ ထောက်ပံ့သမှု ကျေးဇူးပြုကြပါတယ်။

ဥပမာတစ်နည်းအားဖြင့် ရှေးကာလက ပေါက်ရောက် ကြီးပွားနှင့်တဲ့ အင်ကြင်းပင်ငယ်တွေဟာ နောက်အခါကာလနှစ်စဉ်ရွာသွန်းတဲ့ မိုးရေနဲ့

အစွမ်းအားဖြင့် စည်ပင်ကြီးပွားခြင်းသို့ အဆင့်ဆင့် ရောက်ပြီး အင်ကြင်းတောကြီး ဖြစ်အောင် ရှက်ဆောင်နိုင်ကြသလို ပဋိသန္ဓေဇကအစပြု၍ ရှေ့ဖြစ်တဲ့ စိတ်တို့ရဲ့ အခိုက်မှာ ဖြစ်ပေါ်ကြပြီး၊ သတ္တဝါတွေရဲ့ တစ်ကိုယ်လုံးမှာတည်ရှိကြတဲ့ ကမ္မဇ၊ စိတ္တဇ၊ ဥတုဇ၊ အာဟာရဇဆိုတဲ့ စတုသမုဋ္ဌာနိက ရုပ်တရားတွေဟာ နောက်မှဖြစ်ကြတဲ့ပထမဘဝင်စတဲ့ စိတ်စေတသိက်တို့ရဲ့ အစွမ်းအားဖြင့် အဆင့်ဆင့်စည်ပင်ကြီးပွားခြင်းသို့ရောက်ပြီး အသက်သေသည့်တိုင်အောင် အဆင့်ဆင့်သော စတုသမုဋ္ဌာနိက ရုပ်တွေကို ဖြစ်ပေါ်အောင် ဆောင်ရွက်ကြပါတယ်။

နှစ်စဉ်ရွာသွန်းတဲ့ မိုးရေတွေရဲ့ စောင့်ရှောက်မှုကြောင့် ကမ္ဘာဆုံးသည့်တိုင်အောင် အင်ကြင်းတောကြီးဖြစ်သလို ပစ္ဆာဇာတဖြစ်တဲ့နာမ်တရားတွေရဲ့ စောင့်ရှောက်မှုကြောင့် သတ္တဝါတွေရဲ့ စတုသမုဋ္ဌာနိကရူပကာယကြီးဟာ မသေမချင်း မပုပ်မသိုး လတ်လတ်ဆတ်ဆတ် အရှင်ကဲ့သို့ တည်နေနိုင်ပါတယ်။

မျိုးစေ့ကြောင့် ပေါက်လာတဲ့သစ်ပင်ကို ရေမလောင်းရင်မကြီးပွားဘဲ မကြာခင်ပျက်စီးမယ်၊ မွေးစကလေးကိုနို့မတိုက်ရင် မကြာမီသေမှာဖြစ်လေတော့ မပျက်စီးရ မသေရအောင် ရေလောင်းခြင်း နို့တိုက်ခြင်းဆိုတဲ့ ထောက်ပံ့မှုကိုရသလို ဒီပစ္ဆာဇာတပစ္စည်းကသည်း ထောက်ပံ့သကျေးဇူးပြုရပါတယ်။

## ကေဇစသည်

ပစ္ဆာဇာတပစ္စည်းရဲ့ အကျိုး ပစ္စယုပ္ပန်မှာ ကေဇစတဲ့ ရုပ်တွေရှိရာ ကေဇကာယဆိုတာ ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်မှာ ကမ္မဇရုပ်ဖြစ်ပါတယ်၊ ဒီကမ္မဇရုပ်ဟာ ကံဆိုတဲ့အကြောင်းတစ်ပါးကြောင့်သာဖြစ်လို့ ကေဇကာယလို့ခေါ်ပါတယ်၊ပဋိသန္ဓေရဲ့ ဌီ၊ ဘင်ခဏများမှာ ဥတုဇရုပ်ဖြစ်ပေါ်လာလေတော့ ယခင်က ကမ္မဇရုပ်နဲ့ပေါင်းရင် အကြောင်းနှစ်ပါးကြောင့်ဖြစ်လို့ ဒွိဇကာယလို့ခေါ်ပါတယ်၊ ပထမဘဝင်ရဲ့ဥပါဒ်မှာ စိတ္တဇရုပ်ဖြစ်ပေါ်လာလေတော့ ကံ၊စိတ်၊ဥတု ရယ်လို့အကြောင်းသုံးပါးကြောင့်ဖြစ်လို့ တိဇကာယလို့ခေါ်ပါတယ်၊ အမိဝမ်းတွင်းမှာ ကိန်းအောင်းတဲ့ပုဂ္ဂိုလ်ဖြစ်ရင် နှစ်သတ္တာဟ၊ သုံးသတ္တာဟ အချိန်အခါမှာ အမိစားအပ်တဲ့ ရသာဓာတ်ရည်စိုစွတ်စိမ့်ဝင်တဲ့အခါ အာဟာရဇရုပ်ဖြစ်ပါတယ်၊သံသေဒဇဥပပါတ်

ပုဂ္ဂိုလ်များကတော့မိမိတို့ရဲ့တံတွေးကိုမျိုတဲ့အခါမှာဖြစ်စေ၊အစာအာဟာရ တစ်ခုခုစားတဲ့အခါမှာဖြစ်စေ အာဟာရဇရုပ်ဖြစ်ပါတယ်၊ ဒီအာဟာရဇ ရုပ်ဖြစ်တဲ့အခါမှာ စတုဇကာယရယ်လို့ခေါ်ပါတယ်။ ဒီပစ္ဆာဇာတ ပစ္စည်းဟာ ပစ္စုပ္ပန်ကာလမှာဖြစ်တဲ့အပြင် ပစ္ဆာဇာတတ္တိရယ်လို့' အတ္ထိ ပစ္စည်းမှာလည်း ဟောထားလေတော့ ပစ္စည်း ပဌယုပ္ပန်ထင်ရှားရှိနေတဲ့ အခါသာ ကျေးဇူးပြုပါတယ်၊ ဤအကျဉ်းမျှဖြင့် ပစ္ဆာဇာတပစ္စည်းကို ပြောပြီးနောက် အာသေဝနပစ္စည်းကို ဆက်လက်ပြောပြပါမယ်။

## အာသေဝနပစ္စည်း

အာသေဝနပစ္စည်းဆိုတာ ကုသိုလ်စတဲ့ တရားမျိုးကိုပဲ အဖန်ဖန် အထပ်ထပ်ဖြစ်အောင်ကျေးဇူးပြုတဲ့ ပစ္စည်းဖြစ်ပါတယ်၊ တစ်နည်းအားဖြင့် မိမိရဲ့အခြားမဲ့မှာဖြစ်တဲ့တရားကို မိမိနဲ့သဘောတူတဲ့အဖြစ်ရောက်အောင် ဆိုတဲ့သဘောမျိုးနဲ့ကျေးဇူးပြုတဲ့ပစ္စည်းဖြစ်ပါတယ်။

ဥပမာအားဖြင့် နံ့သာကြုတ်နဲ့ နံ့သာသေတ္တာ စသည်များ၌ အဝတ် များကို မွှေးကြိုင်လာအောင် ထုံထားတဲ့အခါ ရှေးရှေးထုံမှုက နောက် နောက် ထုံမှုအား အားရှိစေပါတယ်၊ ဘာသာတစ်ခုကို သင်ယူရာမှာ လည်း သင်စခက်ခဲမှုနည်းနည်းရှိပေမယ့် အရှိန်ရလာတဲ့အခါ လွယ်ကူ အောင် ကျေးဇူးပြုသလို၊ထို့အတူ ဇာတ်တူတဲ့ ရှေးရှေးဇောစိတ်က နောက် နောက်ဇောစိတ်အား ဇာတ်တူသဘောတူဖြစ်အောင် အားရှိအောင် အဖန် ဖန် ဖြစ်ပွားစေခြင်း ထုံခြင်းကိစ္စနဲ့ကျေးဇူးပြုပါတယ်။

အာသေဝနရဲ့သဘောဟာ ပယောဂစိုက်ပြီး တမင်ပြုပြင်ရတဲ့ ကုသိုလ်၊ အကုသိုလ် ကြိယာဇောများသာ ဖြစ်ပါတယ်၊ ပဋ္ဌာန်းဒ္ဒါရာဝဇ္ဇန်းဟာ ဆင်ခြင် ရုံမှုတစ်ပါး တစ်စုံတစ်ရာ သတ္တိမရှိပါဘူး၊ မနောဒ္ဒါရာဝဇ္ဇန်းကလည်း နှစ်ကြိမ် သုံးကြိမ် ထပ်ပြီးဖြစ်ပေမယ့် အင်မတန်အားနည်းခဲ့ရာ တစ်စုံ တစ်ခုသော ပယောဂဖြင့် ဖြစ်ပွားလာအောင် ယုတ်လျော့သွားအောင် ပြုပြင်လို့ရတဲ့ စိတ်မျိုးမဟုတ်ပါဘူး၊ ဒီမနောဒ္ဒါရာဝဇ္ဇန်းနဲ့ပတ်သက်လို့ မူလ ပဏ္ဍာသ မဟာလတ္ထိပဒေါပမသုတ် အဋ္ဌကထာမှာ "ဇဝံ ကတပရိဂ္ဂဟာဿတိ ခေတ္တုကမ္မဋ္ဌာနိကဿ ဗလဝ ဝိပဿနာ စေပိစက္ခုံ ဒ္ဒါရာ ဒိသုအာရမ္မဏေ အာပါတဂတေ အယောနိသော အာဝဇ္ဇနံ ဥပ္ပဇ္ဇတိ ဝေါဋ္ဌဗ္ဗနံပတ္တာ ကော်

ဒွေ ဝါဒရ အာသေဝနံလတိတွာ ဘဝင်္ဂမောဝဋ္ဋတိ၊ ဒုတိယဝါရာဝသေနတိ ဥပ္ပဇ္ဇတိ၊ ကာယံကောဍ္ဍနီယတ္ထေရော တိက္ခဝိပဿကော''လို့ ပြပါတယ်။

ဆိုလိုရင်းက ခါတ်ကမ္မဋ္ဌာန်းကို သိမ်းဆည်းပြီးဖြစ်တဲ့ ဗလဝဝိပဿက ပုဂ္ဂိုလ်တွေမှာ စက္ခုဒွါရာစသည်တို့တွင် အာရုံတင်လာတဲ့အခါ မသင့်တဲ့ နှလုံးသွင်းနဲ့ နှလုံးသွင်းလိုက်တော့ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာ ဝဇ္ဇန်း၊ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊သန္တီရဏ၊ ဝုဋ္ဌောလို့ ဝီထိအစဉ် ဖြစ်လာ တယ်၊ ဝုဋ္ဌောရောက်တော့ ဝုဋ္ဌောဟာ တစ်ကြိမ် နှစ်ကြိမ် အာသေဝနပစ္စည်း ကိုရပြီးနောက် စိတ်ဟာ ဘဝင်သို့သက်ပြီးသွားပါတယ်၊ ရာဂစသည်တို့ရဲ့ အစွမ်းအားဖြင့် မဖြစ်တော့ဘူး၊ ဒီလိုစွမ်းနိုင်တဲ့ပုဂ္ဂိုလ်ဟာ အထွတ် အထိပ်သို့ ရောက်ပြီးဖြစ်တဲ့ တိက္ခဝိပဿက ပုဂ္ဂိုလ်ဖြစ်ပါတယ်လို့ အဋ္ဌက ထာက ပြပါတယ်။

ဝုဋ္ဌောဟာ အာသေဝန ပစ္စည်းတတ်တယ်လို့ အဋ္ဌကထာက ပြဆိုတဲ့ စကားကို အရှင်ဓမ္မပါလဋီကာဆရာကြီးက ဝုဋ္ဌောတစ်ကြိမ်ဆိုတာ စကားပြေ ဖြစ်အောင်ပြောတဲ့ ဝါစာသိလိဋ္ဌပါတဲ့ ဒုတိယမောဃဝါရမှာ ဝုဋ္ဌော တစ် ကြိမ်မကျပါဘူး၊ နှစ်ကြိမ် သုံးကြိမ်ကျပါတယ်၊ ဝုဋ္ဌောရောက်ပြီးတဲ့နောက် တစ်ကြိမ်၊နှစ်ကြိမ် အာသေဝနပစ္စည်းရကာ၊ စိတ်ကဘဝင်သက်တယ်ဆိုတာ ကတော့ ဒုတိယ မောဃဝါရစွမ်းနဲ့ဆိုတာပါတဲ့၊ ဒုတိယမောဃဝါရစွမ်း လို့ဆိုတာက ပြောခဲ့တဲ့ဝီထိအတိုင်း ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာ ဝဇ္ဇန်း၊ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌောနှစ်ကြိမ်သုံးကြိမ်၊ ထို့နောင် ဘဝင်၊ဒါကို ပြောတာပါ။

ဝုဋ္ဌောဟာ အာသေဝန ပစ္စည်းမဖြစ်နိုင်ပါဘူး၊ အာသေဝနပစ္စည်းဖြစ် နိုင်ရန် ဝေဒနာတိက် ပဋ္ဌာနပါဠိ စသည်မှာ ''အာသေဝနပစ္စယာ မဂ္ဂေ ဒွေ၊ နမဂ္ဂပစ္စယာ အာသေဝနေ ဒွေ''လို့ ဘုရားဟောရမှာ၊ ဒွေအရက (ပ,ပ) (တ,တ) သုခနဲ့ ဥပေက္ခာမှာ ရှိပါတယ်၊ ဒီလိုမဟောဘဲ ဧကံလို့ သာ ဟောလေတော့၊ အာသေဝနနဲ့လုံးဝမဆိုင်လို့ ကုသလတိက်မှာ ''အကုသလံဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နာသေဝနပစ္စယာ၊ ကုသလံဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ၊ နာသေဝနပစ္စယာ''လို့သာ ဟောပါတယ်၊ဒါတင်မကသေးဘူး။ ''အာဝဇ္ဇနန္တာ ကုသလာနံ ခန္ဓာနံ၊အကု သလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော''လို့ ဟောသလို၊ တကယ်

လို့ ဝိုင်ဒွာဆိုတဲ့ အာဝဇ္ဇန်းဟာ အာသေဝနပစ္စည်းရမယ်ဆိုရင် "အာဝဇ္ဇနာ ကုသလာနံ ခန္ဓာနံ၊ အကုသလာနံ ခန္ဓာနံ အာသေဝနပစ္စယေန ပစ္စယော"လို့ ဟောသင့်တာပေါ့ စသည်ဖြင့် များစွာ မိန့်ဆိုပါတယ်။

လောကီဝိပါက်များဟာ ကံစွမ်းသက်သက်ကြောင့်သာ ယခုဘဝမှာ ဖြစ်ကြရတဲ့ တရားများဖြစ်ကြပါတယ်၊ မဂ်ဇောကတော့ တစ်ကြိမ်တည်းနဲ့ ကိလေသာသတ်မှုကို ဆောင်ရွက်လိုက်လေတော့ နောက်ထပ်မဂ်ဇောတစ်ခု ထပ်ဖြစ်ဖို့ရာ အားထုတ်စရာမလိုတော့ဘူး၊ ဖိုလ်ဟာ ဇောကိစ္စလည်း တတ်တယ်၊ အားထုတ်မှုပယောဂလည်းရှိတယ်၊ ဒါပေမယ့် ဒီဖိုလ်စိတ်တွေဟာ မဂ်စေတနာရဲ့ အာနုဘော်ကြောင့်သာ ဖြစ်ရတယ်၊ မဂ်စေတနာနဲ့ကင်းပြီး သီးခြားတစ်ခုတစ်ခုသော ပယောဂကြောင့် မိမိတို့အလိုလိုထူထောင်နိုင်ကြတဲ့ တရားမျိုး မဟုတ်ပါဘူး၊ ဒါတင် မကသေးပါဘူး၊ မဂ်က ကုသိုလ်၊ ဖိုလ်က ဝိပါက် ဖြစ်လေတော့ ဇာတ်မတူတဲ့ မဂ်ဇောက ဖိုလ်ဇောအား အာသေဝန သတ္တိနဲ့ ကျေးဇူးမပြုနိုင်ပါဘူး။

ဖိုလ်ဟာ အာသေဝနပစ္စည်းရဲ့ပစ္စယုပ္ပန်ထဲမှာမပါတဲ့ပြင် ပဋ္ဌာန်းပါဠိတော်များမှာလည်း ဘယ်နေရာမှာမှ ဟောထားမှုမရှိကြောင်း အင်မတန်ထင်ရှားပါတယ်၊ ဒါပေမယ့် အချို့ပုဂ္ဂိုလ်က "အာသေဝန ဝိနမုတ္တံ ဇဝနံ နတ္ထိ"ဆိုတဲ့စကားကို ကိုးကားပြီး ဇောကိစ္စတတ်တဲ့ ဖိုလ်ဟာ အာသေဝနပစ္စည်းထိုက်တယ်လို့ ကောက်ယူပါလို့ အမှတ်ခိုင်းပေမယ့်၊ ဒီဖိုလ်ရဲ့ အာသေဝနပစ္စည်းထိုက်ကြောင်းကို အကိုးပါဠိထုတ်မပြနိုင်တဲ့ပြင်၊ ဖိုလ်ဇောဟာ အာသေဝနပစ္စည်းမထိုက်လို့ ဘုရားကမဟောဘဲ မှဟုတ်ပါဘူးရယ်လို့ ဘုရားကိုပါ စွပ်စွဲပြန်ပါတယ်၊ ဖိုလ်ဇော အာသေဝန ထိုက်ကြောင်းကို ဘုရားကဟောရင် "ပုရိမာ ပုရိမာ ဝိပါကာဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ ခန္ဓာနံ အာသေဝန ပစ္စယေန ပစ္စယော"လို့ ဟောမှာပါပဲ။

ဒါပေမယ့်လို့ ဇောကိစ္စမတတ်တဲ့ လောကီဝိပါက်တွေ ပါနေတော့ လျဉ်းပါးဖွယ်ရှိလို့ မဟောတာလို့ ကြံကြံဖန်ဖန် မဟုတ်မဟတ်ရေးကြပါတယ်၊ ဒီဖိုလ်ဟာ အာသေဝနပစ္စည်း တတ်နိုင်မယ်ဆိုရင် အရဟတ္တဖိုလ် တစ်ခုတည်းရတဲ့ သောက္ခဘိတ်မှာ "အသေက္ခာ ဓမ္မာ အသေက္ခာ ဓမ္မာ အာသေဝန ပစ္စယေန ပစ္စယော"လို့ ဟောရလိမ့်မယ်။ ဟောသလား၊ မဟောပါဘူး။

ဒီကမ္ဘာလောကမှာ ထူးဆန်းကြီးကျယ်တဲ့ လောကီအတတ်ပညာတွေ၊ ဈာန်အဘိညာဉ် သမာပတ် မဂ်ဖိုလ်ရမှုတွေ၊ ဘုရားဖြစ်အောင် ဒါန စတဲ့ ပါရမီတွေကို ဖြည့်ဆည်းပူးရမှုတွေ၊ ဘုရားဖြစ်ရမှုတွေဟာ၊ ဣဒ္ဓိပါဒ်လေးပါး၊ ဝန ပစ္စည်းနဲ့ ကင်းလို့ မဖြစ်နိုင်လေတော့ ဒါနစတဲ့ပါရမီကုသိုလ်တွေ ပြုကြတဲ့အခါ မဟာကုသိုလ် ဉာဏ်သမ္ပယုတ် ပထမဇော စသည်၌ ရှိကြယှဉ်ကြတဲ့ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ စတဲ့ကုန်ပြေ တစ်ဆင့်ထက် တစ်ဆင့် ရင့်ကျက်ပြီး မဂ်စခန်းသို့ရောက်အောင် အားထုတ် နိုင်ကြပါစေဟူ၍ (၃၂) ကြိမ်မြောက် အဘိဓမ္မာ အခါတော်နေ့ကို ရည်ညွှန်း၍ ဩဝါဒပေးအပ်ပါသတည်း။ ။

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏

၁၃၄၃-ခုနှစ်၊ (၃၃)ကြိမ်မြောက်

အဘိဓမ္မာအခါတော်နေ့တွင်

# ဩဝါဒါစရိယ မူလပဋ္ဌာန်း ဆရာတော်ဘုရားကြီး ၏

# အဲသံလွှင့် ဟောပြောချက်

## ကမ္မပစ္စည်း

သည်နှစ်ကမ္မပစ္စည်းအကြောင်းကို ပြောပြပါမယ်၊ ကမ္မဆိုတာ မိမိရဲ့ကိစ္စ၊ သူတစ်ပါးတွေရဲ့ကိစ္စကို ပြီးစီးထမြောက်အောင် ကြောင့်ကြစိုက်ကာ နှိုးဆော်ခြင်း ကိစ္စနဲ့ ကျေးဇူးပြုတဲ့ စေတနာရဲ့ ထူးခြားတဲ့ အမူအရာဟာ ကမ္မပစ္စည်းဖြစ်ပါတယ်၊ ကိုယ်ရဲ့ထူးခြားတဲ့အမူအရာဟာ ဝစီဝိညတ်ဖြစ်သလို စိတ်ရဲ့ ထူးခြားတဲ့ အမူအရာဟာ စေတနာဖြစ်ပါတယ်။

ဒီစိတ်ရဲ့အမူအရာထူးကို နေ့စဉ် မိမိတို့ရဲ့ သန္တာန် သူတစ်ပါးတို့ရဲ့သန္တာန်မှာ စေတနာနဲ့အတူ ဖြစ်ကြတဲ့ စိတ္တဇ ရုပ်တွေကို ကြည့်ခြင်းအားဖြင့် သိနိုင်ကြပါတယ်၊ တပည့်ကြီးလက်သမားကြီးတွေဟာ မိမိတို့ပြုလုပ်ရမယ့် ကိစ္စတွေကို ကြောင့်ကြစိုက်ပြီး ပြုလုပ်ကြရရုံမက တပည့်ငယ် လက်သမားငယ်တို့ရဲ့ ကိစ္စတွေကိုလည်း ပြီးစီးအောင် ကြောင့်ကြစိုက်ကြတာနဲ့ တူတယ်လို့ ဥပမာပြကြပါတယ်။

**ကမ္မလေးမျိုး။** ။ဒီကမ္မပစ္စည်းမှာ သဟဇာတကမ္မ၊ အနန္တရကမ္မ၊ ဗလဝနာနာက္ခဏိကကမ္မ၊ ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မရယ်လို့ မျိုးအားဖြင့် လေးမျိုးရှိပါတယ်၊ အနန္တရကမ္မရယ်လို့ သီးသန့်ပစ္စည်းတစ်ခုမရှိပေ

မယ့် အနန္တရ ပစ္စည်းမှာ "မဂ္ဂေါဖလသာ"၊ ဥပနိဿယပစ္စည်းမှာ "မဂ္ဂေါ ဖလသမာပတ္တိယာ" လို့ တစ်စိတ်တစ်ဒေသအားဖြင့် ဟောထားပါတယ်၊ ဖလ ဝနာနာက္ခဏိကကမ္မကို ဥပနိဿယပစ္စည်းမှာ "ကုသလံကမ္မံ ဝိပါကဿ" "အကုသလံကမ္မံ ဝိပါကဿ" လို့ ဟောထားပါတယ်၊ ဒီလိုအနန္တရကမ္မ၊ ဇလဝနာနာက္ခဏိက ကမ္မ၊ ဗလဝဒုဗ္ဗလနာနာက္ခဏိက ကမ္မရယ်လို့ ခွဲထား မှုဟာ ပဋ္ဌာနပါဠိရှင်းချဲ့ခန်း သဘာဝဃဋနာများကို ရွေးချယ်ရာမှာ လွယ် ကူစွာ အသုံးချဖို့ဖြစ်ပါတယ်၊ ပစ္စယနိဒ္ဒေသနဲ့ ပဋ္ဌာနပါဠိဝိဘင်္ဂ ပါဠိတော် များမှာတော့ ဒီသုံးမျိုးကို နာနာက္ခဏိကကမ္မရယ်လို့ မိန့်ဆိုပါတယ်။

**သဟဇာတကမ္မ။** ။သဟဇာတကမ္မပစ္စည်းဆိုတာ သဟဇာတပစ္စည်း ထဲက စေတနာတစ်ခုကို ထုတ်နုတ်ပြီး ဟောတဲ့ပစ္စည်းများလို ဟောထား လေတော့ ဒီပစ္စည်းဟာ အတူတကွ ဖြစ်ကြတဲ့ တရားတွေကို ဒီစေတနာ က ကျေးဇူးပြုတာ ဖြစ်ပါတယ်။

**စေတနာနှစ်မျိုး။** ။ကုသိုလ်လုပ်တဲ့အခါမှာဖြစ်ဖြစ် အကုသိုလ်လုပ်တဲ့ အခါမှာဖြစ်ဖြစ် ဘယ်အခါမှာမဆို စေတနာရယ်လို့ ဖြစ်ပေါ်လာတဲ့အခါ ဒီစေတနာဟာ ကိစ္စနှစ်မျိုးကို ဆောင်ရွက်လျက်သာ ဖြစ်ပေါ်လာပါတယ်၊ ကိစ္စနှစ်မျိုးဆိုတာ မိမိနဲ့ အတူတကွ ဖြစ်တဲ့ သဟဇာတတရားတွေကိုစီရင် နှိုးဆော်တဲ့ သဟဇာတကမ္မကိစ္စ၊ နောင်အနာဂတ်ကာလမှာအကျိုးဝိပါက်နဲ့ ကမ္မဇရုပ်တွေကို ဖြစ်ပေါ်စေဖို့ မျိုးထားခြင်းကိစ္စကို ဆောင်ရွက်မယ့် နာနာက္ခဏိကကမ္မကိစ္စ နှစ်ပါးဖြစ်ပါတယ်၊ ဒီမျိုးထားတဲ့ ကိစ္စကိုတော့ ကုသိုလ်အကုသိုလ် စေတနာမှာသာ ရပါတယ်၊ ဒီမျိုးထားတဲ့ကိစ္စကိုဆောင် ရွက်တဲ့ ကုသိုလ် အကုသိုလ်စေတနာ (၃၃)ခုကိုနာနာက္ခဏိကကမ္မလို့ ခေါ် ပါတယ်။

ဝိပါက်ကြိယာမှာ ယှဉ်တဲ့စေတနာကတော့ တကွဖြစ်ကြတဲ့တရားတွေကို စီရင်နှိုးဆော်ခြင်း ကိစ္စကိုသာ ဆောင်ရွက်ပါတယ်၊ သတ္တဝါတွေ နေ့စဉ် နာရီစဉ်၊ မိနစ်စဉ်၊ စက္ကန့်စဉ်ပြုသမျှ၊ ပြောသမျှ၊ ကြံသမျှတွေဟာ ဒီသဟ ဇာတကမ္မနဲ့ ကင်းလို့ မဖြစ်နိုင်ပါဘူး၊ ယခုလူတွေပြောဆိုကြ၊ ရေးသား နေကြတဲ့ စိတ်ကောင်းစေတနာကောင်းဆိုတဲ့ အသံ၊ စေတနာသန့်ရှင်းပါ တယ် ဆိုတဲ့အသံတွေဟာ မဟာကုသိုလ်စိတ်မှာ ယှဉ်တဲ့ ဒီသဟဇာတကမ္မကို ပြောတာဖြစ်ပါတယ်။

**နာနာက္ခဏိကကမ္မ**။ ။ပဋ္ဌာန်းပါဠိတော်မှာ "ကုသလာ ကုသလံကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစရူပါနံ ကမ္မပစ္စယေန ပစ္စယော" ဟု ပစ္စယ နိဒ္ဒေသ၌လည်းကောင်း၊ "နာနာက္ခဏိကာကုသလာစေတနာဝိပါကာနံခန္ဓာနံ ကဋတ္တာစရူပါနံ" စသည်ဖြင့် ပဋ္ဌာဝ ါရဝိဘင်္ဂ၌လည်းကောင်း သာမည်အား ဖြင့် နာနာက္ခဏိကရယ်လို့ ဟောထားပေမယ့် မျိုးအားဖြင့် ခွဲလိုက်တဲ့ အခါ အနန္တရမျိုးထဲက အနန္တရကမ္မ၊ ပကတူပနိဿယမျိုးထဲက ဗလဝ နာနာက္ခဏိကကမ္မ ထွက်လာပါတယ်၊ ဗလဝဒုဗ္ဗလ နာနာက္ခဏိကကမ္မ ကတော့ဘယ်မျိုးထဲကမှမဟုတ်တဲ့ သီးခြားကမ္မမျိုး ဖြစ်ပါတယ်။

နာနာက္ခဏိကကမ္မဆိုတာ အသီးအခြားသော ခဏမှာဖြစ်တဲ့ စေတနာ ဖြစ်ပါတယ်၊ ရေမြေစတဲ့ အထောက်အပံ့ကိုရတဲ့ မျိုးစေ့ဟာ သစ်ပင် ကြီးကို ဖြစ်စေနိုင်သလို ဒီနာနာက္ခဏိကကမ္မစေတနာကလည်း ဂတိ၊ ကာလ၊ ဥပဓိ၊ ပယောဂ ဆိုတဲ့ အကြောင်းအထောက်အပံ့ကိုရရင် (၃၁) ဘုံမှာ အမျိုးမျိုးကြီးကျယ်တဲ့ ဝိပါက်နာမက္ခန္ဓာ ကဋတ္တာ ရုပ်စသည်တွေကို ဖြစ် စေနိုင်လေတော့ (၃၁)ဘုံမှာ ရှိကြတဲ့ သတ္တဝါတွေဖြစ်ရမှုဟာ ဒီနာနာက္ခ ဏိကမ္မရဲ့ သတ္တိဖြစ်ပါတယ်။

**စေတနာနှစ်ကိစ္စတတ်ပုံ**။ ။စေတနာရယ်လို့ ဖြစ်ပေါ်လာရင် ကိစ္စနှစ် ပါးကို အမြဲဆောင်ရွက်လျက်သာ ဖြစ်ပေါ်လာကြောင်း နောက်ကပြောခဲ့ ပါပြီ၊ ဥပမာအားဖြင့် ဆီမီးကို တစ်ကြိမ်ထွန်းလိုက်ရင် အမိုက်မှောင်လည်း ပျောက်၊ အလင်းရောင်လည်း ရောက်လေတော့ နှစ်ကိစ္စကို တစ်ပြိုင်နက်ပြီး စေပါတယ်။

**သတ္တိကျန်၍အကျိုးပေးပုံ**။ ။နာနာက္ခဏိက ကုသိုလ်စေတနာဟာ နာမ်တရားတို့ရဲ့ သက်တမ်းအားလျော်စွာ ဥပါဒ် ဌီ ဘင်ရယ်လို့ ခဏတ္တယ ပြည့်တာနဲ့ တစ်ပြိုင်နက် ချုပ်သွားပေမယ့် သဟဇာတကမ္မလို ဘာမျှမကျန် ရစ်ဘဲ အပြီးတိုင်ချုပ်သွားတာမဟုတ်ပါဘူး၊ မိမိဖြစ်ရာ စိတ်သန္တာန်မှာ နောင်အကြောင်းပြည့်စုံတဲ့အခါ ထိုက်သင့်တဲ့အကျိုးကိုဖြစ်စေရန် သတ္တိ များကိုထားခဲ့ပါတယ်၊ ဒီသတ္တိများ ထင်ရှားရှိမှုကြောင့်သာ အကျိုး တရားများဖြစ်ပေါ်လာရပါတယ်၊ ဒီသတ္တိထူးမှာ ဥပါဒ်ဌီဘင်ရယ်လို့ ထင်ရှားမရှိပေမယ့် အနုသယဓာတ်များ ဝါသနာဓာတ်များလို ထင်ရှား

ရှိနေပါတယ်၊ ရဟန္တာဖြစ်တဲ့အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးဟာ ရှေးဘဝကမျောက်ဖြစ်ခဲ့ဖူးလို့ မြောင်းကလေးကို ခုန်လိုက်တာဟာ အစဉ်လိုက်ပါနေတဲ့ ဝါသနာရဲ့သတ္တိဖြစ်ပါတယ်၊ ဝါသနာဆိုတာ ကိလေသာရဲ့သတ္တိဖြစ်ပါတယ်၊ ရဟန္တာအရှင်မြတ်များအား ကိလေသာကို အကြွင်းမဲ့ပယ်နိုင်ကြပေမယ့် ဝါသနာကိုတော့မပယ်နိုင်ကြပါဘူး၊ မြတ်စွာဘုရားများသာ ဝါသနာနဲ့တကွ ကိလေသာကို ပယ်တော်မူနိုင်ကြပါတယ်၊ အနုသယဓာတ်ကို ပညတ်လို့မဆိုရသလို ဒီနာနာက္ခဏိက ကမ္မပစ္စည်းရဲ့သတ္တိကိုလည်း ပညတ်လို့မဆိုရပါဘူး၊ ပရမတ္ထတရားတို့ရဲ့သတ္တိထူးသာဖြစ်ပါတယ်။

နာနာက္ခဏိကကမ္မအကျိုးပေးပုံ။ ။အချို့နာနာက္ခဏိက စေတနာဟာ ပစ္စက္ခဘဝမှာ အကျိုးပေးပါတယ်၊ အချို့ဒုတိယဘဝမှာ အကျိုးပေးပေးပါတယ်၊ အချို့တတိယဘဝကစ၍ နိဗ္ဗာန်မရမီအကြားမှာ အကြောင်းညီညွတ်လို့အကျိုးပေးခွင့်ရရင် အကျိုးပေးပါတယ်၊ အကျိုးပေးပြန်တော့ ပဋိသန္ဓေပဝတ္တိနှစ်မျိုးလုံးမှာပင် အကျိုးပေးပါတယ်၊ ကမ္ဘာလောကမှာရှိကြတဲ့ သတ္တဝါတွေဟာ ဒီကမ္မပစ္စည်းကြောင့်ဖြစ်ကြရပါတယ်၊ မျိုးစေ့အမျိုးမျိုးကြောင့် သစ်ပင်အမျိုးမျိုးပေါက်ကြသလို သံသရာမှာ သတ္တဝါအနန္တတို့နဲ့တကွ သတ္တဝါတွေရဲ့ ဖြစ်ရာဌာနဘုံဘဝတွေဟာ၊ဒီကမ္မပစ္စည်းကဖြစ်သာကြပါတယ်၊ သတ္တဝါတွေရဲ့ ဆင်းရဲချမ်းသာခံစားမှုနဲ့ ဘုံဗိမာန်ရေမြေတောတောင်စသည်တွေဟာ ဒီပစ္စည်းရဲ့ အကျိုးဆက်များ ဖြစ်ကြပါတယ်။

မိစ္ဆာဝါဒဖြစ်ပုံ။ ။ဒီပစ္စည်းကိုအယူမရှိငြင်းပယ်ရင် "အတ္ထိဒိန္နံ" စတဲ့ သမ္မာအယူကလွှဲပြီး နိယတမိစ္ဆာဒိဋ္ဌိနဲ့ ဣဿရနိမ္မာနဝါဒ သက်ဝင်ကာ သံသရာမှာခွေးဝက်များလိုနောက်ဘဝ၌ကုသိုလ်အကုသိုလ်ကိုလည်းကောင်း၊ ဒုဂ္ဂတိသုဂတိကိုလည်းကောင်း မသိသူများဖြစ်တတ်ကြပါတယ်။

နာနာက္ခဏိကကမ္မအကျိုးပေးဆန်းကြယ်ပုံ။ ။ရုပ်နာမ်တရားများဟာ အစဉ်မပြတ် ဆက်စပ်၍ဖြစ်ဖို့ရာအတွက် နေရာတစ်ခုတည်းမှာ စုပေါင်းပြီးတည်နေကြတာ မဟုတ်ပါဘူး၊မီးခြစ်နဲ့ ယမ်းထိရာမှာ မီးပေါ်လာသလို အာရုံနဲ့ဝတ္ထုတို့ပေါင်းဆုံတဲ့အခါ စိတ်၊ စေတသိက်တရားတွေ ဖြစ်ပေါ်လာ

ပြီးချက်ချင်း ခဏတ္တယစေ့တဲ့အခါချုပ်ပျက်ကြပါတယ်၊ဒီပစ္စည်းမှာလည်း ပြုခဲ့ပြီး ပရမတ္ထစေတနာအစစ်ချုပ်ပြီး ဖြစ်ပါလျက် ကမ္မာအသချေ့ ကုန်ဆုံးလေသည့်တိုင်အောင် ကြေပျက်မှုမရှိဘဲဘဏ္ဍာ၊ မာန၊ ဒိဋ္ဌိတွေနှောင်ဖွဲ့နေတဲ့ သတ္တဝါတွေရဲ့သန္တာန်မှာမိုးပေါ်ကျ အလေ့ပေါက်များလိုလည်း သူတစ်ဦးတစ်ယောက်ကမျှ မမြင်ရဘဲ ရုတ်တရက်လာ၍ အကျိုးပေးသဖြင့်လည်း ၎င်းရဲ့သတ္တိဟာ လွန်စွာဆန်းကြယ်လှပါတယ်၊ ဆင်းရဲတဲ့ပုဂ္ဂိုလ်များ ရုတ်တရက်ထီပေါက်လို့ ချမ်းသာလာပုံ၊သမ္မတ၊ ဝန်ကြီးချုပ်စတဲ့ ပုဂ္ဂိုလ်များ ရုတ်တရက်အသတ်ခံရမှု၊ထောင်ထဲရောက်မှု စသည်ဖြင့် ထင်ရှားလှပါတယ်။

ဒီကံများနဲ့ ပတ်သက်လို့ ဝိသုဒ္ဓိမဂ်၊ သင်္ဂြိုဟ်ဘုံပိုင်းများမှာ ပြကြတဲ့ ဒိဋ္ဌဓမ္မဝေဒနီယစတဲ့ကံ(၁၂)မျိုးကို ဒီမှာ ကျယ်လှတော့မှာမို့ မပြတော့ဘူး၊ ဒီကံ(၁၂)မျိုးရဲ့ အားရှိမှု၊ မရှိမှုဆိုတဲ့ ဝိပါက်တို့ရဲ့ ယုတ်မှု မြတ်မှုဆိုတဲ့ အထူးကိုတော့ မြတ်စွာဘုရားများရဲ့ ကံထူး ဝိပါက်ထူးများကို သိတော်မူတဲ့ ဉာဏ်မှာသာ မှဖောက်မပြန် ဟုတ်မှန်တဲ့ ကိစ္စအားဖြင့်ထင်ရှားပါပါတယ်၊ သာဝကများနဲ့ လုံးဝမဆက်ဆံပါဘူး။

ထိုမှတစ်ပါး ကမ္ဘာလောကမှာရှိကြတဲ့လူတွေကို ကြည့်လိုက်ရင် လူအချင်းချင်း သူလည်းလူ ကိုယ်လည်းလူ အတူတူဖြစ်ကြပါလျက် အဆင့်အတန်းမတူကြဘဲ ကွာခြားနေတာကို မျက်မြင် တွေ့နေရပါတယ်၊ ဘာကြောင့် ဒီလို အဆင့်အတန်း ကွဲပြားကြပြီး အယုတ်အမြတ် ဖြစ်ကြရပါသလဲလို့ သုဘသုတ်မှာ သုဘလုလင်က ဘယ်လို လျှောက်ထားသလဲဆိုရင် အရှင်ဂေါတမ၊ လူအချင်းချင်း အတူတူဖြစ်ပါလျက် အသက်တိုတဲ့ လူကိုလည်း တွေ့မြင်နေရပါတယ်၊ အသက်ရှည်တဲ့လူတွေကိုလည်း တွေ့မြင်နေရပါတယ်၊ အနာရောဂါများတဲ့ လူတွေ၊ အနာရောဂါကင်းတဲ့လူတွေ၊ အဆင်းမလှတဲ့လူတွေ၊ အဆင်းလှတဲ့လူတွေ၊ အခြံအရံမှရှိတဲ့ လူတွေ၊ အခြံအရံများတဲ့ လူတွေ၊ စည်းစိမ် ဥစ္စာနည်းလှ၊ ဆင်းရဲလှတဲ့ လူတွေ၊ စည်းစိမ်ဥစ္စာများလှ၊ ချမ်းသာကြတဲ့လူတွေ၊ အမျိုးယုတ်တဲ့လူတွေ၊ အမျိုးမြတ်တဲ့ လူတွေ၊ ပညာမဲ့တဲ့လူတွေ၊ ပညာရှိတဲ့လူတွေကို တွေ့မြင် နေရပါတယ်၊ အရှင်ဂေါတမ- လူအချင်းချင်းအတူတူဖြစ်ပါလျက် ဒီလိုအယုတ်အမြတ်ဖြစ်ရခြင်းရဲ့ အကြောင်းကား အဘယ်ပါနည်းလို့လျှောက်ကြားတယ်၊ ဒီတော့ မြတ်စွာဘုရားက လုလင်၊ သတ္တဝါတွေဟာ ကံသာလျှင်ကိုယ်ပိုင်ဥစ္စာရှိကြ

တယ်၊ ကံရှိအမွေကိုခံကြရတယ်၊ ကံသာ အကြောင်းရင်းရှိတယ်၊ ကံသာ ဆွေမျိုးရှိတယ်၊ ကံသာ မှီခိုရာရှိတယ်၊ သတ္တဝါတွေကို အယုတ်အမြတ်ဖြစ်အောင် အဆင့်အတန်း ကွဲပြားအောင် ကံကသာဝေဖန်တယ်လို့ အကျဉ်းအားဖြင့် ဟောလိုက်တော့ လုလင်က အရှင်ဂေါတမ ဒီလို အကျဉ်းဟောတော်မူတာကို တပည့်တော်များ အကျယ်အားဖြင့် မသိပါ၊ အရှင် ဂေါတမ၊ တောင်းပန်ပါ၏။ အကျယ်အားဖြင့်ဝေဖန်ပြီး ဟောတော်မူပါလို့ လျှောက်ကြားတော့ မြတ်စွာဘုရားက အကျယ်ဝေဖန်ပြီးဟောပါတယ်၊ ဒီအကျယ်ကိုတော့ သည်နှစ်အချိန်မရလို့ ဟောခွင့်မရတော့ဘူး၊ ရှေ့နှစ်အကြောင်းညီညွတ်ရင် ဟောပြပါမယ်။

ဒီကုသိုလ်၊ အကုသိုလ်ကံဟာ မိမိဖြစ်ဆဲခဏမှာ အကျိုးမပေးနိုင်သေးပါဘူး၊ ဖြစ်ဆဲခဏမှာ အကျိုးပေးရမယ်ဆိုရင် လူတစ်ယောက်ဟာ နတ်ပြည်ရောက်ကြောင်း ကုသိုလ်ပြုတဲ့အခါ ကုသိုလ်ရဲ့ အာနုဘော်ကြောင့် ဒီကံကို ပြုဆဲခဏမှာပင် ဒီလူဟာ နတ်မင်းကြီးဖြစ်ရပေလိမ့်မယ်၊ ဒီလိုမဖြစ်နိုင်ပါဘူး၊ ဒီကံကိုပြုပြီးတဲ့ ခဏမှာ တစ်ပါးသော ခဏမှာသာ ချုပ်လေပြီးဖြစ်လို့ ထင်ရှားမရှိပေမယ့် ပြုခဲ့ဖူးလေတော့ ယခုပစ္စုပ္ပန်ဘဝရဲ့အခြားမဲ့ဒုတိယဘဝ၊ တတိယဘဝကစ၍ ဘဝအဆက်ဆက်တွေမှာ ကံမှကြွင်းတဲ့ တစ်ပါးသောအကြောင်းတွေနဲ့ပေါင်းဆုံမိတဲ့ အခါအကျိုးပေးနိုင်တယ်လို့ အဌကထာက ပြပါတယ်။

ခဏမခြား အကျိုးပေးနိုင်တဲ့ စေတနာကတော့ နောက်ကပြောခဲ့တဲ့ မဂ်လေးပါးမှာရှိတဲ့ စေတနာဖြစ်ပါတယ်၊ ဒီမဂ်စေတနာဟာ အလယ်ကစိတ္တုပ္ပာဒ်တစ်ခုမျှမခြားဘဲ ဖိုလ်ဆိုတဲ့အကျိုးကို ပေးကြောင်းကို "မဂ္ဂေါဖလဿ"လို့ အနန္တရပစ္စည်းမှာ ဟောပါတယ်၊ ယခုကြားနာနေကြတဲ့ သူတော်စင်အပေါင်းတို့သည် သံသရာတစ်လျှောက်မှာ အထက်တန်း ကျကျဖြစ်နိုင်၊ နေနိုင်ရန် ပြောပြခဲ့တဲ့ ကောင်းသောကံတွေကိုသာ ပြုလုပ်နိုင်ကြပါစေ၊ အထူးအားဖြင့် မဂ်လေးခုစေတနာက မဂ္ဂါနန္တရ ဖိုလ်လေးခုအားကျေးဇူးပြုနိုင်အောင် အားထုတ်နိုင်ကြပါစေဟု (၃၃)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ကို ရည်ညွှန်း၍ ဩဝါဒပေးပါသတည်း။

## ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏
## ၁၃၄၄ ခုနှစ်၊ (၃၄) ကြိမ်မြောက်
## အဘိဓမ္မာအခါတော်နေ့တွင်
## ဩဝါဒါစရိယမူလပဋ္ဌာန်းဆရာတော်ဘုရားကြီး၏
## အသံလွှင့်ဟောပြောချက်

မနှစ်က ကမ္မပစ္စည်းကို ပြောခဲ့လေတော့ သည်နှစ် ဝိပါကပစ္စည်းကို အကျဉ်းချုပ်ဆက်လက်ပြောပါမယ်၊ ဝိပါကပစ္စည်းဆိုတာ မိမိကိုယ်တိုင်က ကံများရဲ့အကျိုးဖြစ်နေပုံအခြင်းအရာဆိုတဲ့ ဗျာပါရလုံးဝမရှိဘဲ ငြိမ်သက်အေးချမ်းလှတဲ့အပြင် မိမိနှင့်အတူ ဖြစ်ဘက်တရားတွေကိုလည်း မိမိနည်းတူ ဗျာပါရ ငြိမ်းစေဖို့ရာ ကျေးဇူးပြုတဲ့ ပစ္စည်းဖြစ်ကြောင်းကို "နိရုဿာဟ သန္တဘာဝ ါယ ဥပကာရ ကောဝိပါက ဓမ္မော ဝိပါကပစ္စယော"လို့ မိန့်ဆိုကြပါတယ်။

ဥပမာပြကြတာကတော့ မှည့်နေကြတဲ့ သစ်သီးသစ်ပွင့်တွေဟာ အဟုန်အရှိန်အစွမ်းကုန်နေးလေတော့ အားနည်းကြပါတယ်၊ အစွမ်းထုတ်ခြင်း အရှိန်သတ္တိကုန်ဆုံးလို့ လုံးလုံးသိမ်မွေ့နူးညံ့တဲ့ သဘောသို့ ရောက်နေတာနဲ့တူပါတယ်။

ဝိပါက်စိတ်များဟာ ဘယ်လောက် ငြိမ်သက်သလဲ ဆိုရင် တစ်ညလုံး အိပ်ပျော်နေတဲ့ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ကံနိမိတ်, ကမ္မနိမိတ်,ဂတိနိမိတ်သုံးပါး

တို့တွင် တစ်ပါးပါးကိုအာရုံပြုပြီးဖြစ်နေကြတဲ့ ဘဝင်ဝိပါက်စိတ်တွေဟာ တသွင်သွင်စီးဆင်းနေတဲ့ မြစ်ရေအလျဉ်များလို တစ်ညလုံး ဖြစ်နေပေမယ့် လို့ ဘယ်လိုကိုယ်နှုတ် စိတ်ပယောဂမှ မရှိကြပါဘူး။ဒီလို လုံးဝယောပ ရှိတဲ့ စိတ်ဖြစ်နေတာကိုတောင် မသိရလောက်အောင်ငြိမ်သက်လှပါတယ်၊ ကိလေသာတွေငြိမ်းနေလို့ ငြိမ်သက်တာမဟုတ်ပါဘူးလို့ မူလဋီကာဆရာ ကြီးက မိန့်ပါတယ်၊ မိုးလင်းလို့ နိုးတောင်မှ ဘာကိုမှသိမှတ်နိုင်တဲ့ စိတ် ဖြစ်မလာပါဘူး၊ ပဋိသန္ဓေဝိညာဏ်စီထိမှာ စက္ခုဝိညာဉ်စတဲ့ ဝိပါက်စိတ်တွေ ဟာ ဝတ္ထုအာရုံ ထိခိုက်မှုကြောင့်သာ ဖြစ်ကြရပေမယ့် လုံးဝသူတို့မှာ အားထုတ်မှုမရှိကြဘူး၊ သူတို့ချည်း သက်သက်သာ ဖြစ်နေမယ်ဆိုရင် ဖြစ် မှန်းတောင်သိကြမယ် မဟုတ်ပါဘူး၊ ဇောစောလို့သာ သိကြပါတယ်၊ ဒီလောက်တောင်ပဲ ငြိမ်သက်လှပါတယ်။

## ဝိပါက်နှင့် အခြားစိတ်များအထူး

ကုသိုလ် အကုသိုလ်စိတ်များမှာ (၁)ဝိပါက်ကိုဖြစ်အောင် ကြောင့်ကြ စိုက်မှု(၂) ကိုယ်အမူအရာ နှုတ်အမူအရာဖြစ်အောင် ကြောင့်ကြစိုက်မှုရယ် လို့ နှစ်မျိုးရှိကြပါတယ်၊ ကြိယာစိတ်များမှာ ဝိပါက်ဖြစ်အောင် ကြောင့် ကြစိုက်မှု မရှိပေမယ့် ကိုယ်အမူအရာ နှုတ်အမူအရာဖြစ်အောင် ကြောင့် ကြစိုက်မှုကတော့ ရှိကြပါသေးတယ်၊ဒါကြောင့် ရဟန္တာအရှင်မြတ်များရဲ့ သန္တာန်မှာဖြစ်ကြတဲ့ကြိယာစိတ်များဟာ ငြိမ်သက်တဲ့သဘောရှိကြလေတော့ ပဋိသန္ဓေစတဲ့ ဝိပါက်ကို ဖြစ်စေနိုင်တဲ့ ဗျာပါရကင်းကြပါတယ်၊ ဝိပါက် စိတ်များကတော့ ပြောခဲ့တဲ့ဗျာပါရနှစ်ပါးလုံးကို မရလေတော့ သမ္ပယုတ် တရားတွေကို သိပ်ထားသလို ငြိမ်သက်အောင် ကျေးဇူးပြုထားတဲ့အတွက် တစ်နေ့လုံး စိတ္တဗျာပါရကြောင့် အဇ္ဈတ္တရုပ်ကြီးရဲ့ ပူလောင်မှု ချောက် ချားမှုများဟာ ဒီဝိပါကပစ္စည်းကြောင့် ငြိမ်းချမ်းမှုကို ရကြပါတယ်။

ဝိပါကပစ္စည်းပြီးတော့ အာဟာရပစ္စည်းကို ဆက်လက်ပြီး ပြောပြပါ မယ်၊ အာဟာရ ပစ္စည်းဟာ နာမ်အာဟာရ၊ ရုပ်အာဟာရလို့ နှစ်ပါးရှိရာ ဖဿ စေတနာ ဝိညာဉ်ရယ်လို့ နာမ်အာဟာရတရား ကိုယ်သုံးပါးဟာ နာမ် အာဟာရဖြစ်ပါတယ်၊ ကဗဠီကာရအာဟာရဆိုတဲ့ ရုပ်အာဟာရ ကို သီးခြားဟောပါတယ်။

## ရုပ်အာဟာရကို သိးခြားဟောပုံ

ရုပ်အာဟာရကို ဘာကြောင့် သီးခြားဟောသလဲ ဆိုတော့ သက်ရှိသက်မဲ့ဟူသမျှတော့ဇောခတ်ကိုမှီ၍ နေရပါတယ်၊ တေဇောလျှင်အသက်ရှိတယ်၊ တေဇောလျှင် အားကြီးသော မှီရာရှိတယ်၊ ရုပ်ဟူသမျှ တေဇော ခြယ်လှယ်သလို ခံနေရတယ်၊ တေဇောလျှင် အုပ်စိုးမှု ပဓာနရှိတယ်၊ ဒီတေဇောကလဲ ဩဇာဆိုတဲ့ ဓာတ်ဆီကိုမှီရ၊ စားသောက်ရမှတည်နေနိုင်ပြန်လေတော့ ဩဇာဟာ တေဇောရဲ့ မူလဖြစ်လို့ ၎င်းဩဇာကို ရုပ်အာဟာရပစ္စည်းအနေနဲ့ ဟောပါတယ်၊ ယခုအာဟာရပစ္စည်းကို ပြောပြပါမယ်။

## အာဟာရပစ္စည်း

အာဟာရပစ္စည်းဆိုတာ အကျိုးပစ္စယုပ္ပန်တရားတွေကို အခွန့်ရှည်စွာ ဆက်လက်ပြီး တည်တံ့ဖို့ ကြီးပွားဖို့ စည်ပင်ဖို့ ပြန့်ပြောဖို့ရာ အတွက် ဆောင်မှုထောက်ပံ့မှုနဲ့ ကျေးဇူးပြုတဲ့ ပစ္စည်းဖြစ်ပါတယ်၊ ဥပမာအားဖြင့် အင်မတန် ဟောင်းနေတဲ့ အိမ်အိုကြီးကို မယိမ်းမယိုင် လဲမသွားရအောင် ထောက်တိုင်ထောက်ထားတာနဲ့ တူပါတယ်၊ ယခု နာမ်အာဟာရသုံးပါးအကြောင်းကို ပြောပြပါမယ်။

## နာမ်အာဟာရသုံးပါး ဆောင်ပုံ ထောက်ပံ့ပုံ

ဖဿစေတနာ ဝိညာဉ်ရယ်လို့ နာမ်အာဟာရသုံးပါးရှိတဲ့အနက်ဖဿာဟာရကဘယ်လိုဆောင်ရွက်သလဲ၊ ဘယ်လိုထောက်ပံ့သလဲဆိုရင် ဖဿာဟာရဟာ အာရုံကိုခံစားနေတဲ့နေရာဌာနမှာ ဝေဒနာအမှုံးရှိတဲ့စေတသိက်အပေါင်းကို လွန်စွာထောက်ပံ့ပါတယ်၊ သံသရာမှာ သတ္တဝါတွေရဲ့ ဘဝအဆက်ဆက် ရှည်လျားပြီးနေမှုဟာ ဒီဖဿာဟာရကြောင့် ဖြစ်ပါတယ်၊ ဖဿာဟာရမဖြစ်ခဲ့ရင် ဝေဒနာသုံးပါးဖြစ်တော့မှာမဟုတ်လို့ သံသရာပြတ်ပြီး သွားပါလိမ့်မယ်၊ ရူပါရုံနဲ့ စက္ခုပသာဒတို့ ရှေးရှုတဲ့အခါ ဖဿအတွေ့မျိုးဖြစ်လာလို့ "ဖဿပစ္စယာဝေဒနာ" ရဲ့ သဘောအရ ဣဋ္ဌာနိဋ္ဌတွေကိုခံစားမှုဝေဒနာ တောင့်တမှုတဏှာစသည်တွေ တိုးပွားပြီးလာကြပါတယ်၊ ဒီအရသာမျိုးတွေကို နောက်ထပ် တစ်ဖန်ရဖို့ရာအတွက် ကောင်းတဲ့ကံတွေ၊ ဆိုးတဲ့ကံတွေပြုကြလေတော့ သံသရာဟာ အင်မတန်ရှည်လာ

ပါတယ်၊ ဒီသံသရာကို ရှည်အောင် ဖဿကဆောင်ထားပါတယ်၊ ထောက်ပံ့ထားပါတယ်။

**စေတနာဟာရ** ကတော့ ကုသိုလ် အကုသိုလ် စေတနာဟာရဆိုတဲ့ သင်္ခါရဟာ "သင်္ခါရပစ္စယာဝိညာဏံ" အရ နောက်နောင်ဘဝမှာ ပဋိသန္ဓေဝိပါက်ဝိညာဉ်ဖြစ်ဖို့ရာအတွက် စီမံလိုက်တော့ ဘဝသုံးပါးကို ထောက်ပံ့ပါတယ်။

**ဝိညာဏာဟာရ** ကတော့ "ဝိညာဏ ပစ္စယာ နာမရူပံ" အရ ဝိညာဏာဟာရဟာ နာမ်ရုပ်စသည်တို့ကို တိုးပွားစေလေတော့ ခန္ဓာအစဉ်မပျက်အောင် ဆောင်ထား ထောက်ပံ့ထားပါတယ်၊ ဒီအာဟာရ သုံးပါးဟာ သဟဇာတမျိုးဖြစ်လေတော့ တကွဖြစ်ဘက်တရားများကို ထောက်ပံ့သမှုကျေးဇူးပြုကြပါတယ်၊

## ဖဿစသည်တို့၏ သဘာဝ

ဖဿအစရှိတဲ့အာဟာရသုံးပါးတို့ရဲ့ သဘာဝကတော့ ဖဿာဟာရက အာရုံမှာပါရှိတဲ့ ဣဋ္ဌ အနိဋ္ဌရသကို အရအမိယူတယ်၊ စေတနာဟာရက ဣဋ္ဌ အနိဋ္ဌ ရသအတွက်နဲ့ သမ္ပယုတ်တရားတွေကိုမနေမနားစေ့ဆော်တယ်၊ ဝိညာဏာဟာရကတော့ အာရုံကိုသိတတ်ပါတယ်။

## ဖဿအခွင့်ကြီးကျယ်ပုံ

သတ္တဝါတွေရဲ့သန္တာန်မှာ ဖဿမရှိဘဲ ဝိညာဉ်သက်သက်သာ ရှိနေမယ်ဆိုရင် အဝိဇ္ဇာရဲ့ကြီးမှာကျပြီးဝေရဲမီးတွေလောင်နေပေမယ်လို့ ပူတာကို သိရုံသာသိမယ်၊ မခံသာတဲ့ဒုက္ခ၊ ဆင်းရဲတဲ့ဒုက္ခတော့ နည်းနည်းမှမရှိမယ်မဟုတ်ပါဘူး၊ ဖဿရှိနေမှုကြောင့်သာ ဆင်းရဲဒုက္ခဖြစ်ရပါတယ်၊ ဖဿသာရှိပြီး ဝိညာဉ်ဆိုတဲ့စိတ်မရှိပြန်ရင် အဝိဇ္ဇာရဲမီးရဲ့ပူတာကိုပင်သိမယ်မဟုတ်ပါဘူး၊ သိတာက ဝိညာဏာဟာရပါ၊ သစ်တုံးနဲ့အတူတူဖြစ်နေမှာပါပဲ၊ ဝိညာဉ်နဲ့ ဖဿသာရှိလို့ စေတနာသာမရှိခဲ့လို့ရှိရင် ကိုယ်မှာမခံသာတဲ့ ဆင်းရဲခြင်းအပြင်း ထန်ဖြစ်နေပေမယ့် ပူလိုက်လေခြင်းရယ်လို့ ကာယကံ ဝစီကံမနောကံ လှုပ်ရှားမှုရှိမယ်မဟုတ်ဘူး၊ စေတနာရှိလို့သာ ဒီလိုလှုပ်ရှားမှုသုံးပါးဖြစ်ပါတယ်။

ဆင်းရဲမှုကိုပြလိုက်သဖြင့် လူ့တတ်တွေရဲ့ ချမ်းသာမှုကိုလည်း အပြန်အားဖြင့် သိနိုင်ပါတယ်၊ ယခုပြောခဲ့တဲ့ စကားရပ်ကိုစဉ်းစားလိုက်ရင် လောက

မှာ ချမ်းသာမှု ဆင်းရဲမှု ဟူသမျှဟာ ဖဿမှဖြစ်ပါတယ်၊ ဖဿမရှိရင် ချမ်းသာမှု ဆင်းရဲမှုမရှိတော့ပါဘူး၊ ချမ်းသာသုခမရှိရင် လောဘဆိုတဲ့ တရားလည်းမရှိတော့ဘူး၊ ဆင်းရဲမှုမရှိရင် ဒေါသလဲမရှိတော့ဘူး၊ လောဘ ဒေါသမရှိရင် မောဟ စတဲ့ ကိလေသာ (၁၅၀၀) လဲမရှိတော့ပါဘူး၊ ဒါဟာ ဖဿရဲ့သဘောဖြစ်ပါတယ်။

**စေတနာ။** ။စေတနာကျတော့ စိတ်နဲ့တကွ သမ္ပယုတ်တရားတွေကို ရပ်တည်ရာမရဘဲနဲ့ ထိုထိုအာရုံတွေသို့ ပြေးလွှားနေအောင် ဆော်ဩနေတာဟာ စေတနာပဲ ဖြစ်ပါတယ်၊ သတ္တဝါတွေမှာ စိတ်ရပ်တည်ရာမရ၊ တရွရွတကြွကြွ ဖြစ်နေကြတာကိုကြည့်ပါ၊ လောဘအာရုံနဲ့တွေ့ရင် လောဘကို အတွင်စေ့ဆော်ပေးတယ်၊ လောဘအာရုံရှိရာသို့ရောက်အောင် အတွင်နှင်ပေးတယ်၊ အာရုံကိုခံစားမှုဌာ အတွင်တိုက်တွန်းတယ်၊ ဒေါသ မောဟ တွေမှာလည်း ဒီအတိုင်းပါပဲ။

ပကာကိပုထုဇဉ်တွေမှာ သဒ္ဓါမှု၊ ပညာမှု၊ ဒါနမှု၊ သီလမှု ဘာဝနာတွေ ဟာလွန်စွာပျော့ညံ့ပါတယ်၊ အတွင် မစေ့ဆော်ဘဲ နှုံ့နှုံ့နှေးနှေးသာ စေ့ဆော်တိုက်တွန်းပါတယ်၊ ဒီသဒ္ဓါ စသည်တွေကို ပြုလုပ်ဖို့ရာအတွက် အပါယ်ဘေးတွေ သံသရာဘေးတွေကို ဆင်ခြင်ရပါတယ်၊ ကုသိုလ်အကျိုးကို မြော်မြင်ရပါတယ်၊ အဲဒီလို အကူအပံ့တွေ အင်မတန်များရပ့ါတယ်၊ ဘာကြောင့်လဲဆိုတော့ စိတ်ဟာ မကောင်းမှုမှာသာ မွေ့လျော်လို့ ဖြစ်ပါတယ်။

ဒီစေတနာနဲ့ စေ့ဆော်မှုဟာ သတ္တဝါသေသွားတာတောင်မှ ရပ်မနေဘဲ စုတိကမ္မဇရုပ်ချုပ်ပြီးတဲ့ နောက် ဘဝသစ်ဖြစ်ပေါ်လာအောင် တစ်ဆက်တည်း အဘွင် စေ့ဆော်ပြန်ပါတယ်၊ ဒီစေတနာ စေ့ဆော်လို့သာ ဘဝအဆက်ဆက်မှာ ပဋိသန္ဓေနေမှုတွေဖြစ်ရတာပါ၊ ကိလေသာကုန်လို့ ပရိနိဗ္ဗာန် စံမှပဲ ရပ်တန့်ပါတော့တယ်၊ ကုန်ဆုံးပါတော့တယ်။
ဝိညာဏာဟာရနဲ့ ရုပ်အာဟာရကို ရှေ့နှစ်မှပဲ ဆက်လက်ပြောပြပါမယ်၊ ယခုနှစ်တော့ ဤမျှနှင့်ပင်တော်ကြပါစို့။ ။

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း

# အဘိဓမ္မာ ဓမ္မဗိမာန်တော်ကြီး

## တည်ဆောက်ရေး

## အလှူခံနိုးဆော်ပန်ကြားလွှာ

**အသင်းဝင်/မဝင် စေတနာရှင် သူတော်စင်အပေါင်းတို့ခင်ဗျား**

ဤအသင်းကြီး၏ လုပ်ငန်းရပ်များအနက် အဘိဓမ္မာ အခါတော်နေ့ အဘိဓမ္မာ စာတော်ပြန့်ပွဲ၊ အဘိဓမ္မာအောင် ဆုနှင်းပွဲစသည်များကို အခြား ဓမ္မာရုံများတွင် ကျင်းပနေရပါသည်။ ဤအသင်းကြီးသည် ပြည်ထောင်စု ကြီးနှင့် ဖွားဖက်တော်ဖြစ်သည့်အလျောက် အသင်းပိုင် ဓမ္မဗိမာန်ကြီးတစ်ခု ရှိသင့်နေသည်မှာ အတန်ကြာခဲ့ပေပြီ။

ဤအသင်းကြီးအနေဖြင့် ဓမ္မဗိမာန်တစ်ခု ဖြစ်မြောက်ရေး အတွက် သင့်လျော်ကောင်းမွန်သောနေရာတစ်ခုကိုရှာ၍ ဆောက်လုပ်ရန်အမှုဆောင် ဆောက်လုပ်ရန် အမှုဆောင်အဖွဲ့မှ ဆုံးဖြတ်ထားခဲ့ပါသည်။

(၃၁-၃-၀၅) နေ့အထိ အလှူခံ ရရှိသော ဓမ္မဗိမာန် ရန်ပုံငွေမှာ ၁၇၀၄၀၇-ကျပ် ၀၀ ပြား ဖြစ်ပါသည်။

ဓမ္မဗိမာန်အတွက် အလှူခံဖြတ်ပိုင်း စာအုပ်များ မပို့ပါ။ ကိုယ်တိုင် ဖြစ်စေ၊ ဆက်သွယ်ရင်းနှီးရာ စေတနာရှင် အလှူရှင်များထံမှဖြစ်စေ၊ အတတ် နိုင်ဆုံး ကြိုးစားကောက်ခံ၍ ဂုဏ်ယူဖွယ်ရာ အသင်းပိုင်ဓမ္မဗိမာန်တော်ကြီး ခန့်ညားထည်ဝါစွာ ပြီးစီး အောင်မြင်သည်အထိ အင်တိုက် အားတိုက် ဝိုင်းဝန်းကူညီ လှူဒါန်းကောက်ခံပေးကြပါရန် အထူးတိုက်တွန်း နိုးဆော် အပ်ပါသည်။

**အမှုဆောင်အဖွဲ့**

အဘိဓမ္မာ ပြန့်ပွားရေးအသင်း

ရန်ကုန်မြို့။ ဖုန်း-၀၁/၇၀၄၅၇

အဘိဓမ္မာ စာသင်သားများအတွက်

# အထူးလျှော့နှုန်း

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ဩဝါဒါစရိယ

## မူလပဋ္ဌာန်း ဆရာတော်ဘုရားကြီး၏

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာရဒမဟာထေရ်ပို့ချခဲ့သည့်

# အဘိဓမ္မာ အသံဖမ်း ပို့ချစဉ် ကျမ်းများ

| | | | |
|---|---|---|---|
| ၁။ | ပဋ္ဌာန်း ပါရဂူ | .... | ၂၅-ကျပ် |
| ၂။ | မာတိကာ၊ ဓာတုကထာ ပါရဂူ | .... | ၁၀ ။ |
| ၃။ | ပဋ္ဌာန်း ဆဝါရ ဝိဘင်္ဂ (အသံဖမ်းပို့ချစဉ်) | .... | ၂၀ ။ |
| ၄။ | ပဋ္ဌာန်းဆဝါရသင်္ချာ ( ။ ) | .... | ၂၅ ။ |
| ၅။ | ပဋ္ဌာန်းပဉ္စဝါရ ဝိဘင်္ဂ ( ။ ) | .... | (ပုံနှိပ်ဆဲ) |
| ၆။ | ပဋ္ဌာန်း ပဉ္စဝါရသင်္ချာ(ပထမ)ပိုင်း | .... | ၂၅ ။ |
| | ။ (ဒုတိယပိုင်း) | .... | ၁၈ ။ |
| ၇။ | ပဋ္ဌာန်း ပစ္စယနိဒ္ဒေသ(အသံဖမ်းပို့ချစဉ်) | .... | ၅ ။ |
| ၈။ | သင်္ခါရ ယမက ( ။ ) | .... | ၂၀ ။ |
| ၉။ | သစ္စ ယမက ( ။ ) | .... | ၂၀ ။ |

၅-အုပ်နှင့်အထက် ဝယ်သူများအား ၂၀ % နှုန်း လျှော့နှုန်း ပေးပါမည်။ နယ်မှအလိုရှိသူများ ငွေကြိုတင်ပေးပို့၍ မှာကြားနိုင်ပါသည်။ အိမ်အရောက်ပေးပို့ပါမည်။ V.P.P ဖြင့် မပို့ပါ။

အောက်ပါဌာနတွင် ရနိုင်ပါသည်။

**အဘိဓမ္မာပြန့်ပွားရေးအသင်း**

ဆူးလေစေတီတော်(အနောက်ဘက်မုခ်)၊ ရန်ကုန်မြို့။ဖုန်း ၀၁/၇၈၄၅၇။

### အဘိဓမ္မာ (၇) ကျမ်း အာဂုံ၊ သဘောရေးဖြေ

### အဘိဓမ္မာစာတော်ပြန်ပွဲကြီးအတွက်

# ထာဝရပင်မ ငွေပဒေသာရန်ပုံငွေ

## အလှူခံနှိုးဆော်စာ

အဘိဓမ္မာစာတော်ပြန်ပွဲကြီးကို ၁၃၂၉-ခုနှစ်မှ စတင်ကျင်းပခဲ့ရာ (၁၉) ကြိမ်တိုင် ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။ စာတော်ပြန်ပွဲကြီး ဖြစ်မြောက် အောင်မြင်ရေးအတွက် နှစ်စဉ် အလှူရှင်များထံ လိုက်လံနှိုးဆော်ကာ အလှူငွေများကောက်ခံခဲ့ပါသည်။ ဤသို့ နှစ်စဉ်ဆောင်ရွက်နေရခြင်းအတွက် စာတော်ပြန်ပွဲကြီး အစွန့်ရှည်စွာ တည်တံ့နိုင်ရေးမှာ စိတ်မအေးစရာ ဖြစ်သည်ကို သတိပြုမိကြပါသည်။

၁၃၃၈-ခု၊ တပေါင်းလပြည့်ကျော် ၁-ရက် (၄-၃-၇၇) နေ့တွင် အဘိဓမ္မာပြန့်ပွားရေးအသင်းတိုက်၌ ဩဝါဒါစရိယ မဟာထေရ်မြတ်ကြီးတို့အား အသင်းဝင်အပေါင်းတို့က နှစ်စဉ်နှစ်တိုင်းကဲ့သို့ ပူဇော်ကန်တော့ကြပါသည်။ ထိုပူဇော်ပွဲတွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ မဟာထေရ်က ကျန်ဆရာတော်ကြီးများ၏ သမုတ်ကိုခံယူပြီး အဘိဓမ္မာစာတော်ပြန်ပွဲကြီးကို ယခုဆရာတပည့်တို့လက်ထက်မှစ၍ အဆက်ဆက်သော နောက်လာနောင်သား ဆရာတပည့်လက်ထက်တိုင် မပျက်မကွက်ဆက်လက်ကျင်းပနိုင်ရေးအတွက် "အဘိဓမ္မာစာတော်ပြန်ပွဲငွေပဒေသာရန်ပုံငွေ" စိုက်ထူရန် ဩဝါဒပေးချက်အရ အဘိဓမ္မာ စာတော်ပြန်ပွဲ ရန်ပုံငွေ ပဒေသာပင်ကြီးကို စိုက်ထူခဲ့ရာ (၃၁-၃-၈၅) နေ့အထိ ၂၉၉၇၈၈-ကျပ် ၉၀-ပြား ရရှိခဲ့ပြီးဖြစ်ပါသည်။

အဘိဓမ္မာစာတော်ပြန်ပွဲကြီးမှာလည်း နှစ်စဉ်စာပြန်ပွဲဝင်တော်မူကြသော သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာရာ သဒ္ဓါရှင်လန်း ဝမ်းသာအားရဖွယ်ပင်ဖြစ်ပါသည်။

ယခုတိုးတက်လာသည့်အတိုင်းအတာအရ ဆွမ်းကွမ်း ဝေယျာဝစ္စသုံးစွဲရန်နှင့် စာအောင်ဆုများ ချီးမြှင့်ပူဇော်ရန်အတွက် သုံးစွဲရန် ကျပ်-၅၀၀၀၀၀/-ကျော် ခန့်မှန်းရပါသဖြင့် ပင်မငွေပဒေသာရန်ပုံငွေ အနည်းဆုံး ကျပ် (၆)သိန်းခန့် လိုအပ်လျက်ရှိပါသည်။

သို့ပါ၍ အသင်းသူ အသင်းသားများနှင့် စေတနာရှင် အပေါင်းတို့အား ပရိယတ္တိ သာသနာတော်ကြီးမကွယ်ပစေရန် အဘိဓမ္မာသာသနာ အဓွန့်ရှည်စွာ တည်တံ့နိုင်ရေး ရှေးရှုအားပေးသောအားဖြင့် မိမိတို့စွမ်းပကားအလျောက် တစ်လုံးတည်းဖြစ်စေ၊ အရစ်ကျဖြစ်စေ ထည့်ဝင်လှူဒါန်းကြပါရန် အထူးတိုက်တွန်း နှိုးဆော်အပ်ပါသည်။

အမှုဆောင်အဖွဲ့

အဘိဓမ္မာပြန့်ပွားရေးအသင်း၊ ရန်ကုန်မြို့။

ဖုန်း-၀၁/၇၀၄၅၇

# အဘိဓမ္မာ အခါတော်နေ့

**အဘိဓမ္မာတရားတော်ကို**

၁။ ဗုဒ္ဓမြတ်စွာသည် တာဝတိံသာနတ်ပြည်၌
မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုဿိတ နတ်သား
အား အမှူးထား၍ စကြာဝဠာတိုက် တစ်သောင်းမှ
နတ်ဗြဟ္မာအပေါင်းတို့အား၊ ဝါတွင်း သုံးလပတ်လုံး
အကျယ်ဟောကြားပြီးဆုံးတော်မူသည်မှာ
သီတင်းကျွတ်လပြည့်နေ့။

၂။ စန္ဒကူးတော၌၊ ရှင်သာရိပုတ္တရာအား
အကျဉ်းသခေ်ပနည်းဖြင့်ဟောကြား
ပြီးဆုံးတော်မူသည်မှာလည်း
သီတင်းကျွတ်လပြည့်နေ့။

၃။ ရှင်သာရိပုတ္တရာက၊ တပည့်ရဟန်း ငါးရာ
အား၊ မကျဉ်းမကျယ် ဟောကြား
ပြီးဆုံးတော်မူသည်မှာလည်း
သီတင်းကျွတ်လပြည့်နေ့။

သို့ပါသောကြောင့် "သီတင်းကျွတ်လပြည့်နေ့" ကို
အဘိဓမ္မာ အခါတော်နေ့အဖြစ် သတ်မှတ်ကာ ကောဇာ
၁၃၁၁၊ (ခရစ် ၁၉၄၉) မှစ၍ နှစ်စဉ် ကျင်းပ ပူ ဇော်လျက်
ရှိပါသည်။

အဘိဓမ္မာပြန့်ပွားရေးအသင်း၊
ရန်ကုန်မြို့။